
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

# အမှော်ဆရာ

ဘုံ

နေကောင်းရဲ့လား။

ပရိသတ်ရင်ကို စွဲညို့စေတဲ့ အရေးအသားတွေနဲ့ ဖမ်းစားနိုင်တဲ့ ဘုံရဲ့ အရေးအသားတွေကို သိပ်ပြီးလေစားမိပါတယ်။

မိုးလုံလေလုံကို သိပ်ကြိုက်ပါတယ်။

ဘုံရဲ့ပရိသတ်
ယွန်း
၃/နှစ် စီးပွားရေးအဝေးသင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မယ်မင်းဘုံရေ

ပရိသတ်ရင်ကို ထိစေပါတယ်။

မရဲ့ မိုးလုံလေလုံ အိမ်ထောင်ပြုသည်ကိုတော့ အကြိုက်ဆုံးပါပဲ။

မရေ မရဲ့စာအုပ်လေးတွေက မဖတ်ရမနေနိုင်အောင် ဆွဲဆောင်မှု အပြည့်ပါပဲ။

မ အလုံးလေးတွေလည်း များများရေးနိုင်ပါစေ။

မရဲ့ ပရိသတ်
မိုးမိုး
အောင်မင်္ဂလာလမ်းကျယ်
ယုဇနပလာဇာအနီး
ကျောက်မြောင်း။

BURMESE CLASSIC .com



## အမှတ်တရ

Hi

"Happy Birthday for April"

မွေးနေ့မှာ ပျော်ရွှင်ပါစေနော်။ နောက်ကျောက ချစ်သူကိုဖတ်ပြီးပြီနော်။ ဖတ်လို့ကောင်းပါတယ်။ မပော်မင်းညိုကိုတော့ သဘောမကျဘူး။ ဘာလို့လဲဆိုတော့ "သမုခင်" ကိုကြိုက်လိုက် "နှိုင်းမမှို့" ကိုကြိုက်လိုက်နဲ့ အတော်မုန်းဖို့ကောင်းတယ်။ နှိုင်းမမှို့ရဲ့ စိတ်ဓာတ်ကိုလည်း မကြိုက်ဘူး။ သမုခင်ကိုပဲ ချစ်တယ်။

မယ်မယ်ရေ စာမေးပွဲဖြေနေတဲ့ကြားထဲက အချိန်လုပြီး ဖတ်ရတာပါ။ ဒီတစ်ခေါက် လမင်းရဲ့ ၃၁ ကြိမ်မြောက် အားပေးစာလေးက တိုသွားတဲ့အတွက် ဘွာတေားပါနော်။ ဒီထက်မက အောင်မြင်ဖို့ မျှော်လင့်တဲ့ . . .

လမင်း
အမှတ် (၄၄/၃)
တော်ဝင်သစ်ခွခြံ
မင်္ဂလာဥယျာဉ်ရပ်ကွက်
ကလေးမြို့။

သကြိန်အပီအပြင်ကဲနိုင်ပါစေနော် . . .

မယ်မယ်

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

သို့

မမရေ

ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် ဝတ္ထုလေးကိုလည်း ဖတ်ပြီးပါပြီ။

အရမ်းကောင်းပါတယ် မမရယ်။ ဆွေးတို့ဆီက စာအုပ်ဆိုင်တွေက နည်းနည်းတော့ နောက်ကျတယ် မမရေ။ မမ ဒီအောင်မြင်မှုထက်မက အောင်မြင်ပါစေ။

မမကိုချစ်တဲ့
နန်းဆွေးယန်ယန်
ရေငန် (အရှေ့)
ပြင်ဦးလွင်၊
မန္တလေးတိုင်း။



## အမှာစာ

သို့

မမယ်မင်းဘုံ (မင်္ဂလာပါ)

ကျွန်တော်က မမယ်မင်းဘုံရဲ့ ပရိသတ်ပါ။ မမယ်မင်းဘုံရဲ့ ဝတ္ထုတွေကို အမြဲအားပေးနေတဲ့သူပါ။ ကျွန်တော် မမယ်မင်းဘုံရဲ့ ဝတ္ထုစာအုပ် (၁၅) အုပ်လောက် ဖတ်ဖူးပါတယ်။

ကျွန်တော့်အကြိုက်ဆုံး စာအုပ်ကတော့ “နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း” နဲ့ နောက်ကျောက ချစ်သူပါ။

မမယ်မင်းဘုံ ဆက်ပြီးကြိုးစားနော်။ မမယ်မင်းဘုံရဲ့ စာအုပ်တွေကို အမြဲတမ်းအားပေးနေတယ်။

ကျေးဇူးပြုပြီး မမယ်မင်းရဲ့ ဓာတ်ပုံနဲ့ Ph: နံပါတ်လေးထည့်ပေးပါနော်။ မမယ်မင်းဘုံ စာများများရေးနိုင်ပါစေ။

(စာပြန်ပေးပါနော်)

ကိုကိုအောင်
မကွေးတိုင်းဒေသကြီး
မင်းလှမြို့နယ်
ကန်တုတ်ကျေးရွာ။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမမယ်မင်းဘုံ

နောက်ကျောက ချစ်သူကို ဖတ်ပြီး ပြောစရာမရှိအောင်ကို ကောင်းပါတယ်။

ဇာတ်လမ်းတွေကလည်း ဟာကွက်မရှိပါ။ မမရဲ့ အောင်မြင်မှုတွေကို အရမ်းဂုဏ်ယူပါတယ်။

နန်းဖောင်း
ရှမ်းပြည် (မြောက်ပိုင်း)
သီပေါမြို့



## အမှတ်တရ

သို့

ညီမလေး မယ်မင်းဘုံ

အစ်မ ညီမလေးကို ကျေးဇူးတင်ပါတယ်။ အစ်မတို့ရဲ့ မိတ်ဆက်စာလေးကို စာအုပ်ထဲမှာ ထည့်ပေးလို့။ ညီမလေးရဲ့ မိုးလုံလေလုံအိမ်ထောင်ပြုသည် စာအုပ်က အရမ်းဖတ်လို့ ကောင်းတယ်နော်။

နောက်ထွက်မယ့် စာအုပ်ကို ရင်ခုန်စွာစောင့်မျှော်ရင်းနဲ့ ထာဝရ အားပေးနေမယ်နော်။

မသူဇာစိုး
၃၆ ကျေးရွာ၊ ရေနံချောင်းမြို့
မကွေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

သို့

ဘုံရေ

နောက်ကျောက ချစ်သူကို ပီပြင်အောင်ရေးထားလို့ပေါ့။

အမုန်းဆိုလည်း အမုန်းကို ပီပြင်စွာဖြင့် ရေးသားနိုင်တယ်နော်။

မဟော်ကိုတော့ မုန်းတယ်။

ဘုံရေ ဇာတ်လမ်းလေးတွေကို မထပ်အောင်ရေးနေတဲ့ ဘုံကို ချီးကျူးတယ်သိလား။

နောက်လထွက်မယ့် စာအုပ်လေးကိုလည်း မျှော်နေမယ်။

Ei

မကွေးတိုင်း

ဆင်ပေါင်ဝဲမြို့နယ်

သရက်ခရိုင်



## အမှာစာ

သို့

ဆရာမ မယ်မင်းရေ

"မိုးလုံလေလုံ အိမ်ထောင်ပြုသည်"

"နောက်ကျောက ချစ်သူ"

"ရိုးမြေကျ ခေါင်းခါသည်" ၃ အုပ်စလုံးကို ဖတ်ပြီးသွားပါပြီ။ အရမ်းကောင်းတယ်လို့ ပြောရမယ်ထင်တယ်။

မိုးလုံလေလုံထဲက မမဘုံရေးတဲ့ ကဗျာကို အရမ်းသဘောကျတယ်။ အိမ်ထောင်ရေးဇာတ်လမ်းဆိုတော့ ဖတ်ရတာ တစ်မျိုးပဲ။

"နောက်ကျောက ချစ်သူ" က ပြောစရာမရှိအောင် ကောင်းပါတယ်။ နောက်ဆုံးအထိ ဘာဖြစ်မယ်ဆိုတာကို မှန်းလို့မရဘူး။ ဒီ စာအုပ်ကိုတော့ အရမ်းကြိုက်တယ်။

ဒီလထွက်တဲ့ "ရိုးမြေကျ ခေါင်းခါသည်" စာအုပ်လည်း ဖတ်လို့အရမ်းကောင်းပါတယ်။

မမဘုံ ကဗျာတွေ အရမ်းမိုက်တယ်။ ကဗျာသီးသန့်စာအုပ်ထုတ်ပေးပါလား။ မမအရေးအသားတွေ အရမ်းကောင်းတယ်။ မမကိုအရမ်းလေးစားပါတယ်။ မမစာအုပ်တွေ အောင်မြင်တဲ့အတွက် ဂုဏ်လည်းယူပါတယ်။ မမဘုံ စာအုပ်တွေက စိတ်ဝင်စားစရာကောင်းတယ်။ မဖတ်ဘဲ မနေနိုင်အောင် ဆွဲဆောင်ထားတယ်။ ဇာတ်လမ်းတွေက ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကွက်မရှိဘူး။ ပြီးတော့ ပညာသားပါတယ်။ မင်းမြတ်တို့ လူငယ်တွေ အတွက် ဗဟုသုတရတယ်။

မမဘုံ့ မိတ္တီလာကို လာလည်ဖို့ ဖိတ်ခေါ်ပါတယ်။

မမဘုံ့ ဒီထက်မက အောင်မြင်ကျော်ကြားပါစေ . . . ။

မင်းမြတ်ခြံရဲ့
ဒုနှစ်/သင်္ချာ
အိမ်အမှတ် (၅၈) ညောင်ပင်သာ
မိတ္တီလာမြို့
မန္တလေးတိုင်း။



စေတနာစာပေ၏

## အမှာစာ

သို့

မမမယ်မင်း

ညီမလေး (၂၆) ကြိမ်မြောက် မိတ်ဆက်စာရေးပို့လိုက်ပါတယ်။ ဟိုအရင်လတွေကတော့ စာအုပ်လေးတွေကို ဖတ်ဖြစ်ပါတယ်။ မအားတာနဲ့ စာမပို့ဖြစ်တာပါ။

ဒီလည်း နောက်ကျောကချစ်သူ စာအုပ်လေးကို ဖတ်ဖြစ်ပါတယ်။ အရမ်းသဘောကျတယ်။

အစပိုင်းကတော့ သမုကို အရမ်းသနားတယ်။

စာအုပ်လေးကို ဆုံးအောင်ဖတ်ရင်းနဲ့ နှိုင်းမမှီကို သနားတဲ့ စိတ်ကဖြစ်လာပြန်ရော။ မပော်ရဲ့ စရိုက်လေးတွေကိုလည်း သဘောကျတယ်။ မမရေ အပြင်လောကမှာလည်း တကယ်နောက်ကျောက ချစ်သူ ရှိလားဟင်။ မမရဲ့ ဝတ္ထုလေးတွေက စာဖတ်သူရဲ့ စိတ်ကို အဆုံးထိ ဖတ်ချင်လာအောင် ဆွဲဆောင်နိုင်တယ်နော်။ မမရဲ့ idea လေးတွေက မိုက်တယ်နော်။ မမရဲ့ ထွက်သမျှစာအုပ်တိုင်းကို အားပေးနေမယ့် . . .

ချစ်ညီမလေး
နှင်းဟေသူ
Super One
Shwe Bon Thar

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရ

သို့

မမမယ်မင်းဘုံ (မဂ်လာပါ မမ)

ညီမလေး နောက်ကျောကချစ်သူ စာအုပ်လေးကို ဖတ်ပြီးပါပြီ။

အရမ်းကြိုက်ပါတယ်။ ပြောစရာမရှိအောင်ပါပဲ။ နောက်လထွက်မယ့် စာအုပ်လေးကိုလည်း ဖတ်ချင်ပါပြီ။

မမရဲ့ စာအုပ်တွေကို အမြဲအားပေးနေမယ်နော်။

မော်မော်
သုံးခွမြို့
ရန်ကုန်တောင်ပိုင်းခရိုင်
စည်ပင်ရုံးအနီး



စေတနာစာပေ၏

## အမှတ်တရ

သို့

ညီမလေး "မယ်မင်းဘုံ"

ယခုလထွက်တဲ့ "ရိုးမြေကျ ခေါင်းခါသည်" စာအုပ်လေးကို အရမ်းကြိုက်ပါတယ်။

ကောင်းလွန်းလို့ ၂ ခါထပ်ပြီးတော့တောင် ဖတ်မိပါတယ်။ စာအုပ်က အသက်ဝင်ပြီး အရမ်းကောင်းလွန်းလို့ ဘယ်လိုရေးရမလဲဆိုတာ မသိတော့ပါဘူး။

ညီမလေး မမကလေ နောက်ကျောကချစ်သူ စာအုပ်လေးကိုလည်း ကြိုက်တယ်။ သမုကို သနားပေမဲ့ 'နှိုင်းမမို့' ကို ပိုပြီး သနားမိပါတယ်။

မဟော်ရဲ့ စရိုက်ကို သဘောကျမိပါတယ်။

ညီမလေးရဲ့ဝတ္ထုတွေကို အမြဲတမ်းအားပေးနေမယ်နော်။

မို့မို့
ရန်ကင်း - အောင်သုခရပ်
ဘုရင့်နောင်လမ်း
မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ညီမလေး မယ်မင်းဘုံ

ရိုးမြေကျခေါင်းခါသည် ဆိုတဲ့ ခေါင်းစဉ်လေးကို ကြားတာနဲ့ သဘောကျမိပါတယ်။

ချမ်းသာတဲ့ လူတန်းစားဘဝနဲ့ ဆင်းရဲတဲ့ မိသားစုဘဝကို နှိုင်းယှဉ်ပြီးရေးတဲ့အတွက် အရမ်းကြိုက်ပါတယ်။ ဆင်းရဲပေမယ့် ဘဝကို အရှုံးမပေးတတ်တဲ့ "ရှားပါး" ရဲ့ စိတ်ဓာတ်ကို ကြိုက်တယ်။

နောက်လည်း ဒီလို ဇာတ်လမ်းမျိုးလေးတွေ ရေးပေးပါဦးနော်။

ညီမလေးဒီထက်မက အောင်မြင်ပါစေ။

မမိုးစန္ဒာမြင့်
ခ/၄၅၄၊ မြရတနာ (၂) လမ်း
မြောက်ဥက္ကလာမြို့နယ်
ရန်ကုန်တိုင်း



## အမှတ်တရ

သို့

ဆရာမ မယ်မင်းဘုံ

မင်္ဂလာပါဆရာမရေ။ ဆရာမရဲ့ နောက်ကျောက ချစ်သူ စာအုပ်လေးကို အရမ်းကြိုက်ပါတယ်။

ဆရာမရဲ့ ဇာတ်ကောင်လေးတွေကို မှတ်မှတ်ရရှိအောင် ရေးဖွဲ့ထားတာလေးတွေကိုလည်း သဘောကျပါတယ်။

ဆရာမဒီထက်မကလည်း အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မေရီ
အောင်ချမ်းသာရပ်ကွက်
သန်လျင်မြို့
ရန်ကုန်တိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရ

သို့

ဘုံရေ

မင်္ဂလာပါ မမမယ်မင်းဘုံ။

ဘုံရဲ့ စာအုပ်တိုင်းကို အမြဲဖတ်တယ်နော်။ ဘုံရဲ့ ဘဝမှာ အမြဲတမ်းအောင်မြင်မှုများနဲ့ အမြဲပြည့်စုံပါစေ။

နောက်ကျောက ချစ်သူစာအုပ်မျိုးလေးလည်း ထပ်ပြီးရေးပါဦး။

နောက်လထွက်မယ့် စာအုပ်လေးကိုလည်း စောင့်မယ်နော်။

ညီမလေး
မသက်ထား
မကွေးတိုင်းဒေသကြီး
ရေနံချောင်း
စည်ပင်သာရပ်။



စေတနာစာပေ၏

## အမှတ်တရ

သို့

အစ်မ မယ်မင်းဘုံ

အစ်မရေ ညီမက အစ်မဆီ စာမရေးတာ အတော်ကြာသွားခဲ့တယ်။ ကျောင်းကလည်းတက် အလုပ်တွေကလည်းများတော့ စာရေးချင်ပေမယ့် မရေးဖြစ်ခဲ့ဘူး။

စာမရေးပေမဲ့ ညီမတို့ ညီအစ်မတွေက စာအုပ်တော့ တစ်လမှ မလွတ်စေရဘူး။

အားလုံးကိုလည်း ကြိုက်ပါတယ်။ အစ်မအရေးအသားတွေလည်း အရမ်းကောင်းပြီး တိုးတက်လာပါတယ်။

ညီမတို့ ရိုးမြေကျခေါင်းခါသည် စာအုပ်အထိ ဖတ်ပြီးပါပြီ။

တကယ်ကြိုက်ပါတယ် အစ်မရယ်။

အစ်မကို ချစ်မြတ်နိုးတဲ့ . . .

ထာဝရပရိသတ်

Si Si
စည်ပင်လမ်း၊ ၂၄ ရပ်ကွက်
ဒဂုံတောင်
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

စာရေးဆရာမ မယ်မင်းဘုံ

ခင်မင်ရင်းနှီးစွာဖြင့် မယ်မယ်လို့ ခေါ်ပါရစေ။

အခုလတွက်တဲ့ ရိုးမြေကျခေါင်းခါသည် စာအုပ်လေးကို ကျွန်မ အရမ်းနှစ်သက်မိပါတယ်။

မာနကြီးလွန်းတဲ့ မြသားခြယ်နေရာကို ရေးထားတာ အရမ်း ပီပြင်တာပဲ။

သနားစရာကောင်းတဲ့ ရှားပါးကိုလည်း အရမ်းသနားမိပါတယ်။ စ လယ် ဆုံး ကောင်းအောင်ရေးနိုင်တဲ့ အစ်မကို အရမ်းပဲ ချီးကျူးမိပါ တယ်။

အစ်မ အောင်မြင်သထက် အောင်မြင်ပါစေ။ အစ်မ Ph: ကို ဆက်တာ စကားတွေ အများကြီးလက်ခံပြောပေးတဲ့အတွက်လည်း ကျေးဇူး အရမ်းတင်ပါတယ်။

အစ်မမယ်မယ်ကို အားပေးမယ့် ပရိသတ်

ဂန္ဓမာ

၄၆/သိပ္ပံလမ်း

အလုံ။



## အမှတ်တရ

သို့

ခင်မင်ရပါသော ဘုံဘုံရေ

မင်္ဂလာပါ။ နေကောင်းပါရဲ့နော်။

ဘုံဘုံရဲ့ ဝတ္ထုလေးတွေက တစိမ့်စိမ့်နဲ့ ဖတ်လို့အရမ်းကောင်းပါ တယ်။

နောက်ကျောက ချစ်သူကို အကြိုက်ဆုံးပါ။ ပြောစရာမလို အောင် ပြည့်စုံပါတယ်။

အောင်မြင်ပါစေ။

ခင်တဲ့

နုငယ်

လေးဒေါင့်ကန်စံပြရပ်ကွက်

ဒဂုံတောင်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ဆရာမလေးဘုံရေ

ညီမလေးက သိပ်စိတ်ကူးကောင်းတာပဲ။

အစ်မတို့ သူငယ်ချင်းတစ်စုက ဘုံဘုံရဲ့ စာအုပ်လေး လေးကို အမြဲဖတ်ကြတယ်။

အမြဲအားပေးနေတဲ့ ပရိသတ်အနိုင်အမာပါ။

အခွေလေးတွေလည်း ကြည့်ဖြစ်တယ်။

ပျိုလေးရည်းစား မြို့ကြီးသား အခွေလေးကို အခုမှ ကြည့်ဖြစ်တာ။

ကောင်းပါတယ်လို့

အားပေးနေတဲ့ မမများ
နွဲ့၊ သူ၊ မိုး၊ စံ၊ ဝေ
လှိုင်သာယာ
အထည်ချုပ်။



## အမှတ်တရ

သို့

မမယ်မင်းဘုံ

ဘဝမှာ ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းလိုက်ပါတယ်။

မျက်နှာဖုံးပန်းချီကလည်း ဝေဖန်စရာမလိုအောင် စာအုပ်တိုင်းမှာ လှပနေပါတယ်။

ညီမတို့ ကျောင်းမှာတော့ မမယ်မင်းဘုံက ပရိသတ်တော့ကို ဖမ်းစားစေနိုင်တယ်။

အစ်မဝတ္တုတွေ အားလုံးလိုလို ကြိုက်ကြတယ်။

ထာဝရအားပေးမယ့်
**Thae Su Zar**
**1st year (English)**
**Bago University**

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမရေ

နောက်ကျောက ချစ်သူက ထိတယ်ဗျာ။

အပြင်မှာ တကယ်ရှိလားဟင်။ ဒီဇာတ်လေးကို ဖတ်ရတာ အဝေးသင်တက်နေတဲ့ ကျောင်းသား/သူလေးတွေအတွက် အမှတ်တရပေါ့။

စာရေးကောင်းတဲ့ မမကို လေးစားချစ်ခင်မိပါတယ်။ မမ ပျော်ရွှင်အောင်မြင်နိုင်ပါစေ။

Mg Moe
1st - Maths (အဝေးသင်)
ဒဂုံတက္ကသိုလ်



## အမှတ်တရ

သို့

မမဘုံရေ

မမရဲ့ လက်မှတ်နဲ့ ဓာတ်ပုံလေးထည့်ပေးတဲ့အတွက် ကျေးဇူးပါ မမဘုံ။

ဖြူဥလေ သိပ်ဝမ်းသာတာပဲ။ မမျှော်လင့်ပါဘူး။
မမဘုံက ထည့်ပေးတဲ့အတွက် ကျေးဇူးကမ္ဘာပါမမ။
မိုးမြေကျခေါင်းခါသည်ကိုလည်း ဖတ်ပြီးပြီ မမဘုံ။ သိပ်ကြိုက်ပါတယ်။

နောက်လထွက်မယ့် စာအုပ်လေးကိုလည်း မျှော်ပါရစေ။
အောင်မြင်မှု ထိပ်ဆုံးက ရောက်ပါစေ မမဘုံ။

လေးစားလျက်
ညီမလေး ဖြူဥ
စပယ်လမ်းသွယ်
၁၂ ရပ်ကွက်
ရွှေပြည်သာ။

www.burmeseclassic.com

www.burmeseclassic.com



# အမှာစာ

မင်္ဂလာပါ မကြီးရေ

လက်ကမချချင်အောင်ဖြစ်ရတဲ့ မိုးလုံလေလုံ အိမ်ထောင်ပြုသည်၊ နောက်ကျောကချစ်သူ၊ ရိုးမြေကျ ခေါင်းခါသည် (၃) အုပ်စလုံးကတော့ ဂါနေအောင် ကောင်းပါတယ်။

ဖတ်ရတာကိုက တစ်အုပ်ကို ဗီလင်တစ်မျိုးစီပါ။
သိပ်ကောင်းတာပဲ။ ဆက်ပြီးကြိုးစားပါနော်။

ခင်တဲ့ မကြီးရဲ့ ပရိသတ်
သီတာရင်နွဲ့
၆၀ - ၆၁ လမ်းကြား (ခရေလမ်း)
စက်မှုဇုံ (၁)
ပြည်ကြီးတံခွန်ရပ်ကွက်
မန္တလေးမြို့။



# အမှာစာ

သို့

ဆရာမ မယ်မင်းဘုံရှင့်

သမီးက ဆရာမရဲ့ ပရိသတ်အသစ်ပါလို့ မိတ်ဆက်ပါတယ်။ သမီးတို့ မြို့ကစာအုပ်ဆိုင်မှာ ဆရာမရဲ့စာအုပ်တွေကို အရင်ကတည်းက တင်တာကို တွေ့ရပါတယ်။ သမီးက မဖတ်ဖြစ်ပါ။

သမီးသူငယ်ချင်းတွေက ကောင်းတယ် ဖတ်ကြည့်ပါဆိုတာနဲ့ ဖတ်လိုက်တော့ တကယ်ပဲ ကြိုက်မိပါတယ်။ ဆရာမရဲ့ စာအုပ်လေးတွေက လက်က မချချင်အောင် ဆွဲဆောင်ပါတယ်။

သမီးစဖတ်ဖြစ်တာကတော့ ဆရာမရဲ့ အုပ် (၃၀) မြောက် စာအုပ်လေးကိုပဲ။

အခုတော့ နောက်ပိုင်းစာအုပ်တွေကို ဖတ်ဖြစ်နေပါပြီ။

ညီမလေးညို
(၇) ရပ်ကွက်၊ ဖျာပုံလမ်း
ဒဂုံမြို့သစ်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မယ်မင်းဘုံ . . .

ကျွန်တော်က အစ်မရဲ့ ပရိသတ်တစ်ယောက်ပါ။ အစ်မစာအုပ်လေးတွေ သိပ်ကောင်းပါတယ်။

နောက်ထွက်တဲ့ စာအုပ်လေးတွေဆို ပိုလို့တောင် ကောင်းသေးတယ်။ အစ်မရေ ဘဝနဲ့အချစ် ဗျာများနေရတဲ့အကြောင်းလေးတွေပါ ရေးပေးပါဦး။

အစ်မရဲ့ "နှိုးမြေကျခေါင်းခါသည်" ကိုသိပ်ကြိုက်ပါတယ်။ ကျွန်တော်တို့ဆီမှာ အစ်မက Star ပါပဲ။

အစ်မကို အမြဲအားပေးနေမှာနော်။

**KKN**
ဗိုလ်မင်းရောင်ရပ်ကွက်
တပ်ကုန်း
နေပြည်တော်



## အမှတ်တရ

သို့

မမယ်မင်းဘုံ

နှိုးမြေကျခေါင်းခါသည် ဖတ်လို့ကောင်းပါတယ်။ မြသားထည်ရဲ့ ဘဝင်မြင့်ပုံ၊ နေသူရိန်နဲ့ ရှားပါးတို့ကို ပုံဖော်ကြည့်တာနဲ့တင် အရမ်းကောင်းနေပြီ။

အစ်မရဲ့ ဝတ္ထုလေးတွေ အားလုံးကောင်းပါတယ်။

အောင်မြင်မှုတွေ အပြည့်အဝရရှိပါစေ။

ချစ်ခင်တဲ့
ဒေဝီကျော်
သနပ်ပင်လမ်း (အုန်းပင်တန်း)
ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမယ်မင်း

အားပေးနေပါတယ်။ စာအုပ်တိုင်း သိမ်းကြိုက်ပါ
တယ်။ မမယ်မင်းရဲ့ Video တွေ အတွက်ကဲ့နေတယ်။

များများလေးထွက်ပေးပါလား။

အမြဲစောင့်မျှော်နေတယ်။

အောင်မြင်ပါစေ။

ခင်တဲ့

**Khin Moe Myint**

၂၀/ကမ်းနားအလယ်

အောင်ဇေယျအိမ်ယာ။



## အမှတ်တရ

သို့

ရိုးမြေကျခေါင်းခါသည် ကောင်းတယ်။ ကြိုက်
တယ်။ အစ်မဇာတ်လေးတွေက ဆန်းဆန်းလေးတွေနော်။

နောက်လည်း ဒီထက်မက ဆန်းတာလေးတွေ
ရေးပေးနိုင်ပါစေ။ နောက်လထွက်မယ့် ဝတ္ထုက ဘာလဲဟင်။

**K - ညီမလေး**

ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်

ဒုနှစ် - Chem။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

# အမှတ်တရ

Hello

မယ်မယ်

နေကောင်းတယ်နော်။ "နှိုးမြေကျခေါင်းခါသည်" ဖတ်ပြီးပြီ။ အရမ်းဖတ်လို့ကောင်းပါတယ်။ ကြိုက်ပါတယ် Good ပေါ့နော်။ မြသားထည်ရဲ့ ခံစားချက်ကို နားလည်ပေးလို့ရတယ်။ နေသူရိကို သဘောကျတယ်။ ရှားပါးဆိုတဲ့ နာမည်ကလည်း ဆန်းတယ်နော်။ ဒီဝတ္ထုမှာ လမင်းရဲ့ အားပေးစာမပါတာ အရမ်းဝမ်းနည်းရပါတယ်။

မယ်မင်းဘုံနဲ့ လမင်းဆိုတာ တစ်သားတည်းပဲလေ။ ခွဲလို့မှ မရတာ။

ဟုတ်တယ်နော်။

အဲဒီအတွက် လမင်းရဲ့စာလေး အချိန်မီ မရောက်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်။

"နောက်ကျောက ချစ်သူ" ဝတ္ထုထွက်တုန်းက စာမေးပွဲဖြေနေရတာဆိုတော့ စာပို့ဖို့ အဆင်မပြေခဲ့ဘူး။ စာအုပ်တောင် အချိန်လုပြီး ဖတ်လိုက်ရတာပါ။ စာပို့တာလည်း နောက်ကျသွားတာပါ။

သင်္ကြန်ရုံပိတ်ရက်ကလည်းရှိတော့ မယ်မယ်ဆီ အချိန်မီ မရောက်ခဲ့တာပေါ့။ အားလုံးအတွက် တောင်းပန်ပါတယ်နော်။

မယ်မယ်ကို တစ်ခုပြောရဦးမယ်။ ဇာတ်ကားတွေထဲမှာ ဇာတ်ကောင်နာမည်တွေ ပြောင်းထားတာက feel ဖြစ်တယ်နော်။ တစ်မျိုးကြီးပဲ။



မယ်မယ်ဝတ္ထုတွေနဲ့ မတူသလို ခံစားရတယ်။ ဇာတ်လမ်းအမည်ပြောင်းတာကိုတော့ နားလည်ပေးလို့ရပါတယ်။ ဇာတ်ကောင်နာမည်တွေပါ ပြောင်းထားတော့ မူရင်းဝတ္ထုနဲ့ မတူဘဲ သဲ့သဲ့ကြီးလိုဖြစ်နေတယ်။

ဝေဖန်တာ မယ်မယ်ကို ဒီထက်မက အောင်မြင်စေချင်တဲ့ လမင်းရဲ့ စေတနာပါ။

ကလေးမြို့မှာ မယ်မယ်က Super Star ပဲနော်။ လမင်းက ထိပ်ဆုံးရဲ့ ထိပ်ဆုံးမှာပေါ့။ မယ်မယ်ရဲ့ ဝတ္ထုအသစ် ထွက်ပြီဆိုရင် ဗုဒ္ဓဟူးနေ့ဆိုရောက်ပြီ။ မရောက်သေးဘူးဆိုရင် ရန်ထောင်ရသေးတယ်။ ဟာသပဲနော်။ လမင်းက မယ်မယ်ဝတ္ထုတွေဆိုရင် အဲလောက်တောင် ရူးတာလေ။ (၂၃) ကြိမ်မြောက် အားပေးစာလေးပါ။

OK မယ်မယ် အတိုးချပြီး ရေးလိုက်တာ စာအတော်ရှည်သွားတယ်။ ဘွာတေးနော်။

ဒီထက်မက အောင်မြင်မှုတွေကို အဆင်ပြေချောမွေ့စွာနဲ့ ရရှိနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

ချင်ခင်တဲ့

**လမင်း** 2nd year (civi)

အမှတ် (၄၄/၃)

တော်ဝင်သစ်ခွပြံ

မင်္ဂလာဥယာဉ်ရပ်ကွက်၊ ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမယ်ရေ

ကျေနပ်စွာနဲ့ပဲ စာရေးလိုက်တာပါ။

မမယ်ရဲ့ ဝတ္ထုဇာတ်လမ်းလေးတွေကို အမြဲဖတ်ပြီး အားပေးနေတာပါ။

ဇာတ်လမ်းလေးတွေက သိပ်ကောင်းပြီး ပျော်ရွှင်စေပါတယ်။ ချစ်ဖို့လည်းကောင်းတယ်။

မမယ်ဒီထက်မက တိုးတက်အောင်ဖို့ ဆုတောင်းတယ်နော်။

ကျေနပ်စွာဖြင့်
**နန်းဖောင်း**
နန်းခွန်ရွာ
အောင်ပန်းမြို့။
09 - 25 ---------

P.S - မမယ်ရေ Ph: ကိုတော့ ဖော်မပြစေလိုပါ။
မမယ်ရေ နန်းကို Ph: ပြန်ဆက်မယ်လို့ မျှော်လင့်ရင်း . . .

# မယ်မင်းဘို



## သံယောဇဉ် မျက်စောင်းထိုး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ


၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့် (ဗီဒီယို)

၂။ ချစ်ရင် . . . နှမ်းမိနှစ်စောင့် (ဗီဒီယို)

၃။ ငွေတောင်ပြည်က မြို့သူ (ဗီဒီယို)

၄။ ချစ်သူလိမ်းဖို့ အေးကရင်မ် (ဗီဒီယို)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ဗီဒီယို)

၆။ အချစ်ကိုမြို့ဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ (ဗီဒီယို)

၇။ ဆယ်ကျော်သက်ဂိမ်း

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။ (ဗီဒီယို)

၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (ဗီဒီယို)

၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (ဗီဒီယို)

၁၁။ အနန်းမြို့ကသတို့သား (ဗီဒီယို)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (ဗီဒီယို)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ (ဗီဒီယို)

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း (ဗီဒီယို)

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (ဗီဒီယို)

၁၆။ ဘာညာသာရကာ (ဗီဒီယို)

၁၇။ ပျားရည်ခွမ်းဒွိဟ (ဗီဒီယို)

၁၈။ အနမ်း Equation (ဗီဒီယို)

၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (ဗီဒီယို)

၂၀။ အမြိုးကွန်ယက်နတ်သမီး (ဗီဒီယို)

၂၁။ ဖိုးလေးရည်းစား မြို့ကြီးသား (ဗီဒီယို)

၂၂။ အမုန်းပြယ်ဝိုင် (ဗီဒီယို)

၂၃။ နှလုံးသား Hacker (ဗီဒီယို)

၂၄။ ကွန်းနိုမြစ်သောမျက်ဝန်းလေးဆီ (ဗီဒီယို)

၂၅။ သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ် (ဗီဒီယို)

၂၆။ 4 in 1 (ဗီဒီယို)

၂၇။ လရောင်စစ်စစ်သမီးရည်းစား (ဗီဒီယို)

၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (ဗီဒီယို)

၂၉။ နေမထိအလွမ်း (ဗီဒီယို)

၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် (ဗီဒီယို)

၃၁။ နောက်ကျောကချစ်သူ (ဗီဒီယို)

၃၂။ ရိုးမြေကျခေါင်းခါသည် (ဗီဒီယို)

ယခုလ

၃၃။ သံယောဇဉ်မျက်စောင်းထိုး


www.burmeseclassic.com

www.burmeseclassic.com

<u>ဒို့တာဝန်အရေးသုံးပါး</u>

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

<u>ပြည်သူ့သဘောထား</u>

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

<u>နိုင်ငံရေး ဦးတည်ချက် (၄) ရပ်</u>

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

<u>စီးပွားရေးဦးတည်ချက် (၄) ရပ်</u>

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

<u>လူမှုရေး ဦးတည်ချက် (၄) ရပ်</u>

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ၁

"ခင်ဗျာ ... ဘယ်လို ဘယ်လို။ ဘာဖြစ်တယ် မမ။ နောက်တစ်ခါ ထပ်ပြောပါဦး"

ခါမိုးက သူ့နားသူ မယုံနိုင်စွာ နောက်တစ်ခါထပ်မေးလေလျှင် မမက စိတ်ရှည်လက်ရှည်ဖြင့်ပင် နောက်ထပ်တစ်ခေါက် ထပ်ပြောလေသည်။

"မင်းကလည်း ဒါလေးပြောတာ ဒီလောက်တောင် ဖြစ်ရသလား။ အဲဒီကလေးကို သွားခေါ်ပြီး မင်းအိမ်မှာ စောင့်ရှောက်ပေးထားပါလို့"

ဒုတိယအကြိမ် ထပ်ကြားရတဲ့ စကားဖြစ်တာမို့ သူ့နားအကြားအာရုံတွေလွဲတာ မဟုတ်တော့ဘူးဆိုတာ သေချာသွားပြီမို့ သူဟာ မမကို ငြင်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရယ် ... ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲဗျာ။ ကျွန်တော့်အိမ်မှာ ဘယ်လိုလုပ် ခေါ်ထားလို့ရမှာလဲ။ ကလေးလည်း ကျွန်တော် မထိန်းတတ်ဘူး"

"ဟဲ့ ... ထိန်းစရာမလိုပါဘူးဟယ်။ ကလေးဆိုတာ ခြေဆော့လက်ဆော့ ကလေးမျိုးလည်း မဟုတ်ဘူး။ ဒီနှစ်ဆယ်တန်းတက်မှာ။ သူ့ခမျာ ရွာမှာ မိဘတွေကလည်း ဆုံးသွားပြီဆိုတော့ နိုကိုးရာမဲ့နေရှာတာ။ သူ့အမေက မမနဲ့ ကျောင်းနေဖက်သူငယ်ချင်း။ အခု သူ မရှိတော့ ကျန်နေခဲ့တဲ့ သူ့သမီးလေးကို မမက မွေးစားဖို့ ဆုံးဖြတ်လိုက်တာ"

"မမရယ် ... ဒုက္ခပါပဲ။ အပူရှာလို့ဗျာ။ ကဲ ... မွေးစားတယ်ပဲထားဦး။ မမဘာသာ သူ့ကို နိုင်ငံခြားခေါ်ပါလား။ ဘာလို့ ကျွန်တော့်ခေါင်းပေါ် ပုံချနေတာလဲ"

ခါမိုးက စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ခုံမှာ ဝင်ထိုင်ရင်း အားပါးတရကို ပြောပစ်လိုက်တော့သည်။ မမ ဒါတော့ သက်သက် ဒုက္ခရှာတာလို့ သူ မြင်သည်။

"ခါမိုးရယ် ... ကလေးမလေးက ဆယ်တန်းတက်မှာလေ ဟယ်။ သူ့ဘဝလမ်းကြောင်းလေးတည့်အောင် ကျောင်းပညာကို ဆုံးခန်းတိုင်အောင် လုပ်ပေးရမှာပေါ့။ လောလော





ဆယ်မှာ မမက ဒီပြန်လာဖို့ဆိုတာလည်း မဖြစ်နိုင်သေးဘူး။ ကလေးမလေးကို မမဆီ လှမ်းခေါ်ဖို့ဆိုတာကလည်း အဆင်မပြေပြန်ဘူးလေ။ အဲဒါကြောင့် မင်းကို အကူအညီတောင်းနေရတာပါဟယ်။ နင့်အတွက် သူ့ကို အိမ်ပေါ်မှာ လက်ခံပေးရုံကလွဲပြီး ဘာမှတာဝန်ယူဖို့ မလိုဘူး။ ငါပဲ ဒီကလေးမလေးအတွက် အစစ တာဝန်ယူတယ်"

မမကတော့ သူ့ကို ဆေးထိုးပြီကွာ။ ခါမိုးက စိတ်ပျက်စွာ ခေါင်းယမ်းလိုက်ပြီးမှ မမ ပြောတဲ့ထဲမှာ "ကလေးမ" ဆိုတာကြောင့် သူက ပိုပြီးလက်မခံနိုင်တာမို့ ငြင်းရလေသည်။

"အဲဒီ ကလေးဆိုတာ မိန်းကလေးပေါ့။ ပိုဆိုးသွားပြီ မမ။ မဖြစ်နိုင်ဘူး။ ဘယ်လိုလုပ် ကျွန်တော့်အိမ်မှာ ခေါ်ထားလို့ ရမှာလဲ။ ဆယ်တန်းဆိုတော့ အပျိုအရွယ်တောင် ဖြစ်နေပြီ။ ကျွန်တော့်အိမ်မှာ ဘယ်လိုသင့်တော်မှာလဲ"

"ဟဲ့ ... ဘာကိစ္စ မသင့်တော်ရမှာလဲ။ နင်က တစ်ယောက်တည်းနေတာလား။ မကြည်အေးတို့၊ ခင်မူတို့က ဘယ်ရောက်ကုန်တာတုံး။ ဖိုးစောတို့၊ သာခွေတို့ကကော။ ဒီလောက် လူတစ်ပုံကြီးရှိတာ။ နင့်ကို ငါ အကူအညီတောင်းနေတာပါ ခါမိုးရယ်။ ကလေးမလေးကို နင် ခဏစောင့်ရှောက်ပေးထားပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ မဖြစ်ပါဘူးဗျာ။ ပြီးတော့ ဒီကိစ္စကို လှိုင်းကလည်း သဘောတူမှာ မဟုတ်ဘူး"

"ဟဲ့ ... ဒီကိစ္စထဲမှာ သူ့နာမည် ထည့်ပြောရအောင် သူက ဘာပတ်သက်လို့လဲ။ ခါမိုး ... နင့်ကိစ္စက မပြီးတော့ဘူးလား"

မမက သူ့ကို လှိုင်းနာမည် ကြားတာနှင့် တင်းတင်းမာမာပြောလျက် လေသံက မာကျောသွားလေသည်။ ခါမိုးက ဟားခနဲ တစ်ချက်အော်ပစ်လိုက်ရင်းမှ မမလည်း စိတ်မဆိုးအောင် ရှင်းပြရသည်။

"မမရယ် ... လှိုင်းက ကျွန်တော်နဲ့ ပတ်သက်နေတဲ့သူဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ်"

"ဟော့ ... ဘာကိုပတ်သက်တာလဲ၊ ခါမိုး ... ငါ ထပ်မကြားချင်ဘူး။ မင်းနဲ့ ငါက အမွေခွဲထားပြီးသား ဆိုပေမယ့် မင်းက ငါ့မောင်။ ငါစီစဉ်တာ ငါပြောတာကို လက်ခံရမှာပဲ။ ငါ့မောင်ရဲ့အိမ်မှာ ငါမွေးစားမယ့် ကလေးကို ခေါ်တင်ပြီး စောင့်ရှောက်ခိုင်းတာ ဘာဖြစ်လဲ။ သူက ဘာပြောပိုင်ခွင့်မှ မရှိဘူး"

ပြောလာရင်းနဲ့ direction က လှိုင်းဘက်ကို လှည့်လာခဲ့ပြီမို့ ခါမိုးက အတင်းကို စကားစလွှဲထုတ်ပစ်ရသည်။





"ကဲပါ ... မမရာ။ အဲဒါတွေ ပြောမနေနဲ့။ လိုရင်းပဲ ပြောရအောင်။ အဓိက,ကတော့ ကျွန်တော်ပဲ။ ကျွန်တော့်အလုပ်တွေနဲ့ကျွန်တော် အားတာမဟုတ်ဘူး။ သူများသားသမီး အိမ်ပေါ်ခေါ်တင်ထားရမှာ။ မတော်တဆ တစ်ခုခုဆို အားလုံး ကျွန်တော့်ခေါင်းပုံ ပုံကျလာမှာ။ မမက မမမွေးစားမယ်သာ ပြောတယ်။ မမက ပြန်လာဖို့ကျတော့လည်း မဖြစ်ဘူး။ အဲဒီကောင်မလေး ခေါ်ဖို့လည်း အဆင်မပြေဘူးဆိုတော့ ကျွန်တော့်ဆီမှာ သောင်တင်နေမှာပေါ့"

"ဟဲ့ ... အဲဒီကလေးရဲ့ စရိတ်စကအားလုံးကို အစစ ငါ တာဝန်ယူတယ်"

သူပြောချင်တာကတစ်မျိုး မမ အဓိပ္ပာယ်ကောက်နေတာကတစ်မျိုး ဖြစ်နေတာမို့ သူက လွဲနေတဲ့လမ်းကြောင်းကို တော်တော်တည့်ယူပေးရသည်။

"မမ ... ကျွန်တော် ငွေရေးကြေးရေး ပြောနေတာ မဟုတ်ဘူး။ ကျွန်တော် အဲဒီလောက် လက်မကပ်ဘူး။ အခု ကျွန်တော် ပြောနေတာက မမက မွေးစားမယ်ဆိုတာပဲ ရှိတယ်။ တာဝန်က ကျွန်တော် ယူနေရပြီမို့ ပြောနေတာ။ ကျွန်တော်လည်း မျက်စိဒေါက်ထောက် လိုက်ပြီးထိန်းကျောင်းမပေးနိုင်ဘူး။ မကြည်အေးတို့ ခင်မူတို့က သူ့အတွက် ဘာမှ အဖော်ရမှာလဲ မဟုတ်ဘူး။ မမရယ် ... သူ့နေရာမှာပဲ သူ ထားလိုက်ပါ။ မမ သူ့အတွက် ပညာ



www.burmeseclassic.com

www.burmeseclassic.com



သင်စရိတ် ထောက်လိုက်ပေါ့။ အဲဒါဆို အဆင်ပြေပြီဟာ။ ပြီးတော့ အဲဒီကောင်မလေးကကော သူ မသိတဲ့သူတွေ သူ မသိတဲ့ ပတ်ဝန်းကျင်အသစ်မှာ သူ ဘယ်လိုလုပ်နေ တတ်မလဲ။ အဆင်မပြေနိုင်ပါဘူး မမရယ်"

ခါမိုးက မမကို အကျိုးသင့် အကြောင်းသင့်ဖြစ် အောင် တရှည်တလျား ရှင်းပြပြီးပြီမို့ မမ နားလည်လိမ့်မယ်လို့ ယူဆချိန်မှာ မမက အင်မတိ အင်မတန်မှ ခေါင်းမာလှစွာ ဘူး ဆိုဘူးပဲဖြစ်၏။

"ဒါ နင် သက်သက်မဲ့ အကြောင်းရှာတာပဲ။ ခါမိုးရယ် ... မမက သူတို့ဘက်ကို စိတ်ချပါဆိုပြီး အာမခံချက်တွေ ခံခဲ့ပြီးပြီ။ ပြီးတော့ ဒီကလေး ကိုယ်တိုင်ကိုက လက်သင့် ခံတယ်။ နယ်မှာနေရတာထက်စာရင် မြို့မှာဆို သူ့ဘဝ အတွက် လမ်းပွင့်မယ်ဆိုတာကို ယုံကြည်လို့ ကြိုးစားချင် စိတ်ရှိလို့ သူကလည်း လက်သင့်ခံတာလေ။ ဒီလိုကလေး မျိုးကို မမက မြေတောင်မြှောက်ပေးရမှာပဲ"

ခါမိုးက မမဆီက အဲဒီစကားကြားတော့ မမနဲ့အဲဒီ မွေးစားမယ့်ကလေးဟာ အဆက်အသွယ် ရှိတယ်ဆိုတာ ကောက် ချက်ချလို့ ရပေသည်။

"မမတို့ချင်း အဆက်အသွယ် ရှိနေကြတာပဲဟာ။ သူ့နယ် မှာပဲ သူ အဆင်ပြေလောက်အောင် ထောက်ပံ့ပေးလိုက် လည်း ဖြစ်တာပဲဟာ"





"ဩော် ... ခါမိုးရယ်။ ပြောရခက်လိုက်တာ။ ကောင်မလေး ကိုက ရန်ကုန်မှာပဲ ဆယ်တန်းဖြေချင်တာ။ သူ့ဘဝကို တိုးတက်အောင် ကြိုးစားမယ့် ကလေးတစ်ယောက်ကို ငါတို့က မြေတောင်မြှောက်ပေးရမှာပဲ။ အဲဒီတော့ မင်းကို မမ အကူအညီတောင်းတယ်။ သူ့ကို မင်းအိမ်မှာခေါ်ထား ပြီး ကျောင်းတက်ခွင့် ပြုလိုက်ပါ။ အေး ... အဲဒီလောက် မှ မင်းက ရှုပ်ပါတယ် တာဝန်မယူနိုင်ပါဘူးဆိုရင် မမ တော်တော်စိတ်မကောင်း ဖြစ်ရမှာပဲ ခါမိုး"

ဇာတ်က အဲဒီမှာပင် ပွဲကသိမ်းချေပြီ။ မမဟာ အင်မတန်မှ စကားပြောပြတ်သူ ဖြစ်သည်။ အဲဒီအတွက် သူ့မှာ အင်မတန်မှ အခက်တွေ့ရတာဖြစ်၏။

"မမက တကယ်ပဲ မွေးစားဖို့ ဆုံးဖြတ်ပြီးပြီလား"

"မမ ဘယ်တုန်းကများ အပြောင်အပျက် လုပ်ခဲ့ဖူးလို့လဲ ငါ့မောင်ရယ်။ မမကို အဲဒါလေးတစ်ခုတော့ ကူညီပေးပါ"

ခါမိုးက လုံးဝကို Confirm ဖြစ်နေပြီဖြစ်သော ကိစ္စတစ်ခုအတွက် ဘယ်လိုမှ ငြင်းဆန်လို့ မရတော့မှန်း သိလေ သောအခါ သူ အလျင်အမြန်ပဲ အဆင်ပြေမယ့် နည်းလမ်းတစ်ခု ကို စဉ်းစားထားလိုက်ရသည်။

"အင်းလေ ... မမက ဆန္ဒသိပ်ရှိနေပြီ ဆိုတော့လည်း ကျွန်တော် ကူညီပေးရတော့မှာပေါ့။ ဒီလိုလုပ်မယ် မမရာ။

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာပဲ ကျွန်တော် မနှစ်ကမှ ဆောက်ထားတဲ့ တိုက်ပုလေးတစ်လုံး ရှိတယ်။ သူ့ကို အဲဒီမှာ သီးသန့်နေခိုင်းလိုက်မယ်လေ။ သူ့အတွက်လည်း အိမ်သီးသန့်ပုံစံမျိုး ဖြစ်တာပေါ့။ ကျွန်တော့်မျက်စိအောက်မှာပဲ ရှိနေမှာလေ။ အဲဒီလိုဆိုတော့ သူလည်း လွတ်လွတ်လပ်လပ် ရှိသွားတာပေါ့၊ မဟုတ်ဘူးလား"

"ဘာလဲ ... မင်းတိုက်နောက်က လွတ်နေတဲ့အကွက်မှာ ဆောက်ထားတဲ့ ဘန်ဂလိုလေးကို ပြောတာလား"

"ဟုတ်ကဲ့ ... မမ။ အဲဒါလေးကို ပြောတာ။ သူ့အတွက် ကျွန်တော် ခင်မူတို့ကို နေခိုင်းလို့ ရတာပဲ။ အဲဒီလိုဆိုတော့ ကျွန်တော်လည်း သိပ်ကရိကထ မရှိတော့ဘူးပေါ့"

"အေးလေ ... မင်းနဲ့ တစ်ခြံတည်းပဲဟာ။ အဲဒီလိုဆိုလည်း ဖြစ်ပါတယ်။ အဓိက,ကတော့ ဒီကလေးကို မမက ထူးထူးချွန်ချွန်နဲ့ ဆယ်တန်းအောင်စေချင်တယ်။ အဲဒီအတွက် အကောင်းဆုံးဆိုတဲ့ ပညာတွေကို ပေးနိုင်ဖို့ မင်းကိုယ်တိုင် ကျောင်းကိစ္စ စီစဉ်ပေးပါ"

"ဟုတ်ပါပြီ မမရယ်"

ခါမိုးက မလွန်ဆန်နိုင်စွာ လိုက်လျောပေးရတာဖြစ်သည်။ သူ့အတွက် အလုပ်နည်းနည်း ရှုပ်သွားနိုင်ပေမယ့် မမ ကျေနပ်မှ သူနဲ့လှိုင်းကိစ္စက အိုကေနိုင်မှာမှလား။





"ဟုတ်ပြီ ခါမိုးရေ။ အဲဒါဆို အားလုံး အဆင်ပြေသွားပြီဆိုတော့ မင်း ဒီတစ်ပတ်အတွင်း ကောင်မလေးကို သူ့ရွာကနေ သွားခေါ်လိုက်တော့လေ"

"ဗျာ ... ရွာက ... ကျွန်တော် ကိုယ်တိုင် သွားခေါ်ရမှာလား"

"ဟဲ့ ... သွားရမှာပေါ့။ သူ့ကို မမက မွေးစားမယ်ဆိုပြီး ခေါ်ခဲ့ရမှာ။ မင်းက မမရဲ့ကိုယ်စား ဒီကလေးကို စောင့်ရှောက်ထားတဲ့ သူတွေကို သူတို့ စိတ်ချအောင် မင်းမျက်နှာတော့ သွားပြရမှာပေါ့"

ခါမိုးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဖယားကတော့ တော်တော်ရှုပ်တာပဲဖြစ်သည်။ မမဟာ တကယ့်ကို ပြဿနာမီးခွက်ထွန်းရှာနေတာပဲဖြစ်၏။

"ဟဲ့ ... ခါမိုး ငါပြောတာ ကြားလား။ မင်း သွားခေါ်ဖြစ်အောင် ခေါ်ရမှာနော်"

"ကဲ ... ကဲ ... ဟုတ်ပြီဗျာ။ ကျွန်တော့် အလုပ်တွေ ဒီနှစ်ရက် သုံးရက်အတွင်း ပြတ်အောင်ဖြတ်ပြီးသွားမယ်။ ဘယ်ကို သွားခေါ်ရမှာလဲ"

"ရေနံချောင်း"

"ဗျာ ... ဟား ... အံ့ရောဗျာ။ မမရယ် ... အင်္ဂလ... လူက ရေနံချောင်းမှာ ရှိနေတဲ့သူကို ဘယ်လိုများ ရှာရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေဖွေ။ ပြီးရောဗျာ ... ကျွန်တော့်ကို လိပ်စာ viber က နေ ပို့လိုက်။ ဒါနဲ့ ... အဲဒီ ကောင်မလေးနာမည်က ဘယ် သူလဲ"

"ရွှေကြုတ် တဲ့"

ရွှေကြုတ် ...။ ခါမိုး၏ နာမည်ကို ပြန်ရေရွတ်ရင်း ရယ်ချင်မိသွားသည်။ အေးပေါ့လေ ... ဘာပဲဖြစ်ဖြစ်ပေါ့။ မမက အရောင်တက်စေချင်တဲ့ ကျောက်ရိုင်းတုံးကို သူက တတ်အား သရွေ့တော့ ကူသွေးပေးရတော့မှာပေါ့။

အလုပ်တွေ ဖြတ်ပြီးရင်တော့ အဲဒီကလေးမရှိတဲ့ ရေနံချောင်းကို သူ သွားခေါ်ပေးရမည်ဖြစ်သည်။



၂

"ကျေးဇူးတင်ပါတယ်ဗျာ။ အခုလိုမျိုး ရွှေကြုတ်လေးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်ပေးမယ် ဆိုကတည်းက ကျုပ်တို့က တကယ် ဝမ်းသာလှပါပြီ"

ခါမိုးက ဟုတ်ကဲ့ဟု ခေါင်းညိတ်ကာ ပတ်ဝန်းကျင် ကို နည်းနည်းအကဲခတ်ကြည့်လိုက်သည်။ သူ အခုရောက်နေတဲ့ အိမ်လေးက အဲဒီ ရွှေကြုတ်ဆိုတဲ့ ကလေးမလေး နေနေတဲ့အိမ် ဖြစ်သည်။ ကြားထားတဲ့ သတင်းအရ သူ့ရှေ့မှာ ထိုင်နေတဲ့ အဒေါ်ကြီးက ရွှေကြုတ်ရဲ့ကြီးတော်နှစ်ဝမ်းကွဲ ဖြစ်၏။ အဲဒီ ကြီးတော်ကြီးရဲ့ ဘေးနားမှာ ဆယ့်ငါး ဆယ့်ခြောက်အရွယ် မည်းကြုတ်ကြုတ်နဲ့ အုံကိုအုံကြောင် ပုံလေးတွေဖြင့် သူ့ကိုကြည့် နေသော ကောင်မလေးနှစ်ယောက်ကို တွေ့ရတာမို့ သူက အဲဒီ နှစ်ယောက်ထဲက တစ်ယောက်က ရွှေကြုတ်ပဲလို့ တွေးမိသွားသည်။ အင်း ... ပုံစံလေးတွေကတော့ နုံချာချာ တုံးတုံးလေးတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရွှေကြုတ်က ဘယ်သူလဲဗျ"

ခါမိုးက သူသိချင်တာကို မေးလိုက်လျှင် သူ့ဘေးက ဦးကြီးတစ်ယောက်က ပြန်ဖြေပေးလေ၏။

"ရွှေကြုတ်က ခဏနေ ပြန်လာပါလိမ့်မယ်။ သောင်းကြီးတို့ ထန်းတက်တာ လိုက်သွားလို့ပါ။ မကြာပါဘူး။ ခဏနေ ပြန်ရောက်တော့မှာ။ အမောပြေ ရေနွေးလေးနဲ့ထန်းလျက်ခဲလေး သုံးဆောင်ပါဦး"

မြတ်စွာဘုရား။ ခါမိုးက ထန်တက်လိုက်သွားတယ်ဆိုတော့ ဘုရားတောင် တ,မိသွားသည်။ ဒုက္ခပဲ။

"ဒါနဲ့ သူက ထန်းတက်တာ ဘာလို့လိုက်သွားတာလဲ။ သူက ဘာလုပ်စရာရှိလို့လဲ"

"အရီးမြရေ ... အရီးမြ၊ ကြုတ် ဒီနေ့ ငှက်သုံးကောင်တောင် မိလာတယ်ဗျ။ ပွတာပဲ"

သူ့မေးခွန်းအဆုံးမှာ အနောက်ကနေ ဝင်လာတဲ့ အော်ကြီးဟစ်ကျယ် အသံကြောင့် သူက လှည့်ကြည့်မိသွားသည်။ ဦးထုပ်ကို နောက်ပြန်ဆောင်းကာ တီရှပ်အပွ ဒူးတိုဂျင်းပန်လ်နှင့် သပ်သပ်ရပ်ရပ် ဆင်ထားကာ အဲဒါတွေနဲ့ မလိုက်ဖက်စွာ လက်မှာက ငှက်သုံးကောင်ကို ကိုင်ထားတာဖြစ်သည်။ တစ်ခုထူးတာက အဲဒီကလေးမလေးဟာ ဘယ်သူနဲ့မှ မတူအောင်ကို အသားအရေက ဖြူစင်ဝင်းမွတ်၍ ရုပ်ရည်ကအစ သန့်သန့်ပြန့်ပြန့်ထဲက





ဖြစ်၏။ ခါမိုးက သတိထားကြည့်မိသလို အဲဒီကောင်မလေးက လည်း သူ့ကို မှုန်ကုပ်ကုပ် ပြန်ကြည့်လေ၏။

"ဟဲ့ ... ရွှေကြုတ် ... လာစမ်း ဒီကို။ ညည်းနဲ့အေ ... ဘာတွေ လုပ်လာတာတုန်း၊ ဒီမှာ ညည်ကို ရန်ကုန်ခေါ်သွားဖို့ မမိုးရဲ့မောင်တဲ့ ရောက်နေတယ်။ လာဦး"

ဟင် ... ဒါ ... ဒါဆို ရွှေကြုတ် ဆိုတာ ဒီကောင်မလေးပေါ့။ ခါမိုးက ထင်မထားတာကြောင့် အဲဒီကောင်မလေးကို အကဲခတ် ကြည့်စဉ်မှာ ကောင်မလေးက သူ့ကို သေသေချာချာ ကြည့်၍ ...

"ဦးလေးကြီးက ကြုတ်ကို လာခေါ်တဲ့ ကီမိုးရဲ့ မောင်လေးဆိုတာလား"

စတင်ပြီး သူ့ကို တအံ့တသြလေသံဖြင့် မေးလာတာကြောင့် ခါမိုးက အဲဒီကောင်မလေးကို ထပ်မံ အကဲခတ်ကြည့်လိုက်သည်။

အင်း ... မမက ဒါကြောင့်မို့လို့ ဒီကလေးမလေးကို မွေးစားမယ်လို့ ဆုံးဖြတ်တာပေါ့။ အဲဒီကောင်မလေးဟာ အညာသူလေး ဆိုပေမယ့် ရုပ်ဆင်းရူပကာ အသားအရေ အသွေးအမွေး စသဖြင့် အားလုံးထဲမှာမှ ထင်ထင်ရှားရှား ထူးထူးခြားခြားလေး ဖြစ်လို့နေပေသည်။ ပုံစံကတော့ ထက်ထက်မြက်မြက်ရှိမယ့်ပုံစံမျိုးပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ မင်းကို ရန်ကုန်ခေါ်ပြီး ကျောင်းထားပေးဖို့ ငါ့အစ်မက မှာထားတယ်။ ဒီမှာလည်း လူကြီးတွေနဲ့ ငါ ပြောပြီးဆိုပြီးပြီ။ မင်းကို ဦးက ရန်ကုန်ကို ခေါ်သွားမယ်"

"ဝမ်းသာလိုက်တာ။ ကြုတ်က ရန်ကုန်မှာ ဆယ်တန်းဖြေ ချင်တာ။ တီမိုးက ကြုတ်ကို မွေးစားမယ် ဆိုတုန်းက ဦးလေးရဲ့အိမ်မှာနေပြီး ဆယ်တန်း ဖြေရမယ်လို့ မှာထား တယ်။ တီမိုးက ပြောတော့ ဦးလေးက မနက်ဖြန်မှလာ မယ်ဆိုလို့ ကြုတ်က ဦးလေးကြီးကို ခရီးဦးမကြိုဖြစ်တာ"

ကောင်မလေးက စကားပြောတာကအစ လည်လည် ဝယ်ဝယ် သွက်သွက်လက်လက်ရှိသည်။ အဲ ... နေပါဦး။ မမက ဒီကောင်မလေးနဲ့ ဘယ်လိုအဆက်အသွယ် ရှိနေတာလဲ။

"ရပါတယ်။ ဒါနဲ့ မင်းနဲ့မမက ဘယ်လိုအဆက်အသွယ် ရှိတာလဲ"

"အမေရှိတုန်းကတော့ တီမိုးက ရွာထိပ်ကဖုန်းကို ဆက် တယ်။ အမေ ဆုံးသွားပြီးနောက်ပိုင်းလည်း အဲဒီလိုပဲ ဆက်သွယ်တာ။ ဟိုတလောက ကြုတ် ၁၅၀၀ တန်ဖုန်း မဲပေါက်တယ်လေ။ အခုတော့ တီမိုးနဲ့ ကြုတ် Facebook နဲ့ကော Viber နဲ့ပါ အဆက်အသွယ်ရှိတယ်။ ဦးရဲ့ဓာတ်ပုံ ကို တီမိုးက Viber ကပို့ပေးလို့ ဦးလေးကြီးကို မြင်ဖူး ထားပါတယ်"





ခါမိုးက မမ ဘာကြောင့် မွေးစားပြီး ဒီကလေးကို ပံ့ပိုးပေးသလဲဆိုတာ သူ ဒီကလေးမလေးနဲ့ စကားနည်းနည်းပြော ကြည့်ပြီးတာနှင့် သဘောပေါက်လိုက်ပြီဖြစ်သည်။ ကလေးမလေး ဟာ နယ်မှာနေတယ်၊ သိပ်ပြီး မျက်စိဖွင့်တဲ့ အနေအထားမျိုး မရောက်တရောက်ဖြစ်တဲ့ ရွာလေးမှာ ကြီးပြင်းခဲ့ပေမယ့် တော် တော်လေးကို ချက်ချက်ချာချာ ရှိတာပဲဖြစ်သည်။ မမဟာ ဒါကြောင့်မို့လို့လည်း ဒီကောင်မလေးရဲ့အနာဂတ်ကို တာဝန်ယူ ဖို့ ဆုံးဖြတ်ခဲ့တာပေါ့။ ဘာပဲဖြစ်ဖြစ် အခု တာဝန်ရှိနေတာက သူပဲဖြစ်သည်။

"ဟုတ်ပါပြီ။ မမက မင်းကို မွေးစားတယ်ဆိုတော့ ဦးကို လည်း မင်းရဲ့ဦးလေးတစ်ယောက်လို သဘောထားပါ။ ဦးတို့အိမ်မှာက မင်းအတွက် မိန်းကလေးအဖော်နှစ်ယောက် ရှိပါတယ်။ လောလောဆယ်မှာ မမက ပြန်မလာနိုင်သေး တဲ့အတွက် မင်းကို ဦးကပဲ မမကိုယ်စား မင်းရဲ့ပညာရေး ကို အဆင်ပြေ ချောမွေ့အောင် ကျူရှင် ကျောင်း အားလုံး စီစဉ်ပေးမယ်။ မင်းဘက်ကလည်း မမ မျှော်လင့်သလို ဖြစ်အောင်ကြိုးစားပေါ့"

"ဟုတ်ကဲ့ပါ ဦးလေးကြီး။ ဒါဆိုရင် ကြုတ်တို့ ဘယ်တော့ ရန်ကုန်သွားရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရန်ကုန်ကို အင်မတန် ရင်ခုန်နေပုံ ရသည်။ သူမပုံစံက ဖျတ်လတ်တက်ကြွ၍ အရာရာကို အကောင်းဆုံးဆိုတဲ့ ဖြစ်ချင်စိတ်တွေ ရှိပုံရသည်။ ခါမိုးက ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ သူမကို မနက်ဖြန် ခေါ်သွားမယ့်အကြောင်း ပြောလိုက်လျှင် သူမမျက်လုံးတွေက ဖျပ်ဖျပ်တောက် ဝမ်းမြောက်နေတာပဲဖြစ်၏။

"ဟုတ်ကဲ့ ... ဦးလေးကြီး။ ကြွတ် အဆင်သင့် ပြင်ထားပါ့မယ်"

ခါမိုးက တစ်စက်ကလေးမှ ကြောက်ရွံ့မှုမရှိဘဲ ရဲတင်းသွက်လက်နေသော အဲဒီကောင်မလေးဟာ မမျှော်မှန်းထားသလို ထူးချွန်ပေါက်ရောက်မယ့် ကလေးတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ သူလည်း တွက်ဆမိလိုက်သည်။





ရွှေကြွတ် ဆိုသော မိန်းကလေးဟာ သူထင်ထားတဲ့ ပုံစံမျိုးနှင့် အနည်းငယ်တော့ ကွဲလွဲမှုရှိတယ်လို့ ဆိုရမှာပဲဖြစ်သည်။ ရွာက လူကြီးတွေဆီက ကြားသိထားရတဲ့ ရွှေကြွတ်ရဲ့အကြောင်း ကတော့ ရွှေကြွတ်ဟာ တစ်ခါမှ ရန်ကုန်ကို မရောက်ဘူးချေ။ ပြီးတော့ အင်မတန်မှ အော့ကြောလန်အောင် ဘဝင်ခေါင်ခိုက်သူ ဖြစ်သည်။ စာနှင့်ပတ်သက်လာလျှင် ဘယ်သူ့ကိုမှ ဗိုလ်မထား။ စသဖြင့် ကောင်းတာတွေကော မကောင်းတာတွေပါ ရောထွေးစုပြုံကြားလာခဲ့ရသော သတင်းတွေကို ခြုံငုံသုံးသပ်ကြည့်ခြင်းအားဖြင့် ဒီကောင်မလေးဟာ ဆိုက်ကိုလို့ သတ်မှတ်လိုက်သည်။

အခုလည်းကြည့်လေ။ သူ တစ်ခါမှ မရောက်ဘူးတဲ့ ရန်ကုန်လိုနေရာကို သူခေါ်လာခဲ့ကာ သူ့ရဲ့ခမ်းနားကြီးကျယ်လှတဲ့ အိမ်ကြီးကို မြင်ရတာကို မှင်သေသေ မျက်လုံးဖြင့်သာ တစ်ချက်ကြည့်၍ ဘာမှ comment ပေးမလာချေ။ ခါမိုးရဲ့အိမ်အပြင်အဆင်ဟာ အင်မတန်မှကို အထက်တန်းကျလှပါသည်ဆိုတဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ လာရင်တောင် အိမ်ကြီးက ခမ်းနားလှပလိုက်တာလို့ ပြောဆိုချီးမွမ်းနေကြ။ အခု ဒီကောင်မလေးကျမှ။

"ကဲ ... ရွှေကြုတ် ... ဒီမှာထိုင်။ ကိုသာခွေ ... အိမ်က အားလုံးကို ခေါ်လိုက်ပါဦး"

သာခွေက ရွှေကြုတ်ကို မိတ်ဆက်ပေးဖို့ သွားခေါ်ချိန်မှာ သူက ရွှေကြုတ်ကို ရှင်းအောင် **တစ်ခါတည်း** ပြောရသည်။

"မင်းက ဒီအိမ်ထဲမှာ နေရမှာ မဟုတ်ဘူး။ မင်း နေရမှာက ဒီအိမ်ရဲ့အနောက်ကတိုက်မှာ နေရမယ်။ ဟိုတိုက်မှာက မင်းအနားယူဖို့၊ ညအိပ်ဖို့ပဲ။ ကျန်တဲ့အချိန် မင်း ဒီမှာ နေနိုင်ပါတယ် ...

ကဲ ... မင်းကို မိတ်ဆက်ပေးမယ်။ အားလုံးပဲ။ ဒါ မမရဲ့ မွေးစားသမီး ရွှေကြုတ်တဲ့။ သူ့ကို မိသားစုဝင်တစ်ယောက်လို သဘောထားပြီး လိုအပ်တာလုပ်ပေးပါ။ ကဲ... ရွှေကြုတ် ... ဒါက ကိုယ့်ရဲ့အိမ်သားတွေလို သဘောထားရမယ့်သူတွေပဲ။ ဒါ ... ဒေါ်ကြီးပို၊ ချက်ပြုတ်ရေးတာဝန်ယူတယ်။ သူက ... ခင်မူ။ ဖိုးဇော၊ သာခွေ၊ ဦးသိုက်မောင်း။ မှတ်ထားနော်။ သူတို့အားလုံးက ငါ့ရဲ့မိသားစုဝင်ပဲ။ မင်းနဲ့အတူ ဟိုဘက်တိုက်မှာ ခင်မူ လိုက်နေပေးလိမ့်မယ်။ ကိုယ့်မိသားစုလိုပဲ ရင်းရင်းနှီးနှီး ဆက်ဆံပါ"

"ဟုတ်ကဲ့။ အားလုံးပဲ တွေ့ရတာ ဝမ်းသာပါတယ်"





ရွှေကြုတ်က အားလုံးကို အပြုံးချိုချိုဖြင့် နှုတ်ဆက်တာမို့ သူက ခေါင်းအသာဆတ်မိသွားသည်။ မမရဲ့လွှဲပေးလိုက်သော တာဝန်ထုပ်က သူ့ပခုံးပေါ် ရောက်လာပြီမို့ သူ လက်ခံလိုက်ပြီဖြစ်တဲ့အတွက် သူ အကောင်းဆုံး ပံ့ပိုးပေးရတော့မည်ဖြစ်သည်။

"ကဲ ... ရွှေကြုတ် ... မင်းကို မနက်ဖြန်ကစပြီး ကျောင်းအပ်ဖို့ကိစ္စတွေ စီစဉ်ရတော့မယ်။ မင်းဘက်က ကြိုးစားဖို့ ဝတ္တရားတစ်ခုပဲ ရှိတယ်နော်။ ကျန်တာ အားလုံး ငါတို့ဘက်က တာဝန်ကျေစေရမယ်။ မင်းကို မမက အများကြီး မျှော်လင့်ထားတယ်"

"ဟုတ်ကဲ့ပါ ... ဦးလေးကြီး။ ကြုတ်လည်း ကြုတ်တာဝန် ကျေစေရပါ့မယ်"

ခါမိုးက အဲဒီစကားအတွက် ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်သည်။ အဲဒီကလေးမကို ပြုပြင်စရာတွေတော့ ရှိသေးသည်။ ဒါပေမဲ့ ရှိရင်းစွဲ အမူအကျင့်တွေကို ချက်ချင်းပြင်ခိုင်းလို့ မလွယ်တာမို့ သူက တဖြည်းဖြည်းချင်းမှ ပြင်ပေးဖို့ ရည်ရွယ်လေသည်။

"ကောင်းပါပြီ။ မင်းလည်း ခရီးပန်းလာပြီ။ အနားယူလိုက်ပါ။ ညနေ ဒင်နာမှာ တွေ့တာပေါ့။ မမ ခဏနေရင် မင်းဆီ ဖုန်းဆက်လိမ့်မယ်။ ခင်မူ သူ့တိုက်ကို လိုက်ပို့ပြီး လိုအပ်တာ လုပ်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ခါမိုးက လိုအပ်တာမှာ၍ အပေါ်ထပ်ကို တက်လာခဲ့သည်။ သူလည်း ခရီးပန်းလာပြီဖြစ်သည်။ နွေရာသီဖြစ်တာကြောင့် အညာက သူများထက် ပိုပူတာမို့ သူဟာ အပူဒဏ်တွေ ခံလာခဲ့ရတာကြောင့် ရော၍ ဖျားချင်ချင် ဖြစ်နေတာဖြစ်သည်။ သူ့အခန်းထဲ ရောက်တာနဲ့ အိပ်ရာပေါ် ပစ်လှဲကာ အရင်ဆုံး ဖုန်းကို Power ပိတ်လိုက်သည်။

သူ ဒီနေ့ ပြန်ရောက်ပြီဆိုတာ သိတာကြောင့် မကြာခင် ဖုန်းဆက်လာတော့မယ့် ချစ်သူ လှိုင်းကို ရှည်ရှည်ဝေးဝေး ရှင်းပြရမည့် အကြောင်းတရားတွေ ပါလာတာမို့ သူဟာ ခေါင်းရှင်းမှ စကားဆက်ဖို့ စဉ်းစားထားတာကြောင့် ကြိုတင် ဖုန်းပိတ်ထားပစ်လိုက်တာဖြစ်သည်။

❁ ○ ❁





## ၃

“ဘယ်လို ... ဘယ်လို ...။ ကို ... အဲဒီကောင်မလေးက ဒါဆို အခု ကို့အိမ်မှာ ရောက်နေတယ်ပေါ့ ဟုတ်လား”

လှိုင်းက အေးတိအေးစက်ဖြင့် အင်း ဆိုပြီး ခေါင်းညိတ်ပြလေတဲ့ ကို့ရဲ့ပုံစံက လှိုင်းကိုပဲ စိတ်မရှည်တဲ့ လေသံမျိုးဖြစ်နေတာကြောင့် လှိုင်းက စိတ်ထဲမှာတော့ သိပ်ဘဝင်မကျချင်ပေ။ တကယ်ဆို ဒီကိစ္စက လှိုင်းကို အစကတည်းက ပြောရမယ့်ကိစ္စ။ အခုတော့ အားလုံးလုပ်ပြီးမှ လှိုင်းကို အသိပေးတဲ့သဘောကြီး။

“ကို အမှန်ဆို လှိုင်းကို ကြိုတော့ပြောသင့်တယ်။ ကို လုပ်ချင်ရာ လုပ်ပြီးမှ ဘာလို့ လာပြောနေရတာလဲ”

လှိုင်းက စိတ်ပေါက်ပေါက်ဖြင့် ပြောပစ်လိုက်တော့မှ ကိုက ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ရှင်းပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ရပါဘူး လှိုင်းရယ်။ မမက ကိုယ့်ကို အကူအညီတောင်းထားတဲ့ ကိစ္စဖြစ်နေတဲ့အတွက် ကိုယ် ဘယ်လိုမှ ငြင်းလို့မရလို့ပါ။ လှိုင်းကို မပြောဖြစ်ဘူးဆိုတာ ကလည်း လှိုင်း အရမ်းစိတ်ပူနေမှာ စိုးလို့ပါ"

"အခုကျတော့ကော လှိုင်းက စိတ်မပူရဘူးလား။ ကိုနဲ့ ဘာမှ သွေးမတော် သားမစပ် တစ်ယောက် ကို့ အိမ်ပေါ် ထိ ရောက်လာပြီ။ လှိုင်းမှာ အဲဒီလောက်လေးတောင် မေး ခွင့်မရှိတော့ဘူးလား"

"လှိုင်းက စိတ်ပူလွန်းနေတာပါ။ ဘာမှ ခေါင်းရှုပ်စရာမရှိ ဘူး။ ပြီးတော့ လှိုင်းကို ကိုယ်မပြောတဲ့အကြောင်းကလည်း လှိုင်း အဲဒီလိုမျိုး စိတ်တွေပူနေမှာစိုးလို့။ သူက ကိုယ့်တူမ လေးအရွယ်ပါ။ ကိုယ့်ကို အဲဒီလိုစကားတွေပြောပြီး လှိုင်း က စိတ်ပူနေမယ်ဆို ကိုယ် ဘယ်လောက်သိက္ခာကျသွားမ လဲ လှိုင်း။ ကိုယ်က ယုံကြည်ချင်စရာ မကောင်းတဲ့သူ လား"

ကို့ရဲ့မေးခွန်းကြောင့် လှိုင်းက စကားတော့ နည်း နည်းများသွားပြီဆိုတာ သိလိုက်သည်။ အမှန်တကယ်တော့ ဒါဟာ စိတ်ပူမှုသက်သက်ဆိုတာ လှိုင်းလည်း ကိုယ့်ဘာသာသိသည်။ ကို့ရဲ့စိတ်ဓာတ်ကို လှိုင်းက အပြည့်အဝ သဘောကျပေမယ့်





တစ်ခါတစ်ရံ အဲဒီလိုမျိုး ဖွင့်မပြောဘဲ လှိုင်း စိတ်ပူမှာစိုးလို့ဆိုတဲ့ အကြောင်းပြချက်ပေးလျှင် လှိုင်းမှာ တကယ် အသည်းတယားယား ဖြင့် ဒေါသဖြစ်ရအခက် ရှိသည်။

"ကို့ကိုက ယုံကြည်တယ်။ လှိုင်းက စိတ်ပူတယ်ပဲ ထား ပါတော့။ အဲဒီ ကောင်မလေးက ကို့အိမ်မှာ ဘယ်အချိန် ထိ ဆက်နေနေမှာလဲ"

"မမ ပြန်မလာသေးသရွေ့ပေါ့။ at least သူ့စာသင်နှစ် တစ်နှစ်ပေါ့"

အဲဒါ အဓိပ္ပာယ်မရှိတာ။ ဒေါ်လင်းမိုးဝေဟာ သက် သက်မဲ့ညစ်တာ။ ရန်ကုန်မှာ ကိုတစ်ယောက်တည်း နေတာကိုသိသိ ရက်နဲ့ ကလေးတစ်ယောက် အဲ ... မဟုတ်ဘူး ကလေးမက လူကြီး မကျ ဖြစ်နေပြီဖြစ်တဲ့ အပျိုပေါက်အရွယ် မိန်းကလေးတစ်ယောက် ကို ကို့အိမ်မှာထားပြီး စာသင်ခိုင်းတာကိုက အဓိပ္ပာယ်မရှိတာ။

"လှိုင်းက ဒေါသဖြစ်တယ်ဆိုလည်း ကိုက သဘောထား သေးလိုက်တာ ပြောဦးမယ်။ အမှန်တိုင်း ပြောရရင်တော့ လှိုင်းလည်း ဒီကိစ္စကို အမြင်မရှင်းဘူး ကို။ မလင်းမိုးဝေ က ဘာဖြစ်လို့ အဲဒီကောင်မလေးကို မွေးစားရတာလဲ။ သူ မွေးစားတယ်ပဲထားဦး။ သူမှ မြန်မာပြည်မှာမရှိတာ။ ကိုယ်လည်း တာဝန်မယူနိုင်ဘဲနဲ့ များ သူများကို ကို[illegible]ထား



www.burmeseclassic.com

www.burmeseclassic.com



လွှဲပေးတာဟာ ဘာသဘောလဲ။ ကို့ကို လှိုင်းနဲ့ဝေးစေချင်တဲ့ ရည်ရွယ်ချက်က ဒီကိစ္စရဲ့ target ပဲပေါ့"

လှိုင်းက ပြောရင်းနဲ့မှ ပိုစိတ်တိုလာကာ လှိုင်းရင်ထဲရှိတာ ပြောပစ်လိုက်လျှင် ကိုက ကျစ်ခနဲ တစ်ချက်စုပ်သတ်ကာ ခေါင်းအသာယမ်းလိုက်ရင်း ...

"လှိုင်းရယ် ... အဲဒီလောက် အမြင်ကျဉ်းပြီး မတွေးပါနဲ့။ မမက ဒီကောင်မလေးလောက်နဲ့ ကိုတို့နှစ်ယောက်ကို ဝေးစေတဲ့ ဖန်တီးမှုမျိုး လုပ်နိုင်ပါ့မလား"

"ဘာမဆို ဖြစ်နိုင်တာကြီးပဲကို။ သူက ကိုနဲ့လှိုင်းကို ကြည်ဖြူခဲ့လို့လား"

"တော်ပြီကွာ။ လှိုင်းရယ် ... မဆိုင်တာတွေ စိတ်ပူပြီး ဘာလို့ အပင်ပန်းခံနေရတာလဲ။ ကိုတို့ကိစ္စကို မမသဘောမတူဘူးဆိုတာ အံပြောပဲရှိတာ။ သူလည်း ဘာမှလုပ်နိုင်တာ မဟုတ်ဘူး။ ကိုယ်တို့ စေ့စပ်ပွဲပျက်သွားတာအတွက် မမက စိတ်ခုနေတာပါ။ သဘောမတူတာမျိုး မဟုတ်ပါဘူး။ နောက်ပြီး လှိုင်း စိတ်ပူနေတာတွေက ကိုယ့်သိက္ခာကို စော်ကားစေတဲ့ စိတ်ပူမှုမျိုးတွေ ဖြစ်နေတယ်။ လာနေတဲ့ ကောင်မလေးအတွက်ကော ဘယ်လောက်တောင် စိတ်ထိခိုက်နစ်နာသလဲ။ စကားဆိုတာ ပြောတိုင်းကောင်း





တာ မဟုတ်ဘူး လှိုင်း။ ပြောသင့် မပြောသင့် ချင့်ချိန်ရသေးတယ်ကွ ...

မင်းက မမကို အမြင်မကြည်တဲ့စိတ်နဲ့ ပြောလိုက်တဲ့စကားက ဘာမှမဆိုင်တဲ့ တစ်ဖက်ကိုကော ကိုယ့်ကိုပါ ရောပြီး စော်ကားလိုက်ရာ ရောက်တယ်"

ကိုက လှိုင်းကို ဒေါသထွက်သွားဟန်ဖြင့် ပြောနေတာမို့ လှိုင်းက စိတ်ထဲက ဒေါသက လှစ်ခနဲ ထွက်ပြူလာလေသည်။ ဒါပေမဲ့ မျိုသိပ်ပစ်လိုက်တော့သည်။ စေ့စပ်ပွဲပျက်ခဲ့ရတာဟာ လှိုင်းကြောင့်ဆိုတဲ့ ခေါင်းစဉ်မျိုး ဖြစ်သွားမှာစိုး၍ လှိုင်းက ဘာမှမပြောတော့ဘဲ လှိုင်း ရသင့်တဲ့ အခွင့်အရေးကိုပဲ တောင်းဆိုလိုက်သည်။

"ဟုတ်ပြီလေ။ အဲဒါဆို လှိုင်း အဲဒီမိန်းကလေးကို တွေ့ချင်တယ်။ ကို စီစဉ်ပေးနိုင်မလား"

"အဆင်သင့်ပဲ လှိုင်း။ မင်းကို ရွှေကြုတ်နဲ့ မိတ်ဆက်ပေးဖို့ဆိုတာ မင်း ပြောစရာမလိုဘဲနဲ့ကို ကိုယ်လုပ်ရမယ့် ဝတ္တရားမှန်း ကိုယ်သိတယ်။ လှိုင်းရယ် ... မလိုအပ်တဲ့ စိတ်ပူမှုမျိုးတွေကို လျှော့ချပစ်လိုက်ပါ။ ကိုယ်က လှိုင်းအတွက် ဘယ်လိုမှ ယုံကြည်နိုင်စရာ မကောင်းတဲ့သူလား ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းရဲ့ပခုံးနှစ်ဖက်ကို လှုပ်ယမ်း၍ လှိုင်းကို တည့်တည့်ကြည့်ကာ မေးသောမေးခွန်းအတွက် လှိုင်းက ယုံကြည်ဖို့ဆိုတာ ခေါင်းယမ်းပြလိုက်သည်။ ကိုက တကယ်ပဲ ယုံကြည်စရာကောင်းသူဆိုတာ လှိုင်းသိသည်။ ဒါပေမဲ့ မယုံတာ တခြားသူကိုဖြစ်သည်။ လှိုင်းတို့ စောစီးစွာ အိမ်ထောင်ပြုဖြစ်မယ့်အရေးမှာ အားလုံးအဆင်ချောမွေ့လျက် လူကြီးတွေလည်းသဘောတူကြည်ဖြူနေကာ စေ့စပ်တဲ့နေ့မှာပဲ လှိုင်းနဲ့ မလင်းမိုးဝေ စကားအခြေအတင်ပြောရင်းကမှ ပြဿနာတွေ တက်ခဲ့ရကာ ကိုနဲ့ စေ့စပ်ပွဲတွေပျက်ကာ အုတ်အော်သောင်းနင်း အခြေအနေတွေ ဖြစ်ခဲ့ရတာဖြစ်သည်။ ကို့ရဲ့အချစ်တွေက ယုံကြည်စစ်မှန်၍ လှိုင်းဆီ ပြန်ရောက်လာတာမို့ လှိုင်းမှာ ထပ်ပြီးဝေးလွင့်သွားရမှာကို စိုးရွံ့နေခဲ့ရတာဖြစ်သည်။ လှိုင်းတို့ရဲ့ ပြန်ပေါင်းထုတ်ဇာတ်ကို ကို့အစ်မက ဘယ်လိုမှ မကြည်ဖြူပေးသလို လှိုင်းရဲ့မိဘဘက်ကလည်း လက်သင့်မခံတာမို့ လှိုင်းတို့မှာ ခိုးကြောင်ခိုးဝှက် ချိန်းတွေ့နေရတာဖြစ်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ကိုနဲ့ တကယ်ဝေးသွားရမှာကိုလည်း စိုးရိမ်မိသည်။ စိုးရိမ်တာတွေ သိပ်များလာတော့ လူကစိတ်အပူလွန်ကာ ကိုနဲ့ ပြဿနာက တက်,တက်နေရတာဖြစ်သည်။

"ကို့ကို ယုံကြည်ပါတယ်။ လှိုင်း စိတ်ပူတာတွေပဲ သိပ်များနေတာပါ။ အဲဒါတွေ ဘာကြောင့် ဆိုတာတော့ ကိုယ်သိပါနော်"





"လှိုင်းရယ် ... ကိုကလည်း လှိုင်းကို သိပ်ချစ်ပါတယ်။ လှိုင်းမလိုအပ်ဘဲ စိတ်ပူနေရင် လှိုင်းပဲ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မှာစိုးလို့ ကိုယ်က ပြောနေရတာပါ။ မနက်ဖြန် လှိုင်းကို ကို သူနဲ့မိတ်ဆက်ပေးမယ်။ အိမ်မှာပဲ တွေ့ကြမလား။ အပြင်မှာ တွေ့ကြမလား လှိုင်း ဘယ်လိုလုပ်ချင်လဲဟင်"

လှိုင်းက ကို့ရဲ့အိမ်တော့ တော်ရုံမသွားတတ်ပေ။ ကို့ရဲ့အိမ်က အခြွေအရံ အသင်းအပင်းတွေက ကို့အစ်မရဲ့မှိုင်းတွေမိကာ လှိုင်းကိုဆို မျက်မှန်တပ်ကြည့်မှ အမြင်ကြည်တဲ့သဘောမှာ ရှိလေသည်။ အဲဒါကြောင့် လှိုင်းက ပြန်ချေတဲ့အနေဖြင့် အိမ်ကို ဘယ်တော့မှ လာတယ်မရှိ။ ဒီတစ်ခေါက်လည်း လှိုင်းက အပြင်ပဲချိန်းဖို့ စိတ်ကူးလေသည်။

"လှိုင်းကတော့ အပြင်မှာတွေ့ရတာ ပိုအဆင်ပြေမယ်ထင်တယ် ကို။ အဲဒီကောင်မလေးလည်း လှိုင်းကိုပိုပြီး ရင်းရင်းနှီးနှီး ရှိသွားတာပေါ့။ မဟုတ်ဘူးလား"

"ကဲ ... ဒါဆိုလည်း သဘောဗျာ။ ကိုယ်က လှိုင်းကို အိမ်ခေါ်သွားပြီး မိတ်ဆက်ပေးချင်တာ။ လှိုင်းက မလိုက်ချင်ဘူးဆိုတော့ ကိုယ် ဘယ်ကိုခေါ်လာခဲ့ပေးရမလဲ"

"ရတယ်လေ။ ကို အဆင်ပြေမယ့်နေရာသာ ရွေးထားလိုက်ပေါ့။ လှိုင်းက စကားပြောကြည့်ချင်ရုံပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုက လှိုင်းရဲ့အလိုကျ ခေါင်းညိတ်ပြသည်။ အဲဒါလေးတွေ အလိုလိုက်တာလေးတွေကပဲ လှိုင်းအတွက် ချစ်စရာကောင်းနေပြန်ကာ ကို့ကို အချစ်ပိုရပြန်လေသည်။

❀ ○ ❀





ကို မိတ်ဆက်ပေးလာတဲ့ မိန်းကလေးဟာ ရေနံချောင်းမြို့ဘေးက ရွာလေးမှာ ကြီးလာတဲ့ မိန်းကလေးတဲ့။ အံ့သြစရာပဲ ဖြစ်သည်။ ဒီကောင်မလေးကပဲ ကုသိုလ်ထူးတယ် ပြောရမလားပဲ။ ကောင်မလေးရဲ့အသားအရေဟာ ဝါနုစ်နုစ်လေးဖြင့် ဝင်းမွတ်စိုပြည်နေကာ မျက်နှာလေးက နုနုနယ်နယ် ချစ်စရာလေးဖြစ်သည်။ ဝတ်ထားပုံကလည်း ဘာမှ သိပ်ဆန်းဆန်းပြားပြား မဟုတ်ပေ။ တီရှပ်ပွပွ တစ်ထည်ကို ဘောင်းဘီတိုဖြင့် ဝတ်ထားတာ ဖြစ်တာကြောင့် ရိုးပေမယ့် ခပ်လန်းလန်းလေး ဖြစ်လေသည်။

"ရွှေကြုတ်က အခု ဆယ်တန်းတက်နေတာနော်။ ဘယ်လိုလဲ။ ဒီမှာ နေရတာကော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ် အန်တီ"

အန်တီဆိုတဲ့ အခေါ်အဝေါ်ကြောင့် လှိုင်းက နားထဲ တစ်မျိုးတော့ ဖြစ်သွားရသည်။ လှိုင်းက တစ်ဦးတည်းသောသမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာမို့ အခုချိန်ထိ ကလေးလိုပဲ ဖြစ်နေတာဖြစ်သည်။ ဒါပေမဲ့ ကို့ရဲ့ချစ်သူ ကိုနဲ့လက်ထပ်မယ့်သူ ဖြစ်တာမို့ အန်တီဆိုတဲ့ အခေါ်အဝေါ်ကို လက်သင့်ခံရလေသည်။

"ဦးခါက ကြုတ်အတွက် အစစအရာရာ လိုလေးသေးမရှိ လုပ်ပေးပါတယ် အန်တီ"

"အဟင်း ... စကားကောင်းတာလည်း ကောင်းတာပေါ့။ စားလိုက်ဦးလေ။ လှိုင်း ထည့်စားလေ"

ကိုယ်က စကားစဖြတ်ပေးကာ လှိုင်းရဲ့ပန်းကန်ထဲကို ဟင်းထည့်ပေးတာမို့ လှိုင်းက ဘာမှဆက်မပြောတော့ဘဲ ထမင်းဆက်စားသည်။ အင်း ... အခြေအနေက လှိုင်း ထင်သလို လှိုင်းတွေးသလိုမျိုးတော့ မဟုတ်တာမို့ ရင်အေးသွားရသည်။ ရွှေကြုတ် ဆိုတဲ့ ကောင်မလေးရဲ့ စားပုံသောက်ပုံ ပြောဆိုနေထိုင်ပုံဟာ ကလက်တက်တက် ပုံစံမျိုးတော့ မရှိပေ။

"ရွှေကြုတ်က ကျောင်းတက်နေပြီလား။ သူ့ကျောင်းကိစ္စတွေ စီစဉ်ပြီးသွားပြီလား ကို"

"အင်း ... ကိုယ့်သူငယ်ချင်း ရဲမြင့်ရဲ့ညီက private school ဖွင့်ထားတယ်လေ။ ရွှေကြုတ်ကို အဲဒီမှာထားဖို့ စီစဉ်ထားတယ်။ လှိုင်းမှာ အသိရှိလို့လား"

"မရှိပါဘူး။ ဒါပေမဲ့ လှိုင်းမှာက မိတ်ဆွေအပေါင်းအသင်းများတယ်ဆိုတော့ ဆက်စပ်မေးကြည့်လို့ ရတယ်လေ။





အဲဒါကြောင့်ပါ။ ကို့အသိရှိတယ် ဆိုရင်တော့ အဆင်ပြေသွားတာပေါ့"

"အင်း ... သူ့အတွက် အဆင်ပြေအောင်တော့ ကိုယ်လည်း လုပ်ပေးနေတာလေ။ ရွှေကြုတ် ... ညည်းတာဝန်ကို စာကြိုးစားဖို့ တစ်ခုတည်းပဲနော်"

"ဟုတ်ကဲ့ ... ဦးခါ။ သမီး ကြိုးစားမှာပါ။ ဦးခါ စိတ်မပျက်စေရပါဘူး"

လှိုင်းက စကားပြောပုံဆိုပုံတွေကို အကဲခတ်ကြည့်ကာ စိတ်တော့ မပူတော့ပါ။ အဲဒီလိုနှင့် လှိုင်းတို့ စားပြီးသောက်ပြီး အိမ်ပြန်တော့ ကို့ရဲ့ကားရှေ့ခန်းမှာ မိန့်မိန့်ကြီး ထိုင်သွားသော ရွှေကြုတ်ဆိုတဲ့ ကောင်မလေးကို ကြည့်လိုက်ကာ စိတ်ထဲတော့ တစ်ချက်ငြိုငြင်သွားလေသည်။

လှိုင်းနဲ့ကို ဘယ်လောက်ပဲ ပတ်သက်မှုရှိရှိ ရွှေကြုတ်နဲ့ အနေပိုနီးနေတာက စိတ်ပူစရာပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဒေါ်ကြီးပို ... ဒီနေ့ ဘာဟင်းချက်လဲ။ သမီး ဘာကူလုပ်ပေးရမလဲ"

ရွှေကြုတ်က မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေတဲ့ ဒေါ်ကြီးပိုကို သွားကူပေးဖို့ မေးလိုက်လျှင် ဒေါ်ကြီးပိုက သူ့မျက်နှာ ပြည့်ပြည့်လေးကို ပိုချစ်ဖို့ကောင်းစွာ ပါးမို့တွေတက်အောင် ပြုံးလိုက်ပြီးမှ ...

"ဘာမှမလုပ်ပါနဲ့တော်။ ကြုတ်လေးစားဖို့အတွက် ကြုတ်လေးအကြိုက် ငါးဘတ်အူလေးတွေ ချက်ထားတယ်။ သမီး ဦးခါကလည်း ငါးဘတ်အူဆို သိပ်ကြိုက်တာလေ"

"ဟယ် ... ဟုတ်လား။ ဦးခါက ကြိုက်တယ်။ အဲဒါဆို ကြုတ် ချက်ပေးမယ်လေ"





"နေပါစေကွယ်။ ကြုတ်လေးကို ဒါတွေ ဘာမှမခိုင်းရဘူးလို့ မောင်ခါမိုးက သေချာမှာထားတာ။ ဒေါ်ကြီး အဆူခံနေရဦးမယ်။ ကြုတ်လေးကို စာပဲကျက်ခိုင်းတာ"

"သမီး သိပါတယ်။ အခုဟာက Physics တွေတွက်ပြီး ခေါင်းနောက်လာလို့ ဒေါ်ကြီးပိုကို လာကူပေးတာ"

"အမယ်လေး ... ရပါတယ် ကလေးရယ်။ ဒီလို ကူပေးမယ် ပြောတာလေးနဲ့တင် ဒေါ်ကြီးက ကျေနပ်လှပြီ။ ကဲ... ကဲ... ခေါင်းနောက်နေတယ်ဆိုလည်း အိမ်ရှေ့ဧည့်ခန်းမှာ သွားနားနေချည်။ ဒေါ်ကြီးပို သံပရာရည်ဖျော်ပြီး လာပို့ပေးမယ်။ သွား ... သွား"

ဒေါ်ကြီးပိုက ဘာမှကူလုပ်မခံဘဲ အတင်းပြန်လွှတ်နေတာမို့ ရွှေကြုတ်က ဒေါ်ကြီးပို အလိုကျ ဧည့်ခန်းမှာသွားကာ TV ကြည့်နေလိုက်သည်။ ပြောရမယ်ဆိုရင် ရွှေကြုတ်ရဲ့ဘဝမှာ အိပ်မက်များ မက်နေသလား ထင်ရလောက်အောင်ကို ပြောင်းလဲခြင်းတွေ ကြုံလာရတာဖြစ်သည်။

တစ်သက်လုံး ခြိုးခြိုးခြံခြံ ချွေချွေတာတာဖြင့် ခပ်နုံနုံဘဝထဲကနေ အခုလို အခြေမြင့် အနေမြင့် သူဌေးသမီးဘဝရောက်လာခဲ့တာဟာ အိပ်မက်တစ်ခုလိုပင် အရမ်းကြီးကျယ်ခမ်းနားလှလေသည်။ အဲဒါတွေဟာ တီမိုးရဲ့ ဖေးမစောင့်ရှောက်မှုကြောင့်ဖြစ်သည်။ ပြီးတော့ ဦးခါရဲ့ပံ့ပိုးမှုတွေလည်း အများကြီးပါလေသည်။ ရွှေကြုတ်ဟာ စိတ်ကူးယဉ်ဖူးသမျှ ပိုင်ဆိုင်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တကယ်ကြီး လက်တွေ့ပိုင်ဆိုင်ခွင့်ရပြီ ဖြစ်ခဲ့တာမို့ အရမ်းကိုပဲ ကျေနပ်ရတာဖြစ်သည်။

"ကြုတ်လေးရေ ... သံပရာရည် သောက်လိုက်ဦးနော်။ ဒေါ်ကြီး ဟင်းသွားချက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဒေါ်ကြီး"

ရွှေကြုတ်က ဒေါ်ကြီး လာပို့ပေးသွားတဲ့ သံပရာရည်တစ်ငုံ သောက်လိုက်ပြီး TV ကလာနေတဲ့ MTV ထိုင်ကြည့်နေတာဖြစ်သည်။ ကြည့်နေတုန်းမှာ ဖုန်းက မြည်လာတာကြောင့် ရွှေကြုတ်က ဖုန်းထကိုင်လိုက်ရလေသည်။

"ဟယ်လို"

"အခုပြောနေတာ ဘယ်သူလဲ"

ပြောနေတဲ့လေသံက မာရေကျောရေ လေသံမို့ ရွှေကြုတ်က နည်းနည်းတော့ ဖုသွားရလေသည်။ ဘာလဲဟ။ သူကပဲ ဆက်တယ်။ ပြီးတော့လည်း မာရေကျောရေ လေသံနဲ့။

"ဘယ်သူနဲ့ ပြောချင်လို့လဲ"

"ရွှေကြုတ်လား။ တို့ လှိုင်းထွင့်ခေါင်"

လှိုင်းထွင့်ခေါင် ...။ ရွှေကြုတ်က ကြားလိုက်ရတဲ့ နာမည်ကြောင့် အလိုလို ကိုယ်ရှိန်သတ်ရလေသည်။ ဒါကြောင့်မို့ လေသံ ခပ်ထန်ထန် ပြောတာပေါ့။ ရွှေကြုတ်က ဒေါ်လှိုင်းထွင့်ခေါင် ဖြစ်နေတာကြောင့် လေသံကို ပြန်လျှော့လိုက်ကာ ...

"သြော် ... ဟုတ်ကဲ့။ အန်တီ ... ကြုတ်ပါ"





"သြော် ... အေး ... တို့ အခု အိမ်လာနေပြီ။ ဒေါ်ကြီးပိုကို ပြောထားလိုက်"

"ဟုတ် ... ဟုတ်ကဲ့ အန်တီ"

ရွှေကြုတ်ရဲ့စကားတောင် မဆုံးသေး တီ,ဆိုပြီး ဖုန်းကိုချသွားလေသည်။ ဒေါ်ကြီးပိုက ရွှေကြုတ်ဆီ ရောက်လာကာ ...

"ဘယ်သူ့ဆီကဖုန်းလဲ သမီး"

"ဒေါ်လှိုင်းထွင့်ခေါင် ဆီက ဒေါ်ကြီးပို။ သူ အိမ်လာမယ်လို့ ဒေါ်ကြီးကို ပြောခိုင်းလိုက်တယ်"

"သြော် ... အေး ... အေး"

ရွှေကြုတ်က ရင်ထဲက ကလိ ကလိ မေးခွန်းအတွက် မထိန်းထားချင်တော့ဘဲ ဒေါ်ကြီးပိုကို မေးကြည့်ရသည်။

"ဒေါ်ကြီးပို ... အန်တီနဲ့ ဦးခါကို ဘာလို့ တီမိုးက သဘောမတူတာလဲဟင်"

"သြော် ... မိုးမိုးက အရင်တုန်းက သဘောတူပါတယ်။ ဒါပေမဲ့ စေ့စပ်ပွဲမှာ မိုးမိုးနဲ့ လှိုင်းက ကတောက်ကဆတွေ ဖြစ်ပြီး စေ့စပ်ပွဲပါ ပျက်သွားတာလေ။ အဲဒီကစပြီး မိုးမိုးက မောင်ခါမိုးနဲ့ လှိုင်းကို သဘောမတူတော့တာ။ အင်း... ပြောပြန်ရင်လည်း မကောင်းပါဘူး ကြုတ်လေးရယ်...



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းထွဋ်ခေါင်ကလည်း တစ်မျိုး သမီးရဲ့။ တစ်ခါ တလေကျတော့လည်း အရမ်းကောင်းတာ။ ဟော ... တစ်ခါတလေကျတော့လည်း ဘယ်သူ့ကိုမှ အားမနာဘဲ ပြောစရာရှိတာကို ပက်ခနဲ ပြောပစ်တာ။ ခါမိုးကတော့ သူ့အစ်မနဲ့ လှိုင်းကြားမှာ ဗျာများနေတာပေါ့။ ဒါတောင် မိုးမိုး နိုင်ငံခြား ထွက်သွားပေလို့နော်"

"တီ ... တီ ... တီ တီ"

ဒေါ်ကြီးပိုက အပြင်က ကားဟွန်းသံကြောင့် စကား စပြတ်သွားကာ အပြင်ထွက်၍ ဒေါ်လှိုင်းထွဋ်ခေါင်ကို သွားကြို လေသည်။ ရွှေကြုတ်ကပါ ဒေါ်ကြီးပိုနောက်က လိုက်လာတာမို့ ကြိုတဲ့သဘော ဖြစ်သွားလေသည်။

"ဒီနေ့ ဂဏန်းပျော့ရလို့လေ။ ကို စားဖို့အတွက် ချက်လာ ပေးတာ။ ရွှေကြုတ်က ဒီရောက်နေတာလား"

"ဟုတ်ကဲ့ ... အန်တီ။ ကြုတ်က ညအိပ်ချိန်မှသာ အနောက်ကတိုက်ကို ပြန်တာပါ။ ကျန်တဲ့အချိန်ဆို ဒီအိမ် မှာပဲ အန်တီ"

အန်တီဒေါ်လှိုင်းထွဋ်ခေါင်ကြည့်ရတာဟာ ရွှေကြုတ် ကို အရမ်းကြီး နှစ်သက်သဘောကျဟန် မပြချေ။ အဲဒါကလည်း ရွှေကြုတ်ဟာ တီမိုးရဲ့မွေးစားသမီး ဖြစ်တာကြောင့်လည်း ဖြစ်နိုင် ပေသည်။





"မောင်ခါမိုးကတော့ အိမ်ပြန်မလာသေးဘူး လှိုင်းရဲ့။ ထိုင်ဦးလေ"

"ဟုတ်တယ်။ ကို့ကို ဖုန်းဆက်ထားပြီးပြီ။ သူ ပြန်လာနေ ပြီ။ လှိုင်း ဒီမှာပဲ စောင့်နေလိုက်တော့မယ်"

ရွှေကြုတ်က အလိုက်တသိ ရှောင်ပေးဖို့ ထွက်လာ လိုက်လျှင် အန်တီက လှမ်းခေါ်လေသည်။

"ရွှေကြုတ် ... နေပါဦး။ စကားလေး ဘာလေး ပြောရ တာပေါ့"

ဒေါ်လှိုင်းထွဋ်ခေါင် ကိုယ်တိုင်က ခေါ်နေတာမို့ ရွှေကြုတ်က မငြင်းနိုင်ဘဲ ဒေါ်လှိုင်းထွဋ်ခေါင် ရှေ့မှာ ဝင်ထိုင် လိုက်သည်။

"ဒီနေ့ ကျောင်းမသွားရဘူးလား"

"ဟုတ်ကဲ့ ... အန်တီ။ ဒီနေ့က တနင်္ဂနွေဆိုတော့ ပိတ် ပါတယ်။ ကြုတ် စာလုပ်ပြီးသွားလို့ ဒေါ်ကြီးပိုနဲ့ စကား လာပြောနေတာပါ"

"ဪ ... အေး ... အေး ... ဒီမှာနေရတာ အဆင်ပြေ တယ်မှုလား"

"ဟုတ် ... အဆင်ပြေပါတယ် အန်တီ။ ဦးခါက ကြုတ် လိုအပ်တာကို လုပ်ပေးနေတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကို့ကိုပဲ အစစအရာရာ ပြောမနေပါနဲ့။ တို့ကိုလည်း ရွှေကြုတ် လိုအပ်တာကို ပြောပါ။ မင်းလည်း မိန်းကလေး ဖြစ်နေတော့ အစစ ကို့ကိုချည်းပဲ ပြောရတာ ဘယ်အဆင်ပြေပါ့မလဲလေ။ နောက်ဆို မင်း လိုအပ်တာကို တို့ကို ပြောပါ"

အန်တီ့ရဲ့စကားသံက လှိုက်လှဲမှု နွေးထွေးမှုမပါပေ။ ဘယ်လိုသဘော ဘယ်လိုလေသံနှင့် ပြောနေတာလဲကို ရွှေကြုတ် နားမလည်ပေမယ့် ရွှေကြုတ်ကို ဦးခါနဲ့ပတ်သက်တဲ့ မွေးစားတူမအဖြစ် လိုလားပြဟန်မရှိဘူးဆိုတာတော့ ရွှေကြုတ်က ထိန်းထားတဲ့ကြားက ပြောဖြစ်သွားသည်။

"ရပါတယ်။ ကျေးဇူးတင်ပါတယ် အန်တီ။ ကြုတ်အတွက် တီမိုးကလည်း လိုအပ်တာ ဖြည့်ဆည်းပေးသလို ဦးခါက လည်း လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးပါတယ်။ ပြီးတော့ ကြုတ်ရဲ့အိမ်သားတွေ ရှိပါတယ်။ အန်တီ့ဆီ အပူကပ်ဖို့ မလိုပါဘူး"

"သြော် ... ရွှေကြုတ်နဲ့ လှိုင်းက စကားကောင်းနေကြတာကိုး"

အန်တီက ရွှေကြုတ်ကို တစ်စုံတစ်ရာ ပြန့်ပြောဖို့ ပါးစပ်အပြင်မှာ ဦးခါ ရောက်လာတာမို့ စကားစကပြတ်သွားပြီး အာရုံက ဦးခါဆီ ရောက်သွားသည်။





"ဟုတ်တယ် ကိုရဲ့။ သြော် ... ရွှေကြုတ် ... ဘာလုပ်နေတာလဲ။ သံပရာရည် သွားယူပေးလိုက်လေ"

ဘာကြီးလဲကွာ။ ရွှေကြုတ်က ထစ်ခနဲတော့ ဖြစ်သွားပေမယ့် အဲဒါဟာ ဦးခါအတွက်မို့ ရွှေကြုတ်က နောက်ထဲပြန်ဝင်လာကာ သံပရာရည် သွားယူပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကိုယ့်ရဲ့လက်ရာစစ်စစ်နော်။ စတော်လက်ဖျော်လေး သောက်လိုက်ဦး လှိုင်း"

ခါမိုးက ခြံထဲမှာ ထိုင်နေသော လှိုင်းအတွက် သူကိုယ်တိုင် စတော်ဘယ်ရီလက်ဖျော် ဖျော်ပေး၍ နှစ်ယောက်သား ခြံထဲ အေးဆေးထိုင် စကားပြောဖြစ်သည်။ လှိုင်းက သူကိုယ်တိုင် ဖျော်ပေးတဲ့ စတော်ဘယ်ရီဖျော်ရည်ကို သောက်ရင်း ...

"ဒီနေ့ည ဒင်နာက ကိုနဲ့တူတူ စားလိုက်ရလို့ အရမ်းစားလို့ကောင်းတာပဲ"

"အဲဒီလိုပဲ ချွဲနေတယ် ကောင်မလေး"

"အဟင်း ... လှိုင်းကတော့ နှစ်ယောက်တည်း ဒင်နာ အတူတူ စားချင်တာ"

လှိုင်းတစ်ယောက် ဘာကိုဆိုလိုတယ်မှန်း သူ သိသည်။ ရွေကြုတ်ကို ဆိုလိုတာမှန်းလည်း သူ သိသည်။





"ကို ... လှိုင်းကို စကားတစ်ခွန်းတစ်ရာ မပြောဘူးလား ဟင်"

အဲဒီအတွက် ခါမိုးက လေပူတစ်ချက် မှုတ်မိသည်။ လှိုင်းဟာ သူ့ထက် သုံးနှစ်လောက်ငယ်သူဖြစ်ကာ ကလေးလည်း ဆန်တတ်သေးသည်။ လှိုင်းကိုချစ်တာ မှန်သည်။ ဒါပေမဲ့ မမ ... မမရဲ့စကားတစ်ခွန်းတစ်ရာကြောင့် ဒုတိယအကြိမ် လှိုင်းနဲ့ထပ်တည်ပြီး ပြဿနာတက်မှာကို စိုးရိမ်တွေဝေ၍ သူ ဖွင့်မပြောသေးတာ ဖြစ်သည်။

"ကျစ် ... မိန်းကလေးတစ်ယောက်အနေနဲ့ ဒီစကားကို ပြောခိုင်းတာ အရမ်းအောက်တယ်နော် ကို။ လှိုင်း ဘာဖြစ်လို့ စိတ်ပူနေရတယ်ဆိုတာ ကို နားမလည်တာလား။ မသိချင်ယောင် ဆောင်နေတာလား"

"လှိုင်းရယ် ... ကိုယ်သိတာပေါ့။ ကိုယ် တွေဝေနေတာ မဟုတ်ဘူး။ စဉ်းစားမိတာပါ။ လှိုင်းရဲ့မိဘ၊ ကိုယ့်ရဲ့အစ်မ နှစ်ဖက်အသိုင်းအဝိုင်းက ကိုတို့ကို သဘောမတူဘူး။ အဲဒါတွေက ကိုတို့အတွက် ဘယ်လောက်ထိ effect ရှိမလဲ။ ကို စဉ်းစားနေမိလို့ပါ လှိုင်း"

"ဘာဆိုင်လဲ ကို။ အဲဒါက ကို အကြောင်းပြတာပဲ။ လှိုင်းနဲ့ ကိုရဲ့အသက်အရွယ်၊ ရုပ်တည်နိုင်မှု အားလုံးဟာ nature ဖြစ်ခဲ့ပြီးပြီ။ ကလေးတွေကသာ လူကြီးတွေသဘော



www.burmeseclassic.com

www.burmeseclassic.com



မတူဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ဝေးနေရတာ။ အခု ညရှစ်နာရီ ထိုးတော့မယ် ကို။ လှိုင်း ကို့အိမ်မှာပဲ ရှိနေသေးတယ်။ ဘာဖြစ်လဲ"

လှိုင်းက ခပ်ဆတ်ဆတ်လေးသံဖြင့် သူ့ကို ပြောတာကြောင့် ခါမိုးက စိတ်တော့ ပင်ပန်းသွားရသည်။ တကယ်တော့ သူလည်း လှိုင်းကို လက်ထပ်ချင်တာပဲဖြစ်သည်။ အကြောင်းကြောင်းထောက်၍ စဉ်းစားနေတာ ဖြစ်၏။ အခုတော့ လှိုင်းဘက်ကလည်း ပြတ်ပြတ်သားသား ပြောတာမို့ သူကလည်း လှိုင်းကို ချစ်စိတ်တစ်ခုဖြင့် လက်ထပ်ခွင့် တောင်းဖြစ်လေသည်။

"လှိုင်း ... ကိုယ် လှိုင်းကို လက်ထပ်ပါရစေ"

သူ့ရဲ့လက်ထပ်ခွင့်ကြောင့် လှိုင်းက မျက်စောင်းတစ်ချက်ထိုးရင်း ...

"လှိုင်းက ဖွင့်မပြောရုံတမယ် ပြောနေမှ ရတဲ့လက်ထပ်ခွင့်။ ဘယ်လိုမှ romantic မဖြစ်ဘူး"

လှိုင်းရဲ့အဲဒီစကားကြောင့် သူက ချစ်စနိုးဖြစ်သွားကာ သဘောတကျ ရယ်မောလိုက်ပြီး လှိုင်းကို ဖက်လိုက်ရင်း...

"လှိုင်းကလည်း ကိုယ်တို့က အသက်တွေ ကြီးပြီဆို။ romantic ထက် ပိုပြီးလက်တွေ့ဆန်တဲ့ လက်ထပ်ခွင့်မျိုးကို တောင်းတာလေ။ လှိုင်း ... ကိုတို့ အမြန်ဆုံး လက်တွေ့ကျတဲ့ အိမ်ထောင်ရေးတစ်ခု ဖန်တီးကြစို့"





လှိုင်းက သွားတက်ကလေးတွေပေါ်အောင် ပြုံးရယ်လိုက်ရင်း သူ့ရင်ခွင်ဆီသို့ မှီနွဲ့လာသည်။ ချစ်တယ်ဆိုတဲ့အတွက် ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရဖို့ရာ ချစ်သူနဲ့ ကိုယ့်ကြားက တံတိုင်းကြီးများကို ဖြိုဖျက်ရမယ်ဆိုတာ သူ လက်သင့်ခံတာမို့ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၁

ရွှေကြုတ်က အတန်းထဲမှာ ဆရာ မလာသေး၍ Titration ပုစ္ဆာတွေ ထိုင်တွက်နေတုန်းမှာ ရွှေကြုတ်ရဲ့စားပွဲပေါ် သို့ လောလီပေါ့တစ်လုံးကို တင်လိုက်တာမို့ ရွှေကြုတ်က မျက်လုံးအသာလှန်ကြည့်လိုက်လျှင် အတန်းထဲက အော့ကြောလန် ရဲရဲဘုန်းပိုင် ဖြစ်လေသည်။

"ဘာလုပ်တာလဲ"

"ရွှေကြုတ်ကို ဟော်လီပေါ့ စားစေချင်လို့လေ။ ရော့"

ပုံစံကြည့်ရတာကိုက ဘာမှန်းကို မသိချေ။ သူ့အဖေ က ဒိတ်ဒိတ်ကြဲစီးပွားရေးသမားမို့ ဖအေအရှိန်နဲ့ မာန်တက်နေ ကာ လူပုံစံကတော့ ကိုရိုးယားအထာဖြစ်သည်။ ကျောင်းမှာနာမည် ကြီး gunstar ဖြစ်တာမို့ ရွှေကြုတ်ကတော့ ရှောင်နိုင်သမျှရှောင် လေသည်။ ရှောင်ကာမှ လာတည့်တည့်တိုးတာမို့ ရွှေကြုတ်က သူ့ကို ခပ်တင်းတင်း တစ်ချက်ကြည့်ရင်း ...





"ရဲရဲဘုန်းပိုင် ... ငါ စာလုပ်နေတာကို အနှောင့်ယှက်ပေး ရင် ဆရာနဲ့ သွားတိုင်မှာနော်"

"ဟား... ဒါ နှောင့်ယှက်တာမှ မဟုတ်တာ။ ခင်မင်တာလေ"

"နင် ပြဿနာလာမရှာနဲ့။ ကိုယ့်နေရာကိုယ် အေးဆေးသွား ထိုင်"

"ရတယ်။ ထိုင်စေချင်တယ်ဆိုရင် ဒီလော်လီပေါ့လေးကို ယူထားလိုက်"

ရွှေကြုတ်က စိတ်တော်တော်ရှုပ်သွားရသည်။ ပတ် ဝန်းကျင်က ကျောင်းသူကျောင်းသားတွေရဲ့ မျက်ဝန်းတွေက သို့လော သို့လော အထာတွေဖြင့် ကြည့်တာမို့ ရွှေကြုတ်က ကိစ္စ ပြတ်အောင် သူပေးတဲ့လောလီပေါ့ကို ယူလိုက်ရသည်။

"Ok ... ကျေးဇူးတင်တယ်။ နောက်ပြီး သိပ်လှတာပဲ"

မကြားတကြား ပြောသွားတဲ့စကားကို ဆိုပြီးနောက် သူက အေးရာအေးကြောင်း သူ့နေရာသူ သွားထိုင်လေသည်။

"ကြုတ် ... ပုံစံကြည့်ရတာ ရဲရဲက နင့်ကို ကြွေနေတာ လား မသိဘူးနော်။ အဟိ ... ဟိ ... နင်တော့ ကံကောင်း တာပဲ။ ရဲရဲက တကယ့် အလန်းစားဟ"

www.burmeseclassic.com

www.burmeseclassic.com



သော်ဇင် စကားကြောင့် ရွှေကြုတ်က မျက်စောင်းတစ်ချက်ထိုးကာ ပြုံးမိသွားသည်။ ဘာဖြစ်မှန်းလဲတော့ မသိ။ ရဲရဲ လာပေးသွားတဲ့ lollipop လေးကို ရွှေကြုတ်က အိတ်ထဲထည့်သိမ်းထားမိသည်။ အဲဒီနောက်မှာ ဆရာက ဝင်လာပြီမို့ စာထဲအာရုံပြန်ရောက်ရသည်။

ကျောင်းလွှတ်တဲ့ အချိန်မှာတော့ ရွှေကြုတ်ရဲ့အနောက် မလှမ်းမကမ်းကနေ ရွှေကြုတ်ကို လှမ်းကြည့်နေတာမို့ စိတ်ကျဉ်းကျပ်ရလေသည်။ ဒီနေ့က ဦးခါ လာကြိုမယ်ပြောထားတာမို့ ကိုယ့်ဘာသာလည်း ပြန်လို့မရပေ။ သူ့ရဲ့အကြည့်စူးစူးဒဏ်ကို မသိကျိုးကျွန်ပြုရင်း ဦးခါကို စောင့်နေတာဖြစ်သည်။ ခဏနေတော့ ဦးခါရဲ့ကားကြီးက ကျောင်းရှေ့သို့ ထိုးဆိုက်လာလေသည်။ ရွှေကြုတ်က ကားပေါ်ကို ခပ်မြန်မြန်လေးတက်ကာ ကားပေါ်ရောက်မှ သူ့ကို အသာခိုးကြည့်မိလျှင် သူနဲ့ အကြည့်သွားဆုံကာ သူက အပြုံးတစ်ခုနှင့်အတူ ရွှေကြုတ်ကို မျက်စိတစ်ဖက် မှိတ်ပြတာမို့ ရွှေကြုတ်က ချက်ချင်းပင် မျက်နှာတစ်ပက် လွှဲပစ်လိုက်သည်။

"ရွှေကြုတ် ... ဘာဖြစ်လာလို့လဲ"

ဦးခါရဲ့ ရုတ်တရက် ထွက်လာတဲ့ မေးခွန်းကြောင့် ရွှေကြုတ်က ရင်ဘတ်တောင် ဒိန်းခနဲခုန်၍ အမြန်စိတ်ထိန်းကာ မဟုတ်ဘူးဆိုတာ ပြောလိုက်ရသည်။





"ရှင် ... ဘာ ... ဘာမှ မဖြစ်ပါဘူး ဦးခါ"

"ဩော် ... အေး ... ပြီးတာပဲ ဘာမှမဖြစ်ရင်လဲ။ စာလိုက်နိုင်တယ်မှလား။ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ကြုတ် စာလည်း လိုက်နိုင်တယ်။ ကြိုးလည်းကြိုးစားနေပါတယ် ဦးခါ"

"ဟား ... တယ်လိမ္မာပါလားဟေ့။ ကဲ ... တော်တဲ့သူကို ဆုချရမှာပေါ့။ ကဲ ... ပြော ဘာလိုချင်သလဲ။ ကိုယ်ဘာဝယ်ပေးရမလဲ"

ရွှေကြုတ်က ဦးခါပေးတဲ့ အခွင့်အရေးကို ဘယ်လိုအသုံးချရကောင်းမလဲ စဉ်းစားလိုက်ပြီးမှ ဗိုလ်ကလည်း ဆာသလိုရှိတာမို့ ဦးခါကို မုန့်ဝယ်ကျွေးဖို့ တောင်းဆိုလိုက်သည်။

"အမ်း ... ဗိုက်ဆာတယ်။ ကြုတ် ပုန်းရည်ကြီးထမင်းစားချင်တယ်။ အဲဒါလေး ဝယ်ကျွေးပါလား"

"ဟား ဟား ... ညည်းကတော့ကွာ။ ကြက်ကြက်ဖန်ဖန်စားချင်တယ်။ ပုန်းရည်ကြီးထမင်း စားချင်တယ်ဆိုရင် နေဦး ... ဘယ်မှာရနိုင်မလဲ"

"ဟင် ... ဦးခါကလည်း ကြုတ်တို့လမ်းထိပ်က ကြာဆံချက်ဆိုင်မှာ ရောင်းတယ်လေ။ အဲဒီမှာ သွားစားကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ဆိုင်နေရာ ပြောလိုက်လျှင် ဦးခါက ရွှေကြုတ်စားချင်တဲ့ဆိုင်ကို လိုက်ပို့ပေးကာ ရွှေကြုတ် စားချင်တာကို ဝယ်ကျွေး၏။

"ဟား ဟား ... ညည်းကတော့ ရောက်တာတောင်မကြာသေးဘူး။ တော်တော်နဲ့တာပဲ။ ငါတောင် ဒီဆိုင်မထိုင်ဖူးဘူး"

"မထိုင်ဖူးတာ မဟုတ်ပါဘူး ဦးခါရဲ့။ မထိုင်ကို မထိုင်တာပါ။ ဦးခါက သူဌေးကြီးဟာ။ ဒီလို လမ်းဘေးဆိုင်တွေ ဘယ်ထိုင်ဖြစ်တော့မှာလဲ။ ဟုတ်တယ် မုလား"

ရွှေကြုတ် အမေးကြောင့် ဦးခါက သဘောတကျရယ်မောရင်း ခေါင်းစာဆတ်ဆတ် ညိတ်ပြလေသည်။ ဦးခါနှင့် ရွှေကြုတ်ဟာ အခုဆို အတော်လေး ရင်းနှီးလာခဲ့ပြီလို့ ပြောလို့ရပေမည်။ ရွှေကြုတ်အတွက် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးတဲ့ ကျေးဇူးတရားကြောင့် ရွှေကြုတ်ကလည်း ဦးခါရဲ့ဝေယျာဝစ္စတွေ တတ်နိုင်သမျှ လုပ်ပေးရာက ခင်မင်ရင်းနှီးလာခဲ့တာဖြစ်သည်။

"ဩော် ... ဒါနဲ့ ရွှေကြုတ်ကို ပြောရဦးမယ်။ ဦးခါ အိမ်ထောင်ပြုတော့မယ်"

"ရှင်"





ရွှေကြုတ်က ကြားလိုက်ရတဲ့ မင်္ဂလာသတင်းကြောင့် အံ့သြနပမ်း ဖြစ်မိသွားလေသည်။ အန်တီလှိုင်းနဲ့ ဦးခါဟာ ချစ်သူတွေမှန်း သိပေမယ့် နှစ်ဖက်အသိုင်းအဝိုင်းက သဘောမတူတာကြောင့် လက်ထပ်ဖို့ရာ တော်တော်လေး ကြန့်ကြာဦးမယ်လို့ ထင်ထားခဲ့တာဖြစ်သည်။ ကြားမယ့် ကြားတော့လည်း ဖြုန်းစားကြီးမို့ အံ့သြမိလေသည်။

"ဦး ... ဦးခါ တီမိုးကို ပြောပြီးပြီလား"

ရွှေကြုတ် အမေးကြောင့် ဦးခါက ခေါင်းအသာယမ်းပြသည်။

"ဟင့်အင်း ... မပြောရသေးဘူး။ ဒါပေမဲ့ လှိုင်းနဲ့လက်ထပ်ဖို့ကတော့ confirm ဖြစ်သွားပြီ"

"ဦးခါကို တီမိုးက ဆူမှာပေါ့"

"အဟင်း ... ဟုတ်တာပေါ့ ရွှေကြုတ်ရဲ့။ မမက ဆူမှာပေါ့။ ဒါပေမဲ့လည်း ဦးခါက လှိုင်းကို လက်ထပ်ဖို့ ကတိပေးပြီးသွားပြီကွ။ မင်းအတွက် အန်တီထပ်တိုးတာပေါ့ မဟုတ်ဘူးလား ရွှေကြုတ်"

ဘာကြောင့်မှန်းတော့ မသိ။ အန်တီနဲ့ ဦးခါကို ရွှေကြုတ်က လက်မထပ်စေချင်ပါ။ တီမိုးက အန်တီလှိုင်းကို အမြင်ကတ်ကြောင်း၊ ကြည့်မရကြောင်း ခဏ ခဏ ပြောပြတာမို့ ရွှေကြုတ်လည်း ဓာတ်ကူးသွားသလားတော့ မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဦးခါက အန်တီ့ကို ဘယ်တော့လောက် အိမ်ခေါ်လာမှာလဲဟင်"

"အင်း ... နည်းနည်းလောက်တော့ လိုသေးတယ်။ ရွှေကြုတ် စာမေးပွဲ ဖြေပြီးတဲ့အချိန်"

ရွှေကြုတ်က အဲဒီအဖြေစကားကြောင့် နည်းနည်းတော့ အံ့အားသင့်သွားရသည်။ ဦးခါက ဘာလို့ ရွှေကြုတ် စာမေးပွဲဖြေပြီးချိန်ထိ စောင့်ရတာလဲ။ စိတ်ထဲမှာ ကျလိကျလိဖြစ်လျှင် မနေတတ်တဲ့ ထုံးစံအတိုင်း ဦးခါကို ဖွင့်မေးဖြစ်သွားသည်။

"ဦးခါ ... ဦးခါက ဘာဖြစ်လို့ ကြုတ် စာမေးပွဲဖြေပြီးတဲ့အချိန်ကျမှ အန်တီ့ကို လက်ထပ်တာလဲဟင်"

"ဩော် ... ဒီလိုလေ ရွှေကြုတ်ရဲ့။ ရွှေကြုတ် စာမေးပွဲဖြေဖို့ကလည်း သုံးလေးလလောက်ပဲ လိုတော့တာလေ။ သိပ်အကြာကြီးမှ မဟုတ်တာ။ အိမ်ထောင်တစ်ခု တည်ထောင်တယ်ဆိုတာ ကာယကံရှင်နှစ်ယောက်ကော နှစ်ဖက်မိတ်ဆွေအသိုင်းအဝိုင်းတွေကော အားလုံး အလုပ်ရှုပ်ကြတာ။ ကိုယ့်အိမ်ထောင်ပြုမယ့် ကိစ္စအတွက် ရွှေကြုတ်ကို စိတ်မများစေချင်ဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ် လက်ထပ်ပြီဆိုတာနဲ့ မမက ပွမ်တော့မယ်။ အိမ်တွင်းရေးကိစ္စတွေ ဖြစ်နေ





တော့ ရွှေကြုတ် စာကို ဘယ်လိုလုပ် စိတ်ဝင်စားတော့မလဲ ...

အဲဒါကြောင့် စိတ်ပူစရာ မရှိတော့တဲ့ ရွှေကြုတ် ဆယ်တန်းဖြေပြီးတဲ့နေ့မှ အိမ်ထောင်ပြုမယ်။ ပိုပြီးအမှတ်တရ ဖြစ်သွားတာပေါ့။ မဟုတ်ဘူးလား"

ဦးခါရဲ့အဖြေစကားကြောင့် ရွှေကြုတ်က ရင်ထဲမှာ တကယ်ခံစားသွားရလေသည်။ ဘာပဲဖြစ်ဖြစ် အဲဒါဟာ ဦးခါရဲ့ စေတနာတရားတစ်ခု ဖြစ်တယ်လို့ ယူဆနိုင်ပေသည်။ ရွှေကြုတ် အတွက် ထည့်ပြီးစဉ်းစားပေးလို့ စာမေးပွဲဖြေပြီးတဲ့နေ့မှာ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့။

"ကျေးဇူးတင်ပါတယ် ဦးခါ၊ ကြုတ်အတွက် ဦးခါ စေတနာထားပြီး စဉ်းစားပေးတဲ့အတွက် တကယ်ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့ မလိုအပ်ပါဘူး ရွှေကြုတ်ရယ်။ ညည်းသာ D များများပါဖို့ ကြိုးစား။ မမကို ငါက ညည်း D များများနဲ့ စာမေးပွဲအောင်တယ်ဆိုတဲ့ ဂုဏ်လေးပြပြီး ငါနဲ့လိုင်းကို သဘောတူအောင် try ရမှာ။ အကျိုးလိုလို့ ညောင်ရေလောင်းနေတဲ့ သဘောပဲ။ ဟား ဟား ... ကဲ ... စား။ ပြီးရင် အိမ်ပြန်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ရွှေကြုတ်က ခေါင်းဆတ်ပြရင်း ကြိုက်နှစ်သက်ရတဲ့ ပုန်းရည်ကြီးထမင်းကို ဆက်စားလိုက်သည်။ ဦးခါဟာ ရွှေကြုတ်အတွက်တော့ တကယ့်ကို ကျေးဇူးတင်စရာကောင်းသည့် လူကြီးလူကောင်းတစ်ယောက် ဖြစ်လေသည်။





## ၆

ခါမိုးက မနက်မိုးမလင်းခင်ကတည်းက ထွက်လာခဲ့ကာ ဒီနေ့ တစ်နေကုန် စက်ရုံထဲမှာ အလုပ်တွေဖြင့် အချိန်ကုန်ကာ ညမိုးချုပ်မှ အိမ်ပြန်ရောက်တော့တာဖြစ်သည်။ သူပြန်ရောက်တော့ ရွှေကြုတ်က တံခါးလာဖွင့်ပေးတာ ဖြစ်တာကြောင့် ခါမိုးက ရွှေကြုတ်ကို တစ်ချက်ကြည့်ရင်းက ခင်မှုကိုပါ ဆူလိုက်ရသည်။

"ခင်မှု ... ရွှေကြုတ်ကို ဒီအချိန်ထိ ဘာလို့ ဒီမှာနေခိုင်းနေတာလဲ။ အိပ်တာမဟုတ်ဘူး"

"ကြုတ်က ဦးခါ ပြန်မရောက်သေးလို့ စိတ်ပူပြီး မပြန်သေးတာပါ ဦးခါ။ မခင်မှုကို မဆူပါနဲ့"

ရွှေကြုတ်က မခင်မှုရှေ့က ကာကွယ်ပြီး ပြောနေတာမို့ ခါမိုးက ခပ်စေ့စေ့ တစ်ချက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ည ဘယ်အချိန်ရှိနေပြီလဲ ရွှေကြုတ်။ ဒီအချိန်က မင်း စာလုပ်ရမယ့် အချိန်လေ"

ရွှေကြုတ်က မခင်မူ့ရှေ့က ကာကွယ်ပြီး ပြောနေတာမို့ ခါမိုးက ခပ်စေ့စေ့ တစ်ချက်ကြည့်ရင်း ...

"အခု ည ဘယ်အချိန်ရှိနေပြီလဲ ရွှေကြုတ်။ ဒီအချိန်က မင်း စာလုပ်ရမယ့် အချိန်လေ"

"စာလုပ်ပြီးသွားပါပြီ ဦးခါရယ်။ ကြုတ်က ဦးခါ မလာသေးလို့ စိတ်ပူပြီး ဒီမှာ စောင့်ပေးနေတာပါ"

ပြောတဲ့ပုံစံက မျက်နှာငယ်လေးမို့ ခါမိုးက အားနာသွားရသည်။ အလုပ်ပင်ပန်း စိတ်ပင်ပန်းမှုတွေကြောင့် stress များနေတာမို့ သူက အော်မိသလို ဖြစ်သွားတာကြောင့် သူက ရွှေကြုတ်ကို ပြေရာပြေကြောင်း ပြန်ပြောရသည်။

"မင်းကို ဆူနေတာ မဟုတ်ဘူး။ မင်း စာမေးပွဲဖြေဖို့က ဘယ်လောက်မှ လိုတော့တာ မဟုတ်ဘူး။ စိတ်တွေ အာရုံတွေ များနေရင် စာကို ပေါ့သွားလိမ့်မယ်။ မင်းပညာရေးကို ငါက တာဝန်ယူထားရတဲ့အတွက် မင်း စာမေးပွဲကို ငါ အချွတ်ချော် မခံနိုင်ဘူး ရွှေကြုတ်။ နောက်ဆို ဒီလို စောင့်မနေပါနဲ့။ စာကျက်နေတာက ကိုယ့်အတွက် အကျိုးအရှိဆုံးပဲ။ ကြားလား ... ရွှေကြုတ်"





သူက ဆုံးမသလို ပြောလိုက်လျှင် ရွှေကြုတ်က ခေါင်းတစ်ချက်ညိတ်ပြရင်းကမှ ...

"ဟုတ် ... ဦးခါ၊ ဦးခါလည်း နောက်တစ်ခါဆို အဲဒီလောက် မိုးချုပ်ထိအောင် အပြင်မှာ မနေပါနဲ့။ ဦးခါရဲ့ အိမ်ပြန်လာချိန်ကို ကြုတ်တို့က စောင့်နေတယ်ဆိုတာ သတိရပေးပါ။ good night ဦးခါ"

ရွှေကြုတ်က အနောက်ဘက်ပေါက်ကနေ သူ့တိုက်လေးဆီကို ပြန်သွားလေ၏။

ခါမိုးက ခင်မူ့ကို ရွှေကြုတ် ထွက်သွားတော့မှ လှမ်းပြောလိုက်ရသည်။

"ခင်မူ ... နောက်ဆို ကိုးနာရီထိုးတာနဲ့ ရွှေကြုတ်ဆီမှာ ပဲနေပါ။ သူ့တာဝန်က စာကျက်ဖို့ပဲလေ။ ကဲ ... ကဲ ... သွားအိပ်တော့"

ခင်မူက သူ့ရှေ့က ထွက်သွားလျှင် ခါမိုးက ဆိုဖာမှာ ဝင်ထိုင်လိုက်တော့ ဖုန်းကို ထိုင်မိသွားတာကြောင့် သူကပြန်ထလိုက်ကာ သူ တက်ထိုင်မိသွားတဲ့ ဖုန်းလေးကို ကောက်ယူကြည့်မိလျှင် ဒီဖုန်းက ရွှေကြုတ်ဖုန်း ဖြစ်နေတာမို့ သူကကျန်နေခဲ့တဲ့ ဖုန်းလေးကို သွားပေးမလို့ ထလိုက်တုန်းမှာ ရွှေကြုတ်ဖုန်းက တီဆိုတဲ့ ring သံနှင့်အတူ message တစ်စောင်ဝင်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ အစက မကြည့်ဘူး လုပ်ပေမယ့် message က "YY" ဆိုပြီး contact name မှတ်ထားတာမို့ သူက ဖွင့်ကြည့်လိုက်၏။

"Get ! ! !

sar tway thate kyat pee koe' ko mayt ma thwar kyayy.

C Ya tmr "

myanglish ရေးထားတာ ဖြစ်ပေမယ့် သူက ဒီလောက်ကတော့ ဖတ်တတ်သည်။ စာတွေ သိပ်ကျက်ပြီး ကိုယ့်ကို မေ့မသွားကြေး ဆိုတဲ့ စာသားမျိုး message ပို့တယ်ဆိုကတည်းက ရွှေကြုတ်နဲ့ ရင်းနှီးမှုအတိုင်းအတာက ဘယ်လောက်ရှိတယ်ဆိုတာ ခန့်မှန်းစရာမလိုလောက်အောင် သိသာနေပေသည်။ အဲဒီ "Y Y" ဆိုတာ ဘယ်ကကောင်လဲ။

ဒီလိုအရွယ်လေးတွေဟာ စိတ်ကစားတတ်တဲ့ အရွယ်ဖြစ်တာကြောင့် ခါမိုးက ဒီကိစ္စကို တိတိကျကျ သိမှဖြစ်မယ်ဆိုတာ တေးထားလိုက်သည်။ ရွှေကြုတ် တစ်ယောက် တစ်ဖက်ဘက်ကို စိတ်ယိုင်၍ စာဘက် မှာ ချော်ထွက်သွားမှာမျိုးကို သူ ဘယ်လိုမှ လက်သင့်မခံနိုင်ချေ။

ခါမိုးက အဲဒီ message ကို delete လုပ်ပစ်လိုက်သည်။ ပြီးတော့ "Y Y" ဆိုတဲ့ phone no ကို မှတ်ထားလိုက်





ပြီးနောက် ရွှေကြုတ် ကျန်နေခဲ့တဲ့ ဆိုဖာခုံပေါ်မှာပဲ ပြန်တင်ထားခဲ့ကာ သူလည်း နားဖို့ စဉ်းစားလိုက်သည်။ မနက်ကျမှ ဒီကိစ္စကို အဖြေထွက်အောင် ထုတ်ရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ကျောင်းသွားဖို့ အဆင်သင့်ဖြစ်သွားသောအခါ ကျောပိုးအိတ်လေး ကောက်လွယ်၍ ဒီဘက်အိမ်ထဲကို ဝင်လာခဲ့၏။ ပြီးတော့ ညကလည်း ဖုန်းကျန်ခဲ့တာမို့ ရွှေကြုတ်က ဘရိတ်ဖတ်စ်မစားသေးဘဲ အိမ်ရှေ့ဧည့်ခန်းကို အမြန်သွားကာ ဖုန်းသွားရှာရသည်။ မနေ့ညက ကျန်ခဲ့တဲ့အတိုင်း ခြေရာလက်ရာမပျက် ရှိနေတာမို့ ဦးခါ မသိဘူးဆိုတာ သေချာသွားပြီ။ ညက ဖုန်းကျန်နေပြီဆိုတာ သိပေမယ့် ဦးခါ ဆူခံရမှာကို ကြောက်နေတာကြောင့် ပြန်လာမယူရဲချေ။ မနက်ပိုင်းကျတော့ ဦးခါက အိပ်တုန်းပဲရှိဦးမှာမို့လို့ ရွှေကြုတ်က အေးဆေးနွေးထွေး အငြိမ်ပဲ ဖြစ်သည်။

ဖုန်းယူပြီးသောအခါ ရွှေကြုတ်က ဘရိတ်ဖတ်စ်စားဖို့ ဒိုင်းနင်းရှမ်းထဲ အဝင်မှာ ရွှေကြုတ်ထက် စောစီးစွာရောက်နေတဲ့ ဦးခါကို မြင်လိုက်ရလျှင် လာနေတဲ့ ခြေလှမ်းက တုံ့ခနဲရပ်ကာ တွန့်သွားသဖြင့် ဦးခါက ရွှေကြုတ်ကို တစ်ချက်ကြည့်ကာ ...





"ဘာဖြစ်လို့လဲ ရွှေကြုတ်။ ကျောင်းသွားတော့မှာမှလား။ လာလေ ... ဘရိတ်ဖတ်စ် လာစားလေ"

ရွှေကြုတ်ကို မျက်နှာထားတည်တည်ဖြင့် ခေါ်တာမို့ ရွှေကြုတ်က ကြောက်ရွံ့ရွံ့ပုံစံဖြင့် ဝင်ကာထိုင်လိုက်ရင်းက ဦးခါကို နှုတ်ဆက်လိုက်သည်။

"မောနင်း ဦးခါ။ ဦးခါ ဒီနေ့ အစောကြီး နိုးနေတယ်နော်"

"အေး ... ဟုတ်တယ်။ အစောကြီးနိုးနေတာနဲ့ပဲ ဆက်မအိပ်တော့တာ။ ညည်းကို ကျောင်းလိုက်ပို့လို့ ရတာပေါ့။ ကဲ ... ကဲ ... စားလေ ... ဒေါ်ကြီးပိုက နန်းကြီးသုပ်လုပ်ပေးထားတယ်"

ဦးခါရဲ့ပုံစံကို ကြည့်ရတာက ခပ်တည်တည်တင်းတင်းကြီးမို့ ရွှေကြုတ်က ပို၍ရွံ့ရသည်။ ဘုရား ... ရွှေကြုတ် မနေ့က ပြောတာကို စိတ်ဆိုးသွားလို့လား မသိ။ ပုံစံကတော့ ခပ်တည်တည်ပဲ ဖြစ်သည်။ အဲဒီလိုဆိုတော့ ဘယ်တုန်းကများ ဦးခါက ခပ်တည်တည် မနေဘဲ ရှိဖူးလို့လဲ။ ဦးခါက ရွှေကြုတ်ကိုဆိုလိုတာမှန်သမျှ ဖြည့်ဆည်းပေးပေမယ့် တည်တည်ပဲ ဆက်ဆံခဲ့တာဖြစ်သည်။ အဲဒါကြောင့်မို့ ရွှေကြုတ်က ဦးခါကိုဆို အမြဲချစ်ကြောက်ရိုသေရတာပဲဖြစ်သည်။ ဒီဆယ်တန်းစာမေးပွဲကို အမှတ်ကောင်းကောင်း D များများ ပါစေချင်တာဟာ ကိုယ့်ဆန္ဒထက်



www.burmeseclassic.com

www.burmeseclassic.com



ဦးခါက ပိုပြီးဖြစ်စေချင်တယ်ဆိုတာ သိသာတာကြောင့် ရွှေကြုတ်က ပိုပြီးကြိုးစားနေတာဖြစ်သည်။ အခုလည်း ဦးခါ ကိုယ်တိုင်ကျောင်းလိုက်ပို့ပေးမယ်ဆိုတော့ ရွှေကြုတ်က ပျော်နေမိသည်။ ကျောင်းဖွင့်စ ကာလတွေတုန်းကသာ ဦးခါက ကျောင်းပို့ပေးတာဖြစ်ပြီး နောက်ပိုင်းကျတော့ ဦးခါက အလုပ်မအားတာနဲ့ ဘာနဲ့ဆိုတော့ ကိုသာခွေကြီးကသာ ရွှေကြုတ်ကို ကျောင်းအကြိုအပို့လုပ်ပေးတာဖြစ်သည်။

"စာတွေကော Revision ပြန်တာ အဆင်ပြေလား ရွှေကြုတ်"

"ရှန် ... ဩော် ... ဟုတ်။ အဆင်ပြေပါတယ် ဦးခါ။ Bio ကျက်စာလေးတွေ မေ့,မေ့နေတာလောက်ပဲ ရှိပါတယ်။ ကျန်တာ အဆင်ပြေပါတယ်"

"အင်း ... Guide ထပ်လိုတယ်ဆိုလည်းပြော။ ဦးခါကတော့ မင်းကို မျှော်လင့်ထားတာနော်။ ဘာနဲ့မှ အလွှဲမခံနိုင်ဘူး။ လမ်းကြောင်းကို မလွဲသွားပါစေနဲ့ ရွှေကြုတ် ... ကြားလား"

"ဟုတ်ကဲ့"

ဦးခါ ပြောနေတဲ့ ပုံစံကြီးက ရွှေကြုတ်ကို အပြစ်ရှိလို့ နောက် ဒါမျိုးမလုပ်ဖို့ ပြောနေတဲ့ပုံမျိုးနဲ့ တူနေလေသည်။ အဲဒီနောက်တော့ ရွှေကြုတ်ကလည်း ဘာမှဆက်မပြောတော့ဘဲ





နန်းကြီးသုပ်ကိုသာ ဆက်စားလိုက်တော့သည်။ ဦးခါကလည်း တိတ်တိတ်ဆိတ်ဆိတ်ပင် စားပြီးသည့်နောက်မှာ တစ်ရှူးဘောက်စ်ထဲက တစ်ရှူးကို ဆွဲထုတ်ကာ ပါးစပ်သုပ်လိုက်ပြီးနောက် ...

"အေးဆေးစားနော်။ ပြီးရင် ကျောင်းကို ငါလိုက်ပို့ပေးမယ်"

"ဟုတ်"

တကယ့်အမှန်အတိုင်း ပြောရမယ်ဆို ရွှေကြုတ်ရင်ထဲမှာ လှစ်ခနဲတော့ ပျော်သွားရသည်။ ဦးခါ လိုက်ပို့တယ်၊ ဦးခါ လာကြိုတယ်ဆို ပျော်ကိုပျော်နေတာပဲဖြစ်၏။ ရွှေကြုတ်က ခပ်သွက်သွက်လေး နန်းကြီးသုပ်ကို ကုန်အောင်စားပြီးလျှင် ကျောပိုးအိတ်လွယ်ကာ ဦးခါမောင်းမယ့် ကားကြီးကိုစီးဖို့ ထွက်လာခဲ့သည်။

"ရွှေကြုတ် ... ကားပေါ်တက်နင့်"

ဦးခါက တက်နင့်လို့ ဆိုတာကြောင့် ရွှေကြုတ်က ကားပေါ်ထိုင်စောင့်နေတုန်းမှာ ဦးခါက ကားပေါ်တက်လာကာ မောင်းထွက်လာခဲ့သည်။ ကားပေါ်မှာ စကားတစ်ခွန်းတောင်မပြောတာမို့ ရွှေကြုဟ်က အထူးအဆန်းဖြင့် အံ့သြရတာဖြစ်သည်။ ဦးခါဟာ ရွှေကြုတ်ကိုဆို တည်တည်ဆက်ဆံတယ် ဆိုပေမယ့် အခုလောက်ထိတော့ ပြတ်ပြတ်ကြီး ဆက်ဆံတာမျိုး မဟုတ်ပေ။ ရွှေကြုတ်က ပျင်းခြောက်ခြောက်ကြီး ဖြစ်လာတာမို့ စကားမရှိစကားရှာကာ ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးခါ ဒီနေ့ အလုပ်မသွားဘူးလားဟင်"

"အင်း ... ဒီနေ့ လှိုင်းနဲ့တွေ့ဖို့ ချိန်းထားလို့"

ဦးခါဟာ အန်တီ့ကိုတော့ တော်တော်ချစ်ပုံပေါက်သည်။ ဘာလို့ရယ်မှန်းတော့မသိ။ ဦးခါကို သံယောဇဉ်ကြီးလွန်းတာကြောင့်ထင်၏။ ရွှေကြုတ်ကတော့ အန်တီလှိုင်းထွင့်ခေါင်ကို ဦးခါနဲ့ သဘောမတူချင်သလို စိတ်လေးတော့ရှိသည်။ အန်တီဟာ ဦးခါအပေါ် နိုင်စားလွန်းသည်ဟု ထင်မိသည်။ ရွှေကြုတ် စာမေးပွဲပြီးသွားရင် လက်ထပ်တော့မှာ ဖြစ်တဲ့အတွက် တီမိုးက စိတ်ဆိုးနေပေမယ့် ဦးခါပုံစံကတော့ ရှေ့တိုးမယ့်သဘောမှာရှိ၏။ ရွှေကြုတ်ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ တားနိုင်တာရှိလျှင်တားဖို့ တီမိုးက မှာထားတာဖြစ်ပေမယ့် ရွှေကြုတ်ကြောင့် ဦးခါ အသည်းကွဲရမှာကိုလည်း မကြည့်ရက်ပေ။

"ဦးခါက အန်တီနဲ့ဘယ်တော့လောက်လက်ထပ်မှာလဲဟင်"

"မင်း စာမေးပွဲပြီးတဲ့နေ့လေ။ ကြေညာထားပြီးသားကိစ္စပဲဟာ။ ညည်း တီမိုးကော ဘာပြောသေးလဲ"

"တီမိုးကတော့ မကျေနပ်ဘူးပဲ ပြောတာပါ။ ကြုတ်ကို ထူးထူးခြားခြားတော့ ဘာမှမပြောပါဘူး"

"အင်း ... အင်း။ ရွှေကြုတ် စာမေးပွဲပြီးသွားပြီဆို ဘယ်လိုပဲဖြစ်ဖြစ် ဟာဝန်ကြီးတစ်ခု ကျေသွားသလို ခံစားရတယ်။ အရေးကြီးဆုံးကတော့ ညည်းကို လမ်းလွှဲမှာစိုးတာ





ပဲ။ ရွှေကြုတ် ... ငါ ပွင့်ပွင့်လင်းလင်း မေးမယ်နော်။ အမှန်အတိုင်းပြော၊ ညည်း ဖုန်းထဲမှာ မှတ်ထားတဲ့ Y Y ဆိုတာ ဘယ်သူလဲ"

"ရှင်"

မထင်မှတ်ပါဘဲ ဦးခါ မေးတဲ့ မေးခွန်းက ရွှေကြုတ်ကို အများကြီး အံ့အားသင့်မှု ဖြစ်သွားစေနိုင်ပါသည်။ ရဲရဲကို ဦးခါက မေးတယ်ဆိုတော့ ဒါဟာ မနေ့ညက ဦးခါ ရွှေကြုတ် ဖုန်းကို ဖွင့်ကြည့်တယ်ဆိုတဲ့ သဘောပေါ့။ ဦးခါက မေးလာတော့လည်း မဖြေလို့က မရတော့ချေ။ ရဲရဲနဲ့ကလည်း ရိုးရိုးသားသား အခြေအနေတစ်ခု ဖြစ်နေတာမို့ ဦးခါကို ပြောပြလိုက်၏။

"ဟို ... အဲဒါ ကြုတ်ရဲ့သူငယ်ချင်းပါ ဦးခါ။ ရဲရဲဘုန်းပိုင်တဲ့။ ကျောင်းက တစ်ခန်းတည်းတက်တဲ့ သူငယ်ချင်းပါ"

ရွှေကြုတ်က အဲဒီလို ဖြေလိုက်တဲ့အချိန်မှာ မီးပွိုင့်ကလည်း တန်းစီနေချိန်ဖြစ်တာမို့ ဦးခါက ရွှေကြုတ်ရဲ့မျက်လုံးတွေကို အသေအချာ စိုက်ကြည့်အကဲခတ်ကာ ...

"သူငယ်ချင်း ... မင်းဟာ ပညာသင်နေတဲ့အရွယ်။ ကလေးပဲရှိသေးတယ်နော် ရွှေကြုတ်။ အခု မင်းကို ပြောနေတာ ဆူနေတာ မဟုတ်ဘူး။ ပြောပြတာ။ ဘာကြောင့်ပဲဖြစ်ဖြစ် အဲဒီကောင်လေးကို ဦးခါ နာမည်ကြားတာနဲ့တင် သဘောမကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးခါနဲ့ သိလို့လားဟင်"

"ရွှေကြုတ် ... ငါက ရှင်းပြနေရဦးမှာလား။ ငါမကြိုက်ဘူး။ ပြီးတော့ မင်းဖုန်း ငါ့ကိုပေး"

ရွှေကြုတ်က ကျောပိုးအိတ်ထဲက ဖုန်းလေးကိုထုတ်ကာ ဦးခါလက်ထဲ ထည့်ပေးလိုက်သည်။ မနေ့က ရဲရဲနဲ့ ဦးခါ ဘာများဖြစ်လို့လဲ။ ဦးခါက ကားကို ဆက်မောင်းလာခဲ့ပြီး ကျောင်းရှေ့ရောက်မှ နောက်ထပ်ဖုန်းတစ်လုံးကို ရွှေကြုတ်ကိုပေး၍ ...

"ဒီနေ့ကစပြီး ဖုန်းလဲလိုက်ပြီ။ ရွှေကြုတ် ... နင့်အနောက်မှာ နင့်ကိုကြည့်နေတဲ့ မျက်လုံးတွေရှိတယ်ဆိုတာ မမေ့နဲ့။ တစ်ခုခု အသံကြားရင် ကျောင်းထုတ်မှာနော်။ သတိထား။ ဆင်းတော့"

ဘလိုင်းကြီးကို ဖိဟောက်နေတာမို့ ရွှေကြုတ် စိတ်ထဲတော့ မကျေမနပ်လေး ဖြစ်သွားရသည်။ အဲလိုမျိုးကြီး ဝမ်နင်ပေးရအောင် ရွှေကြုတ်ကလည်း ရည်းစားခိုးထားနေတာ မဟုတ်။ ရွှေကြုတ်က စိတ်ထဲမကျေနပ်ပေမယ့် ဘာမှပြန်မပြောဘဲ ကားပေါ်က ဆင်းလိုက်လျှင် ဦးခါက ကားမှန်ချလိုက်ကာ ပြောပြီးတာနဲ့ တန်းထွက်သွားသည်။

"ညနေလည်း ငါပဲ လာကြိုမယ်နော်"





ရွှေကြုတ်က ဦးခါပေးခဲ့တဲ့ အကောင်းစား Iphones ကြီးကို ပွန့်ခနဲ မျက်စောင်းထိုးပစ်ရင်းက ကျောင်းထဲဝင်လာလိုက်သည်။ ဒီနေ့တော့ ရဲရဲနဲ့တွေ့ကာ မနေ့က ဦးခါနဲ့ ဘာဖြစ်ခဲ့လဲဆိုတာကို မေးရမည်။ အဲဒါမှသာ ဦးခါ အထင်လွဲသွားတာကို ရှင်းနိုင်မှာဖြစ်သည်။

"ရွှေကြုတ်တို့ကတော့ သိပ်ချမ်းသာတာပဲနော်။ ကားကြီးကလည်း အကောင်းစားကြီး။ ဟဲ့ ... ဟဲ့ ... အဲဒီဦးလေးကြီးက ဘယ်သူလဲ နင့်အဖေလား"

နီလာတို့က ရွှေကြုတ်အနား ရောက်လာကာ လာစပ်စုကြတာမို့ ရွှေကြုတ်က ဖြေရသေးသည်။

"အဖေ မဟုတ်ပါဘူး။ ဦးလေးပါ။ ဩော် ... ဒါနဲ့ ရဲရဲကို တွေ့မိလိုက်သေးလား"

"ရဲရဲ ... ရဲရဲလား။ ဩော် ... ဟိုမှာလေ။ ဟေး ... ရဲရဲ ... ဒီမှာ ... နင့်ကို ရွှေကြုတ်က မေးနေတယ်"

နီလာက အချွန်နဲ့ မ,သွားတာကြောင့် ရဲရဲက မြောက်ကြွကြွ ဒီဇိုင်းဖြင့် ပုဆိုးချက်ပြုတ် one way ထောင်ဒီဇိုင်းဆင်ကာ လန်ထွက်နေသောပုံဖမ်း၍ ရွှေကြုတ်အနား ရောက်လာကာ ...

"ဟိုင်း ... ရွှေကြုတ်လေး ... ဘာလုပ်ပေးရမလဲ ပြော"

ရွှေကြုတ်က ကြည့်မရစွာ မလိုဘူးလို့ ပြောမလို့ရှိသေး မနေ့ကကိစ္စ သတိရတာကြောင့် သူ့ကို မေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲ ... နင် မနေ့က ငါ့ကို ဖုန်းဆက်သေးလား"

"အင်း ... မဆက်ပါဘူး။ message ပို့တယ်လေ။ ပြန်လည်းမပို့ဘူး။ ဘာလို့ မေးတာလဲ ရွှေကြုတ်"

ဪ ... အဲဒါကြောင့် ဦးခါက အပိုင်ပြောသွားတာကိုး။ ဘာဆိုတာ သိချင်တာကြောင့် ရွှေကြုတ်က ထပ်မေးရသည်။

"ဟို ... ဖုန်းပျက်သွားလို့။ အဲဒီ message လေး ပြန်ပြလို့ရမလားဟင်"

"ဟား ... ရတာပေါ့။ သိစေချင်လို့ massage တောင် တကူးတက ပို့လိုက်တဲ့ဥစ္စာ။ ဒီမှာလေ"

ရွှေကြုတ်က message ကို ဖတ်ပြီးနောက်မှာ ရွှေကြုတ်ကို အပိုင်ကြီးသဘောဖြင့် ပြောနေတဲ့ပုံစံကို မုန်းလှတာကြောင့် ရွှေကြုတ်က ရဲရဲကို ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ဒီမှာ ... ရဲရဲ။ နင် ငါ့ကို အဲဒီလို message ပို့တာဟာ ဒါ နောက်ဆုံးဖြစ်ပါစေ။ နင်နဲ့ငါက သူငယ်ချင်းတွေပါ။ သို့လော သို့လော အထင်တွေဖြစ်အောင် နင် လုပ်နေမယ်ဆို ငါ ဆရာမတွေနဲ့ တိုင်ရလိမ့်မယ်"

"ဟ ... ဖြလှချည်လား။ ငါ့ message ကြောင့် ရွှေကြုတ်က ဒီလောက်တောင် စိတ်ဆိုးတယ်ပေါ့"





"ဆိုးတယ်။ နောက် အဲဒီလိုမျိုး မပို့ပါနဲ့။ နင့် message ကို ဦးခါကမြင်ပြီး ငါ့ကို တစ်မျိုးထင်သွားပြီ။ ငါ အခုအဆူခံလိုက်ရတယ်။ အဲဒါတွေ အားလုံးက နင့်ကြောင့်ပဲ ရဲရဲ။ ကြုတ်ကို ကူညီသောအားဖြင့် မနှောင့်ယှက်ပါနဲ့"

ရွှေကြုတ်က အပြတ်ပြောပြီးနောက် အတန်းထဲဝင်လာခဲ့လိုက်တော့သည်။ ရွှေကြုတ်ကို ဦးခါ တစ်မျိုးထင်ပြီး စိတ်ဆိုးသွားပြီဆိုတဲ့ အသိက လုံးဝကို ဖီးလ်ဖြစ်စေကာ အဲဒီနေ့တစ်နေကုန် စာထဲလုံးဝ စိတ်မရောက်ခဲ့ပေ။

❁ ○ ❁

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"



www.burmeseclassic.com

www.burmeseclassic.com



၇

"မင်းက ငါ့ကို အရေးမစိုက်ဘူး ဆိုတဲ့ သဘောလား ခါမိုးညို"

ခါမိုးက ဟားခနဲ ရေရွတ်ကာ စိတ်ပျက်လက်ပျက် ဖြင့် ခုံမှာပြန်ထိုင်လိုက်ရင်း မမကို နားလည်အောင် ရှင်းပြရမည့် ဘာသာဗေဒကို သူ တော်တော်စဉ်းစားယူရသည်။ အခုချိန်မှာ အိမ်ဦးဖြစ်နေတဲ့ အရေးတော်ပုံက သူ လှိုင်းကို လက်ထပ်တော့ မှာမို့ ဘယ်လိုမှ သဘောမတူနိုင်သော မမက မရ,ရအောင် ဖျက်နေတာကြောင့် သူဟာ အာပေါက်မတတ် ပြောရတာဖြစ်သည်။

"မမရယ် ... ကျွန်တော့်အသက်လည်း ငယ်တော့တာ မဟုတ်ဘူး။ လှိုင်းဟာ ကျွန်တော့်ဘဝအတွက် လက်တွဲ ဖော်ဖြစ်တယ်ဆိုတာ လက်ခံယုံကြည်လို့ လက်ထပ်ဖို့





ဆုံးဖြတ်ခဲ့တာပါ။ အရှေ့မှာ ဘာပြဿနာတွေပဲရှိရှိ ဒီ အချိန်ထိ လှိုင်းဘက်ကလည်း ကျွန်တော့်ကို လက်တွဲမ ဖြုတ်ခဲ့ဘူး။ အဓိက,က ကာယကံရှင်နှစ်ယောက် ကျေနပ် ကြည်ဖြူတယ်ဆို ပြီးတာပဲလေ"

"ခါမိုးညိုရယ် ... နင်သိတဲ့ အသိက သေးသေးလေး။ ဒီမှာ ... နင် လှိုင်းထွဋ်ခေါင်ကို အ,ပတုံးများ မှတ်နေ သလား။ သူ နင့်ကို ဘယ်လက်တွဲဖြုတ်မလဲ။ နင့်လိုလူ ဘယ်မှာ သူသွားရှာနိုင်မလဲ။ ဦးနှောက်ရှိလို့ နင့်ကိုခွေးချယ် တာ။ ငါ ဒီလောက် အပြတ်ပြောထားတာတောင် ငါ့မောင် ကို အရှက်မရှိ တွယ်နေတာ။ နင်နဲ့ငါက အမွေခွဲထားပြီး သားမှန်းလည်း သင်းက သိပြီးသားဆိုတော့ နားထင်သုံး ပြီး နင့်ကို ချုပ်ထားတာ အေရဲ့။ ခါမိုး ... မမက နင့်ကို သူနဲ့တော့ သဘောမတူဘူး"

အဲဒီကိစ္စက အသေအကြေပြောကာ တိုက်ပွဲဝင်နေ လည်း မမ သဘောမတူမှာက သဘောမူမှာဘဲမို့ ပြောလည်းမောမယ် ဆိုတာ ကြိုသိနေတာကြောင့် မမကို သူက တောင်းပန်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ် မမရယ်။ လှိုင်းကလည်း သူ့အိမ်နဲ့ အတိုက်အခံလုပ်ပြီး ကျွန်တော်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော့်ကို အားမပေးရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



မတားတော့ မတားပါနဲ့ မမရယ်။ ကျွန်တော် ယုတ်စွအဆုံး ရွှေကြုတ်ကိုတောင် ငဲ့ကွက်ပြီး သူ စာမေးပွဲပြီးမှ လက်ထပ်ဖို့ ဆုံးဖြတ်တာ။ ကျွန်တော့်ဆန္ဒကိုတော့ neglect မလုပ်ပါနဲ့ မမရာ"

"ကျစ် ... ခါမိုးရယ်။ နင့်ကိုတော့ ငါ တကယ်ပြောလို့ မနိုင်တော့ဘူးဘဲ။ အစ်မ သဘောမတူပါဘူးဆိုတဲ့ သူကိုမှ နင်က ယူမယ်ဆိုတော့လည်း မတတ်နိုင်ဘူး။ နင့်အတွက် ငါ မျှော်လင့်ထားတာတွေ အလကားပဲ"

"တောင်းပန်ပါတယ် မမရယ်"

"ဒါနဲ့ သမီး ရွှေကြုတ်ကော။ ဘယ်မလဲ"

မမက သူ့ကို စကားဆက်မပြောချင်တော့မှန်း သိသာစေစွာ ရွှေကြုတ်ကို ခေါ်ခိုင်းလျှင် ခါမိုးက နားအေးအောင် ရွှေကြုတ်ကို လှမ်းခေါ်၍ ဖုန်းပေးလိုက်သည်။

"ရွှေကြုတ် ... ရော့၊ ညည်းတီမိုးက ဖုန်းပြောမယ်တဲ့။ ပြောလိုက်ဦး"

ခါမိုးက ရွှေကြုတ် လက်ထဲ ဖုန်းလွှဲပေးလိုက်ကာ သူကတော့ အဝေးမှာ သွားထိုင်နေ၏။ မမနဲ့ ဖုန်းပြောပြီးလျှင် လှိုင်းကို သဘောမတူဘူးဆိုတဲ့ ကိစ္စက ခေါင်းခဲရပြန်တာမို့ သူမှာ တကယ်ပဲ စိတ်ပင်ပန်းရတာဖြစ်သည်။





"ဦးခါ ... ဖုန်း"

ရွှေကြုတ်က ဖုန်းပြောပြီးသွားသောအခါ သူ့လက်ထဲကို ဖုန်းပြန်လာပေးတာကြောင့် သူက ပြန်ယူလိုက်ရင်းက ရွှေကြုတ်ကို လှမ်းပေးလိုက်သည်။

"ဘာတွေပြောသေးလဲ ရွှေကြုတ်။ ထုံးစံအတိုင်းပဲ ငါ့မကောင်းကြောင်းတွေပဲ မှလား"

"ဒီတစ်ခါတော့ မပြောပါဘူး ဦးခါရဲ့။ ကြုတ်ကို စာသေချာလုပ်ဖို့နဲ့ D များများပါအောင် ကြိုးစားဖို့ပဲ မှာသွားတာပါ"

"ဟင်း ... မမတစ်ယောက်ကတော့ သိပ်ပွားနေတယ်။ ငါလည်း စိတ်တော့ တော်တော်ညစ်နေရတယ်"

ခါမိုးက စိတ်ညစ်ညူးစွာ ပြောလိုက်တာမို့ ရွှေကြုတ်က သူ့ဘေးနားသို့ မဝံ့မရဲ ဝင်လာထိုင်ကာ ...

"ဦး ... ဦးခါကို တီမိုးက အန်တီနဲ့ ဘာလို့ သဘောမတူတာလဲဟင်"

ခါမိုးက မပွင့်တပွင့် မေးလာတဲ့ ရွှေကြုတ်ရဲ့ပုံစံကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

"အဲဒီကိစ္စကို ညည်းကို ဘယ်သူကမှ ဘာမှမပြောပြကြဘူးလား"

"သိသင့်သလောက်တော့ သိပါတယ်။ ဒါပေမဲ့ ဦးခါမပြောပြရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း … လှိုင်းကလည်း ခပ်ထက်ထက်၊ မမက လည်း သိတဲ့အတိုင်းဆိုတော့ အဲဒီလိုပဲ အသေးစား ကတောက်ကဆလေးပါ။ ထူးထူးခြားခြား ပြောဖို့မရှိပါဘူး"

"ဩော် … ဦးခါက တီမိုး သဘောမတူဘူး ဆိုတာတောင် အန်တီနဲ့ လက်ထပ်မယ်ဆိုတော့ အန်တီ့ကို အရမ်းချစ်လို့ ပေါ့နော် … ဟုတ်လား"

ရွှေကြုတ် မေးခွန်းကြောင့် သူက တွေဝေသွားသည်။ သူ လှိုင်းကို သိပ်ချစ်လို့လား။ အင်း … ဖြစ်နိုင်ပါသည်။ သူ့ အသက်အရွယ်အရ အချစ်ကို သည်းသည်းလှုပ် ရှေ့တန်းမတင် ထားပေမယ့် သူ လှိုင်းကိုတော့ တကယ်ချစ်လို့ လက်ထပ်မှာ ဖြစ်သည်။

"ဟင် … ဦးခါ၊ ဟုတ်လားလို့"

ရွှေကြုတ်က သူ့လက်မောင်းကို လှုပ်ယမ်းကာ ထပ်မေးလျှင် သူက ရွှေကြုတ်ရဲ့စူးစမ်းမှုတွေ ပါနေတဲ့ မျက်ဝန်း တွေကို ပြန်ကြည့်ရင်း တစ်ချက်ပြုံးလိုက်မိကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ကဲ … ရွှေကြုတ်၊ စာလုပ်စရာရှိတာ သွားလုပ်တော့။ ဦးခါလည်း အပြင်သွားလိုက်ဦးမယ်။ ညနေပြန်လာရင် ကြက်ကင် ဝယ်လာခဲ့မယ်"





ရွှေကြုတ်က ဟုတ်,ဆိုပြီး သူ့အရှေ့က ထွက်သွား လေသည်။ ခါမိုးက ကားသော့ဆွဲကာ အပြင်ထွက်လာခဲ့သည်။ လှိုင်းဆီသို့ ဒီနေ့ လာခဲ့မယ်လို့ ကတိပေးထားတာကြောင့် လှိုင်း နဲ့ ချိန်းထားတဲ့ဆီကို ထွက်လာခဲ့လျှင် လှိုင်းက ကြိုရောက်နေ တာဖြစ်၏။

"ဆောရီးပါ လှိုင်းရယ်။ ကိုယ် ထွက်လာခါနီး အလုပ်ကိစ္စ ဖုန်းလာနေလို့ နောက်ကျသွားတာ"

"ရပါတယ်။ အဲဒါက အရေးမကြီးဘူး။ ကို့ကို လှိုင်း အရေးတကြီး ပြောစရာရှိတယ်"

လှိုင်းရဲ့ပုံစံက တည်တည်လေး ဖြစ်နေတာမို့ သူက လှိုင်းကို အကဲခတ်ရင်းက ခေါင်းညိတ်ပြသည်။

"အင်း … ပြောလေ လှိုင်း"

"လှိုင်တို့ လက်ထပ်ဖို့ကိစ္စမှာ လှိုင်းမိဘတွေဘက်ကလည်း အသိအမှတ်မပြုဘူး ကို"

"လှိုင်းရယ် … ဒါ ကိုယ်သိပြီးသား ကိစ္စပဲလေ။ ကိုယ်တို့ နှစ်ဦးသဘောတူဖြစ်ရင် ပြီးတာပဲ မှလား"

"စကားကို ဆုံးအောင်နားထောင်စမ်းပါ ကိုရယ်။ ဒီမှာ ကို … မေမေက လှိုင်းကို သူတို့သဘောတူတဲ့ ယောကျ်ား တစ်ယောက်နဲ့ စီစဉ်ပေးချင်ပုံပဲ။ လှိုင်းတို့ဘက်က လက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှုယူထားမှ ဖြစ်တော့မယ်ဆိုတာ ကို့ကို ပြောတာ။ ဟို ကောင်မလေး ဆယ်တန်းဖြေပြီးတဲ့နေ့အထိဆို အချိန်မမီ လောက်တော့ဘူး ကို"

ခါမိုးက လှိုင်းရဲ့စကားကြောင့် အံ့အားတော့ သင့်သွားသည်။ လှိုင်းကို အရမ်းကို ယောနေတာဖြစ်သည်။ ဒါပေမဲ့ သူ့အနေနဲ့က လှိုင်းဖြစ်ချင်တာကို လိုက်လျောပေးရမယ်မှလား။

"ကိုယ်တို့ခြံထဲမှာပဲ ရွှေကြုတ် စာမေးပွဲပြီးတဲ့နေ့မှာ မင်္ဂလာပွဲလုပ်ဖို့ ကိုယ် အားလုံးစီစဉ်ပြီးသွားပြီလေ လှိုင်းရဲ့။ အခု လှိုင်းမိဘတွေက ဘာဖြစ်လို့လဲ"

"ကိုကလည်း လှိုင်းမေမေက ဒီနေ့ပဲ လှိုင်းကို အိမ်ထောင်ချပေးမယ့်အကြောင်းတွေ ပြောနေတယ်။ ဝန်းဒိုင်းစီစဉ်သွားတော့ ဘယ်လိုလုပ်မလဲ။ ကို ... လှိုင်းကို ဘယ်လို မိန်းမမျိုး ထင်နေတာလဲ။ လှိုင်းက ကို့ကိုလောနေလို့ ကိုက တန်ဖိုးမထားတာလား"

လှိုင်းက ထုံးစံအတိုင်း ပြောရင်း ဒေါသကပါလာပြီမို့ ခါမိုးက လှိုင်းရဲ့ပခုံးကို ဖက်လိုက်ကာ ပြေရာပြေကြောင်း ပြောရ၏။

"မဟုတ်ပါဘူး လှိုင်းရယ်။ ကိုယ်က လှိုင်းကို တန်ဖိုးထားလို့ပဲ အခုလို ပြောနေရတာပေါ့။ ကိုယ့်ဘက်က မိသား





ဖသားပီပီ တောင်းရမ်းပြီး တင့်တောင့်တင့်တယ် ခမ်းခမ်းနားနား လှိုင်းနဲ့မင်္ဂလာဆောင်ချင်တာ"

"အဲဒီလို အခြေအနေမျိုး မဖြစ်တော့အောင် ဖန်တီးခဲ့တာ ဘယ်သူလဲ ကို။ ထားလိုက်တော့ အဲဒါတွေ။ ဆက်ပြောနေလည်း ရန်ပဲဖြစ်ရမှာ"

"ကဲ ... ဟုတ်ပြီ။ ပြော ... လှိုင်း ဘာဖြစ်ချင်လဲ"

ခါမိုးက လှိုင်းရဲ့ရန်စကားကိုပြတ်အောင် လှိုင်းအလိုကျ လိုက်လျောဖို့ ပြောလိုက်လျှင် လှိုင်းက သူ့ကို ခပ်ရှုးရှုးစိုက်ကြည့်ကာ လေသံမာမာဖြင့် ပြော၏။

"လှိုင်းကို မေးနေတယ် ဆိုကတည်းက ကို့ဘက်က မသေချာတဲ့ တွေဝေမှုတွေ ရှိနေလို့ပဲ"

လှိုင်းက ရစ်နေပြီဆိုတာ သူ နားလည်လိုက်သည်။ လှိုင်းဟာ ရွှေကြုတ် စာမေးပွဲပြီးမှ လက်ထပ်မယ်ဆိုတဲ့အပေါ်မှာ သူ့ကို အမြင်မကြည်ဘူးဆိုတာ သူ သိသည်။ အဲဒီအတွက် ဒါဟာ တမင်တကာ ပြဿနာရှာနေတာဖြစ်၏။ လှိုင်းနဲ့ ဘဝတစ်ခု တည်ဆောက်ဖို့ ရည်ရွယ်ထားပြီးပြီမို့ လပိုင်းလောက်စောပြီး လှိုင်းနဲ့ လက်ထပ်လိုက်လည်း သူ့အတွက် ပြဿနာမရှိပါ။ အဲဒီအတွက် ခါမိုးက ခံုးဖြတ်ချက် ချလိုက်ကာ လှိုင်းကို တည့်တည့်ကြည့်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သိတယ် လှိုင်း။ ဒါပေမဲ့ ကိုယ်တို့ နှစ်ဖက်အသိုင်းအဝိုင်း သဘောမတူဘူး ဆိုတာမျိုး မဖြစ်ချင်လို့ ကိုယ်နောက်ဆုံးအခြေအနေထိ ကြိုးစားကြည့်နေတာ။ အခု လှိုင်းတို့ဘက်ကလည်း ကိုယ့်ကို လက်မခံဘူး။ ကိုယ့်ဘက်ကလည်း လှိုင်းကို လက်မခံဘူး ဖြစ်နေတယ်ဆိုတော့ ကိုယ်တို့ ရုံးတက်ပြီး နှစ်ဦးသဘောတူ လက်မှတ်ထိုးလိုက်တာပေါ့"

"လှိုင်းလိုမိန်းမမျိုးကို လက်မခံတာဆိုတဲ့ စကားကိုတော့ သိပ်အသည်းနာတယ် ကို"

လှိုင်းက ပြောနေရင်း ကီးကချော်ထွက်လာပြီမို့ သူက စိတ်ပျက်လာရပြီဖြစ်သည်။ အလကားနေရင်း ဒီဘူတာပဲ ခလုတ်တိုက်နေတာကိုလည်း သူ စိတ်ပျက်သည်။ အဲဒါကြောင့် သူက ပြတ်ပြတ်သားသားပဲ ပြောလိုက်တော့သည်။

"ကိုယ့်လိုလူကိုလည်း လက်မခံတာကို ခံပြင်းရတာပဲ လှိုင်းရဲ့"

"အို ... မေမေတို့က ကို့ကို လက်ခံတယ်။ ကို့အစ်မကိုသာ"

"တော်ပြီ လှိုင်း။ မတော်လို့ မရတဲ့ ကန့်သတ်မှုကို အပြစ်ကြီးပြောနေရင်တော့ ကိုယ်တို့ ပဋိပက္ခဖြစ်နေကြဦးမှာပဲ။ မမက ကိုယ့်တစ်သက်လုံးအတွက် အစ်မပဲ။ မကျေနပ်လို့လည်း ဘာမှမတတ်နိုင်ဘူး။ အခုလည်း မမက ဒီမှာမှ မဟုတ်တာ။ ဘာမှပြဿနာမရှိဘူး။ အရင်က ဖြစ်ခဲ့တာတွေကလည်း နှစ်ဖက်မှားခဲ့တာပဲ"

"ဩော် ... ဒါဆို လှိုင်း မှားတယ်ပေါ့"

"လှိုင်းရယ် ... မင်းက ရှေ့မသွားဘဲ နောက်ပြန်လှည့်နေရင်တော့ ဘယ်တော့မှ လိုချင်တဲ့ပန်းတိုင် ရောက်လာမှာမဟုတ်ဘူး။ မမကို မကျေနပ်ဘူး။ မမကလည်း မင်းကို မကျေနပ်ဘူး။ အေး ... ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်ပဲ လက်ထပ်ရမှာ။ ကိုယ်တို့နှစ်ယောက်ပဲ အရေးကြီးတယ်။ မကျေနပ်တာတွေ ညှိမရတာတွေ ပြောနေရင်တော့ ဘယ်တော့မှ ဆုံးခန်းတိုင်မှာ မဟုတ်ဘူး"

ခါမိုးက အဲဒီကိစ္စအတွက် တိုက်ပွဲဝင်ရတာဟာ သိပ်ကို စိတ်ပင်ပန်းနေပြီမို့ လှိုင်းကို စိတ်ထဲရှိသမျှ ဖွင့်ပြောပစ်လိုက်သည်။ အဲဒီတော့မှပဲ သူ့ရင်ထဲ နည်းနည်းပေါ့ပါးသွားသည်။ ဒါဟာ ပြောသင့်တယ်လို့လည်း ထင်သည်။ လက်ထပ်လိုက်ပြီးမှ ဖြစ်လာမယ့် ရန်ပွဲတွေကို ရင်ဆိုင်ရမှာထက်စာရင် လက်မထပ်ရသေးခင်မှာ အပြည့်နားလည်မှုရထားမှ တော်ကာကျလိမ့်မည်။ သူပြောတဲ့စကားအဆုံးမှာ ပွက်ပွက်ဆူနေတဲ့ လှိုင်းက တစ်ခဏတော့ ငြိမ်သွားသည်။ သူလည်း စိတ်တွေ သိပ်ပင်ပန်းလာတာ







www.burmeseclassic.com

www.burmeseclassic.com



မို့ ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်သည်။ တစ်ခဏကြာတော့မှ လှိုင်းဆီက စကားသံ ထွက်လာသည်။

“လှိုင်းက ကို့ကို ချစ်နေတဲ့သူပဲ။ အဲဒီအတွက် ကို့ကို လှိုင်း အဆုံးရှုံးမခံနိုင်ဘူး။ ကို ပြောသလို လှိုင်းက နောက်ကိုပြန်သွားနေတယ် ဆိုရင်လည်း အဲဒါ လှိုင်းရဲ့ အချစ်တွေက သဘောမတူရဘူးလားဆိုတဲ့ ခံပြင်းအတ္တတွေ ကြီးခဲ့တာ။ အဲဒီတော့ ကို ဘာဆက်လုပ်ချင်လဲ။ အရှေ့ကို ကိုပဲ ရွေးချယ်လိုက်ပါ”

ခါမိုးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ တစ်ယောက်နဲ့တစ်ယောက် အသိုင်းအဝိုင်း ပဋိပက္ခကြောင့် အဆင်မပြေတာကတော့ မပြေတာပဲဖြစ်သည်။ လှိုင်းက သူ့ကိုချစ်သလို သူကလည်း လှိုင်းကို ချစ်သည်။ ခါမိုးက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးနောက်မှာ လှိုင်းရဲ့လက်တွေကို ဆုပ်ကိုင်လိုက်၍ ...

“ကိုယ်တို့ မနက်ဖြန် တရားရုံးမှာ နှစ်ဦးသဘောတူလက်ထပ်မယ်”

သူ့ရဲ့ဆုံးဖြတ်ချက်ကြောင့် လှိုင်းက သူ့ကို ငေးခနဲ ကြည့်သည်။ ပြီးတော့ ကျေနပ်ပြုံးတစ်ခုနဲ့အတူ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ...





“ကျေးဇူးတင်ပါတယ် ကို။ လှိုင်းတို့နှစ်ယောက် ရှေ့ဆက်မယ့် ဘဝထဲမှာ ပြဿနာတွေ ဘာပဲရှိရှိ အတူတူရင်ဆိုင်မယ်”

ခါမိုးက သက်ပြင်းရှည်ကြီး တစ်ခုချကာ လှိုင်းကို ပြန်လည်ထွေးပွေ့ထားလိုက်သည်။ လှိုင်းကို လက်ထပ်ဖို့ သူ အလောသုံးဆယ် ဆုံးဖြတ်လိုက်ပေမယ့် သူ့စိတ်ထဲမှာ လှိုင်းကို ချစ်သည်။

အဲဒီအတွက် သူ လက်ထပ်ဖို့ သေချာခဲ့ပြီ။

မမကတော့ ဒီကိစ္စအတွက သူ့ကို အကြီးအကျယ် စိတ်ဆိုးကောင်း စိတ်ဆိုးနိုင်မည်။ ဒါပေမဲ့ အိမ်ထောင်ရေးဟာ ကာယကံရှင်ကိုယ်တိုင်ရဲ့ ရွေးချယ်မှုကသာလျှင် ဘဝအတွက် သေချာနိုင်မာသည်ဟု သူ ယူဆသည်။ အစကတော့ ရွှေကြုတ် စာမေးပွဲပြီးတဲ့နေ့ရဲ့ညခင်းမှာ ရင်းနှီးသူတွေဖိတ်ပြီး သူတို့မင်္ဂလာ ညဉ့်ခံပွဲကျင်းပဖို့ စီစဉ်ထားတာ ဖြစ်ပေမယ့် အခုတော့ အကြောင်းကြောင့် သတ်မှတ်ရက်ထက်စောပြီး လက်ထပ်လိုက်သည်။ မမ စိတ်ဆိုးလည်း ခဏပေါ့။

မမ စောင့်ရှောက်ခိုင်းတဲ့ ရွှေကြုတ်ကိုလည်း သူ သေချာဂရုစိုက်ခဲ့တာမို့ သူ တာဝန်ကျေသည်။ အဲဒီအတွက် သူ ချစ်ရတဲ့ သူ့ချစ်သူကို လက်ထပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်အသိုင်းအဝိုင်း အဆင်မပြေတာ ရှိပေမယ့် သူတို့ ကာယကံရှင် နှစ်ဦးလုံးက အရည်အချင်းရှိသူတွေ ဖြစ်တာကြောင့် အမှီအခိုကင်းကင်းဖြင့် ရပ်တည်နိုင်တာမို့ အိမ်ထောင်ရေး သာယာချမ်းမြေ့လိမ့်မည်ဟု မျှော်လင့်လေသည်။





ရွှေကြုတ်က ဦးသာခွေကြီး ကျူရှင်လာကြိုချိန်မှာ ဦးသာခွေကြီးကို 77 cakes ဆိုင်ကို မောင်းပို့ခိုင်းပြီး ဦးခါကြိုက်တဲ့ cheese cake သွားဝယ်သည်။ ဒီကိတ်က ရွှေကြုတ်အတွက် ဘတ်ဒေးကိတ်ဖြစ်သည်။ ဒီနေ့ ရွှေကြုတ်မွေးနေ့မို့ ဦးခါကို အိမ်စောစောပြန်လာပေးဖို့ ခွင့်တောင်းထားတာ ဖြစ်သည်။ ဦးခါက ပြန်လာရင် ရွှေကြုတ်အတွက် မွေးနေ့လက်ဆောင်ပေးမယ် ပြောထားတာကြောင့် ရွှေကြုတ်က ရင်ခုန်စွာ မျှော်လင့်ရလေသည်။

ကျူရှင်က ပြန်လာပြီးကတည်းက ရွှေကြုတ်က အမြန်ရေမိုးချိုးကာ သေချာအလှပြင်ထားလေသည်။ ပြီးတော့ ဟိုတလောက ဦးခါ ဝယ်ပေးထားတဲ့ ပန်းရောင်လက်ပြတ်ဂါဝန်တိုလေးကို လှပစွာ ဝတ်ဆင်လိုက်သည်။ ရွှေကြုတ်ဘဝအတွက် ခမ်းနားစွာကျင်းပခွင့်ရမယ့် ဒီမွေးနေ့လေးကိုတော့ အရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဦးခါကိုလည်း ရိုရိုသေသေ ကန်တော့ဖို့ စဉ်းစားထား၏။ ရွှေကြုတ်ဘဝရဲ့ သံယောဇဉ်အရှိဆုံး ဦးခါနဲ့ ပျော်ရွှင်စွာ မွေးနေ့ပွဲလေး ကျင်းပဖို့ စိတ်ကူးထားလေသည်။

ရွှေကြုတ်က အလုပြင်ပြီးသွားလျှင် ဦးခါ အိမ်ထဲဝင်လာလေကာ ဒေါ်ကြီးပိုဆီက ပန်းကန်တွေ သွားယူ၍ ဧည့်ခန်းထဲမှာ ဘတ်ဒေးကိတ်ကို အဆင်သင့် ပြင်ဆင်ခင်းကျင်းကာ ဦးခါ ပြန်အလာကို စောင့်နေတာဖြစ်သည်။

"ရွှေကြုတ်လေးရေ ... ဘာလိုသေးလဲဟေ့"

"ရတယ် ... ဒေါ်ကြီး။ ဒီမှာ အဆင်သင့်ပဲ။ ဪ ... ဦးခါအတွက် သံပရာရည် ကြုတ် ကိုယ်တိုင် ဖျော်ထားမယ်"

ရွှေကြုတ်က ရေခဲသေတ္တာက သံပရာသီးထုတ်လာကာ ဦးခါအတွက် အမောပြေသံပရာရည်ကို ကိုယ်တိုင်ဖျော်သည်။ ဒေါ်ကြီးပိုက ရွှေကြုတ်ရဲ့ ဂရုတစိုက် သံပရာသီးလှီးနေပုံကို ကြည့်ရင်းက ...

"ခါမိုးကတော့ သောက်စရာမလိုဘဲနဲ့ကို အမောပြေနေတော့မှာပဲ။ ကဲ ... ကဲ ... သမီးလေး ဖျော်ပြီး ရေခဲသေတ္တာထဲ ထည့်ထားလိုက်နော်။ ဒေါ်ကြီး ညကျရင် မိသားစုစုံညီစားဖို့ ဟော့ပေါ့စီစဉ်ထားတယ်။ အသီးအရွက်တွေ ဆေးထားလိုက်ဦးမယ်"





"ဟုတ် ... ဒေါ်ကြီး"

ရွှေကြုတ်က ဝမ်းသာပျော်ရွှင်စွာဖြင့် စိတ်က အလိုလိုမြူးလို့နေသည်။ ဘယ်လောက်တောင် ပျော်ရွှင်စရာကောင်းလိုက်ပါသလဲ။ ဘဝမှာ မိသားစုစုံညီတဲ့ မွေးနေ့ပွဲမျိုးလေး ရွှေကြုတ် ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ ဦးခါ၊ ပြီးတော့ တီမိုး နောက်ပြီးတော့ အိမ်မှာရှိနေတဲ့ သူအားလုံးဟာ ရွှေကြုတ် အတွက် သံယောဇဉ်ဖြစ်ရတဲ့ မိသားစုပဲဖြစ်၏။ ရွှေကြုတ်က ပျော်ရွှင်စွာဖြင့် ဦးခါသောက်ဖို့ သံပရာရည်ချိုချဉ်လေးဖျော်ကာ ရေခဲသေတ္တာထဲ ထည့်ပြီးနောက် ဧည့်ခန်းထဲကနေ ဦးခါ ပြန်အလာကို ကြိုလင့်မျှော်ငေးနေသည်။ ဒီနေ့ စောစောပြန်ခဲ့ပါလို့ တောင်းဆိုမိတဲ့ ရွှေကြုတ်ရဲ့ တောင်းဆိုမှုကို လိုက်လျောပေးတဲ့ ဦးခါ ပြန်လာရင် ပါလာမယ့် ရွှေကြုတ်အတွက် တစ်စုံတစ်ရာသော မွေးနေ့လက်ဆောင်ကို ဘာများဖြစ်မလဲ စိတ်ကူးယဉ်ရတာနဲ့တင် စိတ်က အတော်လှုပ်ရှားနေရသည်။

ဦးခါ ပြန်လာရင် ဦးခါအတွက် ရွှေကြုတ် ကိုယ်တိုင် ဖျော်ထားတဲ့ သံပရာရည်ကို တိုက်မည်။ ဦးခါ ရေမိုးချိုးပြီးသွားရင် ရွှေကြုတ်ရဲ့ မွေးနေ့ပွဲလေးက စပြီဖြစ်၏။ ရွှေကြုတ်သည် အင်မတန်မှ ခန့်ညားတည်ကြည်ကာ ခပ်တည်တည်နေတတ်ပေမယ့် ရွှေကြုတ်ကိုဆို သဘောကောင်း စေတနာထားတတ်သူမို့ ရွှေကြုတ်က ဦးခါကို ချစ်ကြောက်ရိုသေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ဦးခါကို ထိုင်စောင့်ရင်း စိတ်ကမရှည်ဖြစ်လာလေသည်။ အမြန်လို အနေးရဆိုသလို ဖြစ်နေတာကြောင့် ရွှေကြုတ်မှာ မျှော်ရတာ လည်ပင်းတရှည်ရှည် ဖြစ်နေရတာဖြစ်သည်။ ညနေတော်တော်စောင်းနေပြီမို့ ဦးခါ ပြန်လာသင့်တဲ့အချိန်ထက် နောက်ကျနေပြီမို့ ရွှေကြုတ်က ပိုပြီးမျှော်နေရပြီဖြစ်သည်။

"သမီး ... မောင်ခါမိုးက ဒီနေ့မှ အိမ်ပြန်နောက်ကျနေတာပဲ၊ ဘာများဖြစ်လို့ပါလိမ့်။ ဖုန်းဆက်ကြည့်လိုက်ပါလား"

ဒေါ်ကြီးပိုက ရွှေကြုတ်အနား လာထိုင်ကာ နာရီကိုကြည့်ရင်း ဦးခါဆီ ဖုန်းဆက်ဖို့ပြောလျှင် ရွှေကြုတ်ကပါ နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ခြောက်နာရီခွဲပြီဖြစ်၏။ ရွှေကြုတ် စိတ်ထဲမှာ ဦးခါ လာနေပြီဆိုတာယုံသည်။ Traffic Jump ကြောင့် ဖြစ်လိမ့်မည်။ ယုံကြည်စွာဖြင့် ရွှေကြုတ်ကအပြုံးမပျက်ပင် ခေါင်းခါလိုက်ရင်းက ...

"ဟင့်အင်း ... မဆက်တော့ပါဘူး။ ဦးခါ ကားမောင်းနေရင် ကြုတ်ဖုန်းကြောင့် အနှောင့်အယှက် ဖြစ်သွားလိမ့်မည်။ ဦးခါ ပြန်လာနေပါပြီ။ ဧကန္တတော့ နည်းနည်းနောက်ကျနေတာ ကြုတ်အတွက် မွေးနေ့လက်ဆောင် စီစဉ်နေလို့ဖြစ်မယ်။ ဘာများဖြစ်မလဲ မသိဘူးနော် ဟိ ဟိ"





ရွှေကြုတ်က ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်၍ ဦးခါပြန်အလာကို ဆက်စောင့်နေမိသည်။ ပျင်းလာတာကြောင့် ရွှေကြုတ်က ဦးခါနဲ့ လဲထားတဲ့ ဖုန်းလေးကိုဖွင့်ကာ ဂိမ်းထိုင်ဆော့နေလေသည်။

"သမီး ... ရွှေကြုတ် ဖုန်းဆက်ကြည့်ဦးနော်။ မဟုတ်သေးဘူး။ ရှစ်နာရီတောင် ထိုးတော့မယ်။ မောင်ခါမိုးက နောက်ကျမယ်ဆို နောက်ကျမယ် လှမ်းပြောတယ်။ အခု ဖုန်းလည်းမဆက်ဘူးဆိုတော့ ဒေါ်ကြီး စိတ်ပူလာပြီ"

ဒေါ်ကြီးပိုက ထပ်သတိပေးတော့မှ ရွှေကြုတ်က သတိရတော့သည်။ ဟား ... ဟုတ်တာပေါ့။ ရှစ်နာရီတောင် ထိုးတော့မှာပဲ။ ရွှေကြုတ်က ဦးခါအတွက် အရမ်းကိုပဲ စိတ်ပူလာမိသည်။ ဦးခါဆီ ဖုန်းခေါ်ကြည့်တော့ တောက်လျှောက်ဧရိယာပြင်ပဖြစ်နေတာဖြစ်၏။ ဦးခါ ဘာလို့ နောက်ကျနေရတာလဲ။

ဖုန်းက ဘယ်လိုမှ ခေါ်မရသောအခါ ရွှေကြုတ်က စိတ်ပူလာပြီဖြစ်သည်။ ဦးခါ ဘာဖြစ်လို့ ဒီအချိန်ထိ ပြန်မရောက်သေးတာလဲ။

"ဒေါ်ကြီး ... ဦး ... ဦးခါ ဖုန်းက ဘယ်လိုမှ ဆက်လို့လဲ မရဘူး။ ဘာများဖြစ်လို့လဲ မသိဘူး"

"အေးဟယ် ... စိတ်ပူလိုက်တာ။ ဒီကလေးနှယ် ဘယ်များခရီးလွန်နေပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှန် ... ခရီး ... ဦးခါက ခရီးသွားလို့လား"

ရွှေကြုတ် စကားကြောင့် ဒေါ်ကြီးပိုက မျက်နှာတစ်ချက်ရှုံ့မဲ့ရင်း ...

"အဲ ... မဟုတ်ဘူးလေ။ ခါမိုး ခရီးသွားတယ် ပြောတာမဟုတ်ဘူး။ အလုပ်ကိစ္စနဲ့ ဘယ်များသွားနေလဲ မသိဘူးလို့ပြောတာ။ အင်း ... ဒီနေ့ ကြုတ်လေးရဲ့မွေးနေ့ဆိုတာမောင်ခါမိုး သိနေတာပဲ။ သူ သေချာပေါက် စောပြန်လာရမယ့်ဟာ။ ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျနေရတာလဲ"

ရွှေကြုတ်က စိတ်တွေအရမ်းပူနေကာ ဦးခါအတွက်အရမ်းပဲ စိုးရိမ်နေမိသည်။ ဦးခါ ရွှေကြုတ် မွေးနေ့ဆိုတာသိရက်နဲ့တော့ တမင်မလာဘဲ မနေပါဘူး။ ဦးခါ ဘာများဖြစ်နေပါလိမ့်။ ရွှေကြုတ်က ဦးခါအတွက် အရမ်းကို စိတ်ပူနေတာမို့မျက်စိမျက်နှာပျက် ဖြစ်နေလျှင် ဒေါ်ကြီးပိုက နှစ်သိမ့်ပေး၏။

"အရမ်းတော့ စိတ်မပူနေပါနဲ့ သမီးရယ်။ မောင်ခါမိုးကသိတဲ့အတိုင်း အလုပ်က ခပ်များများရယ်မှလား။ သူအလုပ်များနေလို့ အိမ်ပြန်နောက်ကျနေတာ ဖြစ်မှာပါ"

"တီ ... တီ"

ခြံရှေ့က ကားဟွန်းသံကြောင့် ရွှေကြုတ်ကောဒေါ်ကြီးပိုပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ရွှေကြုတ်က ဒေါ်ကြီးပို





နဲ့အတူ ပေါ်တီကိုဘက် ထွက်လာခဲ့၏။ ဦးခါ ပြန်လာပြီ ဖြစ်တာမို့ ရင်ထဲကအလုံးကြီး ကျသွားကာ အခုမှပဲ စိတ်အေးသွားရတာဖြစ်သည်။ ရွှေကြုတ်က ပျော်ရွှင်စွာ ဦးခါကို ကြိုမလို့လုပ်တုန်းမှာ ကားပေါ်မှာပါတာ ဦးခါအပြင် တခြားတစ်ယောက်လည်းပါတာမို့ ရွှေကြုတ်က နည်းနည်းကိုယ်ရှိန်သတ်သွားရသည်။ ဦးခါနဲ့အတူပါလာသူက အန်တီလှိုင် ဖြစ်နေတာကြောင့် ရွှေကြုတ်ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသည်။

"အိမ်ပြန်နောက်ကျလိုက်တာ မောင်ခါမိုးရယ်။ ဒေါ်ကြီးတို့က စိတ်တွေပူနေတာ"

ဦးခါက ကားပေါ်မှဆင်းလာကာ ဒေါ်ကြီးဘက်ကိုစကားလှည့်မပြောနိုင်သေးဘဲ ဦးသာခွေကို လှမ်းပြော၏။

"ကိုသာခွေရေ ... အဲနောက်ထဲက လက်ဆောင်ထုပ်တွေ ချပြီး ကျွန်တော့်အခန်းထဲ ထည့်ပေးထားပါ။ လှိုင် ... လာလေ ...

ဟုတ်တယ် ... ဒေါ်ကြီးရေ။ ကျွန်တော် ဒီနေ့အလုပ်တွေ ရှုပ်သွားလို့။ လာ ... အိမ်ထဲရောက်မှ အေးဆေးပြောမယ်"

ဦးခါက စကားတပြောပြောဖြင့် အန်တီ့ကို ပခုံးဖက်ကာ အိမ်ထဲဝင်သွား၏။ ရွှေကြုတ်ကိုတော့ ဖုတ်လေတဲ့ငါးပိရှိလေတယ်လို့တောင် မထင်ပေ။ ရွှေကြုတ်က ရင်ထဲမှာ တစ်မျိုးကြီး ခံစားသွားရပေမယ့် ဦးခါတို့ နောက်ကပဲ လိုက်ဝင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးခါက ဧည့်ခန်းစားပွဲမှာ တင်ထားတဲ့ ဘတ်ဒေးကိတ်နှင့် ပြင်ဆင်ထားတာတွေကို မြင်တော့မှ ရွှေကြုတ်ဘက်လှည့်ကာ ...

"ဟား ... ဟုတ်သားပဲ။ ဆောရီးပဲ ရွှေကြုတ်ရာ။ ဦးခါ ဒီနေ့ အလုပ်တွေများသွားတာနဲ့ ရွှေကြုတ် မွေးနေ့ကို မေ့သွားတာ"

"ရွှေကြုတ်က ဒီမှာ တစ်ညနေလုံး စောင့်နေတာ"

"အေးကွာ။ ဟုတ်တယ် ... ဒေါ်ကြီးပိုရဲ့။ ကျွန်တော်လည်း ဘယ်လိုမှ သတိမရဘူး ဖြစ်သွားတာ။ ကဲ ... အဲဒါခဏ ထားပါဦး။ ကျွန်တော် အားလုံးကို အသိပေးစရာရှိတယ်။ ကျွန်တော် ဒီနေ့ပဲ လှိုင်းနဲ့ တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီး လက်ထပ်လိုက်ပြီ"

"ဟင်"

"ရှင်"

ရွှေကြုတ် နားစည်ထဲမှာ ဗုံးတစ်လုံး ခပ်ပြင်းပြင်း ပေါက်ကွဲထွက်သွားသလို ခံစားလိုက်ရသည်။ ရုတ်တရက်ကြား လိုက်ရတဲ့အချိန်မှာ လူက တအားကို အံ့သြမှင်သက်သွား၍ ထင်မှတ်မထားစွာ မျက်ရည်တွေက ကျလာလေသည်။ ရွှေကြုတ်ရဲ့အလန့်တကြား "ရှင်"ဟု ထူးလိုက်တဲ့ အသံကလည်း တော်တော်ကျယ်သွားတာမို့ ဦးခါ၊ ပြီးတော့ အန်တီ သူတို့အကြည့်တွေက ရွှေကြုတ်ဆီ ပြုံကျလာကာ ...





"ရွှေကြုတ် ... ဘာဖြစ်လို့လဲ"

ဦးခါရဲ့ မေးတဲ့မေးခွန်းက ဘာမှမဟုတ်ပေမယ့် ဘာကြောင့်မှန်းမသိ ရွှေကြုတ် ရင်ထဲမှာဆို့၍ တက်လာလေသည်။ ရွှေကြုတ်ကတော့ ဦးခါနဲ့တူတူ မွေးနေ့ပွဲလေးကျင်းပဖို့ စောင့်မျှော်နေတဲ့အချိန်မှာ ဦးခါက အန်တီနဲ့ လက်ထပ်လိုက်တယ်ဆိုတဲ့ သတင်းစကားက ရွှေကြုတ်အတွက် မချိအောင် ထိခိုက်ခံစားရ၍ ရုတ်တရက် စိတ်လွတ်သွားကာ သွေးရူးသွေးတန်း အော်ဟစ်၍ ပြေးထွက်လာခဲ့သည်။

"ဦးခါ ... သိပ်ရက်စက်တယ်"

ရွှေကြုတ်က ပြောပြီးတာနဲ့ တစ်ရှိန်ထိုး ထွက်ပြေးလာကာ အနောက်က တိုက်လေးဆီကို ထွက်လာခဲ့ပြီး အခန်းထဲမှာ ခေါင်းအုံးပေါ် မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုကြွေးမိ သည်။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်တာမှန်း မပြောတတ်တော့ပေ။ စိတ်ထဲမှာ ထိထိခိုက်ခိုက်ကြီးကို ဝမ်းနည်းခံစားရ၍ ရင်ဘတ်ထဲမှာ နှလုံးသား ပါမလာတော့သလို ခံစားနေရသည်။

ဦးခါ သိပ်ရက်စက်တယ် ဦးခါရယ်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဒီကိစ္စမှာ ကို တားနေလို့ပေါ့ကွာ။ လုံးဝ မကျေနပ်ဘူး"

လှိုင်းက ခုနကကိစ္စကို တနုံ့နုံ့ဖြစ်၍ အခန်းထဲမှာ အကြီးအကျယ် ပေါက်ကွဲနေတာဖြစ်သည်။ အဲဒါ ဘာလုပ်တာလဲ။ လှိုင်းက စဉ်းစားလေ ဒေါကန်လေဖြစ်ကာ ဒေါသဖြစ်လွန်း၍ အသားတွေတောင် တဆတ်ဆတ် တုန်လေသည်။ ကိုက လှိုင်းရဲ့ ပခုံးကို ထွေးပွေ့ဖက်လိုက်ရင်းက ဖျောင်းဖျသည်။

"ဒေါသမဖြစ်ပါနဲ့တော့ လှိုင်းရယ်။ ရွှေကြုတ်က ကလေး စိတ်နဲ့ သူ မွေးနေ့မလုပ်ရတာကို ဝမ်းနည်းပြီး ပေါက်ကွဲ သွားတဲ့သဘောပါ။ ကိုတို့က လူကြီးတွေဘဲ။ သည်းခံလိုက် ပါ။ ပြီးတော့ ဒီနေ့လို နေ့မျိုးမှာ လှိုင်းက ဒေါသတွေ ထွက်နေရမှာ မ…ာတ်ဘူးလေ"

လှိုင်းက ကို့ရဲ့ဖျောင်းဖျ…ကြောင့် စိတ်ကိုမနည်းရှုံည် အောင် ဆွဲဆန့်ထား၍ သက်ပြင်းတစ်ချက်ချကာ ကို ဖက်ထားတဲ့





လက်ကို ဖြုတ်ချပစ်၍ ကိုနဲ့ မျက်နှာချင်းဆိုင် အနေအထားဖြစ် အောင် ကိုယ်ကိုစောင်းလိုက်ကာ ...

"လှိုင်း အရမ်းစိတ်ထိန်းထားရတယ်နော် ကို။ မဖြစ်သင့် ဘူး ကို။ ဘယ်လိုဘဲ ဖြေတွေး,တွေးတွေး ဘယ်လိုမှခွင့် လွှတ်လို့ မရဘူး။ သိပ်ကို ရုပ်ပျက်ဆင်းပျက်နိုင်တဲ့ အပြု အမူကို လုပ်သွားတယ် ...

ကဲ ... တားပါတော့ ကိုပြောသလိုပဲ ကလေးမို့ ပေါက်ကွဲသွားတာပဲ ထားလိုက်ပါတော့။ ဒီလိုအပြုအမူ အမူအရာမျိုး လုပ်ပြလောက်ရလောက်အောင် သူက ဘာ အဆင့်မို့လို့လဲ။ ဆိုင်ကော်လို့ ချုပေါရောက်တဲ့အဆင့်က လှိုင်းကို စော်ကားသွားတာ။ လှိုင်း ချက်ချင်းရှင်းချင်တာ။ တောက်"

လှိုင်းက ပြောနေရင်းမှ ခုနက ရွှေကြုတ်ဆိုတဲ့ ဟာမလေး လုပ်သွားတဲ့ပုံကို မျက်လုံးထဲ မြင်ယောင်ကာ စိတ်ထဲ တနုံ့နုံ့ဖြင့် ဒေါသဖြစ်ရလေသည်။ ကိုသာ မတားဘူးဆို လှိုင်း အဲဒီဟာမလေးကိုခေါ်ပြီး ပါးရိုက်မိမလားတောင် မသိပေ။ လုပ် သွားတဲ့ အပြုအမူဟာ အရမ်းကို ရုပ်ပျက်တာပဲဖြစ်၏။ ပြီးတော့ ကိုကသာ အကြောင်းပြချက်တွေပေး၍ ဖာထေးပေးနေပေမယ့် လှိုင်းက မိန်းမချင်းမို့ ဒီအထာတွေကို သိသည်။ ရွှေကြုတ်ဟာ ကို့ကို ချစ်နေတယ်ဆိုတာ လှိုင်း အတပ်သိသည်။ လှိုင်းက ရွှေ



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်အတွက် စိတ်သိပ်ပူသွားကာ ကို့ရဲ့လက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ရင်း ...

"ကို ... လှိုင်းနဲ့ အဲဒီကောင်မလေး တစ်မိုးအောက်ထဲမှာ အတူတူနေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ကို။ ရွှေကြုတ်ကို တစ်နေရာပို့လိုက်ပါ"

"အာ ... အဲဒါတော့ ဘယ်လိုဖြစ်နိုင်မလဲ လှိုင်းရယ်"

ကိုက ချက်ချင်းပင် ယတိပြတ်ငြင်းတာမို့ လှိုင်းက ပိုစိတ်တိုသွားရသည်။ ကို့မျက်နှာကို စေ့စေ့ကြည့်၍ အပြတ်ပြောပစ်လိုက်သည်။

"ကိုက ဘာကိစ္စ အဲဒီကောင်မကို မပစ်ရက်နိုင် ဖြစ်နေရတာလဲ။ သူက ကို့အတွက် ဘာတွေများ အရေးပါနေလို့လဲ"

"လှိုင်း ... ရန်မဖြစ်ချင်ဘူးကွာ။ ဒီနေ့က ကိုယ်တို့ရဲ့မင်္ဂလာနေ့။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို လှိုင်း ဘာလို့တောင်းဆိုနေရတာလဲ။ ရွှေကြုတ်မှာ အားကိုးနေထိုင်စရာဆိုလို့ ကို့အိမ်ကလွဲပြီး တခြားမရှိဘူး။ မမက သေချာအပ်ထားတဲ့ ကလေးကို ကိုယ်က ဘယ်ကိုသွားထားရမှာလဲ ...

ဒီနေ့ဖြစ်တဲ့ကိစ္စမှာ ရွှေကြုတ် လွန်တယ်ဆိုတာ ကိုယ် သိတယ်။ အေး ... ဒါပေမဲ့ ကိုယ်တို့တွေက သူ့ရဲ့အုပ်ထိန်းသူတွေလေ။ သူများတာကို ခွင့်လွှတ်ပေးရမယ် မဟုတ်ဘူးလား။ သူ့အနေနဲ့ကြည့်ရင် သူ သိပ်မျှော်လင့်





ထားတဲ့ မွေးနေ့ပွဲဟာ သူထင်သလို မဖြစ်တဲ့အတွက် sensitive ဖြစ်သွားပြီး ကလေးတစ်ယောက်လို အော်ဟစ်သွားတာကို သူနဲ့အပြိုင် ဘာလို့ ရန်ဖြစ်ရမှာလဲ။ လှိုင်းရယ် ... မင်း စိတ်လျှော့ပါကွာ"

"မလျှော့နိုင်ဘူး ကို။ အနုတ်စုတ်ဘဝက တက်လာပြီး ရွှေပင်နားတော့ ရွှေကျေးအထာနဲ့ ဒီလိုလုပ်သွားတာကို လှိုင်းက သည်းခံမယ်များ ထင်နေသလား။ ဟင်း ... ဟင်း။ နောက်ပြီးတော့ လှိုင်း တစ်ချက်တည်းနဲ့သဘောပေါက်သွားပြီ ကို။ အဲဒီကောင်မလေးက ကလေးမဟုတ်ဘူး။ မြွေပွေး။ ရှင်လည်း ဆရာကြီးပါ ကိုရယ်။ မသိတာ မဟုတ်ပါဘူး။ ရှင် မသိဟန်ဆောင်လိုက်တာပါ။ အေး ... ဒီထက်ပိုပြီး တိတိကျကျ အဓိပ္ပာယ်ဖွင့်ရရင်တော့ ရှင်သာယာနေတာ"

လှိုင်းက စိတ်သိပ်ဆိုးစွာဖြင့် ပျစ်ပျစ်နှစ်နှစ် စွပ်စွဲပြောဆိုလိုက်လျှင် "ဘာ"ဆိုတဲ့ အသံနှင့်အတူ ကိုက လှိုင်းကို မီးဝင်းဝင်းတောက် မျက်လုံးများဖြင့်ကြည့်၍ ...

"လှိုင်း ... မရိုင်းနဲ့။ မင်း တော်တော့။ မင်းရဲ့အရာရာကို သံသယနဲ့ ကြည့်တတ်တဲ့ မျက်လုံးတွေကို ဒီနေရာမှာတင် ပိတ်ပစ်လိုက်တော့။ ဒီနေ့ဖြစ်တဲ့ကိစ္စဟာ ကိုယ်တို့အနာဂတ်အတွက် အက်ကြောင်းဖြစ်အောင် လုပ်နေတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လှိုင်း ... မင်းကို လက်ထပ်ယူဖို့အတွက် ငါ့ဘက်က ရင်ဆိုင်ရမှာ တစ်ပုံကြီး။ အေး ... အဲဒါတွေကို တစ်ခုမှ ဂရုမစိုက်ဘဲ မင်းကို အဆုံးရှုံးမခံနိုင်ဘဲ ရအောင် လက်ထပ်ခဲ့တာဟာ အချစ်တစ်ခုတည်းအတွက်ပဲ လှိုင်း။ မင်း ငါ့ကို ထပ်မစော်ကားပါနဲ့။ ရွှေကြုတ် မှားတာ ငါ သိတယ်။ သူ့အမှားအတွက် မနက်ဖြန်မင်းကို သူ တောင်းပန်စေရမယ်။ အဲဒီလောက်ဆို မင်း ကျေနပ်တော့ လှိုင်း။ ဒီကိစ္စကို ထပ်မပြောနဲ့တော့"

ကိုက ကြောက်စရာကောင်းလောက်စွာ လှိုင်းကို ကြည့်၍ လက်သှိုးငေါက်ငေါက်ထိုးကာ အပြတ်ပြောလိုက်တာ ဖြစ်သည်။ ရင်ထဲမှာထပ်ပြီး ပြောချင်နေတာက ခိုးလိုးခုလုဖြစ်နေပေမယ့် လှိုင်း ထပ်ပြောလိုက်လျှင် ဖြစ်လာမယ့် အကျိုးဆက်က သိပ်အဆင်မပြေတော့ဘူးဆိုတာ သိနေတာကြောင့် အတင်းကိုမျိုချဖိသိပ်ပစ်လိုက်ရသည်။ မျက်လုံးကိုမှိတ်၍ အသက်ဝဝရှူသွင်းလိုက်ပြီး စိတ်လျှော့ချလိုက်ကာ ကို့ကို စေ့စေ့ကြည့်လိုက်ပြီး နောက်ဆုံးစကား ပြောလိုက်သည်။

"ကောင်းပြီ ကို။ ကို့မျက်နှာတစ်ခုတည်းနဲ့ လှိုင်း ဒီကိစ္စကို လျှော့ပေးလိုက်တယ်။ မနက်ဖြန်မနက် မိုးလင်းတာနဲ့ ရွှေကြုတ် တောင်းပန်တာကို လိုချင်တယ် ဒါပဲ"





လှိုင်းက အပြတ်စကားပြောပစ်လိုက်ကာ toilet ထဲ ဝင်လာခဲ့လိုက်သည်။ ဟင်း ဟင်း ... အဲဒါ လှိုင်းတို့ရဲ့မင်္ဂလာဦးညတဲ့လား။ လှိုင်းသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ရွှေကြုတ် ဆိုတဲ့ ကောင်မလေးကို သေသေချာချာ တေးမှတ်ထားလိုက်သည်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၉

ခါမိုးက မနက်စောစောထ၍ ရွှေကြုတ်ရဲ့တိုက်လေး ကို လာခဲ့လိုက်သည်။ ဥရန်တာဘက်မှာ ထိုင်၍ Bio တွေ တတွတ်တွတ် ရွတ်နေသော ရွှေကြုတ်က သူ့ကိုမြင်လျှင် အိမ်ထဲ ဝင်ပြေးမလို့ လုပ်တာကြောင့် ခါမိုးက လှမ်းတားလိုက်ရသည်။

"ရွှေကြုတ် ... နေဦး"

သူ့တားမြစ်သံကြောင့် ရွှေကြုတ်က ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ သူ့ဘက်သို့ ပြန်လှည့်လာ၍ မျက်လွှာချနေကာ ငြိမ်ပြီးရပ်နေ၏။ ခါမိုးက လေပူတစ်ချက် မှုတ်ထုတ်ကာ ချထား တဲ့ ပလတ်စတစ်ခုံလေးမှာ ထိုင်လိုက်၏။ ပြီးတော့ ငြိမ်ကုပ်နေ တဲ့ ရွှေကြုတ်ကို တစ်ချက်ကြည့်လိုက်ရင်း ...

"ထိုင်လေ"

"ဟုတ်"





ရွှေကြုတ်က သူနဲ့မျက်နှာချင်းဆိုင်ခုံမှာ ခပ်ကုပ်ကုပ် ဝင်ထိုင်လေသည်။ သူ့အပြစ်နဲ့သူမို့ ခါမိုးကို မော်တောင်မကြည့် ရဲဘဲ ခေါင်းငုံ့နေတာကြောင့် ခါမိုးက စကားစပြောလိုက်သည်။

"ရွှေကြုတ် ... မင်း ဦးခါကို ဘာမှပြောစရာ မရှိဘူးလား"

သူ့မေးခွန်းကြောင့် ရွှေကြုတ်က သူ့ကို မရဲတရဲ ကြည့်ကာ ခပ်တိုးတိုး ပြေလေသည်။

"ကြုတ် ... ကြုတ် တောင်းပန်ပါတယ် ဦးခါ"

ခါမိုးက စိတ်ပြေပြင်ပန်းစွာ လေပူတစ်ချက် မှုတ်ထုတ် ပစ်၍ မျက်နှာငယ်လေး ဖြစ်နေသော ရွှေကြုတ်ကို ငေးကြည့်မိ သည်။

"မနေ့က ဦးခါ တကယ်ကို မေ့သွားလို့ ရွှေကြုတ်ကို မုန်းမဆက်ဖြစ်လိုက်တာပါ။ ရွှေကြုတ် သိတဲ့အတိုင်းပဲလေ။ လှိုင်းနဲ့ ဦးခါကို သဘောမတူကြဘူးဆိုတာ သိသားနဲ့။ မနေ့က မြန်းစားကြီး လက်ထပ်ဖို့အကြောင်း ဖန်လာတော့ ဦးခါ အလုပ်တွေရှုပ်ပြီး ရွှေကြုတ် မွေးနေ့ကို မေ့သွားတာ"

"ကိစ္စမရှိပါဘူး ဦးခါ။ ဦးခါ ရှင်းပြဖို့ မလိုပါဘူး။ ကြုတ် က ဦးခါကို လာစေချင်ရုံပါ။ ဒါပေမဲ့ ဦးခါ အရေးကြီးနေ လို့ မလာဖြစ်တာပဲ။ ဘာမှ မဖြစ်ပါဘူး ...

ဟို ... နောက် ... နောက်ပြီး မနေ့က ကြုတ်ပြော မိတာအတွက် တောင်းပန်ပါတယ် ဦးခါ"



www.burmeseclassic.com

www.burmeseclassic.com



ခါမိုးက ပြောရမယ့်စကားလုံးအတွက် စိုးနေရတာဖြစ်သည်။ သူ့စကားအတွက် ရွှေကြုတ်ဘက်မှ တစ်စုံတစ်ခု စိတ်ထိခိုက်သွားရမှာမျိုးကိုလည်း သူ မလိုလားပေ။ သူလက်ထပ်လိုက်တဲ့ဇနီးနဲ့ ရွှေကြုတ် အဆင်ချောဖို့ရာ လောလောဆယ်မှာ ရွှေကြုတ်ဘက်က တောင်းပန်မှုရမယ့် အနေအထားမျိုး ဖြစ်နေတာကြောင့် ခါမိုးက ရွှေကြုတ်ကို တောင်းပန်ခိုင်းရမှာဖြစ်သည်။

"ဦးခါက ဘာမှမဖြစ်ဘူး။ မင်းအကြောင်းကို ဦးခါ သိနေတာပဲလေ။ ပြီးတော့ ဦးခါ ကိုယ်တိုင်ကိုက ရွှေကြုတ် မွေးနေ့ကို မေ့သွားတာကိုး။ ဦးခါတို့ချင်းက ဘာမှကိစ္စမရှိဘူးလေ။ ဒါပေမဲ့ လှိုင်းကျတော့ အခုမှ ရောက်တာလေ။ အဲဒီတော့ ဘယ်လိုပြောရမလဲ ရွှေကြုတ်ရယ်"

"ဦးခါ ဘာပြောချင်တာလဲဟင်။ ပွင့်ပွင့်လင်းလင်း ပြောပါ ဦးခါ"

သူ့ဘက်က ပြောရခက်နေတာကို ရွှေကြုတ်က လမ်းကြောင်းပေးတာမို့ အဆင်ပြေသွားစွာ သူက ပြောလိုက်တော့သည်။

"ဘယ်လိုပြောရမလဲ ရွှေကြုတ်ရယ်။ ဦးခါ အားလုံးကို အဆင်ပြေချင်တယ်။ မနေ့က ရွှေကြုတ်က မွေးနေ့အတွက် စိတ်မကောင်းဖြစ်ပြီး ပြောလိုက်တာကို ဦးခါက သဘောပေါက်တယ်။ လှိုင်းအတွက်ကျတော့ ရွှေကြုတ်နဲ့မှ သိပ်





မရင်းနှီးသေးတာလေ။ ဟုတ်တယ် မုလား။ အဲဒီတော့ ဦးခါကို ထောက်ထားသောအားဖြင့် ရွှေကြုတ်က အငယ်လည်း ဖြစ်နေတော့ လှိုင်းကို တောင်းပန်လိုက်ပါလို့ ဦးခါ မေတ္တာရပ်ခံပါတယ်"

"ရှင်"

ရွှေကြုတ်က သူ့ကို အဓိပ္ပာယ်တစ်မျိုးပါသော မျက်ဝန်းတို့ဖြင့် သူ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ သူက အဲဒီ အကြည့်ကို ဘာသာမပြန်နိုင်သေးခင်မှာပဲ ခေါင်းတစ်ချက်ညိတ်ပြလိုက်၍ လက်သင့်ခံလိုက်သည်။

"ကောင်းပါပြီ ဦးခါ။ ကြုတ် အန်တီ့ကို တောင်းပန်ပေးပါ့မယ်။ ဘယ်တော့ တောင်းပန်ပေးရမလဲဟင်"

"အခု ဘရိတ်ဖတ်စ်ဝိုင်းမှာ ပြောလိုက်လေ။ သိပ်ကြီးကြီးမားမား ပြောဖို့မလိုပါဘူး။ အခုလိုမျိုး ရွှေကြုတ် ကူညီတာကိုပဲ ဦးခါ ကျေးဇူးတင်တယ်။ မနေ့က မလုပ်လိုက်ရတဲ့ မွေးနေ့ပွဲကို ဦးခါ အစားပြန်လုပ်ပေးပါ့မယ်"

"ရတယ် ဦးခါ။ မလုပ်ပေးပါနဲ့။ ကြုတ် မွေးနေ့လည်း ပြီးသွားပြီပဲ။ လုပ်ပေးစရာ မလိုပါဘူး။ အဲဒါက မွေးနေ့ရက်မှာလုပ်တဲ့ မွေးနေ့ပွဲမှ မဟုတ်တော့တာ။ ကြုတ် ကျောင်းလွယ်အိတ်ပြင်ပြီးရင် ဘရိတ်ဖတ်စ် လာစားမှာပါ ဦးခါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က လက်မခံပါဘူးလို့ အပြတ်ငြင်းတာကြောင့် ခါမိုးက ဘာမှဆက်မပြောတော့ဘဲ ခေါင်းတစ်ချက်ညိတ်ကာ ပြန်ဖို့ထလိုက်သည်။

"အဲဒါဆို ခဏနေမှ ဆုံမယ်။ ရွှေကြုတ် ... စာမေးပွဲနီးနေပြီ။ လိုက်နိုင်ရဲ့လား"

"ကြုတ်အတွက် ဘာမှစိတ်မပူပါနဲ့ ဦးခါ။ ကြုတ် သေချာပေါက် D များများနဲ့ အောင်မှာပါ"

ခါမိုးက တစ်ချက်ပြုံးပြလိုက်ကာ ဘာမှမပြောတော့ဘဲ ထွက်လာခဲ့သည်။ သူ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်ကာ လေးတော့ လေးလံနေတာဖြစ်သည်။ ရွှေကြုတ်ရဲ့အမူအရာဟာ ဘာကြောင့် ဒီလောက် အေးစက်သွားရတာလဲ။

အညွန့်တလူလူ တက်နေတဲ့ ဒီကလေးရဲ့အနာဂတ်ကို သူ ဘယ်လိုနည်းနဲ့မှ သွေဖယ်မသွားစေချင်ပေ။

✿ ○ ✿





"မနေ့က ကြုတ် ဦးခါနဲ့ အန်တီ့ကို ရိုင်းပြသလို ဆက်ဆံမိခဲ့တာတွေအတွက် တောင်းပန်ပါတယ်။ ကြုတ်ကို ခွင့်လွှတ်ပေးပါ"

ရွှေကြုတ်က ဦးခါနဲ့ အန်တီ့ကို ဘရိတ်ဖတ်စ်ဝိုင်းမှာ တလေးတစား တောင်းပန်လိုက်တာမို့ ဦးခါကတော့ ကျေနပ်သောက်မည် ထင်ပါသည်။

"ဦးခါက ခွင့်လွှတ်ပါတယ်။ နောက် အဲဒီလို မဖြစ်စေနဲ့ ဟုတ်ပလား။ လိုင်း ... တစ်ခုခု ပြောလိုက်ဦးလေ"

"အင်းလေ ... ခွင့်လွှတ်ရတာပေါ့။ ဒါပေမဲ့ ရွှေကြုတ်အနေနဲ့ မနေ့က အဲဒီလောက် ပေါက်ကွဲမပြသင့်ဘူး။ တို့က စေတနာနဲ့ ဆုံးမတာပါ။ ကိုက မင်းအပေါ် ဒီလောက် တောင် စေတနာထားနေတဲ့သူ။ မနေ့က မင်းပြုမူတဲ့ အပြုအမူဟာ ကို့ကို စော်ကားလိုက်သလိုပဲ"

"ကြုတ်မှာ အဲဒီ ရည်ရွယ်ချက်မျိုး မရှိပါဘူး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က အဲဒီတစ်ဖက်သတ်စွပ်စွဲတဲ့ အပြောကို မခံနိုင်စွာ ဆတ်ခနဲ ပြန်ပြောမိသွားသည်။ အစကတော့ မပြောဘူး လုပ်ထားပေမယ့် အခုဟာက ဦးခါကို စော်ကားတယ်ဆိုတဲ့ စကားလုံးကြောင့် စိတ်မထိန်းနိုင်တော့ပဲ ပြောပစ်လိုက်တာဖြစ်သည်။

"ဘာ ... မင်းက တို့ကို ပြန်ပြောနေတာလား ရွှေကြုတ်"

အန်တီက ကြုတ်ကို ခပ်ဆတ်ဆတ်မျက်လုံးတို့ဖြင့် ရဲရဲတောက် ပြန်ကြည့်ကာ မေးလိုက်လျှင် ဦးခါက ကြားဝင်သူအနေဖြင့် ပွဲထိန်းလိုက်၏။

"ကဲ ... ကဲ ... တော်ကြတော့။ လှိုင်းလည်း တော်တော့။ ရွှေကြုတ် ... တော်ပြီ။ စားပြီးပြီမှလား။ ကျောင်းသွားတော့။ ကိုသာခွေ စောင့်နေပြီ"

ရွှေကြုတ် ရင်ထဲမှာ နင့်ခနဲတော့ ဖြစ်သွားရသည်။ အမှန်တော့ မနက်ခင်းစာကို ရွှေကြုတ် ထိတောင် မထိရသေးပါ။ ရွှေကြုတ်ကို ဂရုစိုက်တယ်လို့ ထင်ထားခဲ့မိပေမယ့် ဦးခါဟာ ရွှေကြုတ်ကို ဒီဝိုင်းကနေ ပြန်မြန်ထွက်သွားစေချင်တဲ့ ရည်ရွယ်ချက်ရှိမှန်း သိပ်သိသာနေတာကြောင့် ရွှေကြုတ်က ကျချင်ချင်ဖြစ်နေတဲ့ မျက်ရည်တွေကို အံကြိတ်တားမြစ်ကာ ကျောပိုးအိတ်ဆွဲ၍ ဝိုင်းမှထွက်လာခဲ့သည်။





ကားပေါ်ရောက်တော့ အရမ်းကို ငြိမ်သက်စွာလိုက်လာသည့် ရွှေကြုတ်ကို သတိထားမိသည့် ဦးသာခွေက နှစ်သိမ့်လေသည်။

"ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ ကြုတ်လေးရယ်။ ဆရာကတော်က အဲဒီလိုပဲပဲဟ။ စိတ်ရင်းကောင်းပေမယ့် အပြောအဆိုကတော့ ခပ်ပြတ်ပြတ်ပဲ။ နောက်ပြီး ဆရာကတော်နဲ့ဆရာ လက်ထပ်လိုက်တဲ့ ကိစ္စကလည်း သူတို့ရှင်းရမှာတွေကြောင့် စိတ်ရှုပ်နေလို့ ဆရာကတော် စိတ်ရှုပ်တာတွေရောပြီး ပြောလိုက်တာနေမှာပါဟာ။ စိတ်ထဲမထားပါနဲ့"

"ဟုတ်ကဲ့ပါ ဦးသာခွေ"

ရွှေကြုတ်က လူကြီးတွေ စိတ်မညစ်စေဖို့အတွက် ဟုတ်ကဲ့လို့သာ ပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ တကယ့်ကို မအီမလည် ခံစားချက်မျိုးကြီးကို ခံစားနေရတာမျိုးပဲ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဘာမကျေနပ်လို့ မကျေနပ်မှန်းမသိ ဖြစ်နေရတဲ့ ဘဝက တော်တော်ဆိုးသည်။ စိတ်မှာ အနာဖြစ်သွားသလိုမျိုး တဆစ်ဆစ် ခံစားနေရတာမျိုး ဖြစ်နေတာဖြစ်၏။

"အိမ်း ... ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ ဆရာ အိမ်ထောင်ပြုလိုက်ပြီ ဆိုတဲ့အခါကျတော့ ဆရာနဲ့ ပတ်သက်ပြီးတော့ ဆရာကတော်ကို ဦးသာခွေတို့က မှားမှားမှန်မှန် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သမျှ သည်းခံပြီး ဆရာကတော် ကျေနပ်အောင် နေပေးရမယ့်တာဝန် ရှိတယ်လေ။ ဆရာ့မျက်နှာက ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးသာခွေ။ ကြုတ်လည်း အဲဒီလိုမျိုးပဲ ခံယူထားပါတယ်။ ဒါပေမဲ့ အန်တီက ကြုတ်ကို မနှစ်မြို့သလိုပဲနော်"

"ဩော် ... အဲဒီလိုတော့ ဟုတ်မယ် မထင်ပါဘူးကွယ်။ မမကြီးက မွေးစားထားတဲ့ကလေး ဖြစ်နေတဲ့ ရွှေကြုတ်ကို သူ့စိတ်ထဲမှာ နိုးလိုးခုလု ဖြစ်နေတာ နေမှာပါ။ စိတ်ထဲ မထားပါနဲ့။ သမီးဦးခါ မျက်နှာကလည်း ရှိသေးတယ် မှလား"

ရွှေကြုတ်က ခေါင်းသာ တစ်ချက်ညိတ်ပြလိုက်ပြီး ဘာမှ ဆိုး၏ ကောင်း၏ ဝေဖန်မနေတော့ချေ။ ဘဝမှာ ဒုပေဒါပေခံခဲ့ရတာဟာ ဒီတစ်ကြိမ်မှ ထူးပြီးခံနေရတာမျိုးမဟုတ်။ အရင်ကတည်းက နာကျင်တတ်ခဲ့တဲ့ စိတ်နှလုံးဟာ ဒီတစ်ကြိမ်မှာတော့ ဘာကြောင့်မှန်းမသိ တစ်ဆို့ဆို့ကြီး ခံစားနေတာက တော်တော်လေး ဆိုးဝါးလှပေသည်။





## ၁၀

"ဘယ်လိုဖြစ်ကြတာလဲ။ မင်းက ငါ့ကို အစ်မတစ်ယောက် အဖြစ်တောင် စိတ်ထဲမထားတော့တာလား။ ဟုတ်လား ... ခါမိုးညို"

ခါမိုးက မမ ပြောသမျှကို ခေါင်းငုံ့ပြီးသာ နားထောင်နေလိုက်သည်။ မမ ပြန်လာလိမ့်မယ်လို့ သူ တွက်မထားမိတာကြောင့် ဆပ်ပရိုက်စ်ကြီးကြီး ရသွားတာမျိုးလည်း ဖြစ်နိုင်ပေသည်။ မမဟာ သူ့ရဲ့လက်ထပ်လိုက်ခြင်းအတွက် ဘယ်လောက်တောင်များ စိတ်ဆိုးနေသလဲဆို ပြန်လာမယ် ဆိုတာလည်း အကြောင်းမကြားခဲ့သလို ရောက်ချလာတော့လည်း သူ့ရဲ့ကုမ္ပဏီကို ရောက်ချလာတာဖြစ်သည်။ မမ ပြန်ရောက်လာသည့်အတွက် သူ့မှာ မမ ပြောသမျှ စကားလုံးတွေ နားထောင်ပေးတာကလွဲ၍ ဘာမှ မဖြေရှင်းနိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တောင်းပန်ပါတယ် မမရယ်"

"ငါ့ကို လာတောင်းပန်မနေနဲ့။ နင့်ကို ငါ အကြိမ်ကြိမ် အခါခါ ပြောတယ်။ ငါ အဲဒီမိန်းကလေးနဲ့ မင်းကိုသဘော မတူဘူးလို့ ပြောခဲ့တာလည်း အာပေါက်မတတ်ဘဲ။ ပြီးတော့ မင်းက လုပ်ချင်တာကို လုပ်ချပစ်လိုက်တာ။ ခါမိုးညို ... မင်းကိုယ်မင်း သိပ်ဟုတ်လှပြီ ထင်နေလား"

မမက သူ့ကို စိတ်ဆိုးမာန်ဆိုးဖြင့် ပြောနေတာမို့ ခါမိုးက လေပူတစ်ချက် မှုတ်ကာ စိတ်ကိုပြေလျှော့လိုက်ရင်းက မှ မမကို စိတ်ပြေစေဖို့ ပြေရာပြေကြောင်း ပြောရတော့သည်။

"ကဲပါ မမရယ်။ စိတ်လေးကို နည်းနည်းလောက်လျှော့ ပြီး ကျွန်တော် ပြောတာကို ခဏလေး နားထောင်ပါ။ ကျွန်တော်တို့က အခု နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြပြီ။ အဲဒါဟာ ဘယ်လိုမှ ပြင်လို့မရတဲ့ အမှန်တရား ဖြစ်နေပြီ မမ။ အဓိက,က ကျွန်တော်က ကာယကံရှင်လေ။ ကာယကံရှင်ချင်း အဆင်ပြေဖို့က အရေးကြီးဆုံးပဲမဟုတ်လား။ ကျေးဇူးပြုပြီး လက်သင့်ခံပေးလိုက် ပါ။ အဲဒါ အကောင်းဆုံးဖြစ်မယ့် နည်းလမ်းပဲ"

မမက သူ့စကားကြောင့် အားမတန်လို့ မာန်လျှော့ ဟန်ဖြင့် တော်တော်ကလေး စိတ်လျှော့လိုက်ဟန်ရသည်။ မျက်နှာ ထား ခပ်တင်းတင်းနဲ့ပင် ခေါင်းတစ်ချက်ညိတ်၍ ...





"နင် လုပ်ချင်ရာ လုပ်ပြီးတော့မှ ငါက မကျေနပ်တာကို ပြောခွင့်ရတဲ့သူပါ။ အေး ... တစ်ခုတော့ ပြောလိုက်မယ် ခါမိုးညို။ မင်း ရွေးချယ်တဲ့လမ်းဟာ လမ်းမှားတစ်ခုဆိုတာ မင်း သိလာတဲ့တစ်နေ့ ငါ့စကားတွေ မှန်တယ်ဆိုတာ မင်း လက်ခံရလိမ့်မယ်"

ခါမိုးက ပြီးပြီးရော သဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ မမရယ်။ ကဲ ... အဲဒါတွေ ထားတော့။ မမ လည်း ခရီးရောက်မဆိုင် နားချင်ရောပေါ့၊ ကျွန်တော် အိမ်ပြန်လိုက်ပို့ပေးမယ်"

"မလိုပါဘူး။ ငါ့ဘာသာ ဟိုတယ်မှာ တည်းမယ်။ ငါ ဒီကိုလာတဲ့ အဓိကအကြောင်းရင်းက- မင်းကိစ္စ အပြင် သမီးရွှေကြုတ်ကိစ္စလည်း ပါသေးတယ်"

မမက ဟိုတယ်မှာ တည်းမယ်ဆိုတာ တမင်တကာ အငေါ်တူးနေတာမှန်း သူသိနေတာကြောင့် ခါမိုးကပဲ မမကို တောင်းပန်ရတော့သည်။

"မမကလည်း အဓိပ္ပာယ်မရှိတာ။ မမက ဘာဖြစ်လို့ ဟိုတယ်မှာ တည်းရမှာလဲ။ ကျွန်တော်ကပဲ တောင်းပန် တယ်နော်။ အိမ်မှာပဲနေပါ မမရယ်။ ရွှေကြုတ်သာ မမ ပြန်လာတာသိရင် သူ သိပ်ပျော်သွားမှာ။ သူ့စာမေးပွဲဖြေ နေတဲ့အချိန် မမ ရှိနေတော့ သူ ပိုအားရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီလောက်အထိတော့ အချိန်မရဘူးဟဲ့။ နင့်ကိစ္စကြောင့် ငါ ဟိုမှာ အလုပ်တွေ ပစ်ထားခဲ့ရတာ။ ဒါနဲ့ ရွှေကြုတ်လေးနဲ့ လှိုင်းထွဋ်ခေါင်ကော အဆင်ပြေလား။ ဘာပဲဖြစ်ဖြစ် မင်းက အခု အိမ်ထောင်ပြုလိုက်ပြီဆိုတော့ ငါ့ဘက်ကလည်း မင်းကို တာဝန်ယူနိုင်းရတာ အားနာတယ်လေ"

"ပြဿနာမရှိပါဘူး မမရာ။ အဲဒီကိစ္စက ပြောစရာကိုမလိုဘူး။ ရွှေကြုတ်နဲ့ လှိုင်းကြားမှာလည်း ဘာပြဿနာမှရှိတာ မဟုတ်ဘူး။ ကဲပါ ... အဲဒါတွေ ပြောမနေနဲ့တော့။ မမလည်း ခရီးပန်းတာနဲ့ ကျွန်တော့်ကို ဒေါသဖြစ်တာတွေ ရောပြီး စိတ်ကောလူကော ပင်ပန်းနေပြီ။ အနားယူမှဖြစ်မယ်။ လာပါ ... ကျွန်တော်တို့ အိမ်ပြန်ရအောင်"

ခါမိုးက ပြောပြောဆိုဆိုပင် မမရဲ့လက်ဂေ့ချ်ကို ဆွဲချလာကာ ထွက်လာခဲ့လျှင် မမလည်း အနောက်က လိုက်လာရတော့သည်။ သူက ပစ္စည်းတွေ ကားပေါ်တင်ကာ မမကိုပါ ကားပေါ်ထိုင်စေပြီးမှ ကုမ္ပဏီကကိစ္စလေးတွေ သွားမှာလိုက်ဦးမယ် အကြောင်းပြကာ ရုံးခန်းထဲ တစ်ခေါက်ပြန်ဝင်လာခဲ့သည်။ သူ ဝင်လာရတဲ့ အကြောင်းကတော့ ကုမ္ပဏီကိစ္စ မှာဖို့မဟုတ်။ မမ ပြန်ရောက်ပြီဆိုတဲ့ ကိစ္စကို လှိုင်းကို အသိပေးဖို့ ဖုန်းဆက်ရတာပဲဖြစ်သည်။ လှိုင်းကလည်း ဒီအချိန်ဆို အလုပ်ထဲမှာမို့ သူ





က ဖုန်းမကိုင်မှာ စိုးရိမ်နေတာကြောင့် ဖုန်းကိုင်ပါစေလို့ပဲ ဆုတောင်းနေရတာဖြစ်သည်။

"ဟယ်လို ... ကို ... ပြော"

လှိုင်းရဲ့အသံကြားတော့မှ ဆုတောင်းပြည့်ဝစွာ ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ပြီးမှ ကိစ္စကို လိုတိုရှင်း ပြောရလေသည်။

"အရေးကြီးလို့ လှိုင်းရေ။ လှိုင်း အလုပ်မှာလား"

"အင်း ... Tea time နားနေတာ၊ ဘာကိစ္စလဲ ကို"

"လှိုင်း ... မမ ပြန်ရောက်လာပြီ။ အဲဒါ ကိုယ်တို့အိမ်မှာပဲ နေမှာ။ လှိုင်း ပြန်လာရင် မမနဲ့ အလိုက်အထိုက် အဆင်ပြေအောင် နေပေးပါလို့ ကိုယ် ကြိုပြောထားတာပါ"

သူက request လုပ်တဲ့အပေါ်မှာ လှိုင်းဆီက ဘာမှ တုံ့ပြန်မှု မလာသေးဘဲ တစ်ခဏ နှုတ်ဆိတ်နေပြီးတော့မှ စကားသံ ထွက်လာ၏။

"လှိုင်းတို့ကိစ္စကို ဘာပြောသေးလဲ ကို"

"နည်းနည်းပါးပါးတော့ ပြောတာပေါ့ကွာ။ ဒါပေမဲ့ ကိုယ်တို့က လက်ထပ်ပြီးပြီပဲ။ ဘာမှ ကိစ္စမရှိတော့ပါဘူး။ အဲဒါ အရေးကြီးကိစ္စ မဟုတ်တော့ပါဘူး လှိုင်းရယ်။ ကိုယ် request လုပ်ချင်တာက လှိုင်း မမနဲ့ အဆင်ပြေအောင် အလိုက်အထိုက်လေး ဆက်ဆံပေးပါလို့ နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိစ္စမရှိပါဘူး။ သူက အနောက်တိုက်မှာနေမှာဆိုတော့ ခရီးသွားဟန်လွှဲ တွေ့တဲ့သဘောလောက်ပါပဲ။ ဖြစ်ပါတယ်"

ဟမ်။ လှိုင်းစကားကြောင့် သူက အံ့အားသင့်သွားရသည်။

လှိုင်း ဘယ်လိုပြောလိုက်တာပါလိမ့်။

"ဟာ ... လှိုင်းကလည်း မမက အနောက်တိုက်မှာ နေမှာမဟုတ်ဘူးလေ။ အိမ်ထဲမှာ သူ့အခန်းရှိပြီးသားပဲဟာ"

"ကိုကလည်း သူ့သမီးနဲ့အတူ နေမှာပေါ့။ လှိုင်းက ရောရောထွေးထွေး နေရတာ မကြိုက်ဘူး ကို"

တောက် ... လှိုင်းတစ်ယောက်ကတော့ မမ ဆိုတာနဲ့ပဲ အရစ်က တက်လာပြီ။ ခါမိုးက ချိုသည် ခါးသည် မှားသည် မှန်သည် ပြောမနေတော့ဘဲ စကားစ အမြန်ဖြတ်လိုက်ရတော့သည်။

"ကဲ ... ကဲ ... လှိုင်း။ အဲဒါနောက်မှပြောရအောင်။ အခု မမစောင့်နေပြီ။ ကိုယ် အိမ်တန်းပြန်တော့မယ်။ ဒါပဲနော် လှိုင်း။ ညနေ စောစော ပြန်လာခဲ့နော်"

ခါမိုးက ပြောပြီး ဖုန်းချကာ တစ်ခါတည်း ဖုန်းကို silent လုပ်လိုက်တော့သည်။ သိတဲ့အတိုင်း။ လှိုင်းက ပြန်ခေါ်ကာ စကားအခြေအတင် ပြောနေရဲလျှင် မမရှေ့မှာဆိုတော့ ဘယ်လိုမှ





အဆင်ပြေမှာ မဟုတ်ချေ။ ခါမိုးက ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ကာ ကားဆီ မြန်မြန်ပြန်ထွက်လာခဲ့တော့သည်။

"ကြာလိုက်တာဟယ်။ ဘာတွေလုပ်နေလို့လဲ"

မမက စိတ်မရှည်တဲ့လေသံဖြင့် ဆီးပြောလျှင် ခါမိုးက ကားပေါ်တက် စက်နှိုးမောင်းထွက်ရင်းကမှ ပြောရသည်။

"အလုပ်လေးတွေ လက်စမပြတ်မှာစိုးလို့ သေချာမှာနေရတာပါ မမရယ်။ ဒေါ်ကြီးပိုတို့ မခင်မူတို့ မမကိုမြင်ရင် အရမ်းကို အံ့သြသွားကြမှာပဲ။ သူတို့က မမကို သတိတွေ ရနေတာ။ ဟော ... နောက်ပြီး ထပ်အံ့သြမယ့်သူက ရွှေကြုတ်ဖျား။ သူ့ကျောင်းက ပြန်ရောက်ရင် ဘယ်လောက်တောင် ဝမ်းသာလိုက်မလဲ မသိဘူး"

ခါမိုးက မမ အာရုံပြောင်းစေမယ့် စကားတွေကိုပဲ တမင်လွှဲပြောနေရတာဖြစ်သည်။ မမကလည်း အခုမှ ပြန်လာခါစဆိုတော့ သိပ်တော့ မပြောသေးပေ။

ခါမိုးက ကားထဲမှာ air con ဖွင့်ထားပေမယ့်လည်း ချွေးစေးက ပြန်လေသည်။ လှိုင်း ပြန်လာရင် မမနဲ့ဘာတွေဖြစ်မလဲ တွေးမိကာ ထုံးစံအတိုင်း ထပူန်းကုန်ကြရင်။ သူဟာတွေးရင်းနဲ့တင် ရင်က တုန်လာပြီဖြစ်သည်။ သူ့ခေါ်မှာလည်း မမကို ဘယ်လောက်တောင် ကြောက်နေရသလဲဆို မမ ဒီတစ်ခါ ပြန်လာတာ ခွင့်နဲ့လား၊ ရက်ကြာကြာ နေမှာလား ဆိုပြီးတွေး



www.burmeseclassic.com

www.burmeseclassic.com



တောင် မမေးရဲပေ။ တော်ကြာ ... သူက သဘောရိုး သမစဉ် အတိုင်းမေးတဲ့ မေးခွန်းကို မမက အဓိပ္ပာယ်လွဲ၍ နင်က ငါ့ကို ဘယ်တော့ပြန်မှာလဲ မေးနေတာလားဆိုပြီး ကွိုင်ရှာမှ တစ်ခါ ထပ်ရှင်းနေရဦးမှာမို့ ခါမိုးက သိချင်စိတ်ဖြင့် မေးချင်နေတဲ့ မေးခွန်းကြီးကို ဂလုခနဲသာ မျိုချပစ်လိုက်ရသည်။

❁ ○ ❁





ဖြစ်နိုင်ရင် ဒီဆယ်တန်းစာမေးပွဲကြီးကို မြန်မြန်လေး ပြီးချင်နေပြီဖြစ်သည်။ နေ့စဉ် စက်ရုပ်တစ်ရုပ်လို ဖြတ်သန်းနေရတဲ့ အချိန်ကာလမျိုးမှာ နေထိုင်နေရတဲ့ မိသားစုကလည်း နွေးထွေးမှု မရှိတာကြောင့် အခုတလောမှ နေရတာကတော့ တကယ်ကို မပျော်ပိုက်တဲ့အပြင် ကျဉ်းကျပ်မှုတောင် ဖြစ်ရသည်။ ဒီနေ့ ညနေလည်း ဦးသာခွေ လာကြိုတော့ ရွှေကြုတ်က မှိုင်တိမှိုင်တိုင်ဖြင့်ပင် အိမ်ရောက်လာတာဖြစ်သည်။ ဒါပေမဲ့ ဒီကနေ့တော့ နည်းနည်းထူးခြားနေတယ် ပြောရမည်။ ခြံထဲကို ဝင်လာလာချင်း ဦးခါကားကို တွေ့ရတာမို့ ရွှေကြုတ်က အထူးအဆန်း ဖြစ်နေတာမို့ ဦးသာခွေကို မေးရသည်။

"ဦးသာခွေကြီး ... ဒီနေ့ ဦးခါ ပြန်လာတာ စောလှချည်လား။ ဘာဖြစ်လို့လဲ"

"ဟေ ... ငါလည်း မသိဘူးဟ။ ငါ နေ့ခင်းကတည်းက ကားပလပ်သွားလဲနေတာ အိမ်မှာ မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ဘာမှဆက်မပြောတော့ဘဲ ငြိမ်လိုက်စဉ်မှာ ပိုအံ့အားသင့်စရာက ထပ်တွေ့ရလေသည်။ ပေါ်တီကိုအောက်မှာ အပြုံးမျက်နှာတစ်ခုဖြင့် ရွှေကြုတ်ကို ဆီးကြိုစောင့်မျှော်နေကာ ကားရပ်လိုက်တာနှင့် ရွှေကြုတ် ကားတံခါးကိုဖွင့်၍ ...

"ဟိုင်း ... ရွှေကြုတ်လေး ကျောင်းက ပြန်လာတာကို ဦးခါက မျှော်နေတာ ... လာ"

ဦးခါက ပျော်ရွှင်တက်ကြွစွာဖြင့် ရွှေကြုတ်ကိုပြောကာ သူ့လက်တစ်ဖက်ကို ကမ်းပေးလိုက်လျှင် ရွှေကြုတ်က တအံ့တသြ ပို၍ဖြစ်ရလေသည်။ ဦးခါရဲ့ ဖြူနုသွယ်လျနေသောလက်ချောင်းလေးတွေကို ငေးကြည့်၍ ရွှေကြုတ်ဟာ ဦးခါလက်ဖဝါးထဲသို့ ရွှေကြုတ် လက်တစ်ဖက် ထည့်ပေးလိုက်လျှင် ဦးခါက ရွှေကြုတ် လက်တွေကို တစ်ဖန်ပြန်လည်ထွေးဆုပ်၍ ရွှေကြုတ်ကို ကားပေါ်မှ ဆင်းစေကာ အိမ်ထဲခေါ်သွား၏။ ရွှေကြုတ်က အထူးအဆန်းတွေ ဖြစ်နေတာကြောင့် ဦးခါ ရွှေကြုတ်ကို အပေါ်ထပ် ခေါ်သွားစဉ် ရွှေကြုတ်က ဖွင့်မေးမိသွားသည်။

"ဦးခါ ... ဘာ ... ဘာလုပ်မလို့လဲဟင်"

ဦးခါက အပြုံးတစ်ခုဖြင့် ပြန်လည်တုံ့ပြန်ကာ ...

"ရောက်တော့ တွေ့မှာပေါ့၊ လာစမ်းပါ"





ရွှေကြုတ်ဟာ ဦးခါလက်ကိုတွဲ၍ အပေါ်ထပ်ကိုတက်လာခဲ့လျှင် တိမ်တွေဆီ ရောက်နေသလို ခံစားရသည်။ လက်ဆိုတာ လူတစ်ဦးနှင့်တစ်ဦးကို အနီးဆုံးနေရာကို ရောက်သွားသလို ခံစားမှုမျိုးကို ပို့ပေးသော အစိတ်အပိုင်းတစ်ခုလို့ ရွှေကြုတ်ကတော့ ဒီနေရာမှာ သတ်မှတ်ချင်သည်။ ရွှေကြုတ်ရဲ့စိတ်တွေကို ဦးခါနဲ့ အနီးဆုံးနေရာကို ပို့ပေးလိုက်သလိုမျိုး ခံစားရလေသည်။

"ရွှေကြုတ် ... ဘယ်သူလဲ ကြည့်လိုက်ပါဦး"

လှေကားထစ် နောက်ဆုံးအဆင့်မှ ဦးခါက အရှေ့ကို လက်ညှိုးညွှန်ပြ၍ ကြည့်မိလျှင် လုံးဝကို ထင်မှတ်မထားမိတဲ့ တီမိုးကို တကယ်ကြီး မြင်လိုက်ရတာမို့ ရွှေကြုတ်သည် အရမ်းကို ပျော်ရွှင်သွား၍ တီမိုးဆီ အပြေးသွား၍ တအားကြီးပွေ့ဖက်ပစ်လိုက်သည်။

"တီမိုး"

တီမိုးကလည်း ပြန်လည်ပွေ့ဖက်ကာ ရွှေကြုတ်ကျောပြင်လေးကို အသာပွတ်သပ်ပေးရင်း ...

"ကြည့်စမ်းပါဦး။ ငါ့သမီးလေးက ထွားလာလိုက်တာ။ အရပ်ကြီးကလည်း အမြင့်ကြီးပဲ။ မှန်း ... တီမိုး ကြုတ်ကလေး မျက်နှာကို သေချာကြည့်ပါရစေဦး"

တီမိုးက ဖက်ထားရာမှလွှချင်းခွာလိုက်ကာ ရွှေကြုတ်မျက်နှာကို မော့ပင့်ကြည့်၍ ချစ်စနိုး နမ်းမွှေးလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြုတ်လေးက အရမ်းကို ချောလာတာပဲ"

"တီမိုး ... တီမိုး ဘယ်တုန်းက ပြန်ရောက်တာလဲဟင်။ ကြုတ်ကိုတောင် အကြောင်းမကြားဘူး"

"ဟား ဟား ... အကြောင်းမကြားဘူးဆိုတာ ဟောဒီက ကြုတ်ကလေးကို အခုလို အံ့သြဝမ်းသာသွားစေချင်လို့ပေါ့ လို့။ ကဲ ... လာပါဦး။ ထိုင်ပါဦး။ ကြုတ်ကလေးနဲ့ ဒီ တစ်ညလုံး မအိပ်ဘဲနဲ့ကို စကားတွေ ပြောမယ်"

"တီမိုး ... တီမိုး အပြီးပြန်လာတာလားဟင်"

ရွှေကြုတ်ရဲ့ အမောတကော အမေးကို တီမိုးက အသာပြုံးလိုက်ရင်း ရွှေကြုတ်ဆံပင်လေးတွေကို သပ်တင်ပေးရင်းက ဖြေ၏။

"ဒီကို တီမိုးက ခဏပြန်လာတာ သမီးရဲ့။ အင်း ... ရွှေကြုတ်လေး D များများထွက်အောင် ဖြေနိုင်ဖို့ တီမိုးက လာအားပေးတာပေါ့"

ရွှေကြုတ် ရင်ထဲမှာ လှစ်ခဲ ပျော်ရွှင်ဝမ်းမြောက်သွားသည်။ တီမိုးသာ ဘေးနားမှာ ရှိနေမယ်ဆို ရွှေကြုတ်ကို ပိုအားတက်စေမှာပဲဖြစ်သည်။ တီမိုးဟာ ရွှေကြုတ်အမေပြီးရင် ရွှေကြုတ်အပေါ်ကို အကောင်းဆုံး အချစ်နိုင်ဆုံးသော ဒုတိယအမေ ဖြစ်သည်။

"ဝမ်းသာလိုက်တာ တီမိုးရယ်။ အဲဒါဆို တီမိုးက ကြုတ် စာမေးပွဲဖြေတဲ့အထိ နေမှာပေါ့နော်"





"အင်း ... တီမိုးလည်း နေချင်တာပေါ့။ ဒါပေမဲ့ အဲဒီနေ့ ထက်တော့ နည်းနည်းစောပြန်ရမယ် ထင်တယ်။ ကဲပါ အဲဒါတွေ ထားစမ်းပါဦး။ ညည်းကလေး birthday အတွက် တီမိုး လက်ဆောင်တွေ ဝယ်လာတယ်။ ငါ့သမီး လေးအတွက် တကယ့်ရှယ်မှ ရှယ်တွေချည်းပဲနော်"

"ဟား ... မမတို့ကတော့ မျက်နှာလိုက်တယ်ဟော့၊ ကျွန်တော့် အတွက်ကျတော့ ဘာမှမပါဘူး။ သူ့သမီးအတွက်ကျတော့ တကူးတကကို ဝယ်လာပေးနေတယ်။ မမိုက်ပါဘူးဗျာ"

ဦးခါက အရွှန်းဖောက်သလိုလေး ပြောလိုက်တော့ တီမိုးက ဦးခါကို မျက်စောင်းတစ်ချက် လှမ်းထိုးကာ ...

"မပေးနိုင်ပါဘူး။ နင့်အတွက်ကိုတော့လေ ခုဆို တစ်စက် ကလေးမှကို စေတနာမရှိတာ။ ကဲ ... ကဲ ... နင့်တာဝန် ပြီးပြီလေ။ ဘာလုပ်နေတာလဲ။ မင်းအလုပ်က ဒီနေ့ တို့ မိသားစုစုံညီ ထမင်းဝိုင်းကို နင့်မိန်းမ အမီရောက်ဖို့ခေါ် ရမှာ"

"အမယ်လေး ... ခဏနေဆိုရင်ပဲ လှိုင်းက ရောက်တော့ မှာ။ အဲဒီတော့မှ မမနဲ့ ရွှေယောက်မလေးနဲ့ မမကို မိတ် ဆက်ပေးမယ်။ သားအမိနှစ်ယောက် အလွမ်းသယ်ကြဦး။ ဟိတ် ... ရွှေကြုတ်၊ ညည်း ငါ့အကြောင်းတွေမတိုင်နဲ့ နော်။ ဆေးထိုးလို့ကတော့ တွေ့မယ်မှတ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးခါက နောက်သလိုလေး ပြောသွားကာ အောက်ထပ်ကို ပြန်ဆင်းသွား၏။ တီမိုးက ဦးခါ ဆင်းသွားတော့မှ ရွှေကြုတ်ကို ဂရုတစိုက်ကြည့်ကာ ...

"ဒီမှာနေရတာ အစစ အဆင်ကောပြေရဲ့လား ကြုတ်လေး... ဟင်"

တီမိုးမေးတဲ့ မေးခွန်းက အခုတလော ဖြစ်နေတဲ့ ဂယက်ကို မူတည်နေတယ်ဆိုတာ သိသာတာကြောင့် ရွှေကြုတ်က ခပ်လေးလေးပင် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဟုတ် ... အဆင်မှပြေပါတယ် တီမိုး"

"အေးကွယ် ... တီမိုးလည်း ဒီကို ဒေါသတကြီးနဲ့ ပြန်လာရတာလေ။ ညည်း ဦးခါက တကယ့်ဖွတ်လေ။ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်သွားတာမျိုး"

တီမိုးက ဦးခါ အန်တီ့ကို လက်ထပ်လိုက်ခြင်းအပေါ် ဘယ်လိုမှ အခဲမကြေနိုင်ဘူးဆိုတာ သိနေတာမို့ ရွှေကြုတ်က အာရုံပြောင်းတဲ့အနေဖြင့် တီမိုးရဲ့လက်မောင်းကို တွဲကိုင်ကာ နွဲ့မီရင်း ...

"ကဲပါ ... တီမိုးရယ်။ စိတ်တွေရှုပ်မနေပါနဲ့တော့။ ကြုတ်တစ်ယောက်လုံး ရှိနေတာပဲဟာ။ တီမိုး ဒီပြန်ရောက်တုန်းလေး ကြုတ် တီမိုးကို ပြုစုမယ်"





တီမိုးက ရွှေကြုတ်စကားကြောင့် သဘောတကျရယ်မောကာ ခေါင်းညိတ်ပြ၍ ...

"ဟုတ်ပါပြီတော်။ ငါ့ရဲ့ကြုတ်ကလေးပဲ ကောင်းတယ်။ ကဲ ... ငါ့သမီးလေး ကျောင်းက မောမောပန်းပန်းနဲ့ပြန်လာတာ။ ရေမိုးချိုးပြီးရင် တို့မိသားစု လက်ဆုံထမင်းစားမယ်။ ဟုတ်ပလား"

ရွှေကြုတ်က အပြုံးဖြင့် ခေါင်းဆတ်ပြလိုက်သည်။ အခုချိန်ဟာ သိပ်ကို စိတ်ချမ်းသာဖို့ ကောင်းလှပါသည်။ တီမိုး ပြန်ရောက်လာတာဟာ ရွှေကြုတ် အနားမှာ မေမေ ပြန်ရောက်လာသလိုမျိုးကို ခံစားရပေသည်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

"တီ ... တီ ... တီ"

ကားဟွန်းသံကြောင့် ခါမိုးက ခါးမှာချိတ်ထားတဲ့ ခြံသော့ကို ဖြုတ်လိုက်ကာ ခြံတံခါးဆီသွား၍ သော့ဖွင့်ကာ တံခါးဖွင့်ပေးလိုက်သည်။ လှိုင်းရဲ့ Alphard အဖြူကြီးက တစ်လိမ့်ချင်း မောင်းဝင်လာကာ ဂိုဒေါင်ထဲမှာ ရပ်လိုက်၏။ ခါမိုးက ခြံတံခါးသော့ ပြန်ပိတ်ပြီးနောက် ကားပေါ်ကဆင်းလာတဲ့ လှိုင်းဆီကိုသွားကာ ခါးထောက်၍ ဘုကြည့်ကြည့်ကာ မေးလိုက်သည်။

"မင်း ပြန်လာတာ ဘယ်အချိန်ရှိနေပြီလဲ လှိုင်း"

"ဆယ်နာရီလေ။ ကိုကို message ပို့ထားသားပဲ။ ဒီနေ့ လှိုင်းရဲ့ဖိုင်သည်တွေကို ဒင်နာလိုက်ကျွေးနေရလို့လေ"

လှိုင်းရဲ့အပြောဟာ ဘာမှအပြစ်မရှိတဲ့ ပုံစံမျိုးဖြစ်နေတာမို့ ခါမိုးက ဒေါသထွက်သွားရသည်။





"မင်းကို ငါ နေ့ခင်းကတည်းက ညနေ အိမ်စောစောပြန်လာပါလို့ ကြိုဖုန်းဆက်ထားရက်နဲ့ လှိုင်းရာ။ အခု မင်းပြန်လာတဲ့ အချိန်ကိုလည်းကြည့်ဦး။ ကိုယ်တို့က မင်းကို ပြန်လာမယ်ထင်ပြီး ထမင်းစားစောင့်နေတာ။ ကိုယ့်ဖုန်းကို ပြန်ကြည့်မိလိုက်ပေလို့ပဲ။ ပြန်တာ နောက်ကျမယ်ဆိုလည်း ဖုန်းတော့ ဆက်သင့်တယ် လှိုင်း"

"ကို ... လှိုင်းဖုန်းကို ခေါ်ကြည့်တယ်မှလား။ စက်ပိတ်ထားတယ်လို့ ပြောတာ မကြားဘူးလား။ လှိုင်းဖုန်း ဘက်ထရီမရှိတော့လို့ message ရိုက်လိုက်တာ။ နောက်ပြီး တကယ့်ကို ဖျက်လို့မရတဲ့ ဒင်နာဖြစ်နေလို့။ ကို့မျက်နှာက ဘာကြောင့် အဲဒီလောက် ရှစ်ခေါက်ချိုး ဖြစ်နေရတာလဲ"

ကျစ် ... အာကွာ။ လှိုင်းက သူ့ကိုပဲ တစ်ပြန်စီးပြန်ရန်တွေ့နေတာမို့ ခါမိုးက ပိုဒေါကန်သွားရသည်။ ဒါပေမဲ့ သူပဲ စိတ်ကိုလျှော့ချလိုက်ရသည်။ မမလည်း ရောက်နေတာမို့ ပြဿနာတွေ အရှည် အရှည် ဖြစ်ကုန်မှာကို သူ စိုးရိမ်သည်။ ညဒင်နာတုန်းကလည်း မမ တော်တော်တင်းသွားတယ်ဆိုတာ သူသိသည်။ သူလည်း လှိုင်းနဲ့မမရဲ့ကြားမှာ ဒုက္ခကြီးကြီး ရောက်နေရတာဖြစ်သည်။ ခါမိုးက စိတ်ကို လုံးဝလျှော့ချလိုက်တဲ့ဟန်ဖြင့် ဟူးခနဲ လေပူမှုတ်ထုတ်ကာ ...

"ကဲ ... တော်ပြီကွာ။ အိမထဲဝင်မယ် ... လာ"



www.burmeseclassic.com

www.burmeseclassic.com



သူက လှိုင်းရဲ့လက်ကိုဆွဲကာ အိမ်ထဲဝင်လာခဲ့သည်။ မမကလည်း အခုလောက်ဆို သူ့အခန်းထဲမှာပဲ ရှိနေမှာမို့ သိပ်တော့ ပြဿနာမရှိပေ။ ခါမိုးက လှိုင်းကိုလက်တွဲ၍ အိမ်ထဲအဝင်မှာပင် ဧည့်ခန်းက ဆီးကြိုစောင့်နေသူက မမပဲဖြစ်၏။

"ခါမိုး ... ဒီဘက်လာပါဦး။ လှိုင်းထွင့်ခေါင်းပါ ခေါ်လာခဲ့"

လှိုင်းက သူ့မျက်နှာကို ဆတ်ခနဲ ကြည့်သည်။ ခါမိုးက နားလည်ပေးပါဆိုတဲ့ သဘောဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ လှိုင်းကိုပါ ဧည့်ခန်းထဲ ခေါ်လာခဲ့သည်။

"မမ မအိပ်သေးဘူးလား။ ကျွန်တော်က မမ အိပ်နေပြီတောင် ထင်နေတာ"

မမက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း လှိုင်းကို အသာကဲကြည့်သည်။

"မင်းကို တို့ ဒင်နာတုန်းက စောင့်နေတာ။ တို့ယောက်မ အဖြစ် အသိမှတ်ပြုပေးဖို့လေ"

ဟား ... စပြီကွာ။ ခါမိုးက စိတ်ရှုပ်စွာဖြင့် မျက်နှာကို မဲ့မိချိန်မှာ လှိုင်းဘက်ကလည်း ပြန်ပြော၏။

"ဟုတ်လား အစ်မ။ မတွေ့ရတာတောင် ကြာပြီနော်။ လှိုင်းလည်း ကိုနဲ့လက်ထပ်ပြီးတော့ အားတဲ့ရက်ကို အစ်မဆီလာတွေ့ရင်း ဟန်းနီးမွန်း ထွက်မယ်လို့တောင် စဉ်းစားနေကြတာ။ ဒါပေမဲ့လည်း လှိုင်းအလုပ်က အားတယ်မရှိ





ပါဘူး။ အလုပ်က အရမ်းများတယ်လေ။ ဒီနေ့တောင် ဂျပန်က ဧည့်သည်တွေကို ဒင်နာကျွေးနေရတာနဲ့ အိမ်ပြန်နောက်ကျသွားတာ"

လှိုင်းကလည်း ပညာရှိဆန်ဆန် စကားလုံးတွေဖြင့် တိုက်စစ်ပြန်ဆင်လျှင် သူကတော့ ရူးချင်လာလေသည်။ ဆက်ပြောနေရင် ပြဿနာက ပိုရှုပ်မှာမို့ စကားကို အမြန်ဖြတ်ဖို့ လမ်းစရှာရသည်။

"ကဲ ... မမလည်း အိပ်တော့လေ။ ကျွန်တော်တို့လည်း အိပ်တော့မှာ"

"အိပ်တာက ဘယ်အချိန်ဖြစ်ဖြစ် အိပ်လို့ရတာပဲဟာ။ မမက လှိုင်းနဲ့ စကားပြောချင်နေတာ"

မမကလည်း ထပ်မံ အရစ်တက်တာကို့ သူက ထိုင်ငိုချင်စိတ်တောင် ပေါက်သွားရလေသည်။ တကယ် သေပြီဆရာပဲ။ အဲဒီအချိန်မှာ လှိုင်းသာ ခပ်ဟောဟောကြဲလိုက်ရင် တစ်စုံတစ်ရာ ဖြစ်မလားဆိုပြီး သူ တွေးပူမိပေမယ့် အခြေအနေက ထင်သလိုတော့ ဖြစ်မလာပေ။ လှိုင်းဘက်က ပါးနပ်စွာငြင်းဆန်ပေးတာမို့ သူ့ရင်ထဲက အပူလုံးက ကျသွားရတာဖြစ်သည်။

"လှိုင်းလည်း အေးဆေးစကားပြောချင်ပါတယ်။ ဒါပေမဲ့ အစ်မလည်း ခရီးပန်းလာတာဆိုတော့ နားလိုက်ပါဦး။ အေးဆေး ပြောကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းရဲ့စကားကြောင့် မမက ပါးနပ်စွာပြုံးကာ ခေါင်းညိတ်လက်ခံလိုက်သည်။

"ကောင်းပြီလေ။ အချိန်တွေ အများကြီး ရှိသေးတာပဲ။ good night ။ သွားအိပ်ကြတော့လေ"

မမကလည်း သူ့အခန်းထဲ သူဝင်သွားတာမို့ သူက လှိုင်းကို တစ်ချက်ကြည့်ကာ ဘာမှမပြောတော့ပေ။ ဒါပေမဲ့ ပြဿနာက ဒီလောက်လေးနဲ့တော့ ပြီးမသွားဘူးဆိုတာ သူသိနေပါသည်။

❀ ○ ❀





သူ အိပ်ရာက နိုးလာတဲ့အချိန်မှာ လှိုင်းက မှန်တင်ခုံမှာ အလှပြင်နေတာမို့ သူက လှိုင်းကို တစ်ချက်ကြည့်လိုက်ရင်းက ...

"လှိုင်း ဒီနေ့ ဘယ်သွားစရာ ရှိသေးလဲ"

"ကုမ္ပဏီသွားရမယ်လေ ကိုရဲ့"

"မသွားခင် မမနဲ့ စကားလေး ဘာလေး ..."

သူ့စကားတောင် မဆုံးသေးခင် လှိုင်းက သူ့ဘက်ကို လှည့်ကြည့်ကာ ခပ်ပြုံးပြုံး ဖြတ်ပြောသည်။

"ဘာမှ ပြောဖို့မလိုပါဘူး။ ကို့အစ်မက သူ့မွေးစားသမီးနဲ့ chockdee မှာ ဒင်းဆမ်း သွားစားကြတယ်။ လှိုင်းကို ပြန်ရွဲ့တဲ့ သဘောလေ"

ခါမိုးက လေပူတစ်ချက် မှုတ်ထုတ်ရင်း ခေါင်းကို အသာယမ်းမိသည်။ လှိုင်းနဲ့ မမကြားတော့ သူ တော်တော်ဗျာများနေရပြီပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်လောက်ပါဘူး လှိုင်းရာ။ မမလည်း အခုမှပဲပြန်ရောက်တာဆိုတော့ ရွှေကြုတ်နဲ့ အပြင်လေး ဘာလေး သွားတာနေမှာပါကွာ။ အပြင်ထွက်ရင် တစ်ခါတည်းဆိုတော့ ဘရိတ်ဖတ်စ်ပါ သွားစားလိုက်တာ နေမှာပေါ့ကွာ"

"ဟင်း ... မပြောတော့ဘူး။ မပြောကို မပြောချင်တော့တာ။ လှိုင်းကို ကို့အစ်မက သူသဘောမတူတဲ့ မိန်းမဆိုပြီး အဖက်မတန်သလို ဆက်ဆံနေတာ။ ဒီမှာ ကို ... ကို့ကိုလည်း လှိုင်းမိဘတွေက ခုထိ သဘောတူကြည်ဖြူနေသေးတာ မဟုတ်ဘူးနော်။ လှိုင်းက ကို့ဘက်ပါနေလို့သာ သူတို့ လက်လျှော့ရတာ"

ခါမိုးက လှိုင်းရဲ့ဒေါသတကြီး အပြောကို စိတ်ရှည်ပေးလိုက်စွာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ ...

"အေးပါ လှိုင်းရာ။ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်လို့ နှစ်ဦးသဘောတူ လက်ထပ်ခဲ့တာပဲလေ။ ဘေးစွက်ဖက်မှုတွေကိုသာ ထည့်တွက်ကြမယ်ဆိုရင် ကိုယ်တို့နှစ်ယောက် အစကတည်းက လက်ထပ်ဖို့ဆိုတာ ဖြစ်မှာမဟုတ်ဘူး"

"သိပါတယ်။ အဲဒါကြောင့်လည်း လှိုင်း ဒီအိမ်မှာနေတာပေါ့။ ဩော် ... ဒီအိမ်ဆိုလို့ ကို့ကို ပြောရဦးမယ်။ ရွှေကြုတ်က ညက ကို့အစ်မအခန်းမှာ အိပ်တာနော်။





အနောက်ကတိုက်ကို မပြန်ဘူး။ ပြဿနာရှာပြီး ပြောတာ မဟုတ်ဘူးနော် ကို။ ကို့အစ်မ ပြန်သွားရင် သူ့နေရာမှာ သူ မနေတတ်တော့မှာစိုးလို့ ပြောတာ။ ဘာပဲဖြစ်ဖြစ် ရွှေကြုတ်ဟာ ကို့ရဲ့သွေးသားရင်းချာဆွေမျိုး မဟုတ်ဘူးလေ"

လှိုင်းကပဲ ပူတတ်လွန်းနေတာလား၊ သူကပဲ အကောင်းမြင်နေလွန်းတာလားတော့ မသိပါ။ သူ့ဘက်က ကတ်သတ်ပြီး ဆက်ပြောပြန်ရင်လည်း လွန်ဦးမှာမို့ သူက ပြောချင်တဲ့ စကားလုံးတွေကို မျိုချပစ်လိုက်တော့သည်။

"ကဲ ... ဟုတ်ပြီ။ အဲဒါပဲလား။ လှိုင်း ဘာပြောချင်သေးလဲ"

"ဘာလဲ ... ရွဲ့တာလား အဲဒါက"

"ဟား ... ဟား ... မဟုတ်ရပါဘူးဗျာ။ အလိုလိုက်တဲ့သဘောပေါ့။ လှိုင်း ဘာတွေများ ဆက်ပြောချင်သေးလဲလို့"

သူက ဖြေလျှော့စိတ်ဖြင့် ပြေရာပြေကြောင်းလေး ပြောလိုက်လျှင် လှိုင်းကလည်း ကျေနပ်သွားစွာဖြင့် တစ်ချက်ပြုံးလိုက်ကာ ...

"ဘာမှ ပြောစရာမရှိတော့ဘူး။ ကိုသာ ရေမိုးချိုးပြီး အောက်ဆင်းလာခဲ့တော့။ လှိုင်းက ဘရိတ်ဖင့်စ်ဝိုင်းက စောင့်မယ်။ မြန်မြန်လုပ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"Oke … ချစ်။ ခဏပဲ"

သူက ရွှင်မြူးသောစိတ်ဖြင့် လျှင်မြန်စွာထသွားကာ အမြန်ဆုံး သွားတိုက် မျက်နှာသစ်ကာ ရေမိုးချိုး ဘာညာဖြင့် အမြန်အဆန် ဆယ့်ငါးမိနစ်လောက်နဲ့ အပြီးလုပ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

"လှိုင်းရေ … ဗိုက်ဆာပြီဟေ့"

သူက ပြောပြောဆိုဆိုဖြင့် ဒိုင်းနင်းရွမ်းထဲ ဝင်လာလျှင် ဒေါ်ကြီးပိုကိုပဲ တွေ့ရတာမို့ သူက ဒေါ်ကြီးကို တစ်ချက်ကြည့်ကာ …

"ဒေါ်ကြီး … ဒီမှာ ဘာလုပ်နေတာလဲ။ လှိုင်းကော"

"ဟို … ဟို … လှိုင်း အရေးကြီးကိစ္စရှိလို့ ကုမ္ပဏီသွားပြီ။ မောင်ခါမိုးကို ပြောပေးပါလို့ ဒေါ်ကြီးကို မှာထားလို့"

"ဟမ်"

ခါမိုးက ဒေါ်ကြီးပို စကားကို အဓိပ္ပာယ်မရှိစွာ တွေးလိုက်ရင်း မယုံနိုင်တဲ့ မျက်လုံးတို့ဖြင့်ကြည့်ကာ …

"ဟာဗျာ … လာနောက်နေတယ်။ အခုလေးတင် လှိုင်းက အောက်ဆင်းတဲ့ဟာ။ သူ သွားမယ်ဆို ကျွန်တော့်ကိုပြော သွားမှာပေါ့"

"ဟုတ်တယ် … မောင်မိုးကို ပြောရင် စိတ်ဆိုးမှာစိုးလို့တဲ့ မနက်စာတောင် မစားဘဲ ထွက်သွားတာ"





ခါမိုးက ကျစ်ခနဲ စုပ်သပ်လိုက်မိသည်။ ဟင်း … လှိုင်းလုပ်ပုံက မဟုတ်သေးပါဘူး။ ခါမိုးက လှိုင်းဆီ ဖုန်းဆက်ဖို့ အိမ်ရှေ့ပြန်ထွက်လာကာ ဖုန်းဆီသွား၍ လှိုင်း၏ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။

"ဟယ်လို … ကို"

"လှိုင်း ကုမ္ပဏီ သွားပြီဆို။ ဘာလုပ်တာလဲ အဲဒါ"

သူက စိတ်တိုတာကြောင့် ခပ်ဆတ်ဆတ်လေသံဖြင့် ပြောလိုက်လျှင် လှိုင်းကတော့ ဘာမှဖြစ်ဟန်မပေါ်တဲ့လေသံမျိုးဖြင့် သူ့ကို ပြန်ဖြေလေသည်။

"ဟုတ်တယ် ကို။ လှိုင်း ဒေါ်ကြီးပိုကို ပြောခဲ့တယ်လေ။ ဒီမှာ လှိုင်းတို့အဝယ်တော်က ပစ္စည်းတွေ မှားသွင်းတဲ့ကိစ္စ ပြဿနာပေါ်လာလို့ ချက်ချင်းထွက်လာရတာ။ ခု လမ်းမှာပဲ ရှိသေးတယ်"

"အဲ့ဒါဆိုလည်း ကို့ကိုတော့ လာပြောသင့်တာပေါ့။ မင်းနဲ့ကိုယ်က တစ်အိမ်တည်းနေတာလေ အခုတော့ ဘယ်လိုဖြစ်တာလဲကွာ။ ကိုယ် ဘရိတ်ဖတ်စစ်စားဖို့ အောက်ဆင်းလာတော့ မင်းက မရှိတော့ဘူး"

"ကိုရယ် … အရမ်းအရေးကြီးတဲ့ကိစ္စ ဖြစ်နေလို့ လှိုင်း တက်သုတ်ထွက်လာလိုက်တာပါ။ ကို့ကို တက်ပြောနေရင် အချိန်က တစ်ခါကြာဦးမယ်လေ။ ကဲပါ … ကိုရယ်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်း ကားမောင်းရင်း ဖုန်းပြောနေရတာ။ အန္တရာယ်များတယ် ဒါပဲနော်။ နေ့ခင်းမှ ပြန်ဆက်မယ်"

"ဟော့ ... လှိုင်း"

လှိုင်းက သူ့တားသံကို ဂရုမစိုက်စွာ ဖုန်းကို ဆတ်ခနဲ ချပစ်လိုက်သည်။ ခါမိုးက စိတ်တိုတာပဲ အဖတ်တင်စွာ တောက်တစ်ချက်ခေါက်၍ ဖုန်းကို ဝွပ်ခနဲမြည်အောင် ချပစ်လိုက်တော့သည်။

ဟား ... တကယ်ကို မလွယ်တဲ့ အနေအထားပါလား။ ဒီမနက်သာ မမ ရှိနေရင် ပြဿနာက စဦးမှာဖြစ်သည်။

❁ ○ ❁



BURMESE CLASSIC .com



❦ ၁၂ ❦

ရွှေကြုတ်က အတန်း brake time ပေးထားချိန်မှာ အပြင်လည်း ထွက်ချင်စိတ် မရှိတာကြောင့် အခန်းထဲမှာ ထိုင်နေကာ Bio ပုံတွေ ပြန်ဆွဲနေမိသည်။ စာမေးပွဲက ရက်ပိုင်းပဲ လိုတော့တာမို့ ရွှေကြုတ်က စာတွေပိုင်နေပြီ ဆိုပေမယ့် တစ်ဆက်တည်းမှာပဲ စာမေးပွဲပြီးတာနဲ့ အိမ်မှာကျင်းပမယ့် မင်္ဂလာပွဲအတွက် စိတ်လေးနေရတာဖြစ်သည်။ အန်တီလှိုင်း ရောက်လာပြီးကတည်းက ဦးခါနဲ့ ရွှေကြုတ် ကြားထဲက ဆက်ဆံရေးဟာ အေးစက်သွားသလို ဖြစ်သွားရသည်။ တစ်အိမ်တည်း အတူနေတာဖြစ်သော်ငြားလည်း ရွှေကြုတ် အနေနှင့် ဦးခါကို တစ်နေ့နေလို့ တစ်နာရီပြည့်အောင်တောင် စကားပြောခွင့် မရပေ။ တီမိုးနဲ့ အန်တီလှိုင်းကြားက မကျေလည်မှုအတွက် စဉ်းစားဖြေရှင်းနေရင်းနဲ့တင် ရွှေကြုတ်ကို လုံးဝကို အဖက်လုပ်ဖို့ မအားပေ။



www.burmeseclassic.com

www.burmeseclassic.com



တီမိုး ပြန်ရောက်လာတာဟာ ရွှေကြုတ်အတွက် တအားဖြစ်ပေမယ့် အားအင်ပိုတိုးစေတာမျိုး မဟုတ်ဘဲ ဦးခါ လျစ်လျူရှုမှုအတွက် ဖြည့်ဆည်းမှုတစ်ခုလိုမျိုး ဖြစ်သွားတာဖြစ်၏။ စာမေးပွဲလည်း ဖြေရတော့မှာမို့ ခေါင်းထဲ ရှုပ်ထွေးမှုတွေ ဖြစ်မှုစိုးတာကြောင့် ရွှေကြုတ်က တစ်နေကုန်နီးနီး ကျူရှင်မှာပဲ နေကာ Guide နဲ့ စာပဲလုပ်နေတာဖြစ်ပြီး ညမှ ဦးသာခွေကို ပြန်လာကြိုခိုင်းတာဖြစ်၏။

"ရွှေကြုတ်လေး ကြိုးစားလှချည်လား၊ မုန့်တောင်မစားဘူး။ ရော့ ... ရွှေကြုတ်အတွက် အအေးနဲ့ အာလူးကြော်"

ရွှေကြုတ်နဲ့မျက်နှာချင်းဆိုင်ခုံမှာ သူကဝင်ထိုင်၍ သူဝယ်လာတဲ့ မုန့်ထုပ်ကို စားပွဲပေါ်တင်လိုက်လျှင် ရွှေကြုတ်က ဆတ်ခနဲ ပြန်ကြည့်ကာ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ငါ မစားချင်ဘူး"

"ဟား ... ရွှေကြုတ်ကတော့ ပြောလိုက်ရင် အပြတ်ဘဲ၊ ဟေး ... ဘာဖြစ်နေတာလဲ။ ကိုယ် မင်းကို သတိထားမိတယ်။ မင်းမျက်နှာ မလန်းဘူး။ ညစ်စရာရှိလို့လား"

ရွှေကြုတ်က စကားမပြောချင်တာကို ဘေးကလာပွားနေဟာမို့ ရဲရဲကို ခပ်စေ့စေ့ စိုက်ကြည့်ကာ ...

"ရဲရဲ ... ကိုယ့်နေရာကိုယ် သွားပြန်ထိုင်လိုက်။ ငါစကားမပြောချင်ဘူး"





"အဲဒါ မင်းမှာ ညစ်စရာတွေ ရှိနေလို့။ ဖွင့်လိုက်ပါ ရွှေကြုတ်ရ။ ငါက နင်ပြောတာတွေ နားထောင်ပေးမှာ။ စာမေးပွဲပဲ ဖြေရတော့မယ်။ စမာကလာ ဘာညာသရကာတွေ ခေါင်းထဲအဝင်မခံနဲ့"

"ရဲရဲ ... လာမရှုပ်နဲ့ဟာ။ ငါ စာလုပ်နေတာ"

"ဟား ဟား ... စာသာလုပ်တယ်။ စိတ်က တခြားရောက်နေတာ။ ကဲ ... ပြောပါ။ နင် ဘာဖြစ်နေတာလဲ။ သူငယ်ချင်းတွေပဲ ဖွင့်လိုက်ပါ"

ရဲရဲက သွက်လက် တက်ကြွစွာ ပြောနေလျှင် ရွှေကြုတ်က သူ့ကို အားကျသလိုလေး ငေးမိကာ ဟင်းခနဲ သက်ပြင်းချမိသည်။ ရဲရဲဘုန်းပိုင် ဆိုတဲ့ ကောင်လေးရဲ့ဘဝဟာ သူများအားကျဖို့ တည်ဆောက်ထားသလိုမျိုးကို ပျော်ရွှင်ဖို့ ကောင်းတာကိုး။ ရွှေကြုတ်ကတော့ ဆိုင်ကော်လို့ ချုပေါ်ရောက်ရတဲ့ဘဝမို့ ချမ်းသာတာ ပြည့်စုံတာချင်း တူနိုင်ပေမယ့် ရဲရဲရတဲ့ပျော်ရွှင်မှုမျိုးကိုတော့ ရွှေကြုတ် မပိုင်ဆိုင်နိုင်ပေ။

"ဟိတ် ... ပြောလေ။ ဘာတွေးနေတာလဲ"

ရဲရဲက ရွှေကြုတ် မျက်နှာအရှေ့နားသို့ သူ့လက်ကို ကပ်၍ လက်ဖျောက်တီးရင်း မေးလိုက်လျှင် ရွှေကြုတ်က သူ့ကို ကြည့်ကာ ...

"ငါ့မှာ ဘာမှပြောပြဖို့ မရှိပါဘူးဟာ။ နင့်ဘာသာစာသွားလုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ ငါစာပိုင်နေပါပြီဟာ။ အေးဆေး ... နှစ်စကတည်းက ကြိုးစားလာတာ။ ဘာမှပူမနေနဲ့။ ကိုယ်ကလည်း မင်းတက်မယ့် တက္ကသိုလ်ကိုပဲ လိုက်တက်နိုင်အောင် ဆုံးဖြတ်ထားပြီးသား။ အဲဒါမှ ရည်းစားစကားပြောလို့ ရမှာလေ"

"ဘာ ... တောက် ... နင်နော်"

"ဟား ဟား"

ရဲရဲက မျက်စိတစ်ဖက် မှိတ်ပြကာ ရွှေကြုတ်အနားကနေ ထပြေးသွား၏။ ရွှေကြုတ်က အရှုပ်တစ်ယောက် ရှင်းသွားပြီမို့ စိတ်အေးသွားရကာ စာပဲဆက်လုပ်နေလိုက်သည်။ အရေးကြီးဆုံးအချက်က စိတ်ပင်ပန်းမှုကင်းလှသည့် ဒီစာမေးပွဲကြီးကို မြန်မြန်ပြီးချင်နေပြီဖြစ်သည်။ တီမိုးကလည်း ရွှေကြုတ်စာမေးပွဲပြီးတဲ့နေ့အထိ နေပေးမယ်ဆိုတာကြောင့် အားတော့အနည်းငယ်တက်ရပါသည်။

အဲဒီလို စိတ်ဖိစီးပင်ပန်းမှုဒဏ်ကို အားမာန်တင်းကျော်ဖြတ်ရင်းဖြင့် စာမေးပွဲဖြေတဲ့ရက်ကို တကယ်ရောက်လာကာ အေးအေးဆေးဆေး အောင်အောင်မြင်မြင်ဖြင့် တစ်ဘာသာပြီးတစ်ဘာသာ ဖြေဆိုခဲ့ပြီးနောက်မှာတော့ စာမေးပွဲကြီး ဖြေဆိုပြီးသွားတဲ့ နောက်တစ်ရက်မှာ ဦးခါနဲ့ အန်တီလှိုင်းတို့ရဲ့ မင်္ဂလာညစာစားပွဲလေးက ခြံထဲမှာပဲ ကျင်းပဖြစ်သည်။ ပုံမှန်ဆိုရင် ဆယ်တန်းစာမေးပွဲလည်း အေးဆေးဖြေနိုင်ကာ အောင်မြင်ဖို့ စောင့်နေတဲ့ လူတစ်ယောက်အနေဖြင့် ဒီအချိန်ဟာ ပျော်ရွှင်မှုအပြည့်ဖြစ်နေရတဲ့ အချိန်တစ်ခု ဖြစ်ရမှာ ဆိုပေမယ့် ရွှေကြုတ်ရဲ့စိတ်ထဲမှာ ပျော်ရွှင်မှုဆိုတာ မရှိပေ။ ညစ်ခံပွဲက ထောင့်စာပွဲဝိုင်းလေးမှာ ထိုင်နေရင်းကမှ အရမ်းကိုပျော်နေတဲ့ ဦးခါနဲ့ အန်တီ့ကို ကြည့်ကာ ငေးငိုင်နေမိချိန်မှာ ရွှေကြုတ် ဘေးနားကို ရောက်လာသူက ရဲရဲ ဖြစ်လေ၏။

"ဟော့ ... ရွှေကြုတ်။ ဒီမှာ ဘာထိုင်လုပ်"

ရွှေကြုတ်က သူ့ကို ဒီနေရာမှာ တွေ့ရလိမ့်မယ်လို့ လုံးဝထင်မထားမိတာကြောင့် အံ့သြသွားရကာ ...

"ဟယ် ... ရဲရဲ၊ ဒီကို နင် ဘယ်လိုဖြစ်ပြီး ရောက်လာရတာလဲ"

"ဟိုမှာ ငါ့အဒေါ်လေ။ သတို့သမီးက ငါ့အဒေါ်ရဲ့မိတ်ဆွေ။ တီတီ အဖော်မရှိလို့ ငါက လိုက်လာပေးရတာ။ ဒီရောက်တော့ ရွှေကြုတ်ကို မြင်လိုက်ရတာ အံ့သြသွားတယ်။ ဒါ ရွှေကြုတ် အိမ်ပေါ့နော်။ ခု မင်္ဂလာဆောင်တာက ဦးလေးမှလား"

ရွှေကြုတ်က ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ ရွှေကြုတ်ကို သူက ကြည်လင်စွာ ပြုံးပြရင်းက ...

"ရွှေကြုတ် ... မင်း နေကောင်းရဲ့လား"







www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘောနဲ့ မေးတာလဲ နင်က"

ရွှေကြုတ်ရဲ့ ခပ်စွာစွာ အမေးကို သူက ဟက်ခနဲ တစ်ချက်ရယ်တာမို့ ရွှေကြုတ်က ဒေါသဖြစ်သွားမိသည်။ ဘာလဲ။ ရဲရဲရဲ့မျက်နှာပေးက ရွှေကြုတ်အတွက် စိတ်တိုစရာ ဖြစ်နေတာကြောင့် သူ့ကို ဘုတောမေးလိုက်လျှင် ရဲရဲက ပြုံးမြမြ မျက်နှာထားဖြင့် ပြန်ဖြေလေသည်။

"ဘာသဘောမှ မဟုတ်ပါဘူး ရွှေကြုတ်ရဲ့။ ငါက ဒီလိုပဲ မေးလိုက်တာပါ။ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး။ ကြုတ်ကို နေကောင်းလားလို့ မေးတာ မကြိုက်လို့။ နောက် အဲဒီလိုမျိုး မမေးပါနဲ့"

"Ok ... ဆောရီးပါ။ နောက် မမေးတော့ဘူး၊ မင်းကို ကြည့်ရတာ ဖြူဖျော့ဖျော့လေး ဖြစ်နေလို့ပါ"

ရွှေကြုတ်က အဲဒီစကားကြောင့် မှန်ပြန်ကြည့်ချင်စိတ်တောင် ပေါက်သွားရသည်။ ရွှေကြုတ်ရဲ့ပုံစံဟာ အဲဒီလိုမျိုး လူအမေးခံရလောက်အောင် ဖြစ်နေပြီလား။ ဟင့်အင်း မဖြစ်နိုင်တာ။

"ရွှေကြုတ်"

လှမ်းခေါ်သံနှင့်အတူ ရွှေကြုတ်က ဘယ်သူလဲ ကြည့်လိုက်လျှင် ဒီနေ့ရဲ့သတို့သား ဦးခါ ဖြစ်နေ၏။ ဦးခါက ရွှေကြုတ်နဲ့ရဲရဲ စကားပြောနေတာကို အကဲခတ်ကြည့်ဟန်ဖြင့်





ကြည့်ရင်းကမှ ရွှေကြုတ် ဘေးနား လျှောက်လာကာ ရွှေကြုတ်ကို ခပ်မာမာလေးသံဖြင့် ပြော၏။

"ရွှေကြုတ် ... ဒီမှာ ဘာရပ်လုပ်နေတာလဲ။ ဟိုမှာ ဧည့်သည်တွေကို လိုက်ဧည့်ခံပေးဦးလေ"

"ဟုတ် ... ဦးခါ။ ဒီမှာ သူငယ်ချင်းနဲ့ ကစားပြောနေလို့ပါ"

ရွှေကြုတ်ဘက်က ဖြေရှင်းချက်အဆုံးမှာ ဦးခါက ရွှေကြုတ်ဘက်ကနေ ရဲရဲကို သေချာစိုက်ကြည့်ရင်းကမှ ...

"သူက ညည်းသူငယ်ချင်းလား"

"ဟုတ်တယ် ဦးခါ။ ကျူရှင်က သူငယ်ချင်းပါ။ ရဲရဲဘုန်းပိုင်တဲ့။ ရဲရဲ ... ဒါ ဦးခါမိုးညို"

ရွှေကြုတ်က ရဲရဲနဲ့ ဦးခါကို မိတ်ဆက်ပေးလိုက်လျှင် ဦးခါက အသိမှတ်ပြုသလို ခေါင်းတစ်ချက်ညိတ်ပြ၍ ...

"အေး ... တွေ့ရတာ ဝမ်းသာပါတယ်ကွာ။ အေးဆေးထိုင်ဦးပေါ့။ ရွှေကြုတ် ... ခဏလိုက်ခဲ့ဦး။ ညည်း တီမိုး ရှာနေလို့"

ဦးခါက ပြောပြီးတာနဲ့ ထွက်သွားတာမို့ ရွှေကြုတ်က ချက်ချင်းပင် အနောက်က လိုက်လာခဲ့ရသည်။ ဦးခါဟာ တမင်သက်သက် ခေါ်ထုတ်လာတယ်ဆိုတော့ သိသည်။ အိမ်ထဲ ပြန်ဝင်လာခဲ့ပြီးမှ ဦးခါက ရွှေကြုတ်ကို ခပ်တင်းတင်းမျက်နှာပေးဖြင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြုတ် ... အဲဒီကောင်က ဘာကိစ္စ ဒီရောက်နေတာလဲ။ နင့်ရည်းစားလား"

မာမာထန်ထန် လေသံဖြင့် မေးလိုက်တာကြောင့် ရွှေကြုတ်က အံ့အားသင့်သွားရသည်။ အဲဒါတော့ ဦးခါ လွန်တာပဲ။ ရွှေကြုတ်က ကိုယ်လည်းဘာအပြစ်မှ မလုပ်ထားပါဘဲနဲ့ အခုလို အပြောခံရတာကြောင့် စိတ်ထဲတော့ မခံချင်ဖြစ်သွားတာကြောင့် ဦးခါကို ဒေါသသံလေးစွက်၍ ပြောလိုက်သည်။

"ဦးခါ ဘယ်လိုပြောလိုက်တာလဲ။ သူ့ဘာသာ အန်တီလှိုင်းဖိတ်လို့ ရောက်လာတာ။ ကြုတ်နဲ့ ဘာဆိုင်လို့လဲ။ အဲဒါ ကြုတ်ရဲ့ရည်းစားလည်း မဟုတ်ဘူး"

"အဲဒါ ဘာဖြစ်နေတာလဲ ကို"

အသံလာရာကို ကြည့်လိုက်လျှင် အန်တီလှိုင်းက ဦးခါကို အမြင်မကြည်တဲ့ အကြည့်တွေဖြင့် ကြည့်ကာ အိမ်ထဲဝင်လာလိုက်ရင်း ...

"ကို ... ဒီမှာ ဘာလုပ်နေတာလဲ။ အပြင်မှာ ဧည့်သည်တွေရှိတယ်လေ"

"အင်း ... ဒီမှာ ... ရွှေကြုတ်ကို စကားပြောနေလို့။ လာလေ ... သွားမယ်"

ဦးခါက ပြဿနာရှည်မှာစိုးတဲ့အလား ချက်ချင်းပဲ အန်တီ့ပခုံးကိုဖက်၍ ထွက်အသွားမှာ အန်တီလှိုင်းက ရွှေကြုတ်ကို





ခပ်နက်နက် တစ်ချက်စိုက်လို့ ကြည့်သွားလေသည်။ အဲဒီအကြည့်တွေထဲမှာ ရွှေကြုတ် နားလည်သော ရွှေကြုတ် နားမလည်သော အဓိပ္ပာယ်ပေါင်းများစွာ ပါဝင်သည့် နက်နဲမှုတွေ ပါဝင်လေသည်။ စိတ်ထဲမှာ နင့်ခနဲ ဖြစ်သွားပေမယ့် ရွှေကြုတ်မှာ ဘာမှပြောစရာအခွင့်မရှိပါချေ။

ရင်ဘတ်ထဲက တစ်နေရာက သေးသေးလေးစူးအောင့်နေသလို ခံစားရကာ ဆို့နင့်ကြေကွဲလာ၏။ ဦးခါ ရက်စက်တယ်။ ရွှေကြုတ်ကို ဘာမှဖြေရှင်းချက် မပေးခိုင်းဘဲနဲ့ ရည်းစားလို့ စွပ်စွဲပစ်တယ်။ ရွှေကြုတ်က စိတ်ထဲမှာ နာစရာတွေများလာတဲ့အခါမှာ အံကိုသာ ခပ်တင်းတင်း ဖိကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြုတ်လေးက ဆယ်တန်းမှာ D တွေအများကြီးပါပြီး ပညာတတ်ကြီးဖြစ်အောင် လုပ်ရမယ်နော်"

"စိတ်ချပါ တီမိုးရဲ့။ ကြုတ်က တီမိုးကို လုပ်ကျွေးဦးမှာ"

"အမယ်လေး ... သာဓုပါတော်။ ငါ့သမီးလေးက သိပ်ချစ်ဖို့ ကောင်းတာပဲ"

ရွှေကြုတ်က ကြည်လင်ပျော်ရွှင်စွာဖြင့် တီမိုးရဲ့ ခြေထောက်တွေကို နှိပ်ပေးရင်းကမှ တီမိုးနှင့် စကားတွေဖောင်ဖွဲ့ပြောနေတာဖြစ်သည်။ တီမိုးက အရမ်းကို ချစ်ဖို့ကောင်းကာ ရွှေကြုတ်အတွက်ဟော့ မိခင်ရင်းနဲ့မခြားဘဲ ဖြစ်သည်။

"ကြုတ်ကလေ တီမိုးကို ဒီမှာပဲ ပြန်နေစေချင်တာ"

"အဟင်း ... တစ်ချိန်ချိန်တော့ ဖြစ်လာမှာပေါ့ ကြုတ်လေးရယ်။ ဒါနဲ့ သမီးက ဒီမှာ မနေချင်လို့လား"

"အဲဒီလို မဟုတ်ပါဘူး တီမိုးရဲ့။ ဦးခါကလည်း ကြုတ်ကို ဂရုစိုက်ပါတယ်။ ဒါပေမဲ့ တီမိုး ကြုတ်ဘေးနားမှာ ရှိနေတာ ပိုကောင်းတာပေါ့"





ရွှေကြုတ်စကားကြောင့် တီမိုးက ဟက်ဟက်ပက်ပက် ရယ်မောရင်းက ရွှေကြုတ်ရဲ့ခေါင်းလေးကို ခပ်ဖွဖွ ပွတ်သပ်ပေးကာ ...

"အေးဟ ကလေးရယ်။ တီမိုး ဟိုဘက်က အလုပ်တွေဖြတ်ပြီးမှ ဒီမှာ ပြန်လာနေဖို့ ကြိုးစားပါမယ်။ တီမိုး တစ်ခုမှာချင်တယ်။ တီမိုး ကိုယ်တိုင်ကလည်း လှိုင်းထွဋ်ခေါင်ကို သဘောမကျဘူး။ ဒါပေမဲ့လည်း ကိုယ့်မောင်ကိုယ်က သူမှသူ ဖြစ်နေတော့ ဘာမှမတတ်နိုင်ဘူး။ သမီးကို လှိုင်းထွဋ်ခေါင်က တီမိုးက အမြင်မကြည်တဲ့စိတ်နဲ့ရောပြီး သူက မျက်နှာသာပေးမှာတော့ မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကြုတ်လေးက မျက်နှာငယ်ရတယ်ဆိုတဲ့ အတွေးမျိုး မဝင်ရဘူးနော်။ ကြုတ်လေး ခေါင်းထဲမှာ အမြဲထည့်ထားဖို့က ကြုတ်လေးက တီမိုးရဲ့ အမွေစားအမွေခံ တစ်ဦးတည်းသောသမီး။ ဘာကိုမှ အားငယ်တွေးကြောက်နေဖို့ မလိုဘူး။ ဟုတ်ပြီနော်"

တီမိုး ဆုံးမတဲ့ စကားတွေ၊ အားပေးစကားတွေကြောင့် ရွှေကြုတ်က ခွန်အားတွေ ပိုလို့တိုးလာရသည်။ တီမိုးရဲ့မိခင်ရင်ခွင်ထဲမှာ ဝင်နေလိုက်ရင်းက စိတ်ထဲက တကယ့်ကို လှိုက်လှိုက်လှဲလှဲ ရှိသေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြုတ်ဘဝမှာလေ တီမိုးရဲ့သမီး ဖြစ်ခွင့်ရတာ ကံကောင်းမှုတစ်ခုပါပဲ။ စိတ်ချပါ တီမိုး။ ကြုတ်က တီမိုးအတွက် အမြဲဂုဏ်တက်စေမယ့် သမီးတစ်ယောက် ဖြစ်စေရပါမယ်"

တီမိုးက ချွေကြုတ်ကို အပြုံးများစွာ ထွေးပွေ့ဖက်ထားလေသည်။ ချွေကြုတ်အတွက်တော့ ငတ်မွတ်ခဲ့ရသော မိခင်မေတ္တာကို ပိုင်ဆိုင်ခွင့်ရခဲ့တာပဲဖြစ်သည်။

❁ ○ ❁





၁၃

"တီမိုး ... ကြုတ်လည်း လိုက်ပို့ချင်တာပေါ့။ လိုက်ပို့ပေးပါရစေ တီမိုးရယ်"

ချွေကြုတ်က ခေါင်းတွေ တဆစ်ဆစ် ထိုးကိုက်နေတဲ့ကြားက တီမိုးဆီက လိုက်ပို့ခွင့်ရအောင် ဇွတ်ပြောနေမိသည်။ ဒီနေ့က တီမိုး ကနေဒါကို ပြန်ရမယ့်နေ့ ဖြစ်သည်။ ဦးခါတို့ မင်္ဂလာဧည့်ခံပွဲလည်း ပြီးသွားပြီမို့ တီမိုးက ပြန်တော့မယ့်နေ့မှာမှ ချွေကြုတ်က ဖျားတော့တာဖြစ်သည်။ စာမေးပွဲတုန်းကဒဏ်တွေ စိတ်ဖိစီးမှုတွေ ဖြစ်ခဲ့ရသမျှ အခုမှ စုပြုံခံရသလိုဖြစ်ကာ ဖျားတော့တာပဲ ဖြစ်၏။ တီမိုးကို လေဆိပ်လိုက်ပို့ချင်ပေမယ့် တီမိုးက ပိုဖျားမယ်ဆိုပြီး လိုက်ပို့ခွင့် မပြုတာကြောင့် ချွေကြုတ်မှာ ဇွတ်အတင်းကို ခွင့်တောင်းနေရတာ ဖြစ်သည်။ တီမိုးက ပြုံးမြမြချက်နှာပေးဖြင့် ချွေကြုတ်ရဲ့ခေါင်းလေးကို အသာပုတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"နေခဲ့ပါ ကြုတ်လေးရယ်။ ကြုတ်လေးက နေလည်းမကောင်းဘူး။ အပြင်လေစိမ်းတွေတိုက်ရင် အအေးပတ်ပြီး ပိုဖျားနေမှာပေါ့။ ခါမိုး လိုက်ပို့လိမ့်မယ်။ သမီးနေခဲ့လိုက်တော့"

"တီမိုး ဒီတစ်ခါကော ကြာဦးမှာလားဟင်"

"အင်း ... ရွှေကြုတ်လေး အောင်စာရင်းထွက်လို့ All D ပါတယ်ဆိုရင် နောက်တစ်ခါ ပြန်လာမယ်။ ပြီးတော့ ကြုတ်လေးကို ဗန်ကောက် Shoopping လိုက်ပို့ပေးမယ်"

"တကယ်နော် တီမိုး"

"အေးပေါ့။ ကဲ ... ကဲ ... တီမိုး သွားတော့မယ်။ ဗန်ကောက်က ထရန်စစ်(transist)သွားမှာဆိုတော့ အဲဒီကနေ ဖုန်းလှမ်းခေါ်မယ်။ online ဖွင့်ထားနော်။ ခါမိုးရေ... ready ပဲလားဟေ့"

"အဆင်သင့်ပဲ မမ။ အိတ်တွေလည်း အားလုံးတင်ပြီးပြီ"

ဦးခါက သူကိုယ်တိုင် ကားထဲကို အိတ်ထည့်ပေးရင်းကမှ တီမိုးကို လှမ်းပြော၏။ လေယာဉ်ကွင်းကို သွားရမယ့်အချိန်က အရမ်းကပ်နေပြီ ဖြစ်တာကြောင့် တီမိုးက ရွှေကြုတ်ရဲ့ ပါးလေးကို နမ်းရွှေးလိုက်ရင်းကမှ အန်တီလှိုင်းကိုပါ လှမ်းနှုတ်ဆက်လိုက်သည်။





"လှိုင်းထွင့်ခေါင် ... တို့ သွားမယ်နော်။ မင်းကို တို့ယောက်မအဖြစ် ခါမိုးက အိမ်ပေါ်ခေါ်တင်လိုက်ပြီ ဆိုကတည်းက ငါ့မောင်လေးရဲ့စိတ်ကို မင်း သဘောပေါက်ပါ။ အိမ်ထောင်ရှင်မကောင်း ပီသတဲ့ အိမ်ထောင်ရေးမျိုးကို ဖန်တီးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးပါပဲ အစ်မ။ Have a nice trip"

တီမိုးက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြ၍ အန်တီလှိုင်းကို အရေးထားဟန် မပြတော့ဘဲ ရွှေကြုတ်ကို ခေါင်းလေးဖွဖွပုတ်ကာ ...

"ကဲ ... ရွှေကြုတ်လေး။ လိမ်လိမ်မာမာနေနော်။ တီမိုးသွားမယ်။ နေကောင်းအောင်နေ။ ဒေါ်ကြီး ... ကြုတ်လေးကို ဂရုစိုက်လိုက်ဦးနော်။ သွားမယ်"

"ဟုတ် ... တီမိုး။ တာ့တာ"

ရွှေကြုတ်က စိတ်ထဲမှာ လိုက်ပို့ချင်ပေမယ့် လူကလည်း ဖျားနေတာမို့ လေဆိပ်ထိတော့ လိုက်မပို့ဖြစ်တော့ပေ။ တီမိုးနဲ့ ဦးခါ ကားလေးထွက်သွားတော့မှ ရွှေကြုတ်က ခေါင်းတွေလည်း ကိုက်နေတာကြောင့် အနားယူဖို့ အပေါ်ထပ်ကို အတက်မှာ အနောက်ကနေ ရွှေကြုတ် နာမည်ကို မာန်ပါပါလှမ်းခေါ်လိုက်သံကြောင့် ရွှေကြုတ်က ဆတ်ခနဲ လည်ပြန်လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြုတ် ... ဒါက ဘယ်လဲ"

ရွှေကြုတ်က လှေကားပေါ်က ပြန်မဆင်းဘဲ လှည့်ကြည့်လျက် အနေအထားအတိုင်းကပင် အန်တီလှိုင်းကို ပြန်ပြောလိုက်သည်။

"သွားအိပ်မလို့လေ။ ဘာဖြစ်လို့လဲ အန်တီ"

"ဘာဖြစ်ရမလဲ။ အပေါ်ထပ်အခန်းက မင်းနဲ့မဆိုင်တော့ဘူးလေ။ ကို့အစ်မ ပြန်လာတုန်းကသာ မင်းက သူ့ရဲ့မွေးစားသမီးဆိုတော့ သူနဲ့အတူတူနေတာ။ အခု သူပြန်သွားပြီပဲ။ မင်းအတွက် နေဖို့စီစဉ်ထားတဲ့ အခန်းမှာ မင်းနေပေါ့။ အခုလို ပြောရတာကလည်း တို့က စည်းနဲ့ကမ်းနဲ့နေတတ်တဲ့သူမို့ပါ။ စည်းလေး ကမ်းလေးနဲ့ နေတဲ့အခါကျတော့ တစ်ယောက်နဲ့ တစ်ယောက်လည်း ဘာပြဿနာမှ မရှိနိုင်ဘူးပေါ့နော်"

ရွှေကြုတ်က စိတ်ထဲမှာ ထောင်းခနဲတော့ ဒေါသဖြစ်သွားရသည်။ အဲဒါကတော့ သက်သက်မဲ့ကြောတာပဲဖြစ်သည်။ ရွှေကြုတ်က မျက်နှာကွက်ခနဲ ပျက်သွားပေမယ့် ဦးခါ မျက်နှာကြောင့် ချက်ချင်းပဲ စိတ်လျှော့လိုက်ကာ သက်ပြင်းချလိုက်ရင်းက ...

"ဟုတ်ကဲ့။ ကြုတ် အကျင့်ပါသွားလို့ပါ အန်တီ။ အဲဒါဆို အခုပဲ အခန်းပြောင်းလိုက်ပါ့မယ်"





ရွှေကြုတ်က လှေကားပေါ်က ပြန်ဆင်းလာကာ နောက်ဖေးပေါက်ကနေ ထွက်လာ၍ ကိုယ့်အခန်းလေးထဲပဲ ကိုယ်ပြန်လာခဲ့တော့သည်။

ရွှေကြုတ် ဒေါကန်သွားတယ်ဆိုတာ သိလေတော့ ဒေါ်ကြီးပိုက ရွှေကြုတ် အနောက်က လိုက်ဝင်လာကာ ရွှေကြုတ်ရဲ့ပခုံးကို ခပ်ဖွဖွ နှစ်သိမ့်သလို ပုတ်ပေး၍ ...

"စိတ်မဆိုးပါနဲ့ သမီးရယ်။ ကြုတ်လေး ဘယ်လိုခံစားရမလဲဆိုတာ ဒေါ်ကြီး နားလည်ပါတယ်"

"စိတ်မဆိုးပါဘူး ဒေါ်ကြီးရယ်။ ကြုတ်က စိတ်မကောင်းဖြစ်မိတာပါ။ တကယ်ဆိုရင် ကြုတ်က ကိုယ့်နေရာကိုယ် သိပြီးသားပါ။ တီမိုး ပြန်သွားရင် ကြုတ် အခန်းလေးထဲပဲ ကြုတ် ပြန်နေဖို့ ဆုံးဖြတ်ထားပြီးသား။ အခုဟာက တကယ့်ကို အခန့်မသင့်လို့ ဖြစ်သွားတာ"

"ဒေါ်ကြီး နားလည်ပါတယ်။ ကဲပါ ... သမီး ခုနလေးကမှ ဆေးသောက်ထားတာ။ ဆေးရှိန်နဲ့ အိပ်ချင်နေရောပေါ့။ ကဲ ... ကဲ ... ပျော်အောင်အိပ်လိုက် သမီးလေး။ သမီးနိုးလာရင် ဒေါ်ကြီး သမီးအတွက် ကြက်ဥမြူစွမ်လေးပြုတ်ပေးထားမယ်။ ကြိုက်တယ်မဟုတ်လား"

"ဟုတ် ... ဒေါ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ခေါင်းညိတ်ပြလိုက်ရင်းက အိပ်ရာထဲ ဝင်ကာ မျက်လုံးမှိတ်ထားလိုက်တော့သည်။ ဘဝပေးအခြေအနေ ကိုက သူများမျက်နှာ ကြည့်နေရတဲ့ အနေအထားမို့ ရွှေကြုတ် သည် အရာရာကို ဦးမော့ဖို့ထက် နေတတ်အောင်နေဖို့ပဲ ကြိုးစား ရင်း ပျော်အောင်အိပ်ပစ်လိုက်တော့သည်။

❁ ○ ❁





"အမယ်လေး ... သမီးရေ ... ခုက္ခပါပဲ။ လုပ်ကြပါဦး"

ရွှေကြုတ်ရဲ့နားထဲကို စူးစူးဝါးဝါး အသံတွေဝင် လာလျှင် ရွှေကြုတ်က အိပ်ပျော်နေရာမှ ဆတ်ခနဲ နိုးလာကာ ခေါင်းထောင်ကြည့်လိုက်လျှင် ခေါ်ကြီးပိုက အခန်းထဲသို့ ပြူးပြူး ပျာပျာ ဝင်လာတာမို့ ရွှေကြုတ်က အိပ်ချင်မူးတူးဖြင့် လှမ်းမေး လိုက်သည်။

"ခေါ်ကြီးပို ... ဘာဖြစ်တာလဲ"

"ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ သမီးရယ်။ မောင်ခါမိုး တို့ ကားအက်စီးဒင့် ဖြစ်လို့တဲ့"

"ရှင်"

ရွှေကြုတ်ရဲ့ခေါင်းထဲကို မီးစနဲ့ ထိုးလိုက်သလို သတင်းဆိုးကြီး ကြားရလိုက်ရလျှင် ရွှေကြုတ်က ဆတ်ခနဲ ထ ထိုင်ကာ ခေါ်ကြီးပိုကို အသည်းအသန် မေးရလေသည်။

"ခေါ် ... ခေါ်ကြီး ဘာ ... ဘာဖြစ်တာယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ခါမိုးတို့ မောင်နှမနှစ်ယောက် ကားအက်ဆီးဒင့်ဖြစ်လို့တဲ့ အခု ဆေးရုံမှာ။ အရေးပေါ်က ဖုန်းဆက်တာ။ ကိုယ်ကျိုးတော့ နည်းပါပြီ သမီးရယ်"

"ဟား ... ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲကွာ။ အန်တီလှိုင်း ဘယ်မှာလဲ"

ဒွေကြုတ်က ပြောရင်းနဲ့ [illegible] အပြေးအလွှားပင် အိမ်ရှေ့ထွက်လာကာ တိုက်ထဲအမြန်ပြေးလိုက်သည်။ အန်တီက ပြူးပြူးပျာပျာဖြင့် ဆေးရုံသွားဖို့ ပြင်နေတာကြောင့် ဒွေကြုတ်ကလည်း အသည်းအသန် မေးရလေသည်။

"အန်တီ ... အန်တီ ... ဦးခါတို့ တီမိုးတို့ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလေ။ အခြေအနေ ဘယ်လိုရှိတယ်တဲ့လဲ ဟင်"

"အဲဒါတွေ ငါ ဘာမှလာမေးမနေနဲ့။ အခု ဆေးရုံကို အမြန်သွားရမယ်"

"ကြုတ် ... ကြုတ်လည်း လိုက်ခဲ့မယ်လေ"

အန်တီလှိုင်းက ဘာမှမပြောပေမယ့် ကြုတ်တာတော့ ပူလောင်ယောက်ယက်ခတ်စွာ အန်တီလှိုင်း နောက်ကနေ အပြေးအလွှား လိုက်လာခဲ့ရတော့သည်။ ကံတရားဟာ အင်မတန်မှ ရက်စက်လွန်းလှစွာ သာယာနေသော အခြေအနေတစ်ခုကို ကပြောင်းကပြန်ဖြစ်အောင် လုပ်ချပစ်လိုက်တာဖြစ်သည်။ ဆေးရုံ





ရောက်တော့ မြင်လိုက်ရတဲ့ အခြေအနေဟာ တော်တော်ကို ပစ်လဲကျသွားနိုင်တဲ့ အခြေအနေမျိုးဖြစ်သည်။ ဦးခါက ခေါင်းကို ထိထားတဲ့ ဒဏ်ရာကြောင့် သတိလစ်နေကာ စိုးရိမ်ရတဲ့အခြေအနေမျိုး မဟုတ်ပေမယ့် တီမိုးကတော့ တော်တော့်ကိုအခြေအနေဆိုးနေတာဖြစ်သည်။

ဒွေကြုတ်က ICU ရှေ့မှာ တီမိုးအတွက် တတွတ်တွတ် ဘုရားစာတွေရွတ်ကာ ဆုတောင်းပေးနေပေမယ့်လည်း ဒွေကြုတ်ရဲ့ဆုတောင်းက မပြည့်ဝခဲ့ပါ။ ဒွေကြုတ်တို့ ဆေးရုံရောက်ပြီး နာရီဝက်အကျော်မှာပဲ တီမိုးကို လက်လွှတ်ပေးလိုက်ရတော့သည်။

"ဟင့်အင်း ... ဟင့်အင်း ... မဖြစ်ရဘူး။ တီ ... တီမိုး ... မသေပါဘူး။ တီမိုး ... အား"

မဖြစ်နိုင်ဘူးဆိုတဲ့ အသိတရားက နှလုံးသားမှာ ဆွဲနင့်နေချက် ကြားလိုက်ရတဲ့ လူနာ expire ဖြစ်သွားပါပြီဆိုတဲ့ စကားက ဘဝတစ်ခုလုံးကို ခေါင်ချာစိုင်းသွားစေတာမို့ ဒွေကြုတ်သည် မဖြစ်နိုင်ဘူးဆိုတဲ့ အသိနဲ့အတူ တီမိုး နာမည်ကို အသံကုန် အော်ဟစ်ရင်း လောဟကြီးကနေ ကိုယ်ပါ သတိလစ်ပျောက်ဆုံးသွားတော့သည်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ အလွန်တရာမှကို ပဋ္ဌလက်ဆန်လွန်းနေတာကြောင့် ဘယ်လို ဘယ်လိုမှကို လက်သင့်ခံလို့ မရတဲ့ အနေအထားမျိုး ဖြစ်လေသည်။ ရွှေကြုတ်တို့ကို အပြီးနှုတ်ဆက်သွားလိမ့်မယ်လို့ မထင်ထားတာမို့ တီမိုးက ရွှေကြုတ် ဘယ်လိုပဲ အော်ဟစ်ငိုယိုကာ တောင်းပန်ခေါ်ခေါ် ပြန်လှည့်မလာခဲ့တော့ပေ။ တီမိုးရဲ့ရျာပနကိစ္စ အားလုံးပြီးစီး၍ တစ်ပတ်ပြည့်သောနေ့မှာ ဦးခါ ဆေးရုံက ပြန်ဆင်းခွင့်ရ၏။ ဖြစ်ပျက်သွားခဲ့တဲ့ ကိစ္စအတွက် ဦးခါလည်း သူ့ဘာသာယူကျုံးမရဖြစ်ကာ အိမ်ရောက်ကတည်းက အခန်းထဲပဲ အောင်းနေကာ မျက်ရည်တွေဝဲလျက် ဘယ်သူ့ကိုမှလဲ စကားမပြောချေ။ ညနေပိုင်းလောက်ရောက်မှ ဦးခါက အခန်းထဲက ထွက်လာကာ ရွှေကြုတ်ဆီ လျှောက်လာ၍ ရွှေကြုတ် ပခုံးကို ဖျစ်ညှစ်လိုက်





လျှင် ရင်ထဲမှာ နင့်နေအောင် ခံစားနေရတဲ့ နှလုံးသားက ပြန်လည်ပူနွေးလာကာ အသံတိတ်မျက်ရည်တွေက တစ်စက်ချင်းကျလို့ လာလေသည်။

"ရွှေကြုတ် … ဦးခါကို ညည်း တစ်ခုခု ပြောပစ်လိုက်ဟာ"

ဦးခါဆီက ပထမဆုံး ထွက်ကျလာတဲ့ စကားလုံးမို့ ရွှေကြုတ်က ဦးခါကို အံ့အားတသင့် မော့ကြည့်မိသွားသည်။ ဦးခါ မျက်လုံးထဲမှာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်တဲ့ အရိပ်အယောင်တွေ မြင်နေရတာမို့ ရွှေကြုတ်က ဦးခါအတွက် အရမ်းကိုစိုးရိမ်စိတ်ပူသွားရသည်။

"ဦးခါ … ကြုတ် … ကြုတ်က ဘာပြောရမှာလဲ"

"ညည်း တီမိုးကို ငါ သတ်တာ။ ငါ့ကိုယ်ငါ ခွင့်မလွှတ်ဘူး"

ဦးခါက အရမ်းကို ခံစားဆွေးမြည့်နေသေ မျက်ဝန်းတွေဖြင့် ပြောနေပုံက စိတ်ထဲမှာ တစ်မျိုးကြီး ခံစားစေရတာမို့ ရွှေကြုတ်က ဦးခါကို စိုးရိမ်စိတ်ပူစွာ ဖျောင်းဖျရသည်။

"ဦးခါ … ဦးခါနဲ့ ဘာမှမဆိုင်ပါဘူး။ ဦးခါ သတိထားဦးလေ"

"ကို … ကို … သတိထားလေ။ ဒီကိစ္စက ကိုနဲ့ဘာမှမဆိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခါက ရွှေကြုတ်နဲ့ အန့်တီလှိုင်း ပြောတဲ့စကားတွေ နားထဲ ဝင်လား မဝင်လားတော့ မသိ။ ဦးခါရဲ့မျက်ဝန်းထဲက မျက်ရည်တွေ ကျလာကာ တော်တော့်ကို ထိခိုက်နာကျင်နေဟန်တူသည်။ ရွှေကြုတ်က ကိုယ်ပါ အဲဒီပုံစံအတိုင်းဖြစ်နေလျှင် ဒီလောကရဲ့ တစ်ခုတည်းသော အားကိုးရာအဖြစ် ကျန်တော့သည့် ဦးခါ တစ်ယောက်ကို အပြိုလဲ မခံနိုင်တာကြောင့် စိတ်ကို တင်းထား၍ ဦးခါကို အားပေးလိုက်ရသည်။

"ဦးခါ ... ဦးခါ ကြုတ်ကို ကြည့်ပါဦး။ ဦးခါ ခံစားနေရသလို ကြုတ်လည်း ခံစားနေရတာပါ။ ဒါ ... ဒါပေမဲ့ တီမိုးက ကြုတ်တို့ဆီ ပြန်လာတော့မှာမှ မဟုတ်တာ။ အဲဒါကြောင့် ဦးခါ ကြုတ်တို့အားလုံးအတွက် အရင်လို ဦးဆောင်ပေးနိုင်မှ ဖြစ်မှာ။ ဦးခါ ကိုယ့်ကိုယ်ကိုယ် နေမြန်မြန်ကောင်းအောင် နေပေးပါ ဦးခါရယ် နော်"

ရွှေကြုတ်ရဲ့စကားအဆုံးမှာ ဦးခါက ငြိမ်သက်လို့သွားကာ ရွှေကြုတ်ကို အသေချာ စိုက်ကြည့်၏။ ပြီးတော့မှ မျက်ရည်အဝဲသားဖြင့် ရွှေကြုတ်ရဲ့ခေါင်းကို အုပ်မိုးလှုပ်ယမ်းရင်းက ...

"ငါ တကယ်ပဲ စိတ်မကောင်းဘူး ရွှေကြုတ်ရယ်။ အဲဒါတွေ အားလုံးက ငါ့ကြောင့် ဖြစ်ရတာ"





ရွှေကြုတ်က သက်ပြင်းမောတစ်ခုသာ ချနိုင်လိုက်သည်။ အခုချိန်မှာ စိတ်တွေဟာ အလွန်တရာမှကို ပင်ပန်းအားယုတ်နေပြီဖြစ်သည်။ ဘေးနားမှာ ဦးခါ ရှိနေသေးတာပဲဆိုတဲ့ အသိလေးတစ်ခုကြောင့်ပင် ဆက်ပြီးရပ်တည်ဖို့ အင်အားတချို့ အနည်းငယ် ကျန်ခဲ့တာဖြစ်၏။

ကံဇာတ်ဆရာသည် ရွှေကြုတ်အတွက်တော့ ငယ်ငယ်ကလေးကတည်းကပင် စိတ်ပင်ပန်းမှုများစွာကိုသာ လက်ဆောင်အဖြစ် ပေးတတ်လေသည်။

❁ ○ ❁

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**



www.burmeseclassic.com

www.burmeseclassic.com



ဦးခါရဲ့ ကျန်းမာရေးအခြေအနေကော စိတ်တည်ငြိမ်မှု အခြေအနေပါ အနည်းငယ် အနည်းထိုင် ငြိမ်သက်သွားသောအခါမှ ရွှေကြုတ်တို့အားလုံး စိတ်အေးသွားရတော့သည်။ ဒါပေမဲ့ ဦးခါဟာ အရင်တုန်းကလိုတော့ သွက်လက်တက်ကြွမှု မရှိတော့တာကတော့ အမှန်ပဲဖြစ်သည်။ ထိုင်းထိုင်းမှိုင်းမှိုင်းပုံစံဖြင့် မရွှင်မပျ ဖြစ်နေရတာမြင်လျှင် အန်တီလှိုင်းက ရွှေကြုတ်ကိုပဲ အပြစ်ရှာလာတော့တာဖြစ်၏။

"ရွှေကြုတ် ... တို့ မင်းကို ပြောစရာရှိတယ်။ နောက်နေ့တွေကစပြီး မင်းအတွက် စားရေးသောက်ရေးကို ဒေါ်မှိုကပဲ မင်းအခန်းထဲကို လာပို့ပေးလိမ့်မယ်"

"ဘာ ... ဘာဖြစ်လို့လဲ အန်တီ"

"တခြားတော့ မဟုတ်ပါဘူး။ မင်းဦးခါ ကိစ္စကြောင့်ပါ။ မင်းကိုမြင်နေရရင် သူ ပိုပြီး ခံစားရလိမ့်မယ်လို့ တို့ကတော့ ယူဆတယ်။ ကိုရဲ့ ကျန်းမာရေးက အခုမှ အကောင်းပကာတိ





ဖြစ်လာတာ အချိန်မှာ တို့အနေနဲ့ ဘာတစ်ခုမှ ပြန်အတိမ်းအစောင်း မခံနိုင်ဘူး"

"အန်တီက ကြုတ်နဲ့ ဦးခါကို ပေးမတွေ့ဘူးလို့ ဆိုလိုချင်တာလားဟင်"

ရွှေကြုတ်ရဲ့မေးခွန်းအတွက် အန်တီက သိပ်ပြီးရှည်ရှည်ဝေးဝေး စကားလုံးတွေ ပြောမနေတော့ဘဲ ရွှေကြုတ်ကို အေးအေးဆေးဆေး ခေါင်းတစ်ချက်သာ ညိတ်ပြလေသည်။ ရွှေကြုတ်က အဲဒီစကားလုံးကို တကယ်ပဲ ပြောထွက်ရက်တဲ့ အန်တီ့ကို အရမ်းကို အံ့သြမိလေသည်။ အန်တီလှိုင်း ဘာကြောင့် ဒီစကားမျိုး ပြောထွက်ရက်ရတာလဲ။ ရွှေကြုတ်က တင်းခံထားသည့်ကြားက မျက်ရည်က ဝေ့ဝဲတက်လာလျှင် အဲဒီမျက်ရည်စက်တွေ ကျမလာအောင် ထိန်းလိုက်ပြီးမှ စကားစပြောလိုက်တော့သည်။

"အန်တီ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲဆိုတာ ကြုတ်တကယ် နားမလည်တော့ဘူး။ ဦးခါရဲ့ ကျန်းမာရေးကို ကြုတ်လည်း စိတ်ပူပါတယ်။ ကြုတ်နဲ့ ဦးခါတို့က သွေးသားတော်စပ်မှု မရှိဘူး ဆိုပေမယ့် ဦးခါဟာ ကြုတ်ရဲ့ မိသားစုဝင်ပါပဲ။ ကြုတ်လည်း အန်တီ့ထက်တော့ စိတ်ပူတာ မလျော့ပါဘူး"

"ဒီမှာ ရွှေကြုတ် ... မင်း ငါ့ကို ဘာမှနားမလည်ဘဲနဲ့ ဆွတ်ပြောမနေနဲ့။ ငါ ဘာကြောင့် မင်းနဲ့ ကိုကို မတွေ့



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူးလဲဆိုတာ မင်း သိရမယ်လေ။ မင်းက မလင်း မိုးဝေ မွေးစားထားတဲ့သူ။ မင်းကိုမြင်ရင် အဖောင်းတွေ အသစ်ဖြစ်ပြီး ကိုကို ထိခိုက်စေလိမ့်မယ်။ အဲဒါကြောင့် မင်းကို ဒီတလောမှာ ခဏရှောင်နိုင်းတာ တို့မှားသလား ရွှေကြုက် ...

မင်းဘက်က မမိုးကို ဆုံးရှုံးလိုက်ရလို့ မင်းခံစားရမယ်ဆိုတာကို ကိုယ်ချင်းစာပါတယ်။ အေး ... အဲဒီလိုပဲ။ မင်းလည်း ငါ့ကို တစ်ချက်လောက် ပြန်ကိုယ်ချင်းစာပေးပါ။ ငါ့ယောက်ျားကို တစ်ခုခုဖြစ်သွားမှာကို သိပ်စိုးရိမ်တယ်။ အေး ... သူ့ကိုယ်သူ ပြေနိုင်အောင် ကြိုးစားနေတဲ့ အချိန်မှာ မင်းကို တွေ့နေရင် သူ့အတွက် အဆင်မပြေနိုင်ဘူး။ အဲဒါကြောင့် ငါ မင်းကို တောင်းဆိုနေတာပါ ရွှေကြုတ်ရယ်"

ရွှေကြုတ်က အဲဒီအဆုံးသတ်စကားကြောင့် တကယ်ပဲ ငြိမ်ကျသွားတော့သည်။

"အဲဒါဆို ကြုတ်က ဒီအိမ်က ထွက်သွားပေးရမှာလားဟင်"

"အဲဒီလောက် မလိုပါဘူး ရွှေကြုတ်။ အနိုက်အတန့် တစ်ခုပါပဲ။ တို့က မင်းကို အကူအညီ ပြန်တောင်းတဲ့ သဘောပေါ့။ မင်းသာ လက်ခံမယ်ဆိုရင် လွယ်လွယ်လေးပါပဲ။ မင်းဘဝရှေ့ရေးအတွက် ဘယ်သင့်တော်အပ်တဲ့





ပညာရပ်တွေကို မင်း သင်ဖို့ သင်တန်းတွေ တစ်နေကုန် မင်းတက်ရမယ်။ မနက်မိုးလင်းက မိုးချုပ် သင်တန်းတွေ တက်လိုက်မယ်ဆိုရင် မင်းအတွက်လည်း ပညာတွေရမယ်။ ကို့အတွက်လည်း မင်းကို ခရီးသွားဟန်လွှဲလောက်ပဲ တွေ့တဲ့အခါကျတော့ သူ စိတ်သက်သာရာ ရတာပေါ့။ မင်း တို့အကြံကို လက်ခံမှာလား"

ရွှေကြုတ်က စကားဝိုင်းထဲ ဝင်မပါဘဲ ခပ်လှမ်းလှမ်းကနေ ငေးကြည့်နေသော ဒေါ်ကြီးပိုကို အားကိုးတကြီး မျက်ဝန်းတွေဖြင့် တစ်ချက်ကြည့်မိသွားသည်။ ဒေါ်ကြီးပိုက ရွှေကြုတ်ကို လက်သင့်ခံပါဆိုတဲ့ သဘောဖြင့် ခေါင်းဆတ်ပြလေသည်။ ရွှေကြုတ်က ဖြစ်သင့်တဲ့ အခြေအနေ ဖြစ်တာကြောင့် လက်သင့်ခံလိုက်ရလေသည်။

"ဟုတ်ကဲ့။ ကြုတ် လက်သင့်ခံပါတယ် အန်တီ"

"ကောင်းပြီ။ အဲဒါဆိုရင် တို့ မင်းတက်ရမယ့်သင်တန်းတွေကို စီစဉ်ပေးမယ်။ မင်းဘဝ ရှေ့ရေးအတွက်ပါ"

"ဟုတ်ကဲ့ပါ အန်တီ။ အန်တီ ကောင်းသလို စီစဉ်လိုက်ပါ။ ကြုတ် လိုက်နာပေးပါ့မယ်"

"ဟုတ်ပြီ။ ညနေ ကို ပြန်လာရင် မင်း သင်တန်းတွေ တက်ချင်တယ်ဆိုတဲ့ အကြောင်းကို တို့ ပြောပြလိုက်မယ်။ ကိုနဲ့ ဘတ်နိုင်သမျှ မျက်နှာချင်းမဆိုင်ဖြစ်အောင် နေပေါ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီက ပြောပြီးကာနဲ့ ရွှေကြုတ်ဆီက တုံ့ပြန်စကားတောင် မစောင့်ဘဲ ထွက်သွားလေတော့သည်။ အန်တီ ထွက်သွားတာနဲ့ ရွှေကြုတ် အနားကို ဒေါ်ကြီးပိုက ရောက်လာကာ နှစ်သိမ့်သလို ပခုံးလေးပုတ်ပေးရင်းက ...

"ဘယ်လိုပဲဖြစ်ဖြစ် အရာအားလုံးက ကောင်းဖို့ဖြစ်လာတယ်လို့ပဲ နှလုံးသွင်းလိုက်ပါ ကြုတ်လေးရယ်။ သမီးလေးကို အတော်ဆုံး အထူးချွန်ဆုံး သူတစ်ယောက် ဖြစ်စေချင်တာဟာ မိုးမိုးရဲ့ဆန္ဒပဲလေ။ သမီး တီမိုးရဲ့ဆန္ဒကို ဖြည့်ပေးရတယ်လို့ပဲ သမီး သဘောထားပါနော်"

ရွှေကြုတ်က တင်းခံထားတဲ့ မျက်ရည်တွေက အသံမထွက်ဘဲ ကျလာကာ တီမိုးကို ပြင်းပြင်းထန်ထန် သတိမိသွားသည်။ တီမိုးရယ် ဘာဖြစ်လို့များ ကြုတ်ကို ထားခဲ့လိုက်ရတာလဲ။

မိဘတွေ မရှိတော့တဲ့ ရွှေကြုတ်ရဲ့ဘဝမှာ တွယ်တာအားကိုးစရာက တီမိုးနှင့် ဦးခါပဲ ရှိလေသည်။ တီမိုးက ရွှေကြုတ်အနားကနေ အပြီးထွက်သွားခဲ့ပြီ။ ကျန်နေခဲ့တဲ့ ဦးခါနဲ့လည်း တတ်နိုင်သမျှ မတွေ့အောင် နေရမယ်တဲ့။ အရာရာတိုင်း ကံဆိုးနေဘာကိုက အရမ်းပဲ စိတ်နာစရာ ကောင်းလှပါသည်။





## ၁၅

နောက်ရက်များမှစ၍ ရွှေကြုတ်ရဲ့အချိန်တွေဟာ အကျယ်ချုပ်မိနေသူ တစ်ယောက်လို ဖြစ်ရလေသည်။ ရွှေကြုတ်ရဲ့ ဘဝရေ့ရေးဆိုတဲ့ စကားလုံးကို cover ကိုယူ၍ အန်တီလှိုင်းက ဦးခါဆီမှ ခွင့်ပြုချက်ယူကာ ရွှေကြုတ်အတွက် မိုးလင်းကမိုးချုပ် တက်ရမယ့် သင်တန်းများကို စီစဉ်ပေးလေ၏။ English စာသင်တန်း တောင် တစ်ခုမဟုတ်၊ tofel ၊ Ielts ၊ Business english စသဖြင့် အမယ်စုံ သင်တန်းတွေ၊ computer သင်တန်း၊ management သင်တန်း စသဖြင့် ရွှေကြုတ်ရဲ့ ၂၄ နာရီမှာ (၁၆) နာရီလောက်က သင်တန်းတွေ သွားနေရခြင်းဖြင့် အချိန်ကုန်ခိုင်းတာဖြစ်၏။ နေ့စဉ်ရက်ဆက် တစ်ရက်မှ မနားရဘဲ အပြင်ချည်းလိုမ့်ထွက်နေရသော အခါမှာတော့ ရွှေကြုတ် အရမ်းပဲ စိတ်ပင်ပန်းလာရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆိုရင် ဦးခါ မနိုးခင် ခုနစ်နာရီလောက်ကစပြီး အိမ်ကထွက်ရပြီဖြစ်သည်။ တစ်နေကုန် ဟိုကူး ဒီကူးဖြင့် သင်တန်းတွေတက်ပြီး ဖတ်ဖတ်မောစျ အိမ်ပြန်လာချိန်ဟာ ညကိုးနာရီနဲ့ ဆယ်နာရီကြား ဖြစ်ပြီဖြစ်၏။ ဦးခါက အဲဒီအချိန်ဆို အိပ်နေပြီ ဖြစ်တာကြောင့် ရွှေကြူဘ်တို့ရဲ့ တွေ့ဆုံမှုဟာ လုံးဝကို မရှိတော့ချေ။ အဲဒီအတွက် ရင်ထဲမှာ နာကျင်ရမယ့် ဖြစ်အောင်နေရတာပဲ ဖြစ်သည်။

"ဘယ်လိုလဲ ရွှေကြူဘ်။ သင်တန်းတက်ရတာ အဆင်ပြေတယ်မဟုတ်လား"

ဒီနေ့ အိမ်အပြန်မှာ အန်တီလှိုင်းက ရွှေကြူဘ် အခန်းထဲမှာ လာစောင့်နေကာ မေးတာကြောင့် ရွှေကြူဘ်က အန်တီလှိုင်းရဲ့ ဂရုစိုက်မှုကြောင့် အံ့အားသင့်ရသလို တကယ်ပဲ အထူးအဆန်း ဖြစ်ရတာဖြစ်၏။ ဘာကြောင့်များ ဂရုတွေစိုက်နေရတာလဲ အန်တီရယ်။

"ပြေပါတယ် အန်တီ။ ကြူဘ် အတွက် အချိန်နည်းနည်းကသီတာကလွဲရင် အဆင်ပြေပါတယ်"

"မင်းအတွက် ဒရိုင်ဘာတစ်ယောက်နဲ့ ကားတစ်စီး သီးသန့်စီစဉ်ပေးပါ့မယ်။ နောက်ပိုင်း မင်း ကားမောင်းသင်လိုက်လေ"

"ရပါတယ်။ အခုလည်း ဦးသာခွေက လိုက်ပို့ပေးနေတာပဲ"





"ဘယ်လိုပဲဖြစ်ဖြစ် ကိုသာခွေက ကို့ရဲ့ဒရိုင်ဘာလေ။ အမြဲတမ်းချည်း မင်းရဲ့အကြိုအပို့ကို သူ ဘယ်လုပ်ပေးနိုင်ပါမလဲ"

ရွှေကြူဘ်က ဘာမှဆက်မပြောဘဲ အသာငြိမ်နေလိုက်သည်။ အန်တီလှိုင်းရဲ့ရည်ရွယ်ချက်က ဘာဆိုတာကို ရိပ်မိသလို ရှိနေတာမို့ ရွှေကြူဘ်က အပြိုင်ကြီးပြီးလည်း မပြောချင်တော့ပေ။ ဘာပဲဖြစ်ဖြစ် ဦးခါက ရွှေကြူဘ်ရဲ့ ကျေးဇူးရှင်ပဲ မဟုတ်လား။

"မင်း အဆင်ပြေတယ်ဆို ပြီးတာပါပဲ။ ဂဲ ... အိပ်တော့။ မနက်ကျရင်လည်း သင်တန်းသွားရဦးမယ်မဟုတ်လား"

"အန်တီ ... ခဏ"

အန်တီက ထပြန်အထွက်မှာ ရွှေကြူဘ်က ဦးခါ အခြေအနေကို အရမ်းသိချင်တာကြောင့် မေးချင်လာတာမို့ လှမ်းမေးလိုက်လျှင် အန်တီက ဘာလဲဆိုတဲ့ သဘောဖြင့် မေးဆတ်ပြလေသည်။ ရွှေကြူဘ်က သိချင်တာကို ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်တော့သည်။

"ဦးခါကော နေကောင်းရဲ့လား။ ကြူဘ် အခုလို သင်တန်းသွားနေတာကို ဘာမှမပြောဘူးလားဟင်"

"သူ နေကောင်းပါတယ်။ မင်းရဲ့အနာဂတ် ကောင်းဖို့ သင်တန်းတက်နေတဲ့ကိစ္စကို သူ မကန့်ကွက်ပါဘူး။ ဒါပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com




ရွှေကြုတ်က ခေါင်းတစ်ချက် ဆတ်ပြလိုက်လျှင် အန်တီက ထွက်လို့သွားလေသည်။ အမှန်အတိုင်း ပြောရမယ်ဆို ရွှေကြုတ်စိတ်ထဲမှာ ဦးခါက ရွှေကြုတ် မိုးလင်းမိုးချုပ် သင်တန်းတက်မှုတွေအတွက် သိပ်လက်မခံဘူးဆိုတဲ့ အဖြေစကားမျိုးကို စိတ်ထဲက တိတ်တဆိတ် မျှော်လင့်နေမိတာ ဖြစ်သည်။

တကယ်ဆို အန်တီ ဘယ်လိုပဲ ထိန်းချုပ် ထိန်းချုပ် ဦးခါဟာ ရွှေကြုတ် အိမ်ပြန်အလာကိုတော့ စောင့်နေသင့်သည်။ အခုတော့ ...။ ရွှေကြုတ်က ရင်ထဲက ခံစားနေရတဲ့ အကြိတ်အခဲတွေကို အံကြိတ်ရင်းဖြင့်သာ ဖြေသိမ့်လိုက်လေသည်။








ဘဝမှာ ဘယ်သူအကောင်းဆုံးလဲ ဆိုတာ ရှာနေဖို့ မလိုပါဘူး။
ကိုယ့်အပြုအမူဟာ တစ်ဖက်သားအတွက် စိတ်ခံစားချက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com







"ဟယ်လို"

"ဟိုင်း ... long time no see ကြုတ်။ ဘာတွေလုပ်နေလဲ"

အမြဲ့ဘဲ တက်ကြွလန်းဆန်းနေတဲ့ အသံပိုင်ရှင်ရဲ့ ဖြစ်နေတာကြောင့် ရွှေကြုတ်က ရဲရဲရဲ လွတ်လပ်တဲ့ free style ကို အားကျစိတ်ဖြင့် ပြုံးမိသွားကာ သူနဲ့ အဆင်ပြေပြေ ဖုန်းပြောလိုက်၏။

"သင်တန်းတွေပဲ တက်ဖြစ်ပါတယ်။ နှင်ကော"

"ကိုယ်က မနေ့ကမှ စ,လုံးက ပြန်ရောက်တာ။ ကိုယ့် cousin အစ်ကိုတစ်ယောက်က စ,လုံးမှာ မင်္ဂလာဆောင်တော့ အဲဒီရောက်သွားတာ။ ဟိုမှာလည်း ဟိုသွားလည် ဒီသွားလည်နဲ့ အလေလိုက်ပြီး ပြန်လာတာပါ။ ဒီရောက်တော့လည်း သင်တန်းတစ်ခုခုတော့ တက်ရမှာပေါ့။ ကိုယ်ရွှေကြုတ်တို့သတင်းကို ကြားပါတယ်။ စိတ်မကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး ရွှေကြုတ်။ ရွှေကြုတ်ရဲ့ တီမိုးအတွက် ကိုယ်လည်း တပ်တူ စိတ်မကောင်း ဖြစ်ရပါတယ်"

"ရပါတယ်။ ဒီလိုပဲပေါ့"

"ကိုယ် အခု ကြုတ်နဲ့တွေ့လို့ရမလားဟင်။ ကြုတ် ဘယ်မှာရှိနေလဲ"

ရွှေကြုတ်က သူ့ရဲ့ တွေ့ခွင့်တောင်းမှု အတွက် ရွှေကြုတ် မငြင်းပယ်ဖို့ စဉ်းစားလိုက်သည်။ ဘဝရှေ့ရေး မြင့်မားဖို့အတွက် အန်ကီ စီစဉ်ပေးတဲ့ သင်တန်းတွေကို ဆယ်တန်းတုန်းက ကြိုးစားခဲ့ရသလိုမျိုး နေ့မအား ညမနား သင်နေရတာကို မွှန်းကျပ်လာမိသည်။

"ငါက အခု သင်တန်းမှာ။ နင် ငါ့ကို လာခေါ်ပေးနိုင်မလား ရဲရဲ"

"ဟား ... ဟား ... နင် တကယ် ပြောနေတာလား။ အိုခေ ရွှေကြုတ်က အခု ဘယ်နားမှာလဲ။ ကိုယ်လာခေါ်မယ်"

"အဲဒါဆို ဦးထွန်းလင်း ခြံလမ်းကို လာခဲ့လိုက်။ ရောက်ရင် ဖုန်းဆက်လိုက်နော်"

"အိုခေ ... ကိုယ် အခု ထွက်လာလိုက်မယ်"

ရွှေကြုတ်က ဖုန်းပြောပြီးသွားတဲ့နောက်မှာ နောက် သင်တန်းတွေ ဆက်မတက်ဖို့အတွက် အောက်မှာ စောင့်နေတဲ့ ဦးသာခွေကို ဖုန်းလှမ်းဆက်ကာ လိမ်ရတော့သည်။





"ဦးသာခွေရေ ... ဦး ညကျမှ ကြုတ်ကို ပြန်လာကြိုတော့နော်။ ကြုတ် သူငယ်ချင်းကားနဲ့ အားလုံးစုပြီး နောက် အတန်းကို ဆက်သွားမှာမလို့။ လာကြိုမှပဲ ဦးသာခွေလာခဲ့တော့လေ။ ဦးသာခွေလည်း အနားရတာပေါ့"

"ဟေ ... ဖြစ်ရဲ့လား သမီးရယ်။ ဦးသာခွေက မပင်ပန်းပါဘူး။ ရတယ်။ သမီးကို လိုက်ပို့ပေးမယ်လေ"

"ရတယ် ဦး။ ပြန်လိုက်တော့နော်။ စိတ်ပြေလက်ပျောက် ကြုတ် သူငယ်ချင်းတွေနဲ့လည်း မုန့်အတူသွားစားချင်လို့ပါ။ ခွင့်ပြုပေးပါနော်"

ရွှေကြုတ်က အကောင်းဆုံး reason တစ်ခုဖြင့် ဦးသာခွေ ပြန်အောင် ပြောလိုက်လျှင် ဦးသာခွေက လက်သင့်ခံသွားလေတော့သည်။ အဲဒီတော့မှ ရွှေကြုတ်က စိတ်ဒုံးဒုံးချနိုင်ကာ ရဲရဲနဲ့ တွေ့နိုင်တော့တာ ဖြစ်သည်။ ရဲရဲ ရောက်ပြီဆိုလျှင် ရွှေကြုတ်က အတန်းမှ ထွက်လာကာ ရဲရဲဆီသွားတော့၏။

"ကဲ ... ဘယ်သွားချင်လဲ ရွှေကြုတ်"

"စိမ်းလန်းဘက် သွားရအောင်လေ"

"အိုခေ ... အဲဒီကျမှ စကားအေးဆေးပြောမယ်။ ရွှေကြုတ် ပိန်တောင်သွားသလိုပဲ။ ရော့ ... ရော့ ... ရေသောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ကားပေါ်မှာ ဘာမှမပြောဘဲ ငြိမ်လိုက်လာတာကြောင့် ရဲရဲကလည်း အလိုက်သိစွာ ဘာမှပြန်မပြောဘဲ ခပ်တိုးတိုး အင်္ဂလိပ်တေးသွားတစ်ခုကို ဖွင့်ပေးထားလေသည်။ တစ်လမ်းလုံး ပါးစပ်ပိတ်ထားလေသော ရဲရဲက zephyr ရောက်မှ ရွှေကြုတ်ကို မေးခွန်းတွေ စထုတ်တော့တာပဲဖြစ်သည်။

"ရွှေကြုတ် … နင့်ကြည့်ရတာ မလန်းမဆန်းနဲ့ ဘာဖြစ်လို့လဲဟင်။ နင် စိတ်ညစ်စရာတွေ ရှိနေလို့လား"

ရွှေကြုတ်ကို အကဲခတ်ကြည့်ကာ မေးလေတဲ့ မေးခွန်းက ရွှေကြုတ်အတွက်တော့ ဘာမှမရှိတော့တဲ့ အချိန်မှာ ရလိုက်တဲ့ နှစ်သိမ့်စကား တစ်ခုလိုပဲ ဖြစ်သည်။

"ငါ့ကို အခုလို မေးဖော်ရတာကို ကျေးဇူးတင်ပါတယ်ဟာ"

"မတွေ့ရတဲ့ တစ်လကျော်အတွင်းမှာ ရွှေကြုတ် အများကြီး ပြောင်းလဲသွားတာတော့ အမှန်ပဲ"

"အင်း … ဟုတ်လား။ ငါ့စိတ်ထဲမှာလည်း နင် တည်ငြိမ်ရင့်ကျက်သွားတယ်လို့ ခံစားမိတယ်"

"ဟုတ်တယ် … အဲဒါဆိုရင်တော့ နင် အရင်လို ငါ့ကို မျက်စိစပါးမွေး မစူးတော့ဘူးပေါ့ဟာ။ ကဲပါ …။ ငါ သိပ်တော့ မပြောတတ်ဘူး။ ဒါပေမဲ့ နင် စိတ်ညစ်နေတယ်ဆိုရင် ငါ့ကို ရင်ဖွင့်ပါ။ ငါက နင့်ကို ပျော်အောင်တော့





ဖန်တီးပေးနိုင်ပါတယ်။ နင် အခု ဘာသင်တန်းတွေ တက်နေတာလဲ"

"ဘာလုပ်ဖို့လဲ။ ငါတက်တဲ့ သင်တန်းတွေ လိုက်တက်ချင်လို့လား။ အဟင်း … နင်မှားသွားလိမ့်မယ် ရဲရဲ။ ငါ့ သင်တန်းက မနက်ခုနစ်နာရီကနေ စပြီးတော့ ညကို ဆယ်နာရီလောက်အထိ non-stop ဇယ်ဆက်သလို တက်ရတာ။ ငါ့အတွက်နဲ့ အပင်ပန်းခံမနေပါနဲ့ ရဲရဲရယ်"

ရွှေကြုတ် စကားကြောင့် ရဲရဲက အံ့အားသင့်စွာ ပြန်ကြည့်လေ၏။ ဒီလောက် ဆက်တိုက်တက်ရတယ်ဆိုတဲ့ အပေါ်မှာ ဘဝင်မကျ ဖြစ်နေဟန်ဖြင့် ရွှေကြုတ်ကို မေးခွန်းပြန်ထုတ်လေတော့သည်။

"ဘာကြောင့် ဒီလောက်တောင် သင်တန်းတွေ တက်နေတာလဲ၊ ဆယ်တန်းဖြေပြီးသွားတဲ့ အချိန်က အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါး သင်တန်းလောက်ပဲ တက်ရမှာလေ။ ဘာဖြစ်လို့ ဒီလောက်တောင် နင် အပင်ပန်းခံနေရတာလဲ"

"အဲဒါ ငါ့အကြောင်းနဲ့ ငါပေါ့ဟာ။ ငါ့ဘဝက နင်တို့လို တကယ့်သူဌေးအစစ် မဟုတ်ဘူးလေ။ ဒီလိုပဲပေါ့"

"ရွှေကြုတ် … အခု ကိုယ်ပြန်ရောက်နေပြီ။ နင့်အနားမှာ ကိုယ် အမြဲရှိနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က အဲဒီစကားအတွက် မသိကျိုးကျွန်ပြုကာ အအေးဆက်သောက်နေလိုက်သည်။ ဘာပဲဖြစ်ဖြစ် ရဲရဲနဲ့ အခုလို တောင်တောင်အီအီ စကားတွေ ပြောလိုက်ရတာ စိတ်ထဲမှာ မွန်းကျပ်မှုတစ်ခုကိုတော့ အတန်ငယ် ပြေပျောက်လျော့ပါးစေပါသည်။





## ၁၆

ခါမိုးက အိမ်ထဲသို့ ခပ်ကုတ်ကုတ် ဝင်လာလေတဲ့ ရွှေကြုတ်ကို လှမ်းခေါ်လိုက်လျှင် ရွှေကြုတ်က သူ့အသံကြောင့် သူ့ကို အံ့အားတသင့် ကြည့်ကာ သူ့ဆီ လျှောက်လာ၍ ...

"ဦး ... ဦးခါ မအိပ်သေးဘူးလား"

"ထိုင်ပါဦး။ ရွှေကြုတ်ကို ဦးခါ ပြောစရာရှိတယ်"

သူ့စကားကြောင့် ရွှေကြုတ်က သူ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်ရင်းကမှ သူပြောလာမယ့် စကားတို့ကို မျှော်လင့်နေပုံပေါ်တာကြောင့် သူက လိုရင်းကို ပြောလိုက်တော့သည်။

"တစ်အိမ်တည်း အတူနေပြီး မတွေ့တာတောင် ကြာပြီနော်။ မိုးလင်းကနေ မိုးချုပ် ဟိုသင်တန်းတက် ဒီသင်တန်းတက် အဲဒီလိုတက်ရတဲ့ ရည်ရွယ်ချက်က ဘာလဲ ရွှေကြုတ်။ ဒီလောက်ထိ နေ့ရော ညရော တစ်ရက်မနား ဘာလို့တက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရယ် ... သူလည်း သူ့ဘဝရပ်တည်မှုအတွက် ..."

သူ့မေးခွန်းအဆုံးမှာ လှိုင်းက ဝင်ဖြတ်ပြောတာမို့ သူက လှိုင်းရဲ့စကားကို နားမထောင်ဘဲ လှိုင်း ပြောတာကို တားမြစ်လိုက်သည်။

"ခဏလေးနေဦး လှိုင်း။ ကိုယ် ရွှေကြုတ် အဖြေကို အရင်ကြားချင်တယ်။ ကဲ ... ဖြေလေ ရွှေကြုတ်"

"ဟို ... ဟို ... ကြုတ် တတ်ချင်တဲ့ အတတ်ပညာတွေ တတ်ဖို့ပါ။ ဆယ်တန်းလည်းဖြေပြီး ဘာမှလုပ်စရာမရှိတော့ သင်တန်းတွေတက်ပြီး အချိန်ကုန်ချင်တဲ့ သဘောပါ"

ရွှေကြုတ်ရဲ့အဖြေစကားကို သူက သိပ်တော့လက်သင့်မခံပေ။ ရွှေကြုတ်ရဲ့ပုံစံကို ကြည့်ရတာဟာ အရင်လို သွက်လက်တက်ကြွမှုဆိုတာ မရှိချေ။ မမကိစ္စကြောင့် အခုလိုမျိုး ဖြစ်နေတယ်ဆိုတာ သူ သိပေမယ့် သူကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် မနည်းပြန်တည်ထောင်နေရတဲ့အချိန် ဖြစ်တာမို့ ရွှေကြုတ်ကို ဂရုစိုက်ဖို့ မေ့လျော့နေခဲ့တာပဲဖြစ်၏။

"ဘာပဲဖြစ်ဖြစ်ပေါ့။ အရမ်း အစွန်းမရောက်ပါနဲ့။ ဆယ်ကျော်သက် ကလေးတစ်ယောက်ဟာ ဒီလောက်ထိ တရားလွန် အပြင်မထွက်သင့်ဘူးလို့ ဦးခါ ယူဆတယ်။ ရွှေကြုတ်ရဲ့သင်တန်းချိန်တွေ သိပ်များလွန်းနေတယ်"





"ဦးခါက ဘာဖြစ်စေချင်လို့လဲဟင်။ ကြုတ် သင်တန်းတွေ တက်တာကို မကြိုက်တာလား"

"ဦးခါ အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ ရွှေကြုတ် သင်ယူလိုစိတ်ရှိလို့ တက်တာကို ဘာမှပြောစရာ မရှိပါဘူး။ ဒါပေမဲ့ တစ်နေ့လုံး ဦးခါနဲ့ အဝင်အထွက်လောက်ပဲ ဆုံတာကတော့ သိပ်သဘာဝမကျဘူး။ နောက်နေ့ကစပြီး ဘယ်အချိန် ပြန်ရောက်ရောက် မင်း ဦးခါကို လာတွေ့ပါ"

သူ့ရဲ့ခပ်ပြတ်ပြတ် ပြောစကားကြောင့် ရွှေကြုတ်က သူ့ကို မဝံ့မရဲကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြသည်။

"ဟုတ်ကဲ့ ... ဦးခါ"

"ကဲ ... အဲဒါဆိုလည်း နားတော့။ နောက်နေ့တွေ ဦးခါကို လာတွေ့နော်"

"ဟုတ် ... ဦးခါ။ Good Night နော်"

ရွှေကြုတ်က သူ့ကို နှုတ်ဆက်ကာ သူ့တိုက်လေးဆီသို့ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။ ရွှေကြုတ်က သူ့အရိပ် အမိုးအောက်မှာ နေတယ်ဆိုပေမယ့် ရွှေကြုတ်ကို ဟိုဘက်တိုက်လေးထဲမှာ သက်သက်နေတာကို စိတ်ထဲဘဝင်မကျမချ။

"ကို ... အိပ်တော့လေ။ ကို ပြောချင်တာတွေလည်း ပြောပြီးပြီဘဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းကို ကိုယ် တိုင်ပင်စရာ ရှိသေးတယ်"

သူ့စကားကြောင့် လှိုင်းက သူ့ဘေးနားသို့ လာဝင်ထိုင်ကာ သူ့ကို အကဲခတ်သလိုလေး ကြည့်ရင်းက ...

"ဘာပြောမလို့လဲ ပြောလေ ကိုရဲ့"

"နောက်နေ့ကစပြီးတော့ ချွေကြုတ်ကို အိမ်ပေါ်ခေါ်ထား လိုက်တော့"

"ဘာ ... ဘာဖြစ်လို့လဲ။ အနောက်ဘိုကိုလေးမှာ သူ့ဘာသာ သူ အဆင်ပြေနေတာပဲ မဟုတ်လား။ လှိုင်း သဘောက တော့ မခေါ်ချင်ဘူး ကို"

လှိုင်းရဲ့ ခပ်ပြတ်ပြတ် ပြောစကားကြောင့် သူက တကယ်ပဲ အရမ်းကို အံ့အားသင့်သွားရပေါ့သည်။ လှိုင်းက လုံးဝကို လက်သင့်မခံသည့် အရိပ်အယောင်တွေ ပြလိုက်ဘာမို့ သူက လှိုင်း လက်သင့်ခံလာအောင် ရှင်းပြရတော့သည်။

"လှိုင်းရယ် ... အဲဒါကတော့ လှိုင်း တမင်ကတ်တာပဲ။ ဒီမှာ လှိုင်း၊ အခုချိန်မှာ ချွေကြုတ်ရဲ့ အရာရာတိုင်းကို ကိုယ်က အုပ်ထိန်းသူတစ်ယောက်အဖြစ် လုံးလုံးလျားလျား တာဝန်ယူထားတာ။ ကိုယ့်ဘက်က ချွေကြုတ်ကို အရင်က ထက်ပိုပြီး တာဝန်ကျေဖို့ လိုအပ်လိမ့်မယ်။ ကိုယ့်တို့ရဲ့ မမြင်ကွယ်ရာမှာ ကိုယ် စိတ်ချလက်ချ မထားနိုင်ဘူး။ ဒါကြောင့် ချွေကြုတ်ကို ဒီအိမ်ပေါ်မှာပဲ ခေါ်ထားရမယ်"





သူ့ရဲ့စကားအတွက် လှိုင်းက သူ့ကို ဘာမှပြန်မပြောသေးဘဲ သူ့ကို ခပ်စွေစွေ စိုက်ကြည့်လေသည်။ လှိုင်းဘက်က သူ့ကို အလိုမကျ ဖြစ်နေတယ်ဆိုတာ လှိုင်းရဲ့ပုံစံကို ကြည့်တာနဲ့ သိသာသေသည်။ သူက လှိုင်းဆီက အပြစ်တင်စကား တစ်ခုခု နားထောင်ဖို့ ပြင်ဆင်ထားချိန်မှာ လှိုင်းက သက်ပြင်းတစ်ချက်ချကာ ...

"ကောင်းပါပြီ ကို။ ချွေကြုတ်ကို အိမ်ပေါ်မှာပဲ ခေါ်ထားလိုက်ပါ။ လှိုင်းဘက်ကလည်း ကို့ကို အမြဲဂရုစိုက်နေတဲ့ သူပါ။ ကို့ဘက်က ချွေကြုတ်ကို တာဝန်ယူရမယ့် အုပ်ထိန်းသူ ဖြစ်နေတဲ့အတွက် လှိုင်းဘက်က ဘာမှပြောဖို့ မရှိပါဘူး။ ကို စိတ်ချမ်းသာမယ်ဆို ပြီးတာပါပဲ။ ကို ပြောချင်တာ အဲဒါပဲမှလား။ အိပ်ရအောင်လေ။ မနက်ကျရင်လည်း ကို အလုပ်သွားရဦးမယ်မှလား"

"အင်း ... လာ ... အိပ်စို့။ ဪ ... လှိုင်း ... ကိုယ့်ကို အခုလို နားလည်ပေးတာ ကျေးဇူးအရမ်းတင်ပါတယ်"

လှိုင်းက အပြုံးနုနုတစ်ခုဖြင့် သူ့လက်မောင်းကို လာချိတ်ဆွဲရင်းကမှ ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ ...

"ကိစ္စမရှိပါဘူး။ ကိုနဲ့အတူ အေးအတူ ပူအမျှ ရင်ဆိုင်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးကို လှိုင်း ပြင်ဆင်ထားပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက လှိုင်းရဲ့အဲဒီအပြောလေးကြောင့် အရမ်းပဲ ကြည်မွေ့ရင်ခုန်လို့ သွားလေသည်။ လှိုင်းဟာ သူ့ကို ချစ်တယ် ဆိုတာ တကယ်ပဲ ကျေနပ်ဖွယ် အခြေအနေတစ်ခု ဖြစ်လေသည်။

❁ ○ ❁





"ကို့ဘက်က မင်းကို အခွင့်အရေးတွေ အပြည့်အဝပေး ထားသလို မင်းဘက်ကလည်း ရထားတဲ့ အခွင့်အရေးတွေ သုံးထားတဲ့အတွက် နေတတ်အောင် နေလို့ပဲ တို့ကတော့ ပြောချင်တယ်"

ရွှေကြုတ်က ကြားရတဲ့စကားကြောင့် စိတ်ထဲမှာ ထောင်းခနဲတော့ ဒေါသက ဖြစ်သွားရတော့ ဖြစ်သည်။ ဒီနေ့က ရွှေကြုတ် တစ်နှစ်ပတ်လုံး နေလာခဲ့ရတဲ့ အနောက်တိုက်လေးက နေ အိမ်ကြီးပေါ်ကို အပြီးပြောင်းရွှေ့လာခဲ့ပြီ ဖြစ်၏။ အန့်တီလှိုင်း ရဲ့ အပြုမအမူနဲ့ စကားအပြောအဆိုဟာ ရွှေကြုတ်ကို အစက တည်းက အမြင်မကြည်လင်ဘူးဆိုတာ သိထားပေမယ့် အခုလောက် ထိ ခပ်ပြတ်ပြတ်ကြီး ပြောပစ်လိုက်မယ်လို့ လုံးဝမထင်မှတ်လောက် အောင် ပြောရက်ခဲ့တာဖြစ်သည်။

"ကြုတ်ကို ဦးခါက အိမ်ပေါ်မှာ လာနေဆိုတဲ့ အမိန့် ကြောင့် လာနေရတာပါ အန့်တီ။ အန့်တီ သင်တန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းကမိုးချုပ် စီစဉ်တာကိုတောင် ကြုတ် ဘာမှအတွန့် မတက်ဘဲ တက်နိုင်ခဲ့သေးရင် ဒီမှာလည်း နေတတ်မယ်ဆိုတာ အန်တီ သိမှာပါ။ ကြုတ် အတွက် ဘာမှစိတ်ပူစရာ မရှိပါဘူး"

"မင်းက အဲဒီလို ပြန်ပြန်ပြောနေတာကို ငါ မကြိုက်တာ။ ဒီမှာ ရွှေကြုတ်။ မင်း စိတ်ထဲမှာ သိထားဖို့က မင်းကကို့အစ်မရဲ့မွေးစားသမီးဖြစ်တာ တစ်ခုတည်းကြောင့် ဒီအိမ်မှာ ပတ်သက်ခွင့် ရှိနေတာပဲ။ ဒီအိမ်က လူတွေက မင်းနဲ့ ဘာသွေးသားမှ မကော်စပ်ဘူး ဆိုတာကို မင်းမမေ့ဖို့ လိုတယ်"

"အန်တီ ဘာကြောင့် ကြုတ်ကို ဒီစကားတွေ လာပြောနေရတာလဲ။ ကြုတ်အပေါ်ကို အန်တီ အမြင်လွဲနေတာဖြစ်ပါလိမ့်မယ်။ ကြုတ်နဲ့ ဒီမိသားစု ဘာမှမတော်စပ်ဘူးဆိုပေမယ့် ကြုတ်ရဲ့စိတ်ထဲမှာတော့ ဒီအိမ်ကလူအားလုံးဟာ ကြုတ်ရဲ့မိသားစုတွေချည်းပါပဲ။ သင်တန်းချိန် နောက်ကျနေလို့ သွားလိုက်ပါဦးမယ် အန်တီ"

ရွှေကြုတ်က ကျောပိုးအိတ်ကို ကောက်လွယ်ကာ စကားကို အနိုင်နဲ့ပိုင်းပြီး ထွက်လာခဲ့သောအခါ နောက်ကျောက နေ အန်တီ့ရဲ့ တောက်ခေါက်သံကို ကြားလိုက်ရသည်။





ရွှေကြုတ် အတွက်ကတော့ နေရထိုင်ရတာဟာ တကယ်ပဲ မွန်းကျပ်ရ၏။ အန်တီလှိုင်းဟာ ဘာသဘောနဲ့ ကြုတ်ကို ပြဿနာရှာနေမှန်းလည်း ကြုတ်မသိတော့ပါ။ သူများကျောင်းသူတွေဆို ဆယ်တန်းဖြေပြီးလို့ သင်တန်းတွေတက်ရပြီဆို တက်ကြွမြူးတူးလို့။ ရွှေကြုတ်ကတော့ ပျော်ရွှင်ဖို့ တက်ရတာထက် အိမ်မှာမနေရအောင် တက်နေရတာမို့ စိတ်ဆင်းရဲရလေသည်။

"ဟယ်လို ... ကြုတ်လေး ... How r u ? "

ရွှေကြုတ်က စဉ်းစားရင်း အတွေးပွားရင်းဖြင့် သင်တန်းလေ့ကားပေါ် တက်အလာဝင် ရွှေကြုတ်ရှေ့က ကာရပ်၍ ပြုံးရွှင်သော မျက်နှာထားဖြင့် ဆီးကြိုနှုတ်ဆက်သူကို ရွှေကြုတ်က မြင်လိုက်ရလျှင် တကယ်ပဲ အံ့သြသွားရလေသည်။

"ရဲရဲ ... နင် ... ဒီကို ...

"Alright ... ငါ နင့်ကို လာခေါ်တာ"

"ဘယ်လို"

ရွှေကြုတ်က ပို၍ ပို၍ အံ့အားသင့်နေတုန်းမှာ ရဲရဲက ဆပ်ပ်ပရိုက်စ်တွေ ထပ်ပေးလေသည်။

"ကိုယ် ပြောခဲ့ပြီးသားပဲ။ ရွှေကြုတ် စိတ်ညစ်တာတွေကို ပျောက်အောင် လုပ်မပေးနိုင်ပေမယ့် ပျော်အောင်ဖန်တီးပေးနိုင်ပါတယ်ဆိုတာလေ။ အဲဒီစကားကို လက်တွေ့အကောင်အထည်ဖော်ပေးမလို့။ လာ ... ငါနဲ့ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်ရဲ့ လက်တစ်ဖက်ကို လှမ်းဆွဲတာမို့ ရွှေကြုတ်က ဆတ်ခနဲ ပုတ်ထုတ်လိုက်ရင်းက ...

"ဒါ ဘာလုပ်တာလဲ ရဲရဲ"

"ရွှေကြုတ် ... နင့်ကို ပျော်အောင် ဖန်တီးပေးချင်တာပါ။ ငါ့ကို ယုံစမ်းပါဟ"

"နင် အခု ငါ့ကို ဘယ်ခေါ်သွားမလို့လဲ။ ငါ သင်တန်း တက်ရဦးမှာ"

"ဟား ဟား ... နင်က မနက်ကနေ ညမိုးချုပ်အထိ တက်နေရပါတယ်ဆိုတဲ့ ပုံစံခွက်ကြီးကို ခေါက်ထားလိုက်စမ်းပါ။ နင် ပျော်စေရမယ်ဟာ။ အရင်ဆုံး ဒီသင်တန်းလစ်တဲ့နေရာကနေစပြီး ပျော်သွားစေရမယ်။ ငါ့ကို ယုံစမ်းပါ ရွှေကြုတ်ရာ"

ရွှေကြုတ်က ရဲရဲရဲ့မျက်နှာကို တစ်ချက် အကဲခတ်ကြည့်လိုက်မိသည်။ ရဲရဲ ပြောသလိုမျိုး ရွှေကြုတ်လည်း ပျော်မူးချင်သည်။ ရဲရဲရဲ့မျက်နှာမှာ ရွှေကြုတ်ဆီမှာ မတွေ့ရတဲ့ လူငယ်တစ်ယောက်ရဲ့ ပျော်ရွှင်လွတ်လပ်မှုတွေကို တွေ့မြင်နေရ၏။ ရွှေကြုတ်မှာတော့ ...။ ရွှေကြုတ်က တစ်နေ့ တစ်နေ့ မွန်းကျပ်ပိတ်လှောင်နေတဲ့ စိတ်တွေကို သွင့်ထုတ်ဖို့အတွက် ရဲရဲနဲ့အတူ ထွက်လာခဲ့တော့သည်။ ရဲရဲက ပျော်ရွှင်ကြည်နူးစွာဖြင့် သူ့ရဲ့





အင်မတန်မှ ချစ်စရာကောင်းသော Sport type ပြိုင်ကားလေးပေါ်သို့ ရွှေကြုတ်ကို တင်ဆောင်ခေါ်လာကာ အရင်ဆုံး စိမ်းလန်းစိုပြည်ထဲသို့ မောင်းလာလေ၏။

"ကဲ ... ကြုတ်။ စိတ်ကို ဘာမှ မွန်းကျပ်မှုတွေ မထားနဲ့။ ဒီနေရာလေးကို လာတဲ့သူက အားလုံး ကိုယ့် feel နဲ့ ကိုယ်ပဲ။ ဒီကနေ ကန်ရေပြင်ကြီးကို ရှုစားပြီး အသက်ကို ပြင်းပြင်းရှူထုတ်ပစ်လိုက်"

ရွှေကြုတ်က သူပြောတဲ့အတိုင်း ကန်ရေပြင်ကို ငေးကြည့်ရင်းက အသက်ကို ပြင်းပြင်းရှူကာ ပြန်ထုတ်ပစ်လိုက်သည်။ အနားနားက ရဲရဲရဲ့ဖုန်းလေးက သီချင်းသံလေး ထွက်လာလေသည်။

"I used to bite my tongue xxx and hold my breath xxx scared to rock the boat xxx and make a mess xxx so I sat quietly xxx agreed polilely"

Katy Perry ရဲ့ "Roar"သီချင်းသံက ရွှေကြုတ်ရဲ့စိတ်တစ်ခုလုံးကို လွှမ်းခြုံသွားသလို ခံစားရလေသည်။

"ရွှေကြုတ် ... ဘာအတွက်နဲ့မှ နင် စိတ်လျှော့စရာမလိုပါဘူး။ ဒီသီချင်းထဲကလိုမျိုးပဲ နင့်ရဲ့စိတ်ဓာတ်တွေဟာ မိုးခြိမ်းသံတွေအလား ကျယ်ဝန်းမာကျောနေရမယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရဲ့ လက်တွေ့ကျတဲ့ အားပေးစကားကြောင့် ရွှေကြုတ်က သူ့ကို ဘာမှမပြောနိုင်သေးဘဲ တစ်ခဏတော့ ငေးကြည့်မိသွားသည်။ ရဲရဲဟာ တကယ်ကို ထင်မှတ်မထားသော ပုံစံမျိုးဖြင့် ရွှေကြုတ်ရဲ့ စိတ်ဓာတ်တွေကို အားထည့်ပေးနိုင်လေသည်။ Katy Perry ရဲ့ အားမာန်ပါပါ ဆိုသွားတဲ့ Roar သီချင်းသံကြားမှာ ရွှေကြုတ်ရဲ့စိတ်တွေ အားပြန်ပြည့်လာသလို ခံစားရလေသည်။

"ကျေးဇူးအများကြီး တင်ပါတယ် ရဲရဲရယ်။ ငါ့စိတ်တွေ နင့်ကြောင့် ခွန်အားတစ်စုံတစ်ရာ ရသွားသလိုပဲ။ အရင်က ဒီသီချင်းကို ငါ နားထောင်ခဲ့ဖူးပေမယ့် အဲဒီလို စိတ်ဓာတ် ခွန်အားမျိုး မရခဲ့ဖူးဘူး။ နင် အရမ်းတော်တယ်ဟာ"

"ဟား ဟား ... ဒါ အခုမှ အကောင်းပဲ ရှိသေးတယ် ကြုတ်ရဲ့။ ဒီနေ့ တစ်နေကုန် နင့်အတွက် ပျော်စရာအချိန်တွေကို ငါ ဖန်တီးပေးမှာ။ ဆယ်တန်းတုန်းက နင် ငါ့ကို အမြင်စောင်းခဲ့တာတွေပါ ရှင်းသွားအောင် ငါက နင့်ရဲ့ စိတ်အညစ်တွေ ရှင်းပေးသွားမှာ ...

ဒီနေ့ကစပြီး ငါ့ကို နင့်ရဲ့ပါပါရိန်းဂျား ခန့်လေ ဘယ်လိုလဲ"

ရဲရဲရဲ့စကားကြောင့် ရွှေကြုတ်က တကယ်ပဲ ဟက်ဟက်ပက်ပက် ရယ်မောမိသွားရလေသည်။





"ဟာ ... နင် ရယ်ပြီ။ yes ... ဟား ... ငါက တကယ်ပဲ နင်ရဲ့ပါပါရိန်းဂျားလေးဖြစ်ဖို့ အလားအလာရှိပြီထင်တယ် ဟုတ်လား"

"ဟင်း ... ရဲရဲနော် ... နင် ဖောက်မလာနဲ့"

"ဩော် ... မဖောက်ပါဘူး။ တကယ်ပြောတာ"

"ရွှေကြုတ်"

ရဲရဲရဲ့အသံနဲ့ အနောက်ကနေ ကြားလိုက်ရတဲ့ခေါ်သံက တစ်ပြိုင်တည်းမို့ ရွှေကြုတ်က လှည့်ကြည့်မိလိုက်လျှင် နေ့ခေါင်ခေါင်ကြီး မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရလေသည်။ ဦး ... ဦးခါ။ ရွှေကြုတ်က လုံးဝကို မမျှော်လင့်ထားတဲ့ အနေအထားမို့ အရမ်းကြီး တုန်လှုပ်သွားကာ ရွှေကြုတ်က ထိုင်ရာမှ ဝုန်းရုန်းရင်း ဦးခါကို ခေါ်မိသွားသည်။

"ဦး ... ဦး ... ဦးခါ"

ဦးခါက အရမ်းကို ဒေါသထွက်နေမှန်း သိသာနေသည့် မျက်လုံးတို့ဖြင့် ခပ်နက်နက် စိုက်ကြည့်ကာ ...

"နင် ဘာမှထပ်မပြောနဲ့။ ပြန်မယ် ... တစ်ခါတည်းပြန်လိုက်ခဲ့"

ဦးခါက အပြတ်ပြောကာ ရဲရဲကို ခပ်စူးစူးကြည့်ပြီးနောက် လှည့်ထွက်သွားလေသည်။ ရွှေကြုတ်က ထွက်သွားတဲ့ ဦးခါနောက် အပြေးလိုက်ဖို့ ဟန်အပြင်မှာ ရဲရဲက အမြန်လှမ်းမေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြုတ် ... ဖြစ်ရဲ့လား"

"ရတယ် ရဲရဲ။ ငါ သွားတော့မယ်နော်။ နောက်မှ ဖုန်းဆက်လိုက်မယ်"

ရွှေကြုတ်က ပြောပြီးတာနဲ့ အိတ်ကိုကောက်ယူကာ ဦးခါ အနောက်ကို အသည်းအသန် ပြေးလိုက်ရလေသည်။

"ဦးခါ ... ဦးခါ"

"ငါ့ကို ဘာစကားတစ်ခွန်းမှ ထပ်မပြောနဲ့။ ကားပေါ်တက်တော့ ရွှေကြုတ်"

ကား lock ကို ရီမုဒ်ဖြင့် လှမ်းဖွင့်ရင်း ခပ်မာမာ လေသံဖြင့် ပြောတာကြောင့် ရွှေကြုတ်လည်း ဘာမှအတွန့်မတက်ရဲပေ။ ရွှေကြုတ်ဘက်က အမှားဖြစ်တာမို့ ဦးခါ အရမ်းစိတ်ဆိုးနေမယ်ဆိုတာ ရွှေကြုတ် သိလေသည်။ ကားပေါ်ကို ခပ်ကုပ်ကုပ် ရွှေကြုတ် တက်လိုက်တာနှင့် ကားက ဝေါခနဲ တစ်ခါတည်းကို မောင်းထွက်လေ၏။ ကားပေါ်မှာ ဦးခါရဲ့မျက်နှာကြောက တင်းထန်နေတာကြောင့် ရွှေကြုတ်လည်း စကားတစ်ခွန်းမှ မပြောရဲပေ။ ဦးခါက အိမ်ကိုပဲ တန်းမောင်းလာတာမို့ ရွှေကြုတ်က အိမ်ပြန်ရောက်လာလျှင် ရှင်းပြဖို့ စကားလုံးတွေကို အသည်းအသန် ရှာနေရတာဖြစ်သည်။

ဦးခါက တစ်လမ်းလုံး ဘာစကားတစ်ခွန်းမှ မပြောဘဲ ကားကို အိမ်အထိ မောင်းချလာကာ ပေါ်တီကိုအောက်မှာ ကားကို တိခနဲ ရပ်လိုက်ကာ ဖုန်းကိုယူ၍ နံပါတ်တစ်ခုကိုနှိပ်





ကာ ဖုန်းခေါ်၏။ ဦးခါရဲ့ အပြုအမူကြောင့် ရွှေကြုတ်က ဘာများလုပ်မလဲဆိုပြီး ကားပေါ်က မဆင်းနိုင်ဘဲ ဦးခါကိုသာ ငေးကြည့်နေမိသည်။

"ကိုသာခွေ ... ခင်ဗျား အခုချက်ချင်း အိမ်ပြန်လာခဲ့"

ဟား ...။ ရွှေကြုတ်က ဦးသာခွေကို လှမ်းဆက်တဲ့ ဖုန်းဖြစ်တာကြောင့် အရမ်းပဲ အံ့အားသင့် တုန်လှုပ်သွားရသည်။ ဦးခါ တကယ်ကြီးကို စိတ်ဆိုးသွားပြီ ဆိုတာကိုလည်း သဘောပေါက်ရလေသည်။

"ခင်ဗျား ဘာမှ လျှာမရှည်နေနဲ့။ အိမ်သာ ချက်ချင်းပြန်လာခဲ့"

ဦးခါက ဖုန်းပြောပြီးသွားတာနဲ့ ရွှေကြုတ်ဘက်ကို တစ်ချက်ကြည့်ကာ ...

"ကားပေါ်က ဆင်းလေ။ အိမ်ရောက်နေပြီ"

"ဟုတ် ... ဟုတ်ကဲ့"

ဦးခါကို တုန်တုန်လှုပ်လှုပ်ဖြင့် ခေါင်းညိတ်ပြကာ ကားပေါ်က ဆင်းလာကာ အိမ်ထဲဝင်လာရလေသည်။ ဦးခါက ကားတံခါးကို ဂုန်းဒိုင်းဆောင့်ပိတ်ကာ အိမ်ထဲဝင်ချသွားလျှင် ရွှေကြုတ်က ဦးခါနောက်က ခပ်ကုပ်ကုပ် လိုက်လာကာ ဦးခါ ဧည့်ခန်းမှာ ထိုင်လိုက်တာနဲ့ ရွှေကြုတ်ဘက်က ဖြေရှင်းချက် အမြန်ထုတ်ရလေသည်။

"ဦး ... ဦးခါ ... ကြုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ရွှေကြုတ် ... နင့်ပါးစပ်ကို ပိတ်ထားလိုက်တော့။ ငါ ထပ်မကြားချင်ဘူး။ မိုးလင်းက မိုးချုပ် သမီးဘ၀ ကောင်းစားရေးအတွက် ရှေ့ရေးအတွက်ဆိုပြီး သင်တန်းတွေ တက်နေတာ ဘာကြောင့်လဲ ငါ သိသွားပြီ။ နင်ဟာ ငါ့မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်ခဲ့တာ။ တစ်နေ့တစ်နေ့ အပြင်ချည်းပဲ ထွက်ချင်နေတဲ့ ရည်ရွယ်ချက်က ဘာဆိုတာ ငါ မျက်မြင်တွေ့မှပဲ သဘောပေါက်သွားပြီ"

"မဟုတ် ... မဟုတ်ရပါဘူး ဦးခါရယ်"

"ဟဲ့ ... ဟဲ့ ... ဘာတွေ ဖြစ်နေကြတာလဲ။ ဟယ် ... ရွှေကြုတ်"

ဒေါ်ကြီးပိုက နောက်ဖေးကနေ အပြေးအလွှားထွက်လာလျှင် ရွှေကြုတ်က တစ်ခုတည်းသော အားကိုးရာဖြစ်နေသော ဒေါ်ကြီးပိုဆီ အပြေးသွားလိုက်၏။ ရွှေကြုတ်ရဲ့ မျက်ရည်အဝဲသားပုံစံကိုကြည့်ကာ ဒေါ်ကြီးပိုက အခြေအနေကို အကဲခတ်ရင်းက ဦးခါကို လှမ်းမေးလေ၏။

"မောင်ခါမိုး ... ဘယ်လိုတွေ ဖြစ်ကြတာလဲကွယ်"

"ဒေါ်ကြီးပို ... ရွှေကြုတ်ကို ကျွန်တော် အခု ဘယ်ကနေ ပြန်ခေါ်လာရသလဲဆိုတာ မေးကြည့်လိုက်"

"ရွှေကြုတ် ... ဘာတွေ ဖြစ်လာကြတာလဲ"





ဒေါ်ကြီးပိုက အထိတ်တလန့်ဖြင့် ဦးခါကိုတစ်လှည့် ရွှေကြုတ်ကိုတစ်လှည့်ကြည့်ကာ မေးနေကာမို့ ရွှေကြုတ်က ဦးခါရဲ့ အထင်လွဲ ဒေါသဖြစ်မှုတွေအတွက် ဒေါ်ကြီးပိုကို တိုင်ဘည်ကာ ဦးခါ အထင်မှားနေမှုအပေါ် ရှင်းပြရသည်။

"ဦးခါ ထင်သလိုမျိုး မဟုတ်ပါဘူး။ ကြုတ် ... ကြုတ်က တကယ်ပဲ သင်တန်းတွေ တက်နေတာပါ"

"တော်စမ်း။ နင့်ပါးစပ်ကို ပိတ်လိုက်။ ရွှေကြုတ် ... နင့်ကို ငါ စိတ်ဆိုးတာ မိုးလင်းကမိုးချုပ် သင်တန်းတွေတက်နေလို့ မဟုတ်ဘူး။ သင်တန်း အကြောင်းပြပြီး နင်လစ်နေလို့"

"ဦးခါ မဟုတ်ဘူး။ ကြုတ် ဘယ်တုန်းကမှ သင်တန်းမလစ်ခဲ့ဖူးဘူး"

ရွှေကြုတ်က မခံနိုင်စွာသော ဒေါသတို့ဖြင့် ဦးခါကို ရဲရဲတောက် ရင်ဆိုင်လိုက်လျှင် ဦးခါကလည်း ဒေါသတကြီး ပြန်ပြောလေသည်။

"တိတ် ... နင့်ပါးစပ်ကို။ မလစ်ဘူး ဟုတ်လား။ အေး ... မလစ်တဲ့သူက နင့်ကို ငါ ဘယ်ကနေ ပြန်ခေါ်လာရတာလဲ စဉ်းစား။ နင်တွဲနေတဲ့ အကောင်က ဟိုတစ်ခါ ငါနဲ့ဆုံတဲ့ကောင် မဟုတ်လား။ နင့်ကို ငါ့ဘက်က စေတနာတွေအပြည့်နဲ့ နင်ဘ၀ကြီးတစ်ခုလုံးကို မြှင့်တင်ပေးချင်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



စေတနာတွေ အားလုံး အလကားပဲ ရွှေကြုတ်။ နင်ဟာ မမ မျှော်လင့်ထားတဲ့ နေရာတောင် မရောက်သေးဘဲနဲ့ ခုန်ချချင်တာ"

"ဦးခါ"

ရွှေကြုတ်က ရက်ရက်စက်စက်ကို ရွှပ်ရွပ်ပြောဆိုလိုက်တဲ့ စကားတွေက ရွှေကြုတ်အတွက်တော့ ဘယ်လိုမှ ခံနိုင်ရည်အားမရှိချေ။

ဦးခါ ဘာကြောင့် ဒီလောက်ထိ အပြင်းအထန်ပြောရက်ခဲ့ရတာလဲ။

"ကြုတ်ကို အဲဒီလောက်အထိ မပြောပါနဲ့။ ကြုတ် ဒီနေ့ ဒီအချိန်ထိ ဦးခါရဲ့စကားအတိုင်းပဲ နေခဲ့တာပါ"

"ငါမကြိုက်တဲ့ကောင်နဲ့ မတွဲနဲ့လို့ ပြောခဲ့တာ နင် ဆယ်တန်းမဖြေခင်ကတည်းက။ အခုချိန်ထက်ထိ နင်ပတ်သက်နေတယ် ဆိုကတည်းက ရှင်းနေတာပဲ။ ဘာလဲ ... ရွှေကြုတ်။ နင်က မမ မရှိတော့ဘူးဆိုပြီး ငါ့စကားကို နားထောင်ဖို့ မလိုတော့ဘူးဆိုတဲ့ သဘောလား ဟုတ်လား"

"တော်ပါတော့ ဦးခါ။ ဦးခါ ကြုတ်ကို တစ်ဖက်သတ် စွပ်စွဲနေတာ။ ဦးခါ ကြိုက်ဘူးခုလား။ စိတ်ချ ... အဲဒီကောင်နဲ့ ကြုတ် လုံးဝမပတ်သက်ဘူး။ ဘာသင်တန်းမှလဲ သွားမတက်တော့ဘူး"





ရွှေကြုတ်က ရင်ထဲမှာ အရမ်းကို ဝမ်းနည်းပက်လက် ဖြစ်လာကာ စိတ်ထဲရှိသမျှ ဖွင့်ချလိုက်ပြီး အိမ်ပေါ်သို့ ပြေးတက်လာခဲ့တော့သည်။ အပေါ်တက်လာတာတောင် ဦးခါရဲ့ စကားသံတွေကို ကြားဖြစ်အောင် ကြားလာခဲ့ပါသေးသည်။

"အေး ... မတက်နဲ့။ တစ်နေ့လုံး လမ်းချည်းပဲထွက်နေလို့ ဘာပညာမှ ရလာမှာ မဟုတ်ဘူး။ နင် အိမ်ထဲက အိမ်ပြင်ထွက်ဖို့ လုံးဝမစဉ်းစားနဲ့"

ဦးခါ ဘာဖြစ်လို့ ဒီလောက် ရက်ရက်စက်စက် ပြောထွက်ရက်ရတာလဲ။ ရွှေကြုတ်ဘက်က ခံစားချက်တွေကိုကျတော့ ဘယ်သူကမှ နားလည်မပေးကြဘူး။

တီမိုးရယ် ... ကြုတ် တစ်ယောက်တည်း ဘယ်လိုနည်းနဲ့မှ မရပ်တည်ချင်တော့ဘူး။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"ကို ... နေ့ခင်းကျရင် လှိုင်း ကိုရုံးကို လာခဲ့မယ်။ ထမင်း အတူတူစားမယ်လေ"

"အင်း ... လာလေ။ လှိုင်းက ဒီနေ့မှ ထူးထူးခြားခြား ဘာဖြစ်လို့လဲ"

လှိုင်းက အကဲခတ်သလိုမေးကာ အံ့အားသင့်နေပုံရသည့် ကို့ကို အပြုံးဖြင့် ပြန်လည်တုံ့ပြန်ရင်းက ကို့ရဲ့အကျႌကြယ်သီးတွေကို တပ်ပေးမပျက် ပြန်ဖြေလိုက်သည်။

"ကိုရယ် ... ကိုယ်လင် ကိုယ်မယား နေ့ခင်းထမင်းအတူတူစားတာက အဆန်းဖြစ်နေလို့လား။ လှိုင်းက ကိုယ့်ကုမ္ပဏီကိုလာပြီး ကို့ရဲ့စက္ကထရီ အချိန်ပိုင်း လာလုပ်ပေးမယ်လေ"

"အဟင်း ... ဘာပဲဖြစ်ဖြစ် ဒီနေ့ လှိုင်း ထူးခြားနေတာတော့ အမှန်ပဲ"





"ဟုတ်လား ... ဘာထူးခြားလို့လဲ"

လှိုင်းက မျက်စအသာပင့်လိုက်ရင်း ပြုံးမြမြမျက်နှာအားဖြင့် ကို့ကို ပြောလိုက်လျှင် ကိုရဲ့ အပြုံးအရယ်မဲ့နေတဲ့ မျက်နှာက ပြုံးမြမြ ပြန်ဖြစ်လာကာ ...

"လှိုင်းရဲ့ပုံစံကို ကြည့်ရတာ အရင်တုန်းက သမီးရည်းစားအချိန်ကာလလေးကို ပြန်ရောက်သွားသလိုပဲ"

ကို့ရဲ့အဲဒီစကားကြောင့် လှိုင်းက ပြုံးမိသွားသည်။ ဒီအချိန်မှာ ကို့ကို ဂရုစိုက်ဖို့ လိုအပ်တယ်ဆိုတာ လှိုင်း အသေအချာ သိနေတယ်လေ။ လှိုင်းက ကို့ရဲ့တစ်ကိုယ်လုံးကို သိမ်းပွေ့ဖက်လိုက်ရင်းမှ ကို့မျက်နှာကို မော့ကြည့်ကာ ...

"အဟင်း ... ဟင်း ... လှိုင်းက ကို့ကို အဲဒီလိုပဲ အမြဲဂရုစိုက်နေတာပါ။ ဒီနေ့ကနေစပြီး ကိုနဲ့အတူ နေ့ခင်းထမင်းလာစားမယ်။ လှိုင်း ကိုယ်တိုင် ထမင်းချိုင့်လာပို့ပေးမယ်။ ကို့ရဲ့မျက်နှာမှာလည်း အပြုံးတွေ ပျောက်နေတာကြာပါပြီ။ လှိုင်းတို့က တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာမှလား။ ကို့ကို လှိုင်း စိတ်မညစ်စေချင်ဘူး"

"ကို အခုတလော လှိုင်းကို ပစ်ထားမိသလို ဖြစ်သွားကာတောင်းပန်ပါတယ်။ ကို့မှာလည်း အရမ်းကို ခံစားခဲ့ရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မပစ်ထားပါဘူး။ လှိုင်းက ကို့အေးနားမှာ အမြဲရှိနေတာ ပဲဟာ။ ကိုရယ် ဘယ်လိုပဲဖြစ်ဖြစ် ဖြစ်ပြီးခဲ့တာတွေ အားလုံးက ပြီးခဲ့ပြီပဲ။ လှိုင်းကလေ ကို စိတ်တွေထိခိုက် ပြီး တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်တာ"

လှိုင်းက ကို့ကို ပညာသားပါပါဖြင့် လှိုင်း၏ စိုးရိမ်မှုတွေကို ပြောပြလိုက်လျှင် ကို အထိုက်အလျောက်တော့ နားလည် လိမ့်မည်ဟု မှန်းဆရလေသည်။ အခုလို အချိန်မျိုးက ကို့ကို လှိုင်းဘက်ပါအောင် ဆွဲဆောင်သိမ်းသွင်းဖို့ အကောင်းဆုံးအချိန် ပဲမဟုတ်လား။

"စိတ်ချပါ လှိုင်းရယ်။ ကို ဘာမှမဖြစ်ပါဘူး။ ကဲ ... အဲဒါဆို ကို သွားတော့မယ်။ လှိုင်း ဒီနေ့ အလုပ်မသွား ဘူးလား"

"အင်း ... သွားမယ်။ ဒီနေ့တော့ နည်းနည်းလေးနောက် ကျပြီးသွားမယ်လေ ကိုရဲ့။ ဒီမှာ ချက်လိုက်ဦးမယ်။ နေ့ ခင်း လှိုင်း လာခဲ့မယ်နော်"

လှိုင်းက ကို့ရဲ့လက်မောင်းကို ချိတ်တွဲရင်း ကိုနဲ့ အတူတူ အောက်ထပ်ကို ဆင်းလာခဲ့သည်။

ကိုက လှိုင်းရဲ့စကားကို ခေါင်းပြန်ညိတ်ပြရင်းမှ လှိုင်းကို လှမ်းပြောလေသည်။





"အင်း ... ဪ ... ဒါနဲ့ လှိုင်း ဒေါ်ကြီးပိုတို့ကို လှိုင်း သေချာထပ်မှာလိုက်ပါဦး။ ဒီနေ့ကစပြီး ရွှေကြုတ်ကို လုံးဝ သင်တန်းမသွားနိုင်းနဲ့တော့"

"ဟင် ... ဘာဖြစ်လို့လဲ ကို။ လှိုင်း အမြင်ပြောရရင်တော့ ဒီလောက်ကြီးအထိ လုပ်ဖို့မလိုဘူး ထင်တာပဲ"

"လှိုင်း မသိပါဘူး။ ရွှေကြုတ်နဲ့ အဲဒီကောင်က ဆယ်တန်း ကတည်းက ကိုယ်မသင်္ကာတာ။ သူတို့ကို ဒီလိုမှ မကိုင် တွယ်ရင် မမအပေါ် ကိုယ်ပေးထားတဲ့ ကတိက အလကား ဖြစ်သွားမှာပေါ့။ ရတယ် လှိုင်း။ အဲဒီကိစ္စက သူ့ကို သင် တန်းမလွှတ်တော့ရင် ပြီးပြီ။ လှိုင်းလည်း ဒေါ်ကြီးတို့ကို သေချာထပ်မှာထားလိုက်ပါ။ ကိုယ် သွားပြီ"

လှိုင်းက ဟုတ်ကဲ့ ဆိုတဲ့ သဘောဖြင့် ခေါင်းညိတ် ပြလိုက်သည်။ ကိုက ဒီနေ့ ကုမ္ပဏီအစည်းအဝေးကြောင့် အစော ကြီး ကုမ္ပဏီသွားရတာ ဖြစ်တာကြောင့် ရွှေကြုတ်ကိစ္စကို လှိုင်း နဲ့လွှဲလိုက်ရတဲ့သဘော ဖြစ်၏။ လှိုင်းက ကို့ရဲ့ကား ခြံထဲက မောင်းထွက်သွားသည်နှင့် သဘောတကျစိတ်ဖြင့် အလိုလိုပြုံးမိလို့ သွားလေသည်။

ကံတရားက လှိုင်း စိတ်ထဲမှာ ဘယ်လိုမှမနှစ်မြို့ နိုင်တဲ့ ရွှေကြုတ်ကို ပ,ထုတ်ပစ်ဖို့အတွက် အခွင့်အရေးပေးတာ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ လှိုင်းက ယူဆလေသည်။ လှိုင်းက အဲဒီအတွက် အရင်ဦးဆုံး အပေါ်ထပ်က ရွှေကြုတ်ရဲ့အခန်းတံခါးကို သွားခေါက်လေသည်။

"ရွှေကြုတ် ... တံခါးဖွင့်ဦး။ နင့်ကို ငါ ပြောစရာရှိတယ်"

လှိုင်းက တံခါးကို ခပ်ပြင်းပြင်းလေး ပိခေါက်တော့ အခန်းထဲက ရွှေကြုတ်ကို ခေါ်လိုက်လျှင် ရွှေကြုတ်က မှုန်ကုပ်ကုပ်မျက်နှာဖြင့် တံခါးဖွင့်ပေးရင်းကမှ အေးတိအေးစက် ပြန်ပြောလေသည်။

"ဟုတ်ကဲ့ ... ဘာပြောမလို့လဲ အန်တီ"

"မနေ့က ဘယ်လိုဖြစ်တာလဲ။ ရွှေကြုတ် ... နင့်ကို ငါ အခုတက်ခိုင်းနေတဲ့ သင်တန်းအားလုံးက ပိုက်ဆံပေးပြီးမှ တက်လို့ရတာယ်ဆိုတာကို နင် မေ့နေတာလား။ ဟင်းဟင်း ... ညည်းက တော်တော်စွံတာပဲ။ ဘဲနဲ့ချိန်းတွေ့တဲ့ အချိန်အားတောင် ရှိလိုက်သေးတာပဲ"

"အန်တီ အဲဒီလိုမျိုးတော့ မပြောပါနဲ့။ ရဲရဲဘာ ကြုတ်ရဲ့ ရည်းစားလည်း မဟုတ်ဘူး။ အဲဒီကိစ္စက ဦးခါ အထင်လွဲသွားတာပါ"

လှိုင်း အဲဒီကောင်မလေးကို သဘောမကျဘူးဆိုတာက အဲဒါတွေကြောင့်ပဲဖြစ်သည်။ အဲဒီကောင်မလေးဟာ ကိုအစ်မ





ဆိုင်ကော်လို့ ခြေပေါ်ရောက်လာကာ ဘောသူဘဝကနေ ဒီလို ခမ်းချမ်းသာသာ အဆင့်မြင့်မြင့်ဘဝနဲ့ နေရတာကို မြောက်နေပြီး လှိုင်းကိုဆို မတတ်သာလွန်းလို့ respect ထားနေရတဲ့ပုံမျိုးနဲ့ ဆက်ဆံပြီး လှိုင်းက တစ်ခွန်းဆို သူက ဆယ်ခွန်းလောက်ကို ဘက်ကက်လန်နေနိုင်တာမို့ လှိုင်းက အဲဒီ ရွှေကြုတ်ကို တစ်စက်ကလေးမှကို အမတ္တာမရှိပေ။

"အမယ်လေးဟယ် ... ရည်းစားမဟုတ်ဘူးသာ ပြောတယ်။ ကဲ ... ထားပါ အဲဒီကိစ္စက အရေးမကြီးဘူး။ နင်ကဘာလဲ။ သင်တန်းတွေ ဆက်မတက်တော့ဘူးဆိုတဲ့ သဘောလား"

လှိုင်းရဲ့ အပြတ်မေးလိုက်တဲ့ မေးခွန်းကြောင့် ရွှေကြုတ်က ဟင်းခနဲ သက်ပြင်းချရင်းက လှိုင်းကို ခပ်စူးစူးစိုက်သိုကြည့်ရင်း ပြန်ဖြေ၏။

"ဦးခါက မတက်နဲ့လို့ အမိန့်ထုတ်ထားတာလေ။ ဒါပေမဲ့ အန်တီ ဘာမှစိတ်မပူပါနဲ့။ အန်တီ ပိုက်ဆံတွေ အများကြီး အကုန်ကျခံ စိုက်ထုတ်ပေးပြီး တက်ခိုင်းထားတဲ့ သင်တန်းတွေကို ကြုတ် ဘာပညာမှ မတတ်သေးဘဲ မထွက်ပါဘူး။ ဦးခါ စိတ်ကျေနပ်အောင် တစ်ရက် နှစ်ရက်လောက် နားပေးထားတဲ့ သဘောပါ။ အဲဒါကိုမှ အန်တီ မကျေနပ်ဘူးဆိုရင်တော့ ကြုတ်လည်း ဘာမှမတတ်နိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

လှိုင်းက အဲဒီစကားကြောင့် ဆတ်ဆတ်ခါ ဒေါသထွက်ရလေသည်။ ကြည့်စမ်း ... ဒီမိန်းကလေးဟာ အင်မတန်မှကို ရိုင်းစိုင်းလာပါလား။ ရွှေကြူတ်ကို ကစ်ခွန်းမခံ ကက်ကက်လန် ရန်ပြန်တွေ့နေတာ။ လှိုင်းက မကျေနပ်ရင်လည်း ဘာမှ မတတ်နိုင်ပါဘူးဆိုတဲ့ စကားကို ဆတ်ဆတ်ခါနာကာ အသံကျယ်ကျယ်ဖြင့် အော်ပစ်လိုက်တော့သည်။

"ရွှေကြူတ် ... နင် ငါ့ကို ဘာစကားပြောတာလဲ။ နင်က တော်တော့်ကို ဘဝမေ့နေပြီပဲ။ နင့်ကိုယ်နင် ဒီအိမ်က အရှင်သခင်မများ ထင်နေတာလား။ တော့က် ... အဲဒါ ပေါ့။ အဆင့်မရှိတဲ့ အောက်ကလူက မမြင်ဘူးတာတွေ မြင်နေရတော့ ဘဝင်မြင့်ပြီး ဘဝမေ့နေလို့ ငါ့ကိုတောင် နင်က ပြန်ခံပက်ရဲတယ်ပေါ့လေ"

"အန် ... တီ"

"........"

"ဘယ်သူက မိုက်ရိုင်းနေတာလဲ။ ကြူတ်ကို အဲဒီလောက်ထိ မစော်ကားပါနဲ့။ နယ်ကလာတဲ့သူတိုင်းက အန်တီထင်သလို လူစားမျိုးတွေ မဟုတ်ပါဘူး။ ကြူတ်ဘဝက အန်တီ ပြောသလိုမျိုး နေ့ချင်း ညချင်း ပြောင်းလဲခဲ့တာ





မှန်ပေမယ့် ကြူတ်က အဲဒီပိုင်ဆိုင်မှုတွေကို မက်မောတဲ့ စိတ်နဲ့ လူတကာကို ရန်မလိုဘူး"

လှိုင်းက အရမ်းကို စိတ်တွေဆိုးကာ မခံနိုင်လှသော နာကြည်းဒေါသဖြင့် ရွှေကြူတ်ပါးကို အရှိန်ပြင်းပြင်း ရိုက်ချမိသွားသည်။ အရှိန်ဘယ်လိုမှ မထိန်းနိုင်ဘဲ ဖြစ်လာသော ဒေါသနဲ့ စိတ်လိုက်မာန်ပါ တဆုံးလုပ်လိုက်တဲ့ အပေါ်မှာ ရွှေကြူတ်က လည်း လှိုင်းကို မီးဝင်းဝင်းတောက် မျက်လုံးတွေဖြင့် ပြန်ကြည့်ကာ လှိုင်းကို ပြန်တုံ့ပြန်ဖို့ လက်အရွယ်မှာ အနောက်က အသံတစ်ခုက အဖြစ်အပျက် အားလုံးကို တိခနဲ ရပ်တန့်သွားစေ၏။

"ရပ်လိုက်စမ်း။ ဒါ ဘာဖြစ်နေကြတာလဲ"

အဲဒီစကားသံနဲ့အတူ လှိုင်းနဲ့ ရွှေကြူတ်ရဲ့ကြားထဲကို ကိုက ရောက်လာတာကြောင့် လှိုင်းက ပြန်ရောက်လာတဲ့ ကိုကို အံ့အားတသင့် ကြည့်နေတုန်းမှာ ကိုက လှိုင်းကို ဘာမှမပြောသေးဘဲ ရွှေကြူတ်ကို စ,ပြောလေသည်။

"ရွှေကြူတ် ... နင် လှိုင်းကို အခု တောင်းပန်လိုက်"

လှိုင်းက ကို့ရဲ့မျှတလေသော စကားကြောင့် အရမ်းကိုပဲ ကျေနပ်မိသွားသည်။ ကိုက တကယ်အရေးကြီးတော့လည်း လှိုင်းဘက်က ပါတာပဲ။

"ဦးခါ ... အန်တီက အရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"တော် ... ဘာပဲဖြစ်ဖြစ် နင်က အငယ်။ လူကြီးကို လက်ရွယ်စရာ အကြောင်းကို မရှိဘူး။ အခုချက်ချင်း တောင်းပန်လိုက်"

"ဦး ... ခါ"

လှိုင်းက ခပ်ချိုချို မျက်နှာထားဖြင့် ကို့ရဲ့အနောက်မှာသာ ရပ်နေလိုက်သည်။ ရွှေကြုတ် တစ်ယောက်ဟာ ကို့ကို မျက်ရည်အဝဲသားဖြင့် ကြည့်ကာ တော်တော်လေး နင်နေပုံရလေသည်။

"ဟဲ့ ... တောင်းပန်လိုက်လေ။ ဘာလုပ်နေတာလဲ"

"လှိုင်းက စေတနာနဲ့ ဆုံးမတာတွေကို ရွှေကြုတ် တစ်ယောက် ဘယ်လိုမှနားမလည်ဘူး။ နင့်ကို ငါက ကောင်းစေချင်တဲ့ စိတ်နဲ့ပါ"

"လှိုင်း ... မင်းလည်း ဝင်မပြောနဲ့၊ ရွှေကြုတ် ... တောင်းပန်လိုက်"

ကိုက လှိုင်းကို လှမ်းဟန့်ရင်းက ရွှေကြုတ်ကို တောင်းပန်ခိုင်းလျှင် ရွှေကြုတ်က မျက်နှာထားတင်းတင်းဖြင့် ဘယ်လိုမှ မတတ်သာတဲ့အဆုံးမှ မာန်လျှော့လိုက်ကာ လှိုင်းကို စိတ်မပါ လက်မပါ တောင်းပန်၏။

"တောင်းပန်ပါတယ် အန်တီ"





"အေး ... ညည်း ကျပ်ကျပ်သတိထား ရွှေကြုတ်။ လာခဲ့စမ်း လှိုင်း"

ကိုက ရွှေကြုတ်ကို သတိပေးပြီးနောက်မှာ လှိုင်းရဲ့လက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲခေါ်လာလေ၏။ ရွှေကြုတ်က အံ့အားသင့်စွာဖြင့် ငေးကြောင်ကြည့်နေမိခဲ့သည်။

❀ ○ ❀



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလိုက်တယ် ကို။ လုံးဝအဓိပ္ပာယ်မရှိဘူး"

"ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတာလဲ လှိုင်း။ ကိုယ့်ဆုံးဖြတ်

ချက်က ဘာများမှားနေလို့လဲ"

ခါမိုးက လှိုင်းရဲ့အလိုမကျဟန်ဖြင့် ငြင်းဆန်မှုကို

သူက အေးအေးဆေးဆေးပင် ပြန်မေးခွန်းထုတ်လိုက်၏။ သူ့

မေးခွန်းအတွက် လှိုင်းက မှုန်ကုပ်ကုပ်မျက်နှာဖြင့် ပြန်ကြည့်ကာ

သူ့ကို ဘုဆတ်ဆတ် ပြန်ပြောလေသည်။

"မှားတာပေါ့။ ဒီမှာ ကို ... လှိုင်း တစ်ခုမေးပါရစေ။ အဲဒီ

ရွှေကြုတ်က ကိုတို့နဲ့ သွေးသားတော်စပ်လို့လား။ ကို့တူမ

အရင်းလား။ ဒီကလေးမရဲ့ကံကြောင့် ကိုတို့ရဲ့ ကူညီစောင့်

ရှောက်မှုရတယ်။ သူ့ဘဝအတွက် မမြင်ဘူးတာတွေ မပိုင်

ဆိုင်ဘူးတာတွေ ရနေတာပဲ။ ကိုယ့်ရဲ့သွေးသားလည်း

မဟုတ်ဘဲနဲ့ ကို့အစ်မ မလင်းမိုးဝေရဲ့ ပိုင်ဆိုင်သမျှ အား

လုံးကို ရွှေကြုတ် နာမည်နဲ့ လွှဲပေးမယ် ဆိုတာကတော့

အရမ်းကို မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပဲ ကို"





"ဘာဖြစ်လို့လဲ လှိုင်းရယ်။ ရွှေကြုတ်က မမရဲ့တစ်ဦးတည်း

သော အမွေစားအမွေခံ သမီးပဲလေ။ မမ မရှိတော့ဘူးဆို

တော့ မမရဲ့ကျန်ရှိနေတဲ့ ပစ္စည်းဥစ္စာတွေ အားလုံးက

ရွှေကြုတ်နဲ့ပဲ သက်ဆိုင်လို့ ကိုယ်က ရွှေကြုတ်ကို လွှဲပေး

မှာလေ။ အဲဒါကို လှိုင်းက ဘာဖြစ်ရတာလဲ"

သူ့ရဲ့ဘုဆတ်ဆတ်ဆန်တဲ့ အပြောကို လှိုင်းက

ဒေါသထွက်သွားစွာ ထိုင်နေရာက ဝုန်းခနဲ ထရပ်ကာ သူ့ကို

ရူးရူးရဲရဲ စိုက်ကြည့်ကာ ဒေါသတကြီး ပြောလေ၏။

"ဘာဖြစ်ရတာလဲ ဆိုတာက ဘာစကားလဲ။ ကို ... လှိုင်း

ကို ရှင်က ဘယ်လိုသဘောထားနဲ့ ဒီမေးခွန်း မေးရတာလဲ။

လှိုင်းက ဖြစ်သင့်တဲ့ အခြေအနေ မဟုတ်လို့ ကို့ကို ပြော

ပြတာ။ ကိုက အဲဒီစကားအပေါ် လှိုင်းကို ဘယ်လို

သဘောထားပစ်လိုက်တာလဲ"

"အဲ ... အဲဒီလိုမျိုး မဟုတ်ပါဘူး . လှိုင်းရယ်"

"လှိုင်းက ကို့ရဲ့မိန်းမပါ။ ကို့ရဲ့ ဘာဖြစ်ရတာလဲဆိုတဲ့

မေးခွန်းက လှိုင်းရဲ့သိက္ခာကို တစ်စစီ ဖျက်ဆီးပစ်လိုက်

တာပဲ။ ကို့ကို လှိုင်း အရမ်းစိတ်ဆိုးတယ်"

လှိုင်းက ရှူးရှူးရှဲရှဲဖြင့် ဒေါသတွေ ထွက်လာပြီဆို

တော့လည်း မနေနိုင်စွာ ပြန်ချော့ရသူက သူပဲဖြစ်သည်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူက အားလုံးအတွက် ချင့်ချိန်ပြီး ရွှေကြုတ်ကို အမွေလွှဲပေးဖို့ စဉ်းစားရတာဖြစ်သည်။ မနေ့က ဖြစ်ပျက်သွားတဲ့ ကိစ္စရပ်မှာ သူ့စိတ်ထဲက ဘယ်သူမှားလဲ ဘယ်သူမှန်လဲ ဆိုတာ သိထားပြီးသား ဖြစ်ပေမယ့် အခြေအနေမှာ ရွှေကြုတ်က လူကြီးကို ပြန်ခံသတ်ဖို့ လက်ရွယ်လိုက်ပြီ ဆိုလိုက်ကတည်းက ရွှေကြုတ် အမှား ဖြစ်သွားပြီမို့ သူက ရွှေကြုတ်ကို တောင်းပန်ခိုင်းခဲ့တာ ဖြစ်သည်။ အဲဒီအတွက် ရွှေကြုတ် စိတ်ထဲမှာ သူ့ကို တစ်မျိုးမြင် ကောင်း မြင်သွားနိုင်တယ်ဆိုတာ သူ သိပါသည်။ မမ မရှိတော့ တဲ့ အချိန်မှာ သူဟာ မမ မေတ္တာစေတနာ အပြည့်ရှိထားတဲ့ ကလေးအပေါ် အပြည့်အဝ တာဝန်ကျေချင်တာ သူ့ရည်ရွယ်ချက် ပဲဖြစ်သည်။

အဲဒီအတွက် ရွှေကြုတ်ကိစ္စ စဉ်းစားပေးတော့ လှိုင်းနဲ့သူက ပြဿနာတက်ရတော့သည်။

"ကဲပါ လှိုင်းရယ်။ ကို စိတ်တွေရှုပ်ပြီး စကားပြောမှား သွားတာပါ။ ဒီကိစ္စလောက်နဲ့ ကိုတို့ ပြဿနာတက်ဖို့မလို ပါဘူး"

"လိုတယ် ကို။ ကိုက လှိုင်းကို အချုပ်သပ်နေတာ၊ ဘာလဲ ကို ... ကိုက ကို့ရဲ့မိန်းမ လှိုင်း ပြောတာကျတော့ မယုံ ကြည်ဘူး။ ဘာမှ သွေးမတော်သားမစပ်တဲ့ လူတစ်ယောက်





ကိုကျတော့ စည်းစိမ်တွေ ပုံပေးနိုင်လောက်အောင် ယုံကြည် နေပြီလား ဟုတ်လား"

ခါမိုးက စိတ်တော့ တော်တော်ညစ်သွားရတော့ သည်။ ပြောနေရင်းနဲ့ပဲ လမ်းက လွဲလွဲသွားတာဖြစ်သည်။ လှိုင်း က ဘာကြောင့် ရွှေကြုတ်ကို အမွေခွဲပေးမယ့်ကိစ္စမှာ လိုက်ကပ် နေမှန်း သူလည်း မတွေးတတ်ပါ။

"မဆိုင်တာတွေကို လှိုင်းက ဆွဲစိနေတာပဲ။ ဘာဆိုင်လို့လဲ လှိုင်း။ လှိုင်းကိုကော ကိုယ်က ဘာတွေ မယုံဘူးပြောနေလို့ လဲ။ ရွှေကြုတ်ကိုကော စည်းစိမ်ပုံပေးတယ်ဆိုတဲ့စကားက ဘာလဲ။ သူနဲ့သက်ဆိုင်တာကို ကိုယ်က သူရဖို့လုပ်ပေးတာ"

"ကိုနဲ့ ရွှေကြုတ်က ဘာတော်လို့လဲ"

"လှိုင်း ... မင်း လွဲနေပြီ။ ဒီမှာ ကို ပြောပြမယ်။ မမနဲ့ ကိုယ်က ကိုယ်တို့မိဘတွေ ဆုံးသွားပြီးကတည်းက အညီ အမျှ အမွေခွဲခဲ့ပြီးသားပဲ။ အခု မမ ဆုံးသွားတော့ သူ့ရဲ့ ကျန်ခဲ့တဲ့ ပစ္စည်းတွေအားလုံးက ကိုယ်နဲ့ ဘာတစ်ခုမှ မသက်ဆိုင်ဘူး။ ကိုယ်က သူ့ရဲ့မောင်အရင်း ဖြစ်ပေမယ့် ကိုယ်တို့ သွေးသားတော်စပ်မှုပဲရှိတာ။ အမွေပိုင်ဆိုင်မှု အားလုံးက ခွဲထားပြီးသား။ အခု မမ မရှိတော့တဲ့အချိန် မှာ ကျန်ခဲ့တဲ့ ပစ္စည်းအားလုံးက ကိုယ်နဲ့ ဘာမှမဆိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့တစ်ဦးတည်းသော အမွေစားအမွေခံသမီး ဖြစ်တဲ့ ရွှေကြုတ်နဲ့ပဲ သက်ဆိုင်တာ"

သူက သူနဲ့ မမကြားက အမွေရှင်းတမ်းကို လှိုင်းကို ပြောပြလိုက်လျှင် လှိုင်းက သူ့ကို မကြည်မလင် မျက်နှာထား ဖြင့် တောက်တစ်ချက်ခေါက်ကာ ...

"ကို ... ရှင်ကတော့ လုံးဝသွားပြီ။ ရှင့်အစ်မ ပိုင်ဆိုင်သမျှ အားလုံးက ရွှေကြုတ်အတွက်ပဲလို့ ရှင်က ဆိုလိုလိုက်တာ ပေါ့ ... ဟုတ်လား။ အရမ်းကို အံ့ဩဖို့ကောင်းတာပဲ ...

ဒီမှာကို ... လှိုင်း ဒီလောက်အထိ ကို့ကိုအတိုက် အခံ ပြောနေတာက လှိုင်း အဲဒီပစ္စည်းတွေကို မက်လို့ တားနေတာလို့ ကိုကတော့ ထင်မှာပဲ။ ဟင်း ... ဟင်း ... လှိုင်းလည်း လူချမ်းသာ အသိုင်းအဝိုင်းကပါ။ ဒီလောက် ကတော့ လုံးဝမမက်ဘူး။ အခု ပြောနေရတာက ဘာမှ မဆိုင်တဲ့ သူတစ်ယောက်ကို ပလွှင်ပေါ် ဖွတ်တင်ချင်နေ တဲ့ ကို့ရဲ့အမှားကို လှိုင်းက ထောက်ပြနေတာ"

လှိုင်းက ပညာသားပါပါဖြင့် သူ့ကို ပြောတာကြောင့် ခါတိုင်းက အတန်ငယ်တော့ ငြိမ်သက်သွားရသည်။ ရွှေကြုတ်ကို အမွေခွဲပေးဖို့အတွက် စဉ်းစားစရာတွေ ရှိနေလို့လား။ သူက ဘာမှပြန်မပြောနိုင်သေးခင်မှာ လှိုင်းက သူ့ကို ထပ်ပြောလေ၏။





"ကို ပြောနေတဲ့ အမွေစားအမွေခံသမီး ဆိုတာကကော ဘာလဲ။ ကို့အစ်မက ရွှေကြုတ်ကို စာချုပ်စာတမ်းနဲ့မွေး စားသွားလို့လား။ သူ့ဘဝအတွက် စာသင်ပေးပြီးပြီပဲ။ ကိုက အမွေလွှဲပေးချင်တယ်ပဲ ထားပါဦး။ ရွှေကြုတ်က အသက်ဆယ့်ရှစ်နှစ် မပြည့်သေးဘူး။ အခုမှ ဆယ့်ခြောက် ကျော် ကလေးတစ်ယောက်ရဲ့လက်ထဲကို သိန်းပေါင်းများ စွာသော ပိုင်ဆိုင်မှုတွေကို ထည့်ပေးလိုက်ရင် သူ့အနာဂတ် က ဘာဖြစ်သွားမလဲ ...

လူတွေက ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်ဘူးလို့ ပြောကြ တယ်။ အဲဒီစကားက မှန်ပါတယ်။ ဒါပေမဲ့ အဲဒီ ဆင်းရဲ တဲ့သူ ချမ်းသာသွားရင် ချမ်းသာတဲ့ ဒဏ်ကို သူ မခံနိုင်ဘူး ကို ...

ဆင်းရဲရင် ပျက်စီးနိုင်တယ်။ ချမ်းသာရင် ဖျက်ဆီး နိုင်တယ် ...

လှိုင်းက ဒီလောက် စကားတွေအများကြီး ပြောနေ တာဟာ ကို့ဆုံးဖြတ်ချက်တွေ မှားကုန်မှာစိုးလို့။ လှိုင်းကို ကို ဘယ်လိုထင်နေလဲ ဆိုတာလည်း လှိုင်း သိတယ်။ သိသိချည်းနဲ့ လှိုင်း အမှန်းခံပြောနေတာ ကို့အတွက်ပဲ။ လုပ်တာ မလုပ်တာက ကို့အပိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းက ပြောရင်းနဲ့မှ မျက်ရည်တွေ ဝဲလာတာကြောင့် သူက တကယ်ပဲ တွေဝေလာမိသည်။ သူ့ကို အပြတ်ပြောပြီးနောက် လှိုင်းက သူ့ဘေးက ထွက်သွားလေ၏။

ခါမိုးသည် ဘာလုပ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတွက် အချိန်ယူ စဉ်းစားဖို့ လိုတယ်ဆိုတာ သဘောပေါက်ရပါသည်။

❁ ○ ❁





## ၁၈

ဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ ရွှေကြူတ်ရဲ့ ခံစားချက်က ဘယ်လိုစကားလုံးမျိုးနဲ့မှ နှိုင်းဆဖော်ပြလို့ မရချေ။ အစွန်းနှစ်ဖက်ဆိုတဲ့ အစွန်းဘက်အကျဆုံး အစွန်းရောက်ခံစားမှုတွေကို ခံစားရတာပဲ ဖြစ်သည်။ တစ်ချိန်တည်းမှာပဲ အဆုံးစွန်ထိ ပျော်ရွှင်ရ၍ အဆုံးစွန်ထိ ခံစားဝမ်းနည်းရတာဖြစ်သည်။ အလွန်အကျွံကြီးကို ဖြစ်ပေါ်နေသည့် ဝမ်းနည်းဝမ်းသာ ခံစားချက်က ရွှေကြူတ်ရဲ့နှလုံးခုန်သံတွေကို ပိုလို့ တိုးစေပါသည်။

ဒီကနေ့က ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ဖြစ်၏။ ကိုယ်ကိုယ်ကိုယ် ဖြေနိုင်တယ်ဆိုတဲ့ ယုံကြည်မှုရှိခဲ့ပေမယ့် ဒီလို အခြေအနေ ရလာလိမ့်မယ်လို့တော့ တွေးမထင်ထားခဲ့ပေ။ ဒီနေ့ တကယ်ကြီး ဆယ်တန်းအောင်စာရင်း ထွက်သော



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းက ပြောရင်းနဲ့မှ မျက်ရည်တွေ ဝဲလာတာကြောင့် သူက တကယ်ပဲ တွေဝေလာမိသည်။ သူ့ကို အပြတ်ပြောပြီးနောက် လှိုင်းက သူ့ဘေးက ထွက်သွားလေ၏။

ခါမိုးသည် ဘာလုပ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတွက် အချိန်ယူ စဉ်းစားဖို့ လိုတယ်ဆိုတာ သဘောပေါက်ရပါသည်။

❁ ○ ❁





၁၈

ဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ ရွှေကြူတ်ရဲ့ ခံစားချက်က ဘယ်လိုစကားလုံးမျိုးနဲ့မှ နှိုင်းဆဖော်ပြလို့ မရချေ။ အစွန်းနှစ်ဖက်ဆိုတဲ့ အစွန်းဘက်အကျဆုံး အစွန်းရောက်ခံစားမှုတွေကို ခံစားရတာပဲ ဖြစ်သည်။ တစ်ချိန်တည်းမှာပဲ အဆုံးစွန်ထိ ပျော်ရွှင်ရ၍ အဆုံးစွန်ထိ ခံစားဝမ်းနည်းရတာဖြစ်သည်။ အလွန်အကျွံကြီးကို ဖြစ်ပေါ်နေသည့် ဝမ်းနည်းဝမ်းသာ ခံစားချက်က ရွှေကြူတ်ရဲ့နှလုံးခုန်သံတွေကို ပိုလို့ တိုးစေပါသည်။

ဒီကနေ့က ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ဖြစ်၏။ ကိုယ်ကိုယ်ကိုယ် ဖြေနိုင်တယ်ဆိုတဲ့ ယုံကြည်မှုရှိခဲ့ပေမယ့် ဒီလို အခြေအနေ ရလာလိမ့်မယ်လို့တော့ တွေးမထင်ထားခဲ့ပေ။ ဒီနေ့ တကယ်ကြီး ဆယ်တန်းအောင်စာရင်း ထွက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ရွှေကြုတ်က ခြောက်ဘာသာဂုဏ်ထူးဖြင့် တကယ့်ကို ထူးထူးချွန်ချွန် အောင်ခဲ့တာမို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူအံ့ဩ ပျော်ရသလို ရွှေကြုတ်ရဲ့အောင်မြင်မှုအတွက် ဝမ်းသာမပေးနိုင်တော့တဲ့ တီမိုးကိုလည်း အရမ်းသတိရကာ ကြေကွဲဝမ်းနည်းရလေသည်။

ဦးခါကတော့ ရွှေကြုတ်ရဲ့ အောင်မြင်မှုအတွက် လက်သီး လက်မောင်းတန်းကာ ကြွေးကြော်သည်အထိ ဂုဏ်ယူခဲ့တာပဲဖြစ်သည်။

"အရမ်းကို တော်တာ။ ဒါမှ ငါတို့ရဲ့ ရွှေကြုတ်။ ရွှေကြုတ် ... ညည်း ဘာလိုချင်လဲ။ ဘာလုပ်ချင်လဲ။ ပြော ... ဦးခါ ဆုချမယ်"

ဦးခါနဲ့အတူ တစ်အိမ်လုံးက လူအားလုံးက ရွှေကြုတ်အတွက် ဂုဏ်ယူဝမ်းမြောက်ပေးကြတာမို့ ရွှေကြုတ်က ပျော်ရွှင်ရလေသည်။ ရွှေကြုတ်ကို ဦးခါက ဆုချမယ်ဆိုတော့ တီမိုးအိမ်ကထွက်ခါနီး ပြောသွားတဲ့စကားကို နားထဲပြန်ကြားယောင်ကာ မျက်ရည်က ဝေ့ဝဲတက်လာရ၏။ ဦးခါက ရွှေကြုတ် ခေါင်းကို အုပ်မိုးကာ ဆံပင်တွေကို ဖွယမ်းသလိုလုပ်၍ အားပေးကာ ...

"ညည်းရင်ထဲမှာ ဘယ်လိုခံစားရမလဲဆိုတာ ငါသိပါတယ် ရွှေကြုတ်ရာ။ မမလည်း ညည်းရဲ့အောင်မြင်မှုအတွက် သူ သိပ်ဝမ်းသာနေမှာပါ"





ဦးခါ အဲဒီလိုပြောကာမှ စိတ်ထဲကနေ လှိုက်လှိုက်တက်လာတဲ့ ဝမ်းနည်းကြေကွဲတဲ့စိတ်က ထိန်းမရတော့စွာဖြင့် ငိုချမိသွားသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ ကြုတ်လေးရယ်။ သမီးအနားမှာ ဦးခါတို့ ရှိပါတယ်ကွာ"

ဦးခါက သူ့ရဲ့ရင်ခွင်ထဲ ရွှေကြုတ်ကို သွင်းကာ ရွှေကြုတ် ခေါင်းလေးကို ပုတ်ကာ အားပေးနှစ်သိမ့်လျှင် ရွှေကြုတ်က တီမိုးကို သတိရစိတ်ဖြင့် ဦးခါ ရင်ခွင်ထဲမှာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

ရွှေကြုတ် ငိုနေတဲ့ အချိန်မှာ တောက်ခေါက်သံနဲ့အတူ ဧည့်ခန်းထဲကနေ ထွက်သွားသူက အန်တီလှိုင်း ဖြစ်၏။ ရွှေကြုတ်တို့က အဲဒီအဖြစ်အပျက်ကြောင့် ဦးခါကို တကယ်ပဲ အားနာမိသွားသည်။ ဦးခါကလည်း အန်တီလှိုင်း လုပ်သွားတဲ့ အပြုအမူကြောင့် ဒေါသထွက်သွားကာ တောက်တစ်ချက်ခေါက်၍ အန်တီလှိုင်းနောက် လိုက်မယ်အလုပ်မှာ ရွှေကြုတ်က ပြဿနာမတက်စေချင်တာကြောင့် အန်တီလှိုင်းနောက်လိုက်ဖို့ ခြေလှမ်းပြင်နေတဲ့ ဦးခါကို တားမြစ်တဲ့အနေဖြင့် လက်ကိုလှမ်းဆွဲလိုက်သည်။

"မလုပ်ပါနဲ့ ဦးခါ။ ကြုတ် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်ရဲ့တောင်းပန်မှုကြောင့် ဦးခါက မလိုက်တော့ဘဲ စိတ်လျှော့လိုက်ဟန်ဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်းက ခေါင်းအသာယမ်းပြသည်။

"ဟား ... စိတ်ပျက်လိုက်တာကွာ"

ဦးခါခမျာ ဘယ်လောက်ထိ စိတ်ပင်ပန်းနေမလဲဆိုတာ ရွှေကြုတ် သိပါသည်။ ဦးခါဟာ ရွှေကြုတ်အတွက်တော့ သူရဲကောင်းပဲဖြစ်၏။ ဦးခါ စိတ်ညစ်ရင် ရွှေကြုတ်လည်း ထပ်တူခံစားပေးလို့ ရလေသည်။

"တီ ... တီ ... တီ"

ရွှေကြုတ်ရဲ့ဖုန်း Ring က မြည်လာတာမို့ အားလုံးရဲ့အာရုံက ရွှေကြုတ်ဆီကို ရောက်သွား၏။ ဦးခါ၊ ဒေါ်ကြီးပို၊ မခင်မူနဲ့ ဦးသာခွေတို့က ရွှေကြုတ်ကို ကြည့်နေတာကြောင့် ရွှေကြုတ်က ဖုန်းကို ခပ်မြန်မြန်လေး ကိုင်လိုက်၏။

"ဟယ်လို"

"ဟယ်လို ... Congratulation ။ You are the best ။ နင် အရမ်းတော်တယ် ကြုတ်"

ရဲရဲဆီက ဖုန်းဖြစ်တာမို့ ရွှေကြုတ်က ဦးခါကို စိတ်အနှောင့်အယှက် မဖြစ်စေချင်တာမို့ ခပ်အေးအေးပဲ ပြန်ပြောလေသည်။





"Thank You ။ နင်လည်း တော်တာပါပဲ"

အဲဒီစကားကတော့ ရွှေကြုတ် စိတ်ရင်းကနေ တကယ်ပြောလိုက်တာ ဖြစ်သည်။ အောင်စာရင်း သွားကြည့်တုန်းက Blackboard မှာ ကပ်ထားတဲ့ အောင်စာရင်း Result မှာ ရဲရဲက လေးဘာသာဂုဏ်ထူးရှင်အဖြစ် အထင်ကြီးမိသွားသည်။ ရဲရဲက ကျောင်းမှာကတည်းက bright ဖြစ်တယ်ဆိုတာ သိထားပေမယ့် သူ့ရဲ့ဆောင့်ကြွားကြွားနဲ့ ပွေလီရှုပ်ထွေးနေတဲ့ ပုံစံကြောင့် ရဲရဲကို အောင်လည်း ရိုးရိုးပါပဲလို့ လျှော့တွက်ခဲ့ဖူးသည်။ အခုတော့ ရဲရဲက တကယ့်ကို လူတော်တစ်ယောက်ဖြစ်၏။

"တော်ရမယ်လေ။ အဲဒါ အချစ်စိတ်လေ။ ငါ ဒီလောက်ကြိုးစားတာတောင် နင့်မမီပါဘူးဟာ။ ငါ့ရည်မှန်းချက်က နင်နဲ့ တက္ကသိုလ်တူတူတက်ဖို့လေ။ အခု 4D ထွက်တယ်ဆိုပေမယ့် ကျန်တဲ့နှစ်ဘာသာမှာလည်း ဂုဏ်ထူးမှတ်ကပ်နေမှာ သေချာတယ်။ အမိက,က နင်တက်တဲ့ကျောင်းနဲ့ ငါ့အမှတ်မီမှဟာ။ နင် ဘာတက်ဖို့ စဉ်းစားထားလဲ ကြုတ်"

"လောလောဆယ်တော့ မစဉ်းစားရသေးပါဘူးဟာ"

"ကဲပါ ... မစဉ်းစားရသေးလည်း နောက်မှစဉ်းစား။ ခုလောလောဆယ် နင် ခြံရှေ့ထွက်လာခဲ့။ ငါ အခု နင့်ခြံရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ခြံရှေ့မှာ"

ရွှေကြုတ်က အံ့အားသင့်လွန်းစွာ ပါးစပ်က လွှတ်ခနဲ ထွက်သွားလျှင် ဦးခါက ရွှေကြုတ်ကို အကဲခတ်ကြည့်လေသည်။ ရွှေကြုတ်က ပြဿနာတက်မှာ စိုးတာကြောင့် ဦးခါကို အသာကျောခိုင်း၍ ခပ်ကြိတ်ကြိတ်အသံဖြင့် သူ့ကို ပြန်ခိုင်းရလေသည်။

"ဟဲ့ ... ပြန်တော့။ ငါ ထွက်လာလို့လည်း မရဘူး"

"နိုး ... နင်ကလည်းဟာ။ ဒီနေ့ဟာ ငါတို့တွေရဲ့အောင်ပွဲခံတဲ့နေ့ပဲဟာကိုး။ ခဏ ထွက်လာခဲ့ပါ။ ငါ နင့်ရဲ့အောင်မြင်မှုအတွက် bravo လုပ်ချင်တာလေ။ ငါ နင့်ကို present ပေးပြီးတာနဲ့ ပြန်မယ်။ ထွက်ခဲ့။ မထွက်လာရင်တော့ ငါ့အကြောင်း နင် သိပါတယ်"

"ဟား ... အဲဒီလို နင် ဇွတ်လုပ်လို့ မရဘူးလေ။ ပြန်တော့"

"မပြန်ဘူးဟာ"

"ကျစ်"

"ပေးစမ်း ... အဲဒီဖုန်း"

ရွှေကြုတ်က တိုးတိုး, တိုးတိုးနဲ့ အခြေအတင်ဖြစ်နေချိန်မှာ ဦးခါက ရွှေကြုတ် လက်ထဲကဖုန်းကို ဆတ်ခနဲကောက်ယူဆွဲကာ ကောတော့သည်။





"ဟေ့ကောင် ... မင်း ဘယ်သူလဲ"

"........."

"ဒီမှာ ... ဒါ မင်းက နှောင့်ယှက်တာ ဖြစ်နေပြီ။ ဟေ့ကောင် ... မင်း ဘာကောင်ပဲဖြစ်ဖြစ် ငါ (...)ဂရုမစိုက်ဘူး။ ရွှေကြုတ်ကို နောက်တစ်ခါ ဖုန်းထပ်ဆက်ရဲ ဆက်ကြည့်။ မင်း အသေပဲ"

"........."

"ဟေ့ကောင် ... မင်း ဘာစကား ပြောတာလဲ။ အေး ... တွေ့ကြသေးတာပေါ့"

ဦးခါက ဖုန်းကို ဆိုဖာပေါ် ပစ်ပေါက်ကာ အပြင်ထွက်သွားတာနဲ့ ပြဿနာက မိုးကို မီးတက်ရှို့လိုက်သလိုကြီးမားသွားပြီဆိုတာ သဘောပေါက်ရသည်။ ရွှေကြုတ်က အနောက်ကနေ အပြေးလိုက်ရသည်။ ရွှေကြုတ် ဘယ်လိုဆွဲဆွဲ ဆွဲမရဘဲ ဦးခါက ဒေါသတကြီးဖြင့် ခြံရှေ့ရောက်လို့ သွားလေသည်။

"ဟေ့ကောင် ... မင်း ဘာကောင်လဲ။ မင်းက ဘာဖြစ်ချင်တာလဲ၊ ဟမ် ... ဟေ့ကောင်"

ဦးခါက ခြံကခါးရှေ့မှာ ကားရပ်ကာ ကားကိုမှီ၍ စတိုင်လ်ကျကျ ရပ်နေသော ရဲရဲရဲအင်္ကျီစကို ဆောင့်ဆွဲကာ ဒေါသတကြီး ဖြစ်နေသော ဦးခါကို ရွှေကြုတ်နဲ့ ဦးသာခွေက အနောက်က အသည်းအသန် လိုက်ဆွဲရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ကိုလွှတ်လိုက် ဘီးကျဲကြီး။ ခင်ဗျား ဖြစ်နေတာက လွန်နေပြီ။ လူပျိုကြ အပျိုကို ပိုးပန်းတာ ဘာမှမဖြစ်ဘူး"

"အေး ... မဖြစ်ဦးကွာ"

ဦးခါက လက်မြန်ခြေမြန်ဖြင့် ရဲရဲရဲ့မျက်နှာကို လက်သီးဖြင့် ထိုးလိုက်တာကြောင့် အကုန်ရှန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်မှာ စိုးတာကြောင့် ရွှေကြုတ်က ဦးခါကို လှမ်းဆွဲကာ ဦးခါရဲ့အရှေ့ကနေ ကာရပ်၍ ရဲရဲကို လှမ်းတားရတော့သည်။

"ဦးခါ ... တော်တော့။ ရဲရဲ ... နင်လည်း တော့တော့။ နင် ငါ့ကို အရှက်လာခွဲနေတာလား။ နင် ပြန်တော့"

"ဟဲ့ ... ဒီလောက်တောင် ဘာတွေဖြစ်နေကြတာလဲ"

အနောက်က ရောက်လာတဲ့ အသံက အန်တီလှိုင်း ဖြစ်နေတာကြောင့် အခြေအနေတွေ ပိုဆိုးလာတော့မည်ဆိုတာ သဘောပေါက်ရပါသည်။

"ကို ဘာလို့ ဒီလောက်ထိ အုတ်အော်သောင်းနင်း ဖြစ်နေရတာလဲ"

"တောက် ... ဒီကောင်ပေါ့။ ဟော့ကောင် ... မင်းမသွားသေးဘူးလား။ ငါ ..."

"အန်တီ ... ဦးခါကို အိမ်ထဲခေါ်သွားလိုက်ပါ။ ကြုတ် ရှင်းလိုက်ပါ့မယ်"





"ကဲ ... လာပါ ... ကိုရယ်"

အန်တီလှိုင်းက ဦးခါကို ဖွတ်ဆွဲခေါ်သွားတာကြောင့် ဦးခါက အိမ်ထဲဝင်သွားမှ ရွှေကြုတ်က ဒီဇယားကို ဖြတ်ပစ်ရသည်။

"နင် ဒိုးလိုက်တော့ ရဲရဲ"

"ပြောပြီးပြီပဲ။ ဒီနေ့က ငါတို့ရဲ့အပျော်ဆုံးနေ့ပါ။ နင့်ကြောင့် ငါ ဦးခါမိုးညို ထိုးတာ ခံလိုက်ရတာ။ ဒီကိစ္စ ငါ့ဖားသားသာ သိသွားလို့ကတော့ ပြဿနာက ကြီးသွားပြီနော်"

ရဲရဲရဲ့မျက်နှာက အညိုအမည်း စွဲသွားတာကြောင့် ရွှေကြုတ်က ရဲရဲရဲ့ ပြဿနာကြီးသွားမယ်ဆိုတဲ့ စကားအပေါ် တကယ်ပဲ ထိတ်လန့်ရလေသည်။ ရွှေကြုတ်ကြောင့်တော့ ဦးခါကို ဘာပြဿနာမှ အဖြစ်မခံနိုင်ပေ။

"ဟဲ့ ... နင့်အဖေကိုတော့ မပြောပါနဲ့ဟာ။ ဒီ ... ဒီကိစ္စက နင်လွန်လို့ ဖြစ်ရတာလေ"

"ဒါပေမဲ့လည်း ငါ့ကို ကိုယ်ထိလက်ရောက် ကျူးလွန်သွားတာက နင့်ဦးလေးလေ။ ငါ့အဖေသိရင်တော့ သေချာပေါက် ပြဿနာတက်မှာပဲ။ မတက်စေချင်ရင်တော့ ..."

စကားစက ဒီနေရာမှာတင် ရပ်လိုက်တာကြောင့် ရဲရဲဆီမှာ အပေးအယူ တစ်ခုခု ရှိနေပြီဆိုတာ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဲရဲ့အဖေက ဒိတ်ဒိတ်ကြဲ တစ်ယောက်ဆိုတာ ကြားဖူး ထားတာကြောင့် ဦးခါနဲ့ လူကြီးချင်း ပြဿနာတက်သည်အထိ ရွှေကြုတ် အဖြစ်မခံနိုင်ပေ။ အဲဒီအတွက် ရွှေကြုတ်က သူရပ် လိုက်တဲ့ စကားစနေရာကို ပြန်ဆက်လိုက်တော့၏။

"မဟာက်စေချင်ရင် ဘာဖြစ်လဲ ပြောလေ"

ရဲရဲက အဲဒီမေးခွန်းအတွက် ပြုံးထေ့ထေ့ မျက်နှာ ထားဖြင့် ပြန်စိုက်ကြည့်ကာ ...

"နင် surious ဖြစ်တာ ဒါ ငါ ပထမဆုံး မြင်ဖူးတာပဲ။ သိပ်မလန့်သွားပါနဲ့ ရွှေကြုတ်ရယ်။ ငါက နင့်ကိုချစ်နေ တဲ့သူပါ။ နင် ငြိုငြင်အောင် ငါမလုပ်ပါဘူး။ ဒီနေ့ ငါ လာတဲ့ ရည်ရွယ်ချက်က ငါတို့ အောင်မြင်မှုအတွက် နင့် ကို brave ပေးလို့။ ရော့ ... ဒီအရုပ်ကို လက်ခံပေး"

ရဲရဲက ကားတံခါးဖွင့်ကာ Teddy bear မွေးပွအရုပ် ကြီးကိုထုတ်၍ ရွှေကြုတ်ကို ပေး၏။ ရွှေကြုတ်က ချက်ချင်းမယူ သေးဘဲ သူ့ကို တစ်ချက်စိုက်ကြည့်၍ ...

"ဒီအရုပ်ကို လက်ခံရင် နင်ဘက်က ဘာပြဿနာမှ မရှာ တာ သေချာတယ်နော်"

"Sure"

"ပေး။ ငါ ယူလိုက်ပြီနော်။ နင် ပြန်တော့"





ရွှေကြုတ်က ရဲရဲလက်ထဲက အရုပ်ကိုယူကာ သူ့ ကိုပြန်ခိုင်းလိုက်လျှင် ရဲရဲက ကျေနပ်စွာသော အပြုံးဖြင့်ခေါင်း ညိတ်ပြကာ ပြန်သွားလေသည်။ ရွှေကြုတ်က အိမ်ထဲမှပြဿနာ ကို ဆက်ရှင်းဖို့အတွက် အိမ်ထဲပြန်ဝင်လာလျှင် ထင်ထားသည့် အတိုင်းပင် ဦးခါက ဆီးကြို၍ ကောဖို့စောင့်နေတာဖြစ်သည်။ တံခါးရဲ့အဝရှေ့မှာ ဦးခါက ဆီးကာပိတ်ရပ်ကာ ရွှေကြုတ်လက် ထဲက အရုပ်ကို ကြည့်လိုက်ပြီးမှ ...

"နင်က ဂုဏ်ပြုလက်ဆောင်ကြီးကို ဖိုက်ပြီး အိမ်ထဲပြန် ဝင်လာတာ ဘာသဘောလဲ ရွှေကြုတ်။ နင့်ကို ငါ အဲဒီ ကောင်နဲ့ မပတ်သက်ပါနဲ့လို့ ပြောထားတာ အကြိမ်ကြိမ် အခါခါရှိပြီ။ အခု ခြံရှေ့အထိ ရောက်လာပြီ။ နင့်အကောင် ကို ငါ သတ်မိလိမ့်မယ်"

"အဲဒါ ကြုတ် ရည်းစား မဟုတ်ပါဘူးလို့ ဦးခါကို ရှင်း ပြတော့လည်း ဦးခါ မယုံဘူး။ ဒီအရုပ်ကို ကြုတ်ကလိုချင် လွန်းလို့ ယူလာတယ်များ ထင်နေလို့လား။ မဟုတ်ဘူး။ ဦးခါက ... ကို ကိုယ်ထိလက်ရောက် ထိုးလိုက်တာကိုး"

"ဘာပြောတယ်။ ရွှေကြုတ် ... အဲဒီကောင်ကို ငါက ထိုး လိုက်လို့ နင်က hero လုပ်ပြီး ဒီအရုပ်ကို လက်ခံခဲ့ရတာ ပေါ့လေ ဟုတ်လား။ ဘောက် ... ပေးစမ်း။ ရော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခါက ဒေါသတကြီး အော်ပစ်ကာ ရွှေကြုတ် လက်ထဲက အရုပ်ကို ဆွဲယူ၍ အိမ်အပြင်ဘက်ကို လွှင့်ပစ်လိုက်၏။

"အဲဒီအရုပ်ကို သွားကောက်ရဲကောက်ကြည့်။ နင် အသေပဲ။ ဒေါ်ကြီးပို၊ ခင်မူ ဒီနေ့ကစပြီး ခင်ဗျားတို့ ရွှေကြုတ်ကို စောင့်ကြည့်ပါ။ သူ့ကို လုံးဝအပြင်ပေးမထွက်နဲ့ ...

ရွှေကြုတ် ... နင့်ကို Warning ပေးတာ နှစ်ကြိမ် ရှိသွားပြီ။ တတိယတစ်ကြိမ် ဆိုရင်တော့ ငါ့အဆိုးမဆိုနဲ့ နော်"

ဦးခါက ရွှေကြုတ်ကို စေ့စေ့ကြည့်ကာ ဝမ်နင်ပေး သွားပြီးနောက် အိမ်အပေါ်ထပ်သို့ တက်သွားလျှင် အန်တီလှိုင်းက တစ်စခန်း ထပ်ထလေ၏။

"ကြည့်လုပ်ကြဟေ့။ ကဲတဲ့သူကကဲ သည်းတဲ့သူကသည်း နဲ့။ ငါ့မျက်စိထဲ ဖုန်တွေသိပ်ဝင်နေပြီနော်။ ဦးခါမိုးညိုမှာ မိန်းမရှိသေးတယ် ဆိုတာ မမေ့ပါနဲ့ဦး"

အန်တီက ပြောဆိုကာ အပေါ်ထပ် တက်သွားသည်။ ဦးခါနဲ့ ရန်သွားဖြစ်ဖို့ပဲ နေမှာပေါ့။ ရွှေကြုတ်က အန်တီလှိုင်း ပြောသမျှ ဆိုသမျှ ငြိမ်ခံနားထောင်နေရတဲ့ ဘဝကို ခံပြင်းလာမိ သည်။ ဘာလို့ နားမလည်တာလဲ။





ဦးခါ ရဲရဲတို့မိဘတွေနဲ့ ပြဿနာတက်မှာစိုးလို့ ကြုတ်က အဲဒီအရုပ်ကို လက်ခံလိုက်ရတာပါ။ အန်တီလှိုင်းက ကော ကြုတ်ကိုချည်းပဲ ဘာကြောင့် တရစပ် ဖိနှိပ်နေရတာလဲ။ ရွှေကြုတ်က အံကိုတင်းတင်းကြိတ်ထားကာ အသံမထွက်ဘဲ မျက်ရည်ကျမိသည်။ ရွှေကြုတ်ရဲ့ ဆယ်ကျော်သက်ဘဝဟာ ဆယ် တန်းအောင်စာရင်းမှာ All D ပါတာတောင် မျက်ရည်ကျခဲ့ရသည် အထိ နာကျင်ခံစားရပါသည်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



မနက် သူ အိပ်ရာကနိုးတော့ ဆယ်နာရီတောင်ခွဲတော့မည်ဖြစ်သည်။ မနေ့က ရွှေကြုတ်နဲ့ ပြဿနာဖြစ်ပြီးတော့ လှိုင်းနဲ့အခြေအတင် စကားတွေများကြပြီး သူဟာ စိတ်ညစ်ညစ်ဖြင့် မသောက်စဖူး အရက်တွေသောက်ပစ်ကာ အမူးလွန်ပြီးအိပ်ပျော်သွား၏။ သူ နိုးလာတော့ ဘေးနားမှာ လှိုင်းလည်း ရှိမနေပါ။ ဒီအချိန်လောက်ဆို လှိုင်းက သူ့အလုပ်တောင် ရောက်နေလောက်ပြီပေါ့။

ခါမိုးက ခေါင်းထဲက ဟဆစ်ဆစ် ကိုက်ခဲမှုကို ဂရုမစိုက်အားဘဲ လှိုင်းဆီ အရင်ဖုန်းခေါ်လိုက်ရသည်။

"ပြော"

လှိုင်းရဲ့ သာယာနာပျော်ဖွယ်ကောင်းသော အသံဖြင့် သူ့ကို ဘုဆတ်ဆတ် ပြန်ထူးလျှင် သူက သက်ပြင်းတစ်ချက် အရင်ချပြီးမှ ...

"အခု ဘယ်မှာလဲ"





"ကုမ္ပဏီရောက်နေပြီ။ ရှင် အခုမှ နိုးတာလား"

"ဟုတ်တယ်။ အခုမှ နိုးတာ။ နိုးနိုးချင်း ဖုန်းလှမ်းဆက်လိုက်တာ"

လှိုင်းက ဘာမှ စကားသံထွက်မလာပေ။ သူလည်း ရွှေကြုတ်နဲ့ လှိုင်းရဲ့ကြားမှာ တကယ် နေရကျပ်ပါသည်။ သူက ခေါင် ဖြစ်နေတာမို့ တစ်ခုခုဆို မျှတဖို့ရာ အရမ်းလက်ပေါက်ကပ်၏။ လှိုင်းရဲ့စိတ်သဘောကို သူ သိသည်။ လှိုင်းက မမနဲ့ ပြဿနာတက်ကာ စေ့စပ်ပွဲ ပျက်ခဲ့ရတာကို မကျေနိုင်ဖြစ်၍ ရွှေကြုတ်ကိုပါ အမြင်မကြည် ဖြစ်နေတာဖြစ်သည်။ သူ့အပေါ် ချစ်စိတ်ကြောင့် ဖြစ်လာတဲ့ သဝန်တိုစိတ်ကတော့ လှိုင်းမထားထိုက်တာကြောင့် သူက လက်သင့်မခံကြောင်း ကြလျှင် လှိုင်းနဲ့ သူက တည်တော့တာပဲဖြစ်၏။ အမှန်အတိုင်း ပြောရရင် သူချစ်လို့ လက်ထပ်ယူထားတဲ့ မိန်းမနှင့် သာယာပျော်ရွှင်သော အိမ်ထောင်ရေးကို တည်ဆောက်ချင်တာဖြစ်၏။ ဒါပေမဲ့ လက်တွေ့မှာ ဖြစ်နေတာက သူတို့ကြားထဲက ပဋိပက္ခဟာ ရွှေကြုတ်ကြောင့် ဖြစ်နေတာဖြစ်၏။ လှိုင်းသာ ရွှေကြုတ်အပေါ်ကို စာနာစိတ်ကလေး တစ်ခုဖြင့် နားလည်ပေးလိုက်မယ်ဆို ပြဿနာက အေးသွားပြီဖြစ်သည်။ အဲဒါကြောင့်မို့ ခါမိုးက နိုးနိုးချင်းပဲ လှိုင်းဆီဖုန်းလှမ်းဆက်ရတော့သည်။

"လှိုင်း ... မနေ့က ကိုယ့်စကားပြောတာ လွန်သွားတယ်ဆိုရင် တောင်းပန်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ပြေလည်အောင် ညှိတဲ့အနေဖြင့် တောင်းပန်လိုက်လျှင် လှိုင်းက ခပ်အေးအေးလေသံဖြင့် ပြန်ပြောလေသည်။

"ပြဿနာမရှိပါဘူး ကိုရယ်။ လှိုင်းတို့က ဘဝလက်တွဲဖော်တွေလေ။ ဪ ... တစ်လက်စတည်း ဆက်ပြောလိုက်ဦးမယ်။ လှိုင်းတို့ နောင်ပြဿနာတွေ ဆက်မတက်ဖို့အတွက် လှိုင်း စဉ်းစားထားတာ ရှိတယ်။ အဲဒါကတော့ ချွေကြုတ်ကို တက္ကသိုလ်တက်ဖို့ စီစဉ်ရင် လှိုင်းကို စီမံခွင့်ပြုပါ ကို"

လှိုင်းစကားကြောင့် သူက အိပ်ရာထဲကနေထ၍ ဝရန်တာဘက်နားသို့ ထွက်လာကာ ထပ်မေးရသည်။

"ဘယ်လိုလဲ လှိုင်း။ လှိုင်းက ဘာကို စီမံမှာလဲ"

"သူ ဒီလောက်တော်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ။ ဘဝတစ်ဆစ်ချိုး အပြောင်းအလဲပေးတဲ့ ဆယ်တန်းစာမေးပွဲကို AllD ပါအောင် ဖြေနိုင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ဦးနှောက်ကို ဒီ့ထက်မက မြင့်သထက်မြင့်အောင် လှိုင်းတို့ဘက်က မြှင့်ပေးရမှာ လှိုင်းတို့တာဝန်ပဲမလား"

"အဲဒီတော့"

"ညက တစ်ညလုံး လှိုင်း စဉ်းစားနေတာ။ ကိုဟာ ဘယ်တုန်းကမှ မနေ့ကလို ဒေါသတကြီး မဖြစ်ခဲ့ဖူးဘူး။ ကို့ရဲ့ဂုဏ်သိက္ခာဆိုတာကိုတောင် မေ့လိုက်ပြီး လမ်းမမှာ





ရန်ဖြစ် လက်သီးနဲ့ထိုးရဲတဲ့အထိ ကို သွေးတွေပွက်ပွက်ဆူခဲ့တယ်။ အဲဒါဟာ ဘာကြောင့်လဲ ဆိုတော့ ကို ချွေကြုတ်ကို သံယောဇဉ်သိပ်ကြီးနေလို့ပဲ"

"ဘာ"

သူက လှိုင်း ပြောတာကို သိပ်နားမရှင်းတာကြောင့် ဘာဆိုတဲ့ အာမေဍိတ်ထွက်ကာ မေးလိုက်လျှင် လှိုင်းက အေးဆေးပဲ ပြန်ပြောလေသည်။

"ချွေကြုတ်ကို လှိုင်းရဲ့အဒေါ်ရှိတဲ့ ဩစတြေးလျကိုပို့မယ်။ အဲဒီရဲ့ အကောင်းဆုံးတက္ကသိုလ်မှာ သူ့ကို ကျောင်းတက်ခိုင်းမယ်။ အမြင့်ဆုံး ပျံနိုင်အောင် အကောင်းဆုံးအတောင်ကို တပ်ပေးလိုက်တာပဲ ကို။ ကို အဲဒါကိုတော့ သေချာပေါက် လက်ခံရလိမ့်မယ်။ အဲဒီလို လုပ်ခြင်းဖြင့် လှိုင်းနဲ့ကို ဖြစ်နေတဲ့ ပြဿနာတွေ အလိုလို အေးသွားလိမ့်မယ်။ ပြီးတော့ ချွေကြုတ်ကို တွဲနေတဲ့ကောင်နဲ့ အလိုလိုပြတ်သွားလိမ့်မယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကောင်းဆုံးအခြေအနေကို လှိုင်း စဉ်းစားထားတာ။ ကို လက်ခံပါ"

လှိုင်း ပြောတာတွေက ချက်ကျလက်ကျမို့ သူက ဘာမှမငြင်းနိုင်ပေ။ လှိုင်းက သူ့ဘက်က ဖြစ်ချင်တဲ့ဆန္ဒ ဖြစ်နေတာကြောင့် သူက လက်သင့်ခံတယ် မခံဘူး မပြောသေးဘဲ နှုတ်ဆိတ် ခေါင်းညိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ လှိုင်း။ အဲဒီကိစ္စကို ကို့ခေါင်းထဲ ထည့်ထားမယ်။ ဒီကိစ္စက ဖြုန်းစားကြီး စီစဉ်လို့ရတာမှ မဟုတ်တာ"

"ဟုတ်ပါတယ်။ လှိုင်းကလည်း စဉ်းစားထားတာကို ပြောတာပါ။ ကို ... ဒီကိစ္စကို ငြင်းလို့တော့ မရဘူးနော်။ လှိုင်းတို့နှစ်ယောက် တည်ဆောက်ထားတဲ့ ဘဝလေး ပျော်ရွှင်ချမ်းမြေ့ဖို့အတွက်၊ ရွှေကြုတ်ဘဝ ဒီ့ထက်မြင့်မားဖို့အတွက် ဒီနည်းက အကောင်းဆုံးပဲကို"

"အိုခေ ... ကိုယ် သိပါတယ်"

"Thank You ကို။ အဲဒါဆို လှိုင်း ဖုန်းချလိုက်တော့မယ်။ ကို ... ခေါင်းတွေကိုက်နေဦးမယ်။ ရေနွေးလေးစပ်ပြီး ရေချိုးလိုက်နော်"

"Ok လှိုင်း။ See you နော်"

ခါမိုးက လှိုင်းကိုနှုတ်ဆက်ကာ ဖုန်းပိတ်လိုက်သည်။ အခန်းထဲတောင် ပြန်မဝင်နိုင်သေးဘဲ သူ အတွေးနက်နေမိသည်။ ဘာပဲဖြစ်ဖြစ် ရှေ့ဆက်ရမယ့် အနာဂတ်အတွက် သူ့ဘက်က အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ချက် ချရတော့မည်ဖြစ်သည်။

❀ ○ ❀





## ၁၉

"ဦးခါ ... သဘော်သီးဖျော်ရည် ရပြီ။ အန်တီ ... ဒီမှာ"

ရွှေကြုတ်က ကိုယ်တိုင်ဖျော်လာတဲ့ သဘော်သီးဖျော်ရည်ကို ဦးခါနဲ့ အန်တီလှိုင်း သောက်ဖို့ ယူလာပေးကာ စားပွဲပေါ်တင်လိုက်၏။ ဒီနေ့က ဦးခါကော အန်တီကော ကုမ္ပဏီနားရက် ဖြစ်တာကြောင့် အိမ်မှာပဲ ရှိနေကြတာဖြစ်သည်။ အဲဒီအတွက် ရွှေကြုတ်ကလည်း အလိုက်ကန်းဆိုးသိစွာ ဦးခါတို့ အခွေကြည့်ရင်းသောက်ဖို့ သဘော်သီးဖျော်ရည် ဖျော်လာပေးတာဖြစ်သည်။ ရွှေကြုတ်ရဲ့ သိတတ်မှုကို ဦးခါက ချက်ချင်းပဲ တုံ့ပြန်မှုပေးပေမယ့် အန်တီလှိုင်းကတော့ ထုံးစံအတိုင်း ခပ်တည်တည်လေးပဲ ဖြစ်လေ၏။

"ဟား ... Thank You ရွှေကြုတ်ရေ။ ရာသီဥတုကတော်တော်ပူနေတာ။ ဒီအချိန် ရင်အေးတဲ့ ဖျော်ရည်လေးသောက်လိုက်ရတာ ရှယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခါက အားရပါးရကို ဖျော်ရည်သောက်တာမို့ ရွှေကြုတ်က တကယ်ပဲ ရင်ထဲမှာ ကျေနပ်ရလေသည်။

"ဟား ... ညည်း ဖျော်ပေးတာ တယ်ကောင်းတာပဲ"

"ဦးခါ ထပ်ယူလို့ ရသေးတယ်နော်။ ကြုတ် တစ်အိမ်လုံးစာ ဖျော်ထားတာ။ အများကြီးရှိတယ်"

"ဟား ... ထပ်ယူမှာ။ စိတ်ချ။ လှိုင်း ... သောက်ကြည့်။ ရှယ်ပဲ"

"ဆရာ ... ဧည့်သည်လာပါတယ်"

ရွှေကြုတ်တို့ စကားပြောနေတုန်းမှာ ဦးသာခွေက လာပြောတာကြောင့် ဦးခါက စကားစရပ်လိုက်ရင်း ဦးသာခွေကို လှမ်းမေးလိုက်၏။

"ဘယ်သူတွေလဲ ကိုသာခွေ"

"ဟို ... ဦးဘုန်းပိုင်တဲ့။ ဆရာနဲ့ တွေ့ချင်လို့တဲ့"

"ဦးဘုန်းပိုင်။ ဘယ်သူပါလိမ့်"

"ဪ ... ဖွင့်ပေးလိုက် ကိုသာခွေ။ ကို ... အဲဒါ လှိုင်းသူငယ်ချင်း မြရည်တို့မိသားစု လာတာ"

အန်တီလှိုင်းက ပြောရင်းကမှ ထကာ ဧည့်သည်တွေကို ထွက်ကြိုလေ၏။

"ဟေး ... မြရည်၊ မတွေ့တာတောင် ကြာပြီနော်။ ပိုလှလာတယ်"





"အမယ်လေး ... မင်းက ပိုလှတာပါ သူငယ်ချင်းရယ်။ အစ်ကိုကြီးတို့ လာလေ"

"ဪ ... ကြွပါရှင့် ကြွပါ"

အန်တီက လှိုက်လှိုက်လှဲလှဲ ခေါ်လာတဲ့ ဧည့်သည်တွေက ဝတ်လာတဲ့ အဝတ်အစားတွေဟာ အရမ်းကို တောက်တောက်ပြောင်ပြောင် ဖြစ်နေကာ လူတစ်ယောက်ကလည်း ကန်တော့ပွဲကြီး ယူဆောင်လာတာမို့ ရွှေကြုတ်က အံ့အားတသင့်ဖြစ်နေစဉ် မြင်လိုက်ရတဲ့ လူကြောင့် ပိုအံ့သြသွားရလေသည်။

"ရဲရဲ ... နင် ..."

ရွှေကြုတ်က တအံ့တသြဖြင့် အသံထွက်မိသွားလျှင် ဦးခါကလည်း လာတဲ့ဧည့်သည်တွေရဲ့ ပုံစံတွေကို အကဲခတ်ရင်းက အန်တီလှိုင်းကို တစ်ချက်ကြည့်၏။

"လှိုင်း ... သူတို့က"

"ထိုင်ပါဦး။ ထိုင်ကြပါရှင့်၊ ကို ... ဒါ လှိုင်းတို့မင်္ဂလာဆောင်တုန်းကလာတဲ့ လှိုင်းသူငယ်ချင်း မြဝတ်ရည်တဲ့ ...

ဒါ ကျွန်မ အမျိုးသား ဦးခါမိုးညိုပါ။ မြရည် မိတ်ဆက်ပေးပါဦး"

"ဟုတ်ကဲ့။ ဒါက မြရည်ရဲ့အစ်ကို ဦးဘုန်းပိုင်ပါ။ ဒါကတော့ မြရည်ရဲ့တူ အစ်ကိုကြီးရဲ့သား ရဲရဲဘုန်းပိုင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က လူကြီးတွေစကားဝိုင်းကို နားလည်ရ ခက်စွာဖြင့် အသာငေးကြည့်နေသလို ဦးခါကလည်း မဖိတ်ဘဲ ရောက်လာတဲ့ ဧည့်သည်တွေကို အကဲခတ်ကြည့်ရင်းက ...

"ဟုတ်ကဲ့ပါ။ တွေ့ရတာ ဝမ်းသာပါတယ်။ ဒီကမိတ်ဆွေ တို့ရဲ့ လာရင်းကိစ္စလေးက ဘာများပါလိမ့်။ ကျွန်တော်တို့ ဘာများ ကူညီပေးရပါမလဲ"

"ဟို ... ဒီလိုပါ ... ဒီလိုပါ။ ကျွန်တော်က ရဲထရိတ်ဒင်း ရဲ့ CEO ပါ။ ဒါက ကျွန်တော့်ရဲ့တစ်ဦးတည်းသောသား ရဲရဲဘုန်းပိုင်ပါ။ လာရင်းကိစ္စကတော့ ဒီက ဦးခါမိုးညိုရဲ့ တူမ ရွှေကြုတ်ကို ကျွန်တော့်သားက မေတ္တာရှိနေတာ ကြောင့် ကျွန်တော်တို့ လူကြီးတွေဘက်က မိဘဝတ္တရား နဲ့အညီ လာနားဖောက်တာပါ"

"ရှင်"

"ဘယ်လို"

ကြားလိုက်ရတဲ့ စကားကြောင့် ရွှေကြုတ်က ကိုယ့် နားကိုယ်တောင် ပယုံကြည်ပေ။ ဦးခါကလည်း တအံ့တသြဖြင့် ရွှေကြုတ်ကို ခပ်တင်းတင်း လှမ်းကြည့်၏။ ရွှေကြုတ်က ဘယ် လိုမှ နားမလည် လိုက်မမီသော အဖြစ်ကြောင့် ဦးခါနဲ့ မျက်လုံး လွှဲလိုက်သည်။ ဦးခါက ရွှေကြုတ်ကို မကြည့်တော့ဘဲ အန်တီလှိုင်း ကို ကြည့်လိုက်ပြီးမှ ...





"ဒီက မိတ်ဆွေ ... တစ်ခုခု မှားနေပြီ ထင်ပါတယ်။ ဒီနေ့ ကိစ္စကို ကျွန်တော်တို့ဘက်က ဘာမှ ကြိုဆိုဖိတ်ခေါ်ထား ခြင်း မရှိပါဘူး။ လှိုင်း ... လှိုင်း သိလား"

"ဟင့်အင်း ... ဒီကိစ္စကို လှိုင်း အခုမှပဲ သိရတာ။ သူငယ် ချင်း မြရည် ... မင်း ပြောတော့ အလည်လာတာဆို။ အခု ဘယ်လိုတွေ ဖြစ်ကုန်တာလဲ"

"ခဏလေးပါ။ ဒီက ဦးခါမိုးညိုကိုပဲ အုပ်ထိန်းသူအရာ ထားပြီး ပြောရမှာပါ။ ကျွန်တော့်သားနဲ့ ခင်ဗျားတူမတို့ လူငယ်ချင်း ကိစ္စကို သားက ဖွင့်ပြောပြလို့ ကျွန်တော်တို့ ဘက်က လာမြန်းတဲ့ သဘောပါ"

ရဲရဲအဖေက လုံးဝကို အပိုင်ကြီး ပြောလိုက်တာ ကြောင့် ရွှေကြုတ်က ငြိမ်နေလို့တော့ မဖြစ်တော့ချေ။ ရဲရဲအဖေ စကားအဆုံးမှာ ရွှေကြုတ်က ဝင်ပြောရတော့သည်။

"ရဲရဲနဲ့ ကြုတ်နဲ့က ဘာမှမဆိုင်ပါဘူး အန်ကယ်။ ကြုတ် တို့က သူငယ်ချင်းတွေပါ"

"ရွှေကြုတ် ... နင် ဘာတွေပြောနေတာလဲ။ အခုကျမှ အဲဒီလို မလုပ်နဲ့လေဟာ"

ရဲရဲက ရွှေကြုတ် စကားအဆုံးမှာ အဲဒီလို ဝင်ပြော တော့ ဦးခါရဲ့အကြည့်က ရွှေကြုတ်ဆီ ဒိုင်းခနဲ ရောက်လာ၏။ ဟင့်အင်း ... အဲဒီလိုမျက်လုံးမျိုးနဲ့ မကြည့်ပါနဲ့ ဦးခါ။ ရွှေကြုတ်က လီဆယ်ပြောနေတဲ့ ရဲရဲကို သတ္တိရှိရှိဖြင့် ရင်ဆိုင်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ ... နင် ဘာတွေ ပြောနေတာလဲ။ နင်နဲ့ ငါက ဘာဆိုင်လို့လဲ”

“ရွှေကြုတ် ... နင်နဲ့ ငါ ပတ်သက်တယ်လေဟာ”

“ဘာပတ်သက်တာလဲ။ ဘာမှ မပတ်သက်ဘူး”

“ဟော့ ... တော်ကြစမ်း။ ဒီမှာ ... ရဲရဲဘုန်းပိုင်။ မင်းက လူကြီးတွေကို ခေါ်လာပြီး ဒုက္ခပေးတာလား။ ဒီက ဦးဘုန်းပိုင်ကိုတော့ အားနာပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘက်က ပြတ်ပြတ်သားသား ပြောလိုက်ပါ့မယ်။ ဒီကနေ့ လူကြီးမင်းတို့ ကျွန်တော့်အိမ် ရောက်လာတာဟာ သားရေးသမီးရေးကိစ္စ ဆွေးနွေးဖို့ ဆိုရင်တော့ တစ်ခါတည်းမှတ်သွားလိုက်ပါ။ ရွှေကြုတ်ကို ခင်ဗျားရဲ့သားနဲ့ ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ပါဘူး။ ဒီနေ့ ခင်ဗျားတို့ ဒီကိုလာမြန်းတဲ့ ကိစ္စမှာ ကျွန်တော်တို့ဘက်က လူက လက်သင့်ခံလို့ ဖိတ်ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ ကျွန်တော်က ရွှေကြုတ်ရဲ့ အုပ်ထိန်းသူတစ်ယောက် အနေနဲ့ လုံးဝသဘောမတူနိုင်ဘူး ဆိုတဲ့အကြောင်း တစ်ခါတည်းအပြတ်ပြောလိုက်ပါတယ်။ အခုလည်း သဘောမတူဘူး။ နောင်လည်း သဘောတူမှာ မဟုတ်တဲ့အတွက် လာလမ်းအတိုင်းသာ လှည့်ပြန်လိုက်ပါ”





ဦးခါက ဒေါသကိုချုပ်ထိန်းကာ လုံးဝကိုအပြတ်ကြီး ပြောပစ်လိုက်တာမို့ တစ်ဖက်ကလည်း တော်တော်ဒေါသထွက်သွားကာ ရဲရဲကို ဆွဲခေါ်သွား၏။

“သား ... သွားမယ်။ ဒီလိုဟာမျိုး ရွှေထွက်နေပစေ မင်းကို ငါ မပေးစားဘူး”

“အဖေ ... အဲလို မလုပ်ပါနဲ့ဗျာ။ ဦး ...”

“လာစမ်းပါကွာ။ မြရည် သွားမယ်”

ရဲရဲနှင့် သူ့အဖေက အရင်ထွက်သွားကာ ကျန်နေခဲ့တဲ့ အန်တီကြီးက အန်တီလှိုင်းကို ခပ်စေ့စေ့ကြည့်ကာ ...

“တို့ သွားမယ် လှိုင်း။ မင်းရဲ့အမျိုးသားက သဘောမတူဘူးဆိုမှာတော့ တို့ ဘာမှမတတ်နိုင်တော့ဘူး”

“မြရည် ... မြရည်”

အန်တီလှိုင်းက အဲဒီအမျိုးသမီးကို အသည်းအသန် လှမ်းခေါ်လေ၏။ အဲဒီ အန်တီကြီး ထွက်သွားတာနဲ့ ပြဿနာက စတင်ဟော့တာဖြစ်သည်။ အန်တီလှိုင်းက အရင်ဆုံးစတင်ကာ ဒေါသတကြီး ပြောတော့တာ ဖြစ်သည်။

“ကို ဘယ်လိုပြောလိုက်တာလဲ။ လှိုင်းရဲ့မျက်နှာတော့ ငဲ့သင့်တာပေါ့”

“ဟား ... ဘာငဲ့ရမှာလဲ။ လှိုင်း ... ဒီကိစ္စ မင်းသိနေတယ်မှုလား”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဲဒီစကား မပြောနဲ့။ လှိုင်းက ဘာကိစ္စ သိရမှာလဲ။ မြရည်က လှိုင်း သူငယ်ချင်း။ သူ လာလည်မယ်ဆိုတာ လောက်ပဲ လှိုင်း သိတာ။ အိမ်အထိတောင်လာပြီး လာမြန်း ပါတယ်ဆိုမှတော့ ကာယကံရှင် သိနေလို့ ဖြစ်မှာပေါ့။ လှိုင်းနဲ့ ဘာဆိုင်လို့လဲ"

အန်တီလှိုင်းက ရွှေကြုတ်ဘက်ကို ပုတ်ထုတ်ပစ် လိုက်လျှင် ရွှေကြုတ်က အသည်းအသန် ငြင်းပစ်ရလေသည်။

"မဟုတ်ပါဘူး။ ဒီကိစ္စကို ကြုတ် ဘာမှမသိရပါဘူး။ ဦးခါ ... ကြုတ် ဟကယ် ပြောတာပါ"

"ဟဲ့ ... နင် မရှုပ်ဘဲနဲ့ ဒီပြဿနာက အိမ်ပေါ်ရောက်လာ မလား"

"အန်တီ"

ရွှေကြုတ်က အတင်းကို ဆွဲစိ၍ ဇွပ်စွဲချက်အတွက် ရွှေကြုတ်က မခံမရပ်နိုင်စွာ အန်တီဟု အော်ပစ်လိုက်လျှင် ဦးခါ ရဲ့ ဟိန်းနေတဲ့အသံက ဆီးထွက်လာ၏။

"တော်တော့ ... တော်ကြတော့၊ ဘောက် ... တစ်နေ့တစ် နေ့ ဖြစ်လိုက်တဲ့ ပြဿနာတွေ၊ ငါ တစ်စက်ကလေးမှ စိတ်မချမ်းသာရဘူး ...

ရွှေကြုတ် ... နင့်ကို ငါက အမြင့်ဆုံးနေရာကိုရောက် စေချင်လို့ တားမြစ်နေရတာ၊ ငါ ခတ်ထားတဲ့ဘောင်က





နင့်အတွက်ချည်းပဲ၊ အဲဒါတွေကို နင့်ခေါင်းထဲမှာ မြဲမြဲ မှတ်ထား၊ မိဘပိုက်ဆံချမ်းသာတဲ့ကောင်မှာ ကိုယ်ပိုင် အရည် အချင်းမရှိရင် ဘယ်လောက် ချမ်းသာ ချမ်းသာ အဲဒီကောင် အလကားကောင်ပဲ၊ နင့်ရဲ့ ဆယ့်ခြောက်နှစ် ဦးနှောက်နဲ့တစ်လောကလုံးကို လွတ်လွတ်လပ်လပ် ပျံသန်း ချင်နေရင်တော့ နင် အတောင်ကျိုးရုံပဲရှိမယ်၊ တောက် ..."

ဦးခါက ရွှေကြုက်အတွက် ဘာတစ်ခုမှ ဖြေရှင်းခွင့် မပေးပါဘဲ ပြောပြီးတာနဲ့ ရွှေကြုတ်အတွက် ဘာတစ်ခုမှ ဖြေရှင်း ခွင့်မပေးပါဘဲ ပြောပြီးတာနဲ့ ရွှေကြုတ်ရှေ့ကနေ ထွက်လို့သွား လေသည်။ ဦးခါရဲ့အနောက်ကနေ အန်တီကပါ ထွက်သွား၏။

သူတို့ ထွက်သွားတာနှင့် ရွှေကြုတ်ရဲ့ပါးပေါ်ကို မျက်ရည်တွေက မိုးရွာချသည့်နှယ် ပြိုကျလာလေ၏။ ဦးခါရယ် ... တစ်ခုခုမှားတိုင်း ရွှေကြုတ်လို့ ဘာလို့ ထင်ရတာလဲ။ ရွှေကြုတ် ဘယ်ယောကျ်ားကိုမှ မပတ်သက်ပါဘူး။ ကြုတ်ကိုဆို ဘာဖြေရှင်း ချက်မှ မတောင်းဘဲ ဘာလို့ ဖိဆူနေရတာလဲ။

ဆယ့်ခြောက်နှစ်ဦးနှောက်လောက်နဲ့ လောကကြီး မှာ ပျံသန်းဖို့လည်း ဘယ်တုန်းကမှ ကြုတ် စိတ်မကူးခဲ့ပါဘူး ဦးခါ။ ကြုတ်ရဲ့ဘဝမှာ မဟာရံတံတိုင်းကြီးလို ကြီးမားတဲ့ အကာအရံ မှိုင်းမိုင်းအာကိုးရတဲ့ ဦးခါရဲ့ အရိပ်အောက်မှာ တစ်သက် လုံး မကြီးပြင်းချင်ဘူးဆိုတာကို ဦးခါ ဘာလို့ နားမလည်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြူတ်က ရင်ထဲမှာ တွင်တွင်အော်ဟစ် မေးခွန်းထုတ်ရင်း အသံမထွက်ဘဲ မျက်ရည်ဖြိုင်ဖြိုင် ကျတက်လာခဲ့ပါသည်။

❁ ○ ❁





## ၂၀

ခါမိုးက အလုပ်ထဲ စိတ်မရောက်ဘဲ တွေးနေမိတာက ရွှေကြူတ်အကြောင်းပဲဖြစ်သည်။ မမ အင်မတန်မှ ချစ်ခင်မြတ်နိုးရတဲ့ ကောင်မလေးကို သူ့ဘက်က စေတနာမေတ္တာအပြည့်ဖြင့် အမြင့်ကိုတင်ဖို့ ရည်ရွယ်ပေမယ့် အခြေအနေတွေဟာ ဘာတွေကလွဲချော်နေမှန်းလဲ မသိပါ။ ရွှေကြူတ်ဆိုသော ကလေးမဟာ တကယ့်ကို သွေးပေးရင် တက်မယ့်ကျောက်ရိုင်းတုံးလေးဆိုတာလည်း သူ ကောင်းကောင်းသိလေသည်။ ဒါပေမဲ့ ရွှေကြူတ်ဟာ ကျောက်ရိုင်းတုံးလေးဆိုပေမယ့် မျိုးရိုးကောင်းကျောက်ရိုင်းဖြစ်တာကြောင့် အချိန်တွေ ကြာမြင့်လာလေ ကျောက်ရိုင်းရဲ့ တန်ဖိုးက မြင့်လေဖြစ်ကာ သူ့ကို သွေးနေရတဲ့ ကျောက်သမားအတွက် ရန်က ပိုများလာ၏။

ရွှေကြူတ်ဟာ တကယ့်ကို တော်ပြီး ထက်မြက်ကာ ချောမောလှပတဲ့ မိန်းကလေးဖြစ်တာကြောင့် သဘာဝတရားအရ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ထိန်းနေရဲ့သားနဲ့ အစွန်းအထင်း တစ်ခုခု ဖြစ်သွားရင် မမအပေါ် သူ တာဝန်ကျေတော့မှာမဟုတ်။ အဲဒီတော့ သူ ဘာ လုပ်ရမလဲ။ လှိုင်းပြောသလိုပဲ လုပ်လိုက်ရမလား။

ဘာပဲဖြစ်ဖြစ် လှိုင်းပြောတဲ့နည်းက အကောင်းဆုံး ပဲမို့ သူက ဆုံးဖြတ်ချက်ချလိုက်တော့သည်။ အိမ်ရောက်ရင်တော့ ဒီကိစ္စ ပြောရတော့မှာပဲ။

"ဆရာ ... ရွှေကြုတ် လာတယ်"

သူ့ဝန်ထမ်း ကောင်လေးက လာပြောတာကြောင့် သူက အရမ်းပဲ အံ့သြသွားရသည်။ ရွှေကြုတ်ဟာ တစ်ခါမှ သူ့ကုမ္ပဏီကို လာဖူးတာ မဟုတ်ချေ။ ထူးထူးခြားခြား ရောက် လာတယ်ဆိုတော့ ...။

"လွှတ်လိုက် မောင်မိုး"

ကောင်လေးက ရွှေကြုတ်ကို လာပို့ပေးပြီးထွက်သွား တော့မှ သူက တအံ့တသြဖြင့် ရွှေကြုတ်ကိုမေးရတော့သည်။

"ရွှေကြုတ် ... ဒီအထိလိုက်လာတာ ဘာကိစ္စရှိလို့လဲ"

သူ့ရဲ့မေးခွန်းကို ရွှေကြုတ်က ကြည်လင်ပြုံးရွှင်နေ သော မျက်လုံးဖြင့် ကြည့်ကာ သူ့ကို စာရွက်ထောင်ပြ၍ ...

"ဦးခါ ... ဒီမှာကြည့်၊ ကြုတ် အမှတ်စာရင်းရပြီ၊ (546) မှတ်တောင်ရတာ၊ ကြုတ် ဘယ်လောက်တော်လဲ"

ရွှေကြုတ်က သူ့ရဲ့အမှတ်စာရင်းကို ဂုဏ်ယူဝမ်း မြောက်စွာ ခုန်ပေါက်၍ သူ့ကို လာပြတာကြောင့် သူကပါ





ရွှေကြုတ်ရဲ့ ထူးချွန်မှုကြောင့် အရမ်းကို ဂုဏ်ယူဝမ်းမြောက်ရ လေသည်။

"ဟာ ... ညည်း တကယ်တော်တယ်ဟာ၊ Congractulation"

သူက အရမ်းကို ပီတိဖြစ်စွာဖြင့် ရွှေကြုတ်ရဲ့ပခုံး တစ်ဖက်ကို ပုတ်ပေးမိသည်။

ရွှေကြုတ်က ပျော်ရွှင်ကြည်နူးစိတ်ဖြင့် သူ့ကို ပြုံး ကြည့်နေကာ ...

"ကြုတ် ဒီလောက်ထိ အမှတ်တွေ ရလိမ့်မယ်လို့လည်း မမျှော်မှန်းမိဘူး၊ စာရွက်လည်းထွက်လာကော ဦးခါကို အရင်ဆုံး ပြောပြချင်တာနဲ့ ဖုန်းတောင်မဆက်တော့ဘဲ ဦးခါကုမ္ပဏီကို ဦးသာခွေကြီးကို ဇွတ်လိုက်ပို့ခိုင်းရတာ၊ ကြုတ် ပျော်လိုက်တာ ဦးခါရယ်"

ခါမိုးက အမှတ်စာရင်းလည်းထွက်ပြီမို့ မကြာခင် မှာ ရွေးချယ်ရတော့မယ့် Lifeအတွက် သူက စတင်ပြောလိုက်တော့ သည်။

"ရွှေကြုတ် ... ရွှေကြုတ် အခုလိုမျိုး ထူးထူးချွန်ချွန်နဲ့ အောင်မြင်တာကို ဦးခါ အရမ်းပဲ ဝမ်းသာတယ်၊ ရွှေကြုတ် ဘဝကို ဒီ့ထက်ဒီ့ထက်မက ပိုအောင်မြင်ထူးချွန်ဖို့အတွက် ဦးခါ စဉ်းစားပေးထားတယ်၊ ရွှေကြုတ် သြစီမှာ ကျောင်း တက်ရမယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က သူ့ကို တစ်ခါမှ မမြင်ဘူးတဲ့ မျက်ဝန်းတွေဖြင့်ကြည့်ကာ ချက်ချင်းဆိုသလိုပင် မျက်ရည်တွေ ဝဲလာလေ၏။

"ကြုတ် ... ကြုတ်ကို နိုင်ငံခြားပို့မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ရွှေကြုတ်ကို နိုင်ငံခြားမှာ ကျောင်းထားဖို့ ဦးခါ ဆုံးဖြတ်ထားတယ်၊ ဟိုမှာကျတော့ တကယ့် International ကို ဆက်ဆံရပြီလေ၊ ရွှေကြုတ် အတွက် အခြေအနေပိုမြင့်သွားမယ်၊ ရွှေကြုတ် အရည်အချင်းနဲ့ဆို ရွေးချယ်စရာ ဘာသာရပ်တွေမှ အများကြီးပဲ၊ Business လိုင်းသွားမလား၊ Engineering ယူမလား၊ ဒါမှမဟုတ် Computer ယူမလား၊ ကြိုက်တာယူလို့ ရတယ်"

"ဟင့်အင်း၊ ကြုတ် အဲဒီနိုင်ငံခြားကို မသွားချင်ဘူး၊ အဲဒီမှာလည်း စာမသင်ချင်ဘူး"

သူ့စကား မဆုံးခင်မှာပဲ ရွှေကြုတ်က အသည်းအသန်ငြင်းတာမို့ သူက အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ ရွှေကြုတ်၊ နိုင်ငံခြားမှာ ကျောင်းတက်ခွင့်ရဖို့ဆိုတာ လူတိုင်းမက်ခွင့်ရတဲ့ အိပ်မက်မဟုတ်ဘူးနော်"

"ဟင့်အင်း ဦးခါ၊ ကြုတ်ကို အဲဒီတစ်ခုတော့ လိုက်လျောပေးပါ၊ ကြုတ် နိုင်ငံခြားမှာဆိုရင်တော့ လုံးဝ စာမသင်ဘူး၊ ကြုတ် ဒီနိုင်ငံမှာပဲ စာသင်ပါရစေ"





ရွှေကြုတ်ရဲ့ ငြင်းဆန်သံထဲမှာ ဒေါသသံပါနေတယ်ဆိုတာကို သူသာ ကိထားမိသည်။ ရွှေကြုတ်ရဲ့မျက်နှာအနေအထားဟာ အံ့သြမှင်သက်ရာမှ တစ်ဆင့် ဒေါသဖြစ်နေတဲ့ပုံပေါက်လာတာကို သူ ရိပ်မိသည်။ ရွှေကြုတ် ဘာကြောင့် ဒီကိစ္စ အသည်းအသန်ငြင်းနေရတာလဲ။ သူ့ခေါင်းထဲကို ရဲရဲ ဆိုတဲ့ ဂျစ်တူးချာတိတ်နာမည် ဝင်လာလေလျှင် ခါမိုးက ဒေါကန်သွားရသည်။

"မသင်ရဘူး၊ ရွှေကြုတ် ... နင် ဘာဖြစ်နေတာလဲ၊ လူတိုင်းမရနိုင်တဲ့ အခွင့်အရေးကို နင်ရတာတောင် နင်က ဘာကိစ္စ ငြင်းနေရတာလဲ"

"ကြုတ် တောင်းပန်ပါတယ် ဦးခါ၊ ကြုတ် လုံးဝအဲဒီကိစ္စကို လက်သင့်မခံဘူး၊ ကြုတ် ဆရာဝန်တစ်ယောက်ဖြစ်ချင်တယ်၊ ဒီမှာပဲ ဆေးကျောင်းတက်ပါရစေ"

"ဟိုကောင်ကကော ဘာတက်မယ်တဲ့လဲ၊ ဆေးကျောင်းပဲတဲ့လား"

သူ့ရဲ့ အငေါ်တူး မေးခွန်းကြောင့် ရွှေကြုတ်က သူ့ကို တအံ့တသြကြည့်ကာ မျက်ရည်တွေကျလာ၍ ...

"ဦးခါ ... ကြုတ်နဲ့ သူ ဘာမှ မပတ်သက်ပါဘူးဆိုတာကို ဘာဖြစ်လို့ မယုံရတာလဲ၊ သူ ဆေးကျောင်းတက်ရင် ကြုတ်က မတက်ရတော့ဘူးလား"

"နင် ဆရာဝန်ဖြစ်ချင်ရင် နိုင်ငံခြားမှာတက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဦးခါ၊ ကြုတ် မြန်မာနိုင်ငံက ရာဝန်ပဲ ဖြစ်ချင်တယ်"

ရွှေကြုတ်က သူ့ကို ဒေါသသံစွက်နေသောလေသံဖြင့် အပြတ်ပြောတာမို့ ခါမိုးက ပိုပြီး ဒေါသဖြစ်ရလေသည်။

"တောက် ... မရဘူး၊ မတက်ရဘူး၊ နင့်ကို ငါက ဒါတက်ဆို ဒါပဲတက်ရမယ်၊ နင့်ခေါင်းထဲမှာ မှတ်ထား၊ ဟိုကောင်ရှိနေတဲ့နေရာမှာ နင့်ကို မထားဘူး"

"ဦးခါရယ်"

ရွှေကြုတ်က သူ့ကို သူ ဘာသာပြန်ရခက်တဲ့ မျက်ဝန်းတွေဖြင့် စူးစူးစိုက်စိုက်ကြည့်ကာ မျက်ရည်တွေ တွေတွေ ကျလာ၍ ဗလုံးဗထွေးလေသံဖြင့် ပြောလေသည်။

"ကြုတ်က သူ့ကြောင့် မသွားချင်တာ မဟုတ်ပါဘူး၊ ကြုတ်က ဦးခါနဲ့ မခွဲချင်ခဲ့တာပါ၊ ဦးခါ အရိပ်ကို ခိုလှုံရင်း ကြုတ် ဒီမှာပဲ ကျောင်းတက်ပါရစေ၊ နိုင်ငံခြားသွားရမယ်ဆိုရင်တော့ ကြုတ်ကိုပဲ အသေသတ်ပစ်လိုက်တော့"

ရွှေကြုတ်က မျက်ရည်အခွဲသားဖြင့် သူ့ကို ပြောပြီးနောက် အခန်းထဲကနေ ပြေးထွက်သွားသည်။ ခါမိုးက ရင်ထဲမှာ ဆိုနင့်နင့်ကြီးဖြစ်ကျန်ခဲ့ရလေသည်။ ရွှေကြုတ်ရဲ့ အကြည့်တွေ၊ အပြောတွေ။

ဟာ ... သွားစမ်းကွာ။





ရွှေကြုတ်ရယ် ... မင်း အမြင့်ကို ပျံသန်းဖို့အတွက် ငါက ရစ်ဘီးကိုင်ပြီး မင်းကို ထိန်းချုပ်ထားမယ့်သူမဟုတ်သလို မင်းကိုလည်း စွန်ကလေးအဖြစ်မခံပါဘူး။ မင်းဟာ သေချာပေါက် ကိုယ်ပိုင်အတောင်နဲ့ ပျံသန်းရမယ့် ငှက်ကလေးပဲဖြစ်ရမယ်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကြုတ် ... ရွှေကြုတ် ... ခဏလောက် ဒီကိုကြွခဲ့စမ်းပါ၊ နင့်ကို ဂုဏ်ပြုချင်လွန်းလို့၊ လာပါဦး ဒီကို"

အောက်ထပ်ကနေ စူးစူးထိုးထိုး အော်လိုက်တဲ့အသံကြောင့် ရွှေကြုတ်က အခန်းထဲကနေ ထွက်လာခဲ့သည်။ ပါးပေါ်က မျက်ရည်တွေကို ပွတ်သုတ်ပြီးမှ အောက်ထပ်သို့ဆင်းလာခဲ့သည်။ အန်တီလှိုင်းက လှေကားပေါ်ကနေ ဆင်းလာတဲ့ ရွှေကြုတ်ကို မီးဝင်းဝင်းတောက်နေတဲ့ မျက်ဝန်းတို့ဖြင့် ကြည့်တာတောင် ရွှေကြုတ်က ပြဿနာဖြစ်ရဦးမယ်ဆိုတာ သဘောပေါက်ရသည်။

"လာစမ်းပါဦး၊ နင့်ကို မေးပါရစေဦး၊ နင့်မှာ သိပ်ပြီး မျက်ရည်တွေ ပေါ်နေသလား"

အန်တီလှိုင်းစကားကြောင့် ဘာကို ဆိုလိုတာမှန်းနားမလည်ချေ။

"အန်တီ ဘာကို ဆိုလိုတာလဲ"





"နင်က မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ ဒီမှာ ရွှေကြုတ် နင့်ခေါင်းထဲမှာ ငါ ရှိသေးတာကို ထည့်ထားဦးနော်"

"အန်တီ ... အန်တီ ဘာတွေပြောနေတာလဲ"

"အေး ... မေးတော့လည်း ပြောတာပေါ့ဟယ်၊ နေ့ခင်းက နင် ကိုရုံးခန်းကို ဘာသွားလုပ်တာလဲ၊ နင် မျက်ရည်စက်လက်နဲ့ ကိုအခန်းထဲက ထွက်လာတော့ ကိုက ဘာဖြစ်သွားပြီလဲ၊ ရွှေကြုတ် ... နင် ဘာဖြစ်ချင်တာလဲ၊ ဘာကို ရည်ရွယ်နေတာလဲ"

အန်တီလှိုင်းရဲ့စကားက သိသိသာသာကြီးကို စော်ကားလိုက်တာမို့ ရွှေကြုတ်က ဆတ်ဆတ်ခါ နာရလေသည်။ ဒေါသက ဖျဉ်းခနဲထွက်လာကာ ရွှေကြုတ်က ပြန်ပြောမိသွားသည်။

"အန်တီ ... ဘာစကားပြောလိုက်တာလဲ၊ ကြုတ် အမှတ်တရင်းထုတ်ပြီးလို့ ဦးခါကို သွားပြတာလေ"

"အိမ်မှာ မတွေ့ရလို့လား နင်တို့က၊ အဲဒီကိစ္စ ငါ လုံးဝ မကျေနပ်ဘူး"

"လှိုင်း ... လှိုင်း၊ စိတ်လျှော့ပါကွယ်"

ရွှေကြုတ်တို့ရဲ့ ပေါက်ကွဲတော့မယ့် အခြေအနေကို ဒေါ်ကြီးပိုက အလျင်အမြန် တားလေ၏။ ဒေါ်ကြီးပိုကို အန်တီလှိုင်းက ခပ်စူးစူး ပြန်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ပို ... ရှင့်နေရာရှင်သွားနေ၊ ရှင်တို့ အဲဒီလိုမြှောက်စားထားလို့ ဒီဟာမ ဂြိုဟ်ကြွနေတာ၊ ဒီကိစ္စ ရှင်ဝင်မပါနဲ့"

"အန်တီ၊ ဒေါ်ကြီးပိုကို အဲဒီလိုမပြောပါနဲ့၊ ကြုတ်ကို မကျေနပ်ရင် ကြုတ်ကိုပဲ ပြောပါ"

ရွှေကြုတ်က အရမ်းကို တရားလွန်လာသော အန်တီလှိုင်းကို သည်းမခံနိုင်တော့စွာ ပြောပစ်လိုက်လျှင် အန်တီလှိုင်းက နဂိုမကျေနပ်စိတ်အရင်းခံကာ ရွှေကြုတ်ကို ပြောလေတော့သည်။

"အေး ... ပြောမယ်၊ နင်က ဘာဖြစ်နေတာလဲ၊ နင် ငါ့ဘက်က သည်းညည်းခံခဲ့ရပေါင်းက အခါတစ်ရာမကတော့ဘူး၊ ဒီတစ်ခါကတော့ ငါ လုံးဝ သည်းညည်းမခံနိုင်ဘူး"

"ရွှေကြုတ်က ဘာတွေများလုပ်နေလို့လဲ၊ ဘာတွေမှားနေလို့လဲ"

"မှားတယ်၊ နင် ဒီအိမ်ပေါ်ကိုရောက်လာခဲ့တာကိုက မှားတာ၊ နင်က ငါ့အတွက်တော့ မကောင်းကဲ့သူပဲ၊ ငါ့ရဲ့စိတ်ကို အကြိမ်ပေါင်းများစွာ ဒုက္ခပေးတဲ့သူ၊ အေး ... ဒီတစ်ခါတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ဒီမှာ ... နင်က ဘာလဲ၊ ကုမ္ပဏီထိ သွားရအောင် နင့်အဆင့်က ဘာလဲ ...

ရွှေကြုတ် နင်က ငါ့နေရာအထိ ယူဖို့ စဉ်းစားထားတာလား"





"အန်တီ"

ရွှေကြုတ်က နလုံးကို heart attack ရစေသော အဲဒီစကားအတွက် ဘယ်လိုမှ မခံစားနိုင်စွာ အော်ပစ်မိလိုက်သလို မျက်ရည်တွေကလည်း အလိုလိုကျလာလေသည်။ အဲဒီအချိန်မှာ ဦးခါရဲ့ကားက ခြံထဲဝင်လာကာ ဦးခါရောက်လာလျှင် ဦးခါက ဖြစ်နေတဲ့ အခြေအနေကိုကြည့်ကာ ...

"ဘာတွေဖြစ်နေကြပြန်ပြီလဲ"

"အဲဒါတွေ မမေးနဲ့၊ ကို ရှင့်ရုံးခန်းထဲကနေ ငိုကြီးချက်မနဲ့ ဘာကိစ္စ သူက ထွက်သွားရတာလဲ၊ ရှင်တို့ကုမ္ပဏီက သူ ဘယ်သူလဲ၊ ဘာကြောင့် ငိုရတာလဲဆိုတဲ့ မေးခွန်းမျိုးစုံနဲ့ ရှင့်ကိုကြည့်နေတဲ့ မျက်လုံးတွေကို ရှင် မမြင်မိဘူးလား၊ အဲဒီသတင်းက ကျွန်မနားအထိ ပေါက်လာတာ"

"ဟားကွာ ... အရမ်းကို စိတ်ပျက်စရာ ကောင်းတယ်၊ လှိုင်း ... ရွှေကြုတ်၊ မင်းတို့နှစ်ယောက်စလုံး တော်ကြတော့၊ မင်းတို့ရဲ့ စိတ်ဆင်းရဲမှုတွေထက် ငါက အဆပေါင်းများစွာ စိတ်ဆင်းရဲရတယ်၊ လှိုင်း ... မင်း ဘာလို့အတွေးခေါင်နေရတာလဲ၊ ငါ ဘယ်လိုလူမျိုးလဲ ဆိုတာ မင်း စဉ်းစားပြီးမှ စကားဆက်ပြော ...

ဒီမှာ ရွှေကြုတ် ... နင့်ကို ငါ နိုင်ငံခြားပို့မယ်ဆိုတာ ဒီ့ထက်မကပညာတွေ ပိုတတ်စေချင်တဲ့ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ခုပဲပါတယ်၊ ငါ တောင်းပန်ပါတယ်၊ တစ်နေ့ တစ်နေ့ ပြဿနာတွေ တန်းစီတက်နေတဲ့ အိမ်ပူကြီးဖြစ်အောင် မလုပ်ကြပါနဲ့ကွာ”

ဦးခါ တောင်းပန်စကားအဆုံးမှာ အန်တီလှိုင်းကော ရွှေကြုတ်ပါ ငြိမ်သက်သွားသည်။ လူတွေကသာ တဒင်္ဂငြိမ်သက်သွားတာဖြစ်ပေမယ့် ရွှေကြုတ် ရင်ထဲမှာတော့ မငြိမ်သက်နိုင်ပေ။ ရွှေကြုတ်ရဲ့နှလုံးသားတွေကို တစ်စစီ အစိမ်းခြွေ ခြွေချနေတဲ့ အန်တီလှိုင်းဟာ ရွှေကြုတ်ဘဝရဲ့ အိပ်မက်ဆိုးပဲဖြစ်သည်။

❁ ○ ❁





မင်းဟာ ငါ ရှုရှိုက်ခွင့်သာရှိပြီး
ပိုင်ဆိုင်ခွင့်မရှိတဲ့လေထု။

မင်းဟာ အလင်းရောင်ပေးပြီး
ပူလောင်ခြင်းကို ပိုင်ဆိုင်နိုင်းတဲ့ နေမင်း။

မင်းက ငါ့အတွက် ဘာဖြစ်မယ်မှန်းမသိတဲ့ အနာဂတ်။
မတောင်းဘဲပေးခဲ့တာ ငါ့ရင်ထဲက ချစ်ခြင်းတရား။

တစ်ခုခုအတွက် မကျေနပ်ဘူးဆိုလည်း
နင်ကျေနပ်ဖို့ တစ်ခုခု ပေးရမယ်ဆို
နင်ချန်လည်း ကျန်ခဲ့ပေးမဲ့ ငါ့ရဲ့ နိုင်မြဲတဲ့ မေတ္တာတရားပဲ
ရှိနေလိမ့်မယ်။

❁ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"ကြုတ်လေးရေ ... ကြုတ်လေး"

ရွှေကြုတ်က အခန်းထဲအောင်းရင်း စာအုပ်ဖတ်နေတုန်း မခင်မူက ရွှေကြုတ် အခန်းတံခါးကို လာခေါက်တာမို့ ရွှေကြုတ်က အခန်းတံခါး သွားဖွင့်ပေးလိုက်လျှင် မခင်မူက ...

"ကြုတ် ... အောက်ထပ်ကို ခဏဆင်းလာခဲ့ပါတဲ့"

"ဦးခါက ခေါ်ခိုင်းတာလား မခင်မူ"

"ဟုတ်တယ် ကြုတ်လေး၊ အောက်မှာ ဧည့်သည်လည်း ရောက်နေတယ်"

"ဧည့်သည် ... ဘယ်သူလဲ၊ ဟိုတစ်ခါလာတဲ့လူတွေလား"

ရွှေကြုတ်က ရဲရဲတို့မိသားစု ထပ်လာမှာစိုးတာကြောင့် ဧည့်သည်လာတယ်ဆိုလျှင် ရဲရဲတို့ပဲထင်ပြီး ကြောက်နေရတာဖြစ်သည်။





"မဟုတ်ပါဘူး၊ ဒီတစ်ခါ ဧည့်သည်က အစ်ကိုလေးရဲ့ရှေ့နေပါ"

"ရှေ့နေ... ဩော် ... အင်း ... အင်း"

ရွှေကြုတ်က ခေါင်းညိတ်ပြရင်းက အခန်းထဲက ထွက်လာကာ အောက်ထပ်ကို ဆင်းလာလေသည်။ ဧည့်ခန်းထဲမှာ ဦးခါ အန်တီနှင့် ရွှေကြုတ်မသိသော အန်ကယ်ကြီးတစ်ယောက်က ထိုင်နေကာ ရွှေကြုတ်ကို အကဲခတ်နေ၏။

"လာ ... ထိုင်လေ ရွှေကြုတ်"

ဦးခါရဲ့ ဖိတ်ခေါ်သံကြောင့် ရွှေကြုတ်က ခေါင်းအသာညိတ်ပြရင်း ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

"လေးလေးသန့် ... ဒါ မမမိုးရဲ့သမီး ရွှေကြုတ်ပါ၊ ရွှေကြုတ် ... ဒါ ဦးခါတို့ရဲ့ မိသားစုရှေ့နေ ဦးကောင်းသန့်တဲ့၊ နှုတ်ဆက်လိုက်ပါဦး"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် လေးလေး"

ရွှေကြုတ်က ဦးခါ ခေါ်တဲ့အတိုင်း လေးလေးဟု ခေါ်နှုတ်ဆက်လိုက်လျှင် လေးလေးက ရွှေကြုတ်ကို အပြုံးဖြင့် ပြန်လည်ကြည့်ကာ ...

"သမီးက အချောလေးပဲ၊ ဆယ်တန်းကိုလည်း All D နဲ့ ထူးထူးချွန်ချွန် အောင်ထားတာဆိုတော့ တကယ်တော်တာပဲ၊ သမီးက ဘယ်လိုင်းလိုက်ဖို့ စဉ်းစားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းကြောင့် ရွှေကြုတ်က ဦးခါကို မရဲတရဲ လှမ်းကြည့်လိုက်သည်။ ဦးခါက မသိချင်ယောင်ဆောင်နေတာကြောင့် ရွှေကြုတ်ကပဲ ကိုယ့်ဆန္ဒအတိုင်း ဖြေလိုက်တော့သည်။

"ကြုတ်ကတော့ ဆေးကျောင်းတက်ဖို့ စဉ်းစားထားပါတယ်"

"ကောင်းတာပေါ့၊ ဆရာဝန်ဆိုတာ လူတွေရဲ့အသက်ကို ကယ်ရတဲ့အလုပ်ပဲ၊ အရမ်းကို မွန်မြတ်တာပေါ့"

"လေးလေး ... ကျွန်တော်တို့ အစီအစဉ်လေး ပြောပြလိုက်ပါဦး"

ဦးခါက လှမ်းပြောလိုက်လျှင် လေးလေး ရှေ့နေကြီးက အပြုံးဖြင့် ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ဒီလိုပါ ... လေးလေး လာရင်းကိစ္စကတော့ ဟောဒီက သမီး ရွှေကြုတ်ကို သမီးရဲ့အမေ ဒေါ်လင်းမိုးဝေရဲ့ ပိုင်ဆိုင်မှုအားလုံးကို အမွေလွှဲပေးဖို့ပါပဲ"

"ရှင်"

ရွှေကြုတ်က အထူးအဆန်းစကားကြောင့် အံ့သြရလေသည်။ ရွှေကြုတ်က ဦးခါကိုကြည့်လိုက်လျှင် ဦးခါက ရွှေကြုတ်ကို ဖိုင်လ်ကမ်းပေးရင်းက ...

"ဒါက မင်းရဲ့ တီမိုး ပိုင်ဆိုင်တဲ့ ပစ္စည်းတွေရဲ့ စာချုပ်စာတမ်းတွေ"

"ဒါ ... ဒါတွေက ဘာလုပ်ဖို့လဲ ဦးခါ"





ရွှေကြုတ်ရဲ့မေးခွန်းကို ရှေ့နေကြီးက ဦးခါကိုယ်စား ဖြေပေး၏။

"မိဘပစ္စည်းကို သားသမီးပိုင်ဆိုင်ခွင့်ရှိတာ သဘာဝတရားပါပဲ၊ ဒေါ်လင်းမိုးဝေက အိမ်ထောင်မရှိတဲ့သူဖြစ်ပြီးတော့ သူ့ဆီမှာ အမွေစားအမွေခံသမီးတစ်ယောက်ပဲ ရှိပါတယ်၊ ဒေါ်လင်းမိုးဝေ ဆုံးပါးသွားတဲ့နောက်ပိုင်းမှာ ဒေါ်လင်းမိုးဝေရဲ့မောင်ဖြစ်တဲ့ ဦးခါမိုးညိုဟာ ရွှေကြုတ်ရဲ့ ပိုင်ဆိုင်သမျှ အမွေထိန်းအဖြစ်နဲ့ သမီးရွှေကြုတ်ကို စောင့်ရှောက်ခဲ့ပါတယ်၊ ဒါပေမဲ့ အခုချိန်မှာ သမီးကလည်း ဆယ်တန်းအောင်သွားပြီဆိုတော့ ဒါဟာ ဘဝတစ်ဆစ် ပြောင်းလဲသွားပြီလို့ ယူဆရတဲ့အတွက် ဒေါ်လင်းမိုးဝေ ပိုင်ဆိုင်သမျှ ပိုင်ဆိုင်မှုအားလုံးကို ရွှေကြုတ်ရဲ့လက်ထဲကို တရားဝင်လွှဲပြောင်းမှုအတွက် လေးလေးက ဆောင်ရွက်ပေးဖို့ ဒီကိုရောက်လာတာပါ"

ရွှေကြုတ်က တီမိုးရဲ့ ပိုင်ဆိုင်မှုတွေကို ရွှေကြုတ်ရတဲ့အပေါ်မှာ တကယ်ပဲ နင့်နေအောင် ခံစားရပါသည်။ ရှေ့နေကြီးရဲ့စကားမှာ ဦးခါဟာ အမွေထိန်းအဖြစ် စောင့်ရှောက်ခဲ့ပြီး အခု ရွှေကြုတ် ဆယ်တန်းအောင်ပြီဆိုတော့ ရွှေကြုတ်ကို ဆက်မစောင့်ရှောက်နိုင်တော့လို့ ဒီအမွေတွေအားလုံး ရွှေကြုတ်လက်ထဲ လွှဲပေးလိုက်တယ်ဆိုတဲ့ သဘောပေါ့။ ရွှေကြုတ်က အဲဒီကိစ္စအတွက် ဦးခါကို တိုက်ရိုက်ပဲ မေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာသဘောလဲ ဦးခါ"

"ရွှေကြုတ်အတွက် နိုင်မာသေချာတဲ့ အနာဂတ်ကို ဖြည့်ဆည်းပေးလိုက်တာပါ"

ဦးခါရဲ့ စကားတွေက အရမ်းကိုပဲ အေးတိအေးစက်နိုင်တာမို့ စိတ်ထဲမှာ နာနာကျင်ကျင် ခံစားရလေသည်။ မနေ့က ဖြစ်ခဲ့တဲ့ ပြဿနာအတွက် ဦးခါဟာ ရွှေကြုတ်ကို လုပ်ချင်ရာလုပ်တော့ဆိုတဲ့အချိုးမျိုး ချိုးလိုက်တာမို့ စိတ်ထဲမှာ ပိုခံစားရလေသည်။

"ကြုတ် ... ဒီပိုင်ဆိုင်မှုတွေကို လုံးဝ လက်မခံပါဘူး ဦးခါ၊ ဒီပစ္စည်းတွေနဲ့ ကြုတ်က ဘာမှမဆိုင်ပါဘူး၊ ဦးခါကို တီမိုးတို့က ကြုတ်ကို ပညာသင်ကျွေးမွေးစောင့်ရှောက်ထားတာနဲ့တင် လုံလောက်ပြည့်စုံနေပါပြီ"

"မဟုတ်သေးဘူး ရွှေကြုတ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် မင်းကို မမက အမွေစားအမွေခံ မွေးစားခဲ့ကာ၊ အဲဒီအတွက် သူမရှိတော့တဲ့အခါ သူ့ပိုင်ဆိုင်မှု အားလုံးဟာ မင်းပဲ ပိုင်ဆိုင်ခွင့် ရှိရမယ်၊ ဥပဒေကြောင်းအရ ကြည့်ရင်လည်း ဒီအတိုင်းပဲ"

"ကြုတ်ရဲ့ အသက်အရွယ်နဲ့ ဘာလို့ ဒီလောက်များတဲ့ ပစ္စည်းဥစ္စာတွေကို ကြုတ်လက်ထဲ ထည့်ပေးလိုက်ရတာလဲ ဦးခါ၊ ဦးခါက ဆက်လက် တာဝန်မယူနိုင်ပါဘူး ဆိုတဲ့ သဘောလား"





ရွှေကြုတ်က မျက်ရည်စတို့ ဝေ့ဝဲလာကာ မေးလိုက်လျှင် ဦးခါက ခေါင်းအသာယမ်းပြသည်။ ဦးခါဟာ ခါတိုင်းကထက် ပိုမိုတည်ငြိမ်နေတာကြောင့် အသေအချာဆုံးဖြတ်ထားတယ်ဆိုတာ သိပ်သိသာလွန်းနေသည်။

"အဲဒီလို မဟုတ်ပါဘူး၊ ဒီအမွေတွေ လွှဲပြီးသွားလို့ပဲဖြစ်ဖြစ်၊ မလွှဲရသေးဘူးဖြစ်ဖြစ် ညည်းကို ငါက အမြဲစောင့်ရှောက်သွားမှာပါ၊ အခု ဦးခါ ပိုင်ဆိုင်မှုတွေ လွှဲပေးတယ်ဆိုတာကလည်း ရွှေကြုတ်အနေနဲ့ ကိုယ်ပိုင်တည်ဆောက်နိုင်တဲ့ အရည်အချင်းတစ်ခုကို မြင်ချင်တာ ဖန်တီးလို့ရအောင် ပိုင်ဆိုင်မှုပေးလိုက်တဲ့သဘောပဲ၊ ဒီအမွေတွေ ညည်းလက်ထဲရောက်သွားပေမယ့် ဘယ်အချိန်ပဲဖြစ်ဖြစ် ညည်းဘက်ကလုပ်တဲ့လမ်းကြောင်းတွေ မှားတယ်ဆိုရင် ဦးခါဘက်က တည့်မတ်ပေးမှာပဲ၊ အဲဒါကြောင့် ဘာသံသယမှ မရှိဘဲ လက်သင့်ခံလိုက်ပါ"

"ဟုတ်ပါတယ်၊ သမီးအနေနဲ့ ပိုင်ဆိုင်မှုတရားဝင်ရတယ်ဆိုပေမယ့် လေးလေးတို့ဘက်ကတော့ ဟောဒီကာ မောင်ခါမိုးညိုဘက်ကပါ အမြဲ စောင့်ရှောက်သွားမှာ ဖြစ်တဲ့အတွက် ဘာမှစိတ်မပူစရာ မရှိပါဘူး၊ လေးလေးတို့က ဒီပိုင်ဆိုင်မှုတွေရဲ့ဆက်ခံသူဟာ ရွှေကြုတ်ဆိုတာကို သမီး သိရုံပါ ပဲ၊ ဒါတွေ လက်ခံတယ်ဆိုရင် ဟောဒီစာချုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မှာ လက်မှတ်ထိုးလိုက်တာနဲ့ အားလုံးပိုင်ဆိုင်ခွင့်ရသွားပါပြီ"

ရွှေကြာ့တ်ရဲ့အရှေ့ကို ချပေးသော စာချုပ်လေးကို ကောက်ယူ၍ ဖတ်ကြည့်လိုက်သည်။ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ လက်ဝတ်ရတနာများ စသဖြင့် မရေနိုင်သော ကိန်းဂဏန်းပေါင်းများစွာဟာ ရွှေကြာ့တ် ပိုင်ဆိုင်ခွင့်ရတာတွေတဲ့။

"လက်မှတ်ထိုးလိုက်လေ ရွှေကြာ့တ်"

ဦးခါက ထပ်မံတိုက်တွန်းမှုကြောင့် ရွှေကြာ့တ်က ငြင်းမနေတော့ဘဲ လက်မှတ်ထိုးလိုက်တော့သည်။

ရှေ့နေကြီးက စာချုပ်စာတမ်းတွေကို စစ်ဆေးပြီးသွားတဲ့ နောက်မှာတော့ ...

"ဟုတ်ပါပြီ၊ ဒါဆိုရင်တော့ ဒီကနေ့စပြီး သမီး ရွှေကြာ့တ်ဟာ ပိုင်ဆိုင်မှုများစွာ ချမ်းသာတဲ့ သူဋ္ဌေးမလေးဖြစ်သွားပြီပေါ့၊ အမွေဆိုတာ ထိုက်မှရတာဖြစ်တဲ့အတွက် သမီးရထားတဲ့အမွေတွေ အလဟဿ မကုန်ဆုံးအောင် ဒီ့ထက်တိုးပွားအောင် သမီးလုပ်ဖို့ တာဝန်ရှိသွားပြီ၊ လိုအပ်တဲ့ အကူအညီမှန်သမျှကို လေးလေးတို့ကော၊ သမီး ဦးခါမိုးညိုကိုကော တောင်းပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ လေးလေး"





"ကဲ ... ဒါဆို လေးလေး သွားမယ်၊ ဒီစာချုပ်တွေ မှတ်ပုံတင်ပြီးပြီဆို စာချုပ်စာတမ်းနဲ့ ပိုင်ဆိုင်မှုအားလုံးကို သမီးလက်ထဲလွှဲပေးပါ့မယ်၊ ခေါင်ခါမိုး ... လေးလေးသွားမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးအများကြီးတင်ပါတယ် လေးလေးသန့်"

ရှေ့နေကြီးက ထွက်သွားလေလျှင် ရွှေကြာ့တ်က လက်ထဲက စာချုပ်စာတမ်းပါတဲ့ ဖိုင်လ်ကို ဦးခါ့ကိုပေး၍ ...

"ဒါတွေအားလုံးကို ဦးခါပဲ ယူထားပေးပါ"

"မယူပါဘူး၊ ဒါ ရွှေကြာ့တ်ရဲ့ ပိုင်ဆိုင်မှုပဲ၊ ရွှေကြာ့တ်ပဲ သိမ်းထားပါ"

"ကို ... ဒီကိစ္စ လှိုင်းပဲ ပြောပိုက်တော့မယ်"

စကားဝိုင်းထဲမှာ တစ်ချိန်လုံး ငြိမ်သက်နေသည့် အန်တီလှိုင်းက ပြောလာတာကြောင့် ရွှေကြာ့တ်က ဘာများလဲဆိုပြီး အန်တီလှိုင်းဘက်ကြည့်လိုက်သည်။

အန်တီက ရွှေကြာ့တ်ကို စကားစကောင်ပြောနေချိန်မှာ ဦးခါက မျက်နှာသိပ်မကောင်းဘူး ဆိုတာ သတိထားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒီစကားက ကို ပြောရမယ့် စကားပါ၊ ဒါပေမဲ့ တို့ကပဲ ပြောလိုက်တော့မယ်၊ ရွှေကြုတ် ... မင်းက ခုနတုန်းကအခြေအနေနဲ့ မတူတော့တဲ့သူတစ်ယောက် ဖြစ်သွားပြီဆိုတာ မင်း သဘောပေါက်ပါတယ်နော်"

အန်တီက လိုရင်းကိုရောက်ဖို့ ပျိုးနေတယ်ဆိုတာ သိတာကြောင့် ရွှေကြုတ်က စကားထောက်ပေးလိုက်တော့သည်။

"အန်တီ ပြောစရာရှိတာကို ပြောပါ"

"Ok ... မင်းက သဘောပေါက်လွယ်သားပဲ၊ ဟုတ်ပြီ ... ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ အခုချိန်မှာ မင်းက ပိုင်ဆိုင်မှုတွေ ရှိလာပြီဆိုတော့ ကိုယ့်ဘာသာရပ်တည်ဖို့ ပြောချင်တာ"

ရွှေကြုတ်က အဲဒီစကားရဲ့ဆိုလိုရင်းကို တကယ်ပဲ နားမလည်စွာ အံ့အားတသင့်ဖြစ်ရလျှင် ဦးခါက အန်တီလှိုင်းကို ဟန့်ရင်း သူပဲ ဆက်ပြောတော့သည်။

"ဒီလို ဒီလို ရွှေကြုတ်၊ ဦးခါပြောပြမယ်၊ ဒါဟာအကောင်းဆုံးနည်းလို့ ယူဆတဲ့အတွက် ဦးခါ ဆုံးဖြတ်လိုက်တာပဲ၊ လှိုင်းပြောတာကို နားမရှုပ်သွားနဲ့၊ ဦးခါ ပြောပြမယ်၊ အခု ရွှေကြုတ် အမွေရတဲ့အထဲမှာ မမဝယ်ထားတဲ့ ကွန်ဒိုတိုက်ခန်းတစ်ခုပါတယ် ...





ဦးခါ ဆိုလိုချင်တာက ရွှေကြုတ် အဲဒီမှာ နေရမယ်၊ ရွှေကြုတ်နဲ့ အတူနေဖို့ ဒေါ်ကြီးပိုကော မခင်မှုကော ထည့်ပေးလိုက်မယ်"

ရွှေကြုတ်က အဲဒီလို ထင်မထားတာကြောင့် တကယ်ပဲ အံ့သြရလေသည်။ ဦးခါ ... ဦးခါဟာ ရွှေကြုတ်ကို နှင်တာပေါ့။ ရွှေကြုတ်က ဘာမှ မပြောနိုင်အောင် ဆို့နေဟန် ဦးခါက ဆက်ပြောလေသည်။

"ဦးခါ အဲဒီလိုပြောလို့ ရွှေကြုတ် စိတ်ထဲ တစ်မျိုးဖြစ်သွားမယ်ဆိုတာ ဦးခါ သိတယ်၊ ဒါပေမဲ့ ဒါ အကောင်းဆုံးနည်းပဲ၊ မနေ့ညက ဦးခါ တစ်ညလုံး စဉ်းစားပြီးမှ ဒီ ဆုံးဖြတ်ချက်ကိုချခဲ့တာ၊ ဦးခါ မင်းတို့ရှေ့မှာ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ...

ရွှေကြုတ်နဲ့ လှိုင်းကြားမှာ အဖုအထစ်လေးတွေ အနည်းနဲ့အများရှိထားတယ်၊ နောက်ပြီး ရွှေကြုတ်က ဆေးကျောင်းတက်တော့မယ်ဆိုတော့ စာတွေ ပိုလုပ်ရပြီး အဲဒီအတွက် စိတ်ကြည်လင်ဖို့လိုတယ်၊ ဒီလိုပဲ နေ့နေလို့ကတော့ မနေ့ကလို အလားတူပြဿနာတွေဖြစ်ဦးမယ်ဆို အားလုံး စိတ်ဒုက္ခရောက်ရမယ်"

"အဲဒါကြောင့် ဦးခါက ကြုတ်ကို အမွေခွဲပေးပြီး နှင်ထုတ်လိုက်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်က ဦးခါ စကားမဆုံးခင်မှာပင် မျက်ရည်တွေကျ၍ ငိုသံစွက်အသံဖြင့် ပြောလိုက်သည်။ ဦးခါ အရမ်းရက်စက်တယ်။

"မဟုတ်ဘူး၊ အဲဒီသဘောမဟုတ်ဘူး၊ ရွှေကြုတ် အဲဒီအိမ်ရောက်လည်း ဦးခါတို့နဲ့ လုံးဝ မစိမ်းသွားစေရဘူး၊ ဦးခါက ရွှေကြုတ်အတွက် ဘယ်သူ့မျက်နှာမှ ကြည့်နေစရာမလိုတဲ့ လွတ်လပ်မှုတစ်ခုကို ပိုင်ဆိုင်ခွင့်ပေးလိုက်တာပါ"

အဟက် ... ကောင်းလိုက်တဲ့ စကားလုံး။ ရွှေကြုတ်ရင်တစ်ခုလုံး စူးထိုးနေအောင် နာကျင်အောင့်မျက်ရလေသည်။ ဦးခါကို လိုအပ်တဲ့ ရွှေကြုတ်ကို အဝေးသွားခိုင်းပြီးမှ ပျားရည်နဲ့ ဝမ်းချခံနေရတဲ့ အဖြစ်အပျက်အတွက် တကယ်ပဲ နာကြည်းရပါသည်။

"မင်းဘဝအတွက် မမက်ဖူးတဲ့ အိပ်မက်တွေ ပိုင်ဆိုင်ခွင့်ရထားတာပဲ၊ မင်းလောက်ကံကောင်းတဲ့ မိန်းကလေးမျိုးလည်း ရှိတော့မယ် မထင်ပါဘူး"

အန်တီလှိုင်းက ရိုသလိုအပြောကြောင့် ရွှေကြုတ်ပိုပြီး ခံပြင်းမိပါသည်။ ဦးခါရယ် ... တကယ်ပဲ ရွှေကြုတ်ကိုနှင်ရက်သလား။ ဦးခါရင်ထဲမှာ ကြုတ်အတွက် သံယောဇဉ်သေးသေးလေးတောင် မရှိလို့ အဝေးမှာနေဖို့ ပြောရက်တယ်ဆိုတာကြုတ် သဘောပေါက်ပြီ။





"ကောင်းပါပြီ ဦးခါ၊ ကြုတ် ဒီအိမ်ကနေ ဘယ်နေ့ထွက်သွားပေးရမလဲ"

"မင်း ဦးခါအပေါ်ကို တကယ်ပဲ အမြင်လွဲနေပြီ"

"ကဲ ... ကို ... လှိုင်း အဲဒီလောက်ထိ စိတ်မရှည်နိုင်ဘူး၊ ရှင့်ဘာသာရှင် ပြောတော့ ... တောက်"

အန်တီလှိုင်းက ဒေါသတကြီးဖြင့် ထထွက်သွားလျှင်ရွှေကြုတ်က နာကျင်ဒေါသကြောင့် အံကြိတ်ထားမိသည်။ ရွှေကြုတ်ရဲ့ပခုံးကို ခပ်ဖွဖွပုတ်ကာ ...

"ဘာလို့ ဦးခါ ဒီလို ဆုံးဖြတ်ရသလဲ ဆိုတာကို တစ်နေ့ရွှေကြုတ် နားလည်လာမှာပါ၊ မင်းက ငါ အမြဲစောင့်ရှောက်ပေးမယ့် ကလေးပါပဲ"

ကလေး။ ကြုတ်က ဦးခါအတွက် ဘာမှ မဟုတ်တဲ့ကလေးတစ်ယောက်လား။ ကြုတ် ရင်ထဲမှာ တိတ်တိတ်လေးရှိခဲ့ရတဲ့ တွယ်တာမှုတွေကို ဦးခါ မမြင်ဘူးလား။ ဦးခါ ကြုတ်မွေးနေ့ပွဲကို မေ့နေပြီး အန်တီလှိုင်းကို လက်ထပ်လိုက်တဲ့နေ့က ကြုတ်ကျခဲ့မျက်ရည်တွေက ကလေးတစ်ယောက် လိုချင်တာ မရလို့ဂျီကျတဲ့ မျက်ရည်လို့ ဦးခါ ထင်နေခဲ့တာမှလား။ မဟုတ်ဘူး၊ ဦးခါ။ ဦးခါကို ဘယ်သူမှ မပေးနိုင်လို့ ကြုတ် ဝမ်းနည်းတကြီးငိုခဲ့ရတာပါ။ ကြုတ်ဘဝအတွက် အားကိုးရာ ဦးခါက အခုကြုတ်ကို အဝေးမှာနေခိုင်းရက်တာ ဘာကြောင့်များလဲ ဦး...။



www.burmeseclassic.com

www.burmeseclassic.com



ဦးခါက ကြုတ်အတွက် ရှုရိုက်ခွင့်သာရှိပြီး ပိုင်ဆိုင်ခွင့်မရှိတဲ့ လေးထုတစ်ခုဆိုတာ ကြုတ် သိပြီးသားပါ။ ကြုတ် အတွက် ဦးခါအနားမှာ နေခွင့်မရှိတော့ဘူးလား။

"အကြိမ်ကြိမ်အခါခါရှုံးလည်း xxx ပုံကြည်ရာမစွန့်လွှတ်လိုက်ပါနဲ့ xxx အန္တရာယ်လည်းများပစေ xxx ဆူးခင်းလမ်းတွေဖြစ်ပစေ xxx အချိန်တိုင်း ထိရှနာကျင်ဆဲ xxx ရင်ဟာ ပုံကြွေဝေါ်းလည်း xxx အနာဂတ်များ မှောင်မိုက်နေလည်းပဲ xxx ဒီဘဝထဲက လက်တွဲဖြုတ်နဲ့"

အပြင်ဘက်က ခပ်တိုးတိုး လွင့်ပျံ့လာတဲ့"မျှော်လင့်ချက်တစ်စုံတစ်ရာ"သီချင်းက ရွှေကြုတ်ရဲ့ ခံစားမှုအားကို ပိုလို့တိုးစေပါသည်။ ရွှေကြုတ်လည်း ဒီသီချင်းထဲကလိုပဲမှလား။

"ဦးခါ ရွှေကြုတ်ကို တကယ်ပဲ ဒီမှာ မနေစေချင်ဟာလား ဟင်"

ရွှေကြုတ်က မျက်ရည်တွေကြားမှ နောက်ဆုံးမေးခွန်း တစ်ခုကို မေးလိုက်သည်။ ဦးခါက သက်ပြင်းတစ်ချက်ချ၍ ရွှေကြုတ်ကို အဖြေပြန်ပေးသွားလေသည်။

"အစက ရွှေကြုတ်ကို နိုင်ငံခြားမှာ ကျောင်းသွားတက်ခိုင်းမလို့ စီစဉ်ထားတာလေ၊ အဲဒါဟာ ရွှေကြုတ်ဘဝမြင့်မားစေချင်လို့ပါ၊ အခု ရွှေကြုတ်ဖြစ်ချင်တဲ့ ဆရာဝန်ဖြစ်အောင်





လုပ်ပါ၊ နိုင်ငံခြားမှာနေတာနဲ့ယှဉ်ရင် ရန်ကုန်တစ်မြို့ထဲမှာ နေတာဟာ မဝေးပါဘူး"

ဦးခါက လိမ္မာပါးစပ်စွာ အဖြေပေးသွား၍ ထထွက်သွားလေသည်။ ရွှေကြုတ်က မျက်ရည်စုတွေ တွေတွေကျလာတော့သည်။ ဦးခါရဲ့အနားမှာ နေခွင့်မရတာဟာ ဘာကြောင့်လဲ။ ရွှေကြုတ်က အံကို တင်းတင်းကြိတ်ဖိထားကာ စိတ်နာတာဟ်လာခဲ့သည်။

❁ ○ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ဆေးကျောင်းသူ တစ်ယောက်ရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုဟာ ဆေးပညာဘာသာရပ်တွေထဲမှာ နစ်မြုပ်ခြင်းဖြင့် အချိန်တွေကို ကုန်းဆုံးသွားစေတာဖြစ်သည်။ ဆေးကျောင်းသူတစ်ယောက်ရဲ့ဘဝအစအတွက် လူကြီးဆန်သော ဘာသာဗေဒတွေကို နားလည်ဖို့ အမီလိုက်နေရတာကြောင့် ရွှေကြုတ်မှာ စာတွေနဲ့ တော်တော်အလုပ်များနေရတာဖြစ်သည်။ ပြောင်းလဲလာတဲ့ အချိန်ကာလတိုလေးအတွင်းမှာ ရွှေကြုတ်နဲ့အတူ ကျောင်းတက်ဖော်ကရဲရဲဖြစ်လို့လာသည်။ ရဲရဲက ဟိုအရင်ကလို ဗရုတ်သုတ်ခဒီဇိုင်းမျိုး မဟုတ်တော့တာကြောင့် သူ့ကို သူငယ်ချင်းတော်ရတာ ပိုအဆင်ပြေလာလေသည်။

အခုဆို ရွှေကြုတ်ရဲ့အိမ်မှာ ဒေါ်ကြီးပို၊ မခင်မူတို့နဲ့အတူနေကာ ရွှေကြုတ်ကျောင်းသွားမယ်ဆိုရင်တော့ ဦးသာခွေက





လိုက်ပို့ပေးနေကြဖြစ်၏။ ရံဖန်ရံခါများတွင်တော့ ဦးခါက လိုက်ပို့ပေးတတ်သည်။ ဒီနေ့က ဦးခါ ကျောင်းကို လိုက်ပို့တာကြောင့် ရွှေကြုတ် ပို၍ ပျော်ရွှင်ရလေသည်။

"ဦးခါ ညနေ လာကြိုဦးမှာလား"

"အင်း ... လာကြိုမယ်လေ၊ ဪ ... ဒီနေ့ညနေ ဒင်နာကို အိမ်မှာပဲ လာစားပါလား၊ လှိုင်းက ညည်းကို မေးနေသေးတယ်"

အဲဒီစကားကြောင့် ရွှေကြုတ်က ပြုံးမိသွားသည်။ အခုတော့လည်း အရာအားလုံးဟာ အနည်ထိုင်သွားပြီထင်ပါသည်။ တစ်ယောက်နဲ့တစ်ယောက် အမြင်မကြည်တဲ့ အန်တီနဲ့ ရွှေကြုတ်ကို အိမ်ခွဲပေးလိုက်ခြင်းဖြင့် ရွှေကြုတ်နှင့် အန်တီလှိုင်းကြားက ဆက်ဆံရေးသည် သံတမန်ဆက်ဆံရေးဘက်ကို ကူးလာလေသည်။

တကယ်တော့လည်း အန်တီနဲ့ ရွှေကြုတ်က ယှဉ်စရာမလိုတဲ့ အနေအထားမျိုးပဲဖြစ်လေသည်။ ဦးခါ မြတ်နိုးရသော ဇနီးဖြစ်သူက အန်တီလှိုင်း ဖြစ်ပြီး ဦးခါ ဂရုစိုက်စောင့်ရှောက်သော သမီးလိုသဘောထားသူက ရွှေကြုတ်ဖြစ်သည်။ မတူညီတဲ့ ခံစားချက်နှစ်ခုဟာ အားပြိုင်စရာမရှိခဲ့ပေမယ့် ရွှေကြုတ်ဘက်က ခံစားမှုတစ်ခုကြောင့် အားပြိုင်မှုတွေ ဖြစ်ခဲ့ရတာဖြစ်သည်။ ဦးခါရဲ့ စိတ်သဘောထားကို ရွှေကြုတ် နားလည်သိခဲ့ပြီးနောက်မှာတော့ အားလုံးဟာ အေးဆေးဆေးဆေးပဲ ဖြစ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ရွှေကြုတ် ... ညနေ အိမ်မှာပဲ စားမှာမလား"

ဦးခါရဲ့ မေးခွန်းထပ်ဝင်လာတာကြောင့် ရွှေကြုတ်က အတွေးစပြတ်သွားကာ ဦးခါကို ပြန်ဖြေရသည်။

"ဟုတ် ... စားမယ်လေ ဦးခါ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ နင်လည်း ကားသေချာမောင်းသင်ထားစမ်းပါဟာ၊ တစ်နေ့တစ်နေ့လည်း အကြိုအပို့နဲ့တင် ငါ့မှာ တိုင်ပတ်တယ်"

"အမယ် ... ဦးခါက ဆယ်ခါတစ်ခါ,လာပို့ပြီးတော့များ၊ ဘာလဲ ဦးခါက ငြိုငြင်တာလား"

"ဟား ဟား ... မဟုတ်ရပါဘူးဟာ၊ ညည်းတော့ ကြောက်ရပါတယ်၊ ကဲ ကဲ ... ရောက်ပြီ၊ မြန်မြန်ဆင်းတော့၊ ညနေ ငါလာကြိုမယ်"

"ဟုတ်ကဲ့ ဦးခါ"

ရွှေကြုတ်က ဦးခါကို နှုတ်ဆက်ကာ ကျောင်းဝင်းထဲဝင်လာလျှင် စောင့်နေသူက ရဲရဲ ဖြစ်၏။

"နင်ကလည်း နောက်ကျလိုက်တာ၊ ငါ့မှာ စောင့်လိုက်ရတာ"

"ဘယ်သူက စောင့်ခိုင်းလို့လဲ"

"ဒါကတော့ duty is duty ပဲလေဟာ"





ရွှေကြုတ်က ရဲရဲ့နောက်ရွှတ်ရွှတ်စကားကြောင့် ပြုံးမိသွားသည်။ ရဲရဲ့ အချစ်ကို ဖွဲ့ဆိုပေးရတော့မယ်လို့ သူများတွေက ပြောရလောက်အောင် ရဲရဲက ဖွဲ့ကောင်းခဲ့သူဖြစ်သည်။ ဆယ်တန်းကတည်းက စတင်ခဲ့တဲ့ ချစ်ခြင်းတရားမို့ ရွှေကြုတ်က သူ့အချစ်ကို ကြာလာတော့ ယုံကြည်လာခဲ့ပါသည်။

"ဪ ... ရော့ ... နင်စားဖို့ Lollipop"

ရွှေကြုတ်က သူပေးတဲ့ Lollipopလေးကို ယူလိုက်ရင်းကမှ ကျေးဇူးတင်စကား ဆိုလိုက်သည်။

"Thank you"

"ကျေးဇူးတင်ရင်လည်း အဖြေပေးတော့လေဟာ၊ ဘာလဲ နင်က အခုချိန်ထိ ငါ့အချစ်ကို မယုံသေးလို့လား"

"ငါ ယုံပါတယ်"

"အဲဒါဆိုရင်လည်း အဖြေပေးတော့လေဟာ"

ရဲရဲက ကလေးမုန့်တောင်းသလို ပူဆာနေလျှင် ရွှေကြုတ်က ပြုံးမိသွားသည်။

"မလောပါနဲ့ ရဲရဲရယ်၊ နင်နဲ့ငါက သံယောဇဉ်ရှိထားကြပြီးသားပဲဟာ၊ ငါ့အကြောင်းကို နင့်ကို ပြောထားပြီးသားပဲ၊ ငါဟာ ဘာမှ သွေးမတော်သားမစပ်တဲ့သူတွေရဲ့ အုပ်ထိန်းမှုကြောင့် ဒီဘဝကို ရောက်ခဲ့ရတာ၊ ဒီမိုးကော ဦးခါကော ငါ့ဘဝရဲ့ ကျေးဇူးရှင်တွေပဲ၊ သူတို့နဲ့ ပဋိပက္ခဖြစ်ရမယ့် အခြေအနေကို ငါမလုပ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြုတ်ရယ် ... ငါ အားလုံးကို သဘောပေါက်ပါတယ်၊ အရင်တုန်းက ဦးခါက ငါနဲ့ သဘောမတူတာဟာ ငါ့ ဂျစ်ကန်ကန်ပုံစံကြောင့်ပါ၊ အခု ငါ လိမ္မာသွားပြီပဲဟာ"

"အင်းပါ ... ငါ သိပါတယ်၊ ဪ ... ရဲရဲ ... ငါ နင့်ကို တစ်ခုမေးမယ်၊ နင် ဦးခါအပေါ် မြင်တဲ့အမြင်ကို ငါ သိချင်တယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ငါ့ကို သံသယမျက်လုံးနဲ့ တစ်ချိန်မှာ အကြည့်မခံနိုင်လို့ ငါ မေးတာ"

ရွှေကြုတ်ရဲ့မေးခွန်းအတွက် ရဲရဲက ပြန်မဖြေသေးဘဲ ပြုံးကြည့်သည်။

"ဦးခါနဲ့ နင့်ကြားက သံယောဇဉ်ကို ငါ နားလည်ပြီးသားပါ၊ အဲဒီအတွက် ဘာစိတ်စနိုးစနောင့်မှ မရှိဘူး၊ ငါ သေချာပေါက် ပြောရဲတာက ဦးခါဟာ အင်မတန်မှ တည်ကြည်တဲ့ လေးစားထိုက်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဆိုတာပဲ"

❁ ○ ❁





"ဘယ်လိုလဲ ... ညည်း စားလို့ကောင်းရဲ့လား ရွှေကြုတ်"

"အမယ်လေး ကောင်းတာပေါ့၊ အန်တီ့လက်ရာ ရှားရှားပါးပါးဟာကို"

"တွေ့လား၊ လုပ်လာပြီ၊ နင်ဟာလေ အကောင်းမေးလို့ မရဘူး၊ ဪ ... ညည်းရောက်တုန်း သင်္ဘောသီးလေးဖျော်ပေးဦး"

"အဟား ... အားပေးတယ်ဆို လုပ်ပေးရဘာပေါ့၊ လာသွားလုပ်ပေးမယ်"

လှိုင်းနဲ့ ရွှေကြုတ်က နောက်ဖေးထဲဝင်သွားလျှင် သူက ကျေနပ်စွာပြုံးမိသွားသည်။ အခုဆိုရင် လှိုင်းနဲ့ရွှေကြုတ်ဟာ အဆင်ပြေသွားခဲ့ပြီဖြစ်သည်။ သူ့အပေါ် သံယောဇဉ်ကြီးတဲ့ ရွှေကြုတ်လေးရဲ့စိတ်တွေကို ကုစားဖို့ အချိန်ကာလတိုလေးတစ်ခုမှာတင် ပြောင်းလဲမှုကောင်းခဲ့သည့်အတွက် သူ အများကြီးစိတ်ချမ်းသာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်ကိုသာ သူ အဲဒီတုန်းက ပြတ်ပြတ်သားသား မဆက်ဆံခဲ့ဘူးဆိုရင် ဒီအချိန်မှာ ပြဿနာတွေက တပုံကြီးဖြစ်လာနိုင်လေသည်။ သူ့ကို သံယောဇဉ်ကြီးစွာ နှောင်ဖွဲ့မှုကို အဓိပ္ပာယ်ကောက်လွဲနေတဲ့ အဖြစ်တွေကိုလည်း သူ လိမ္မာပါးနပ်စွာ ရှင်းပေးနိုင်ခဲ့ပြီ။

ရွှေကြုတ်ကို သံယောဇဉ်မျက်စောင်းထိုး အနေအထားဖြင့် သူ့ဘက်က ဖေးမစောင့်ရှောက်ပေးခြင်းဖြင့် ရွှေကြုတ်စိတ်တွေ တည်ငြိမ်လာခဲ့သည်။ သူနဲ့ တစ်အိမ်တည်းအတူနေကာ ရှေ့ဆက်မယ်ဆိုရင် လှိုင်းနဲ့ ပြဿနာတွေ ဆက်ဟက်လာဦးမှာဖြစ်သည်။ ရွှေကြုတ်ရဲ့ ရပိုင်ခွင့်တွေအားလုံး လွှဲပေးကာ အိမ်ခွဲနေနိုင်းကာ အဝေးကနေ မျက်စောင်းထိုးအနေအထားဖြင့် ကြည့်ရှုစောင့်ရှောက်ပေးတဲ့အတွက်လည်း မမတစ်ယောက် ဘာမလွန်ကနေ ကျေနပ်နေလိမ့်မည်ဟု သူ ယုံကြည်လေသည်။

"ဦးခါရေ ... ဦးခါ ... လုပ်ပါဦး၊ ဒီမှာ အန်တီ"

နောက်ဖေးက ရွှေကြုတ်ရဲ့ စူးဝါးဝါးအသံကြောင့် ခါမိုးက လန့်ဖျပ်သွားကာ အိမ်နောက်ဖေးသို့ အပြေးရောက်လာလျှင် လှိုင်းကို ဖေးမကွဲထားတဲ့ ရွှေကြုတ်ဆီက လှိုင်းကို ဆွဲယူရင်းက ...

"လှိုင်း ... လှိုင်း ဘာဖြစ်တာလဲ"

"အန်တီ မိုက်ခနဲ ဖြစ်သွားလို့"





"ဟာ ... လှိုင်းရယ်၊ ဒုက္ခပဲ ... လာ လာ"

"ရတယ် ကိုရဲ့၊ ခဏ"

လှိုင်းက ဘေစင်ဆီသို့သွားကာ အန်နေတာကြောင့် သူက စိုးရိမ်ပူပန်စွာ လှိုင်းရဲ့ကျောပြင်ကို ဖိပေးရင်းက ...

"လှိုင်း ... လှိုင်း ... ဖြစ်ရဲ့လား၊ ဘယ်လိုဖြစ်တာလဲကွာ"

"ဟီး ဟီး ... အဲဒါ ဘယ်လိုမှ ဖြစ်တာမဟုတ်ဘူး၊ ဦးခါ ဒါတွေ မသိပါဘူး၊ အန်တီ ... ကြုတ်ထင်တာ ဟုတ်တယ် မှလားဟင်"

ရွှေကြုတ်က လှိုင်းကို သွက်လက်တက်ကြွစွာဖြင့် မေးလျှင် လှိုင်းက ရွှေကြုတ်ကို ရှက်ပြုံးတစ်ခုဖြင့် ခေါင်းညိတ်ပြကာ ...

"အင်း ... ထင်တာပဲ"

ခါမိုးက ဘာအထာလဲ ဆိုတာ ချက်ချင်း သဘောပေါက်သွားကာ လှိုင်းရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်၍ အသည်းအသန် မေးရလေသည်။

"လှိုင်း ... လှိုင်းမှာ တကယ် ကိုယ်ဝန်ရှိနေပြီပေါ့နော်"

လှိုင်းက သူ့ရဲ့ဂုဏ်ယူဝမ်းမြောက်စွာမေးတဲ့ အမေးကို ရှက်ပြုံးတစ်ခု ပြုံးရင်းက ...

"သေတော့ မသေချာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမသေချာတာလဲ၊ It's sure၊ ဦးခါ ... Congratulation ရွှေကြုတ်က ဆရာဝန်လောင်းပါ၊ ဒါက ဘာ sogn ဆို တာ သိပြီးသားလ"

ခါမိုးက ပျော်ရွှင် ဝမ်းမြောက်စွာဖြင့် လေထဲကို လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။ ဘဝမှာ ဒီတစ်ခါပျော်တဲ့ အပျော်က အကြည်နူးရဆုံး ခွန်အားတစ်ခုကို ပေးလေသည်။

"ဟား ... အရမ်းဝမ်းသာတာပဲ ချစ်မိန်းမရာ၊ လှိုင်း ... ဒီနေ့ကစပြီး ဘာမှ ပင်ပန်းတာတွေ မလုပ်ရဘူးနော်၊ အချဉ်တွေ အစပ်တွေ မစားရဘူး"

"အမယ်လေး ... ဟုတ်ပါပြီ ကိုရယ်၊ confirmဖြစ်အောင် ဆရာဝန်ဆီ အရင်သွားပါဦး"

"ဟာ ... ဟုတ်ပြီ၊ လာ ... အခုပဲသွားမယ်၊ ဩော် ... ဖြည်းဖြည်းနော် လှိုင်း၊ ဖြည်းဖြည်း ... ဖြည်းဖြည်း"

ဦးခါက အန်တီလှိုင်းကို နူးညံ့ကြင်နာစွာ ပွေ့ဖက် ဖေးမတွဲ၍ အပြင်ထွက်သွားလေသည်။ ရွှေကြုတ်ရဲ့ ရင်ထဲမှာ အရင်တုန်းကလို ကျန်နေတယ်ဆိုတဲ့ ခံစားချက်မျိုး မရှိတော့ပါဘဲ ကြည်နူးမှုတစ်ခုကို စတင်ခံစားလိုက်မိလေသည်။








အတိတ်က ကိုယ့်အနောက်မှာထား
အနာဂတ်ကို လှမ်းလို့မျှော်
အောက်ချင်းငှက်နဲ့ အမျိုးတော်တဲ့
သစ္စာကရားရယ်
မျက်စောင်းမတိုးတတ်တဲ့
သံယောဇဉ်ကြီးကြီးတစ်ခု ရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com







## ၂၃

ရွှေကြုတ်က ဂျူတီကုတ်အဖြူလေးဖြင့် အရမ်းကို စမတ်ကျနေသော ဒေါက်တာလောင်း ရဲရဲဘုန်းပိုင် ဆေးရုံထဲက ထွက်အလာကို မျှော်ငေးကြည့်နေမိသည်။

ရဲရဲက ရွှေကြုတ်ကို မြင်လျှင် အံ့အားတသင့်ဖြင့် ငေးကြည့်၍ ...

"ကြုတ် ... နင် ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ"

"ကိုထက်တို့က နင် ဒီမှာလို့ ပြောလိုက်လို့ လိုက်လာတာ၊ ပြီးပြီမှလား"

"အင်း ... ပြီးတော့ပြီးပြီ၊ ဒါပေမဲ့ ခဏနေ ငါ ဆရာကြီး နဲ့တွေ့ခွင့်တောင်းထားတယ်၊ ဘာဖြစ်လို့လဲ ရွှေကြုတ်"

ရွှေကြုတ်က လှစ်ခနဲ တစ်ချက်ပြုံးလိုက်မိသည်။ ရဲရဲက တကယ့်ကို mature (ရင့်ကျက်) ဖြစ်သွားပြီဆိုတာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူစကားလုံးတွေက သက်သေပြနေတာဖြစ်သည်။ ရွှေကြုတ် အတွက်တော့ သံယောဇဉ်ကနေဖြစ်လာရတဲ့ ချစ်ခြင်းတရားမို့ ပိုမိုတန်ဖိုးထားရလေသည်။

"ကြုတ် ... ဘာဖြစ်လို့လဲလို့"

ရဲရဲရဲ့ ထပ်အမေးကြောင့် ရွှေကြုတ်က သူ့ကို ခပ်တည်တည် ပြန်ကြည့်ရင်း ဖြေလိုက်သည်။

"ဩော် ... ဘာမှ မဖြစ်ပါဘူး၊ ငါ ဒီနေ့ နင် ငါ့ရဲ့ရည်းစားဖြစ်သွားပြီလို့ ပြောမလို့ပါ"

"ဟင်"

ရဲရဲက သူ့နားသူ မယုံသလိုဖြင့် သူ့နားသူ ကိုင်၍ လှုပ်ခါလိုက်ကာ ရွှေကြုတ်ကို ပြူးကြည့်ရင်းက...

"ကြုတ် ... ကြုတ် ... ငါ ... ငါ နားကြားမှားတာ မဟုတ်ပါဘူးနော်"

ရွှေကြုတ်က အဲဒီပုံစံကြောင့် သဘောတကျဖြစ်ရကာ ဟက်ခနဲ ရယ်မောလိုက်ရင်းကမှ သူ့ကို ထပ်ပြီး မညှဉ်းဆဲချင်တော့တာကြောင့် သူကြားချင်နေတဲ့ စကားကို သေချာလေးဖြေပေးလိုက်သည်။

"မဟုတ်ပါဘူး၊ ရဲရဲက ကြုတ်အတွက် သံယောဇဉ်မျက်စောင်းထိုး အနေအထားကနေ တစ်ထပ်တည်းသံယောဇဉ်ရှိသွားရပြီဖြစ်တဲ့ ကြုတ်ရဲ့ချစ်သူပါ"





"woo... အိပ်မက်များ မက်နေသလားကွာ၊ ကြုတ်ရယ်... ဘာ ... ဘာပြောရမှန်း မသိလောက်အောင်ကို ဝမ်းသာတယ်"

ရဲရဲက အရမ်းကို ပျော်ရွှင်စွာဖြင့် ကြုတ်ရဲ့ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ဖို့ မရဲတရဲ ရှေ့သို့တိုးလာစဉ် ...

"ရဲရဲ ... ဒီမှာ ဘာလုပ်နေတာလဲ၊ ဆရာကြီး ခုပဲ duty ပြီးပြီ သွားတွေ့မယ်လေ၊ လာ"

"အမ် ... ဩော် ... အေး ... အေး၊ ကြုတ် ... ငါ ခဏ လိုက်သွားလိုက်ဦးမယ်နော်၊ ခဏလေး"

ရွှေကြုတ်က ဘာမှ ပြန်မပြောရသေးခင်မှာ သူက သူ့ကိုလာခေါ်တဲ့ ကောင်မလေးဆီ အပြေးအလွှားသွား၍ အတူယှဉ်တွဲကာ စကားတပြောပြောနှင့် အဆောင်ထဲဝင်သွားကြသည်။ ရွှေကြုတ် ရင်ထဲမှာ ပြောပြ နှိုင်းပြဖို့ စကားလုံးမရှိတဲ့ တွန့်တိုမှုတစ်ခုက ဝင်လို့လာလေသည်။ ရဲရဲ အနားက ကောင်မလေးကို မကြည်လင်တာဟာ ရဲရဲကိုချစ်တဲ့ အချစ်စိတ်ကြောင့်ဖြစ်မည်။

ရွှေကြုတ်က အဲဒီတွန့်တိုမှုပါတဲ့ ဒေါသဖြစ်မှုကို ခံစားရင်းက အန်တီလှိုင်းရဲ့မျက်နှာကို ပြေးမြင်သွားသည်။ ကြုတ်ကို ခွင့်လွှတ်ပါ အန်တီ။ ကြုတ် အခု နားလည်သွားပါပြီ။ အဲဒီတုန်းက အန်တီနဲ့ ကြုတ် ဘာကြောင့် တိပ်တိုက်ရင်ဆိုင်ရသလဲဆိုတဲ့ အဖြေကို ရှာတွေ့ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com




တကယ်တော့ အချစ်သည် ငြီးငွေ့ဖွယ်စေ၏။ သံယောဇဉ်သည် တရစ်ရစ်တိုး၏။ အဲဒါကြောင့် သံယောဇဉ်တွေပါနေတဲ့ အချစ်က အရမ်းလည်း ခိုင်မြဲသလို သူ့ဆိုသူမှ အချစ်ပိုခဲ့ရပါသည်။

❀ ○ ❀







သုံးနှစ်ခန့်ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com







## ၂၄

"HAPPY BIRTHDAY ရွှေကြုတ်"

ဘတ်ဒေးသီချင်းသံ အဆုံးမှာ ရွှေကြုတ်က ပျော်ရွှင်ကြည်နူးစွာဖြင့် ဖယောင်းတိုင်မီးကို မှုတ်လိုက်သည်။ အင်မတန်မှလှပသော ဘတ်ဒေးကိတ်ကိုခွဲကာ တစ်ခုကို ပန်းကန်ထဲထည့်ကာ ကိတ်ခွဲ့ရလေသည်။

"ကဲ ... ဟ"

ရွှေကြုတ်က ပထမဦးဆုံး မောင့်ကို အရင်ဆုံး ဘတ်ဒေးကိတ် ခွံ့ကျွေးလေသည်။ ပြီးလျှင်တော့ ဦးခါ၊ ပြီးတော့ အန်တီ၊ ပြီးတော့ ဦးခါနဲ့ အန်တီရဲ့ သားသားလေး ခါမိုးထွန်း ခေါင်ကို ခွံ့ကျွေး၏။ ထို့နောက် ဒေါ်ကြီးပိုတို့ကို ခွံ့ကျွေးပြီးသည့်နောက်မှာ ရွှေကြုတ်ရဲ့ခေါင်းက ဒေါက်ခနဲအသံနဲ့အတူ ပူခနဲဖြစ်သွားရသည်။ ဘလိုင်းကြီး ခေါင်းခေါက်တဲ့ ဦးခါကို ရွှေကြုတ်က ပြုံးကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးခါ ဘာလုပ်တာလဲ"

"ဘာလုပ်ရမလဲ၊ မရွှေကြုတ် ... ညည်းက အခုတော့ ဘတ်ဒေးကိတ်ကို ငါ့ထက်အရင် ခွဲ့ကျွေးမယ်သူရှိနေပြီ ပေါ့လေ၊ ဟုတ်လား"

"ဟီး ... ဟီး"

ရွှေကြုတ်က လျှာလေးတစ်လစ်ထုတ်၍ ရှက်ရယ် ရယ်သွားသည်။ အခုတော့လည်း ကြုတ် အန်တီ့ကို အရမ်း အရမ်းကို နားလည်သဘောပေါက်သွားခဲ့ပြီဖြစ်သည်။ အန်တီလှိုင်း ဦးခါကို ချစ်သလိုမျိုး ကြုတ်လည်း မောင့်ကို ချစ်တတ်ခဲ့တာဖြစ် သည်။ ဘတ်ဒေးကိတ်ကို မောင့်ကို အရင်ခွဲ့တာကြောင့် ဦးခါက နောက်လျှင် ရွှေကြုတ်က အပြောရခက်နေစဉ် မောင်က ရွှေကြုတ် ပခုံးလေးကိုဖက်ကာ ...

"ဒါကတော့ ကြုတ်ရဲ့အချစ်ဆုံးမို့ အရင်ဆုံးခွဲ့တာပေါ့နော် လို့၊ ဟုတ်တယ်မှလား ကြုတ်လေး"

"ဟော့ကောင် ... မင်း ငါ့တူမကို အခုလွှတ်စမ်း"

ဦးခါက မျက်မှောင်ကြီးကြုတ်ကာ အော်လျှင် မောင်က ပိုလို့တောင် တိုးဖက်ကာ ...

"အဟား ဟား ... ဦးခါပဲ သဘောတူလို့ လက်ထပ်ပေးပြီး တော့ အခုမှ ဘွာပြန်မခတ်နဲ့၊ ကျွန်တော်တို့က တကယ် သံယောဇဉ်ကြီးကြီးနဲ့ ချစ်ခဲ့တာပါဗျာ"





"ဟား ဟား ... မင်းကများ လာပြောနေသေးတယ်၊ ငါတို့ လင်မယားမှ သံယောဇဉ်တွေ အချစ်တွေနဲ့ မင်းတို့ ထက်တောင် ပိုချစ်သေးတယ်၊ နော် ... မိန်းမ"

ဦးခါကလည်း အားကျမခံ အန်တီလှိုင်းလို ဖက်ရင်း ခပ်ကြွားကြွားလေးပြောလိုက်လျှင် အန်တီလှိုင်းက မျက်စောင်း တစ်ချက်ထိုးရင်း ...

"အဲဒီ ကိုတစ်ယောက်ဟာလေ၊ မကြီးမငယ်နဲ့ ကလေးတွေ နဲ့ ပြိုင်နေသေးတယ်"

"ဟာ ... ပြိုင်ရမယ်၊ သံယောဇဉ် ဘယ်သူပိုကြီးလဲပြိုင် ရမှာပေါ့၊ ငါတို့စုံတွဲက ဒီကောင်တွေလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ် နော် သားသား"

သားသားက လက်မထောင်ပြလေလျှင် ရွှေကြုတ်တို့ အားလုံးက သဘောတကျ ရယ်မောရလေသည်။ အခုတော့လည်း အားလုံးက သာယာစိုပြည်သွားလေပြီ။

သံယောဇဉ်တွေ အရစ်ရစ် နှောင်ဖွဲ့တွယ်ထားကာ သံယောဇဉ်အချင်းချင်းလည်း တိုက်ရိုက်သော်လည်းကောင်း၊ မျက် စောင်းထိုးသော်လည်းကောင်း ချိတ်ဆက်ဖွဲ့တည်ထားတဲ့အတွက် သူများက မျက်စောင်းထိုးရလောက်အောင် ကြုတ်တို့မိသားစုတွေ က အချစ်ကြီးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

23 rd April 2014 (Wed)

4:44 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

မယ်မင်းဘုံ

အမှတ်-၃၉(မြေညီ)၊ မွှေးစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mac Min Bon"**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

သံယောဇဉ်မျက်စောင်း



www.burmeseclassic.com